www.burmeseclassic.com

BURMESE CLASSIC .com

# လင်းညီညွှေး

## ရွှေမင်းသမီးရဲ့ ပျော်တော်ဆက်

GRAPHIC DESIGNED BY
YuWa

www.burmeseclassic.com

www.burmeseclassic.com

ယွန်းစံအိမ်စာပေ

စာမူခွင့်ပြုချက်အမှတ်
၅၀၁၄၀၅၀၉၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၃၄၂၁၀၀၈

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ အောက်တိုဘာလ၊ ၂၀၀၈ခုနှစ်

ထုတ်ဝေသူ
ဦးသစ်လွင် (ကံ့ကော်မြိုင်စာပေ)
အမှတ် (၁၁၃)၊ ရွှေပြည်သာလမ်း၊ သာကေတ။

မျက်နှာဖုံး ဒီဖိုင်း
ယုဝ

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးဖော်မင်း
(Wizard ပုံနှိပ်တိုက်)

ကွန်ပျူတာနှင့် အတွင်းဖလင်
ပုံရိပ်ရှင်

စာအုပ်ချုပ်
ကြူကြူမွှေး

အုပ်ရေ
(၅၀၀)

တန်ဖိုး
(၁၃၀၀ ကျပ်)

ဖြန့်ချိရေး
သိမ့်ထိုက်စာပေ
ဖုန်း- ၀၉၅၁၁၇၉၄၅၊ ၀၉၅၀၅၉၂၁၄၊ ၀၁-၆၈၀၈၄၄

BURMESE CLASSIC .com

ချစ်သူရေ...

တာသတစ်ကွက်က
ငါ့ရဲ့ နှလုံးသွေးတစ်စက်ပါ။
ဟာသချစ်တဲ့ မင်းတစ်ယောက်
နှစ်ခြိုက်စွာ သောက်စို့ပါ။

www.burmeseclassic.com

www.burmeseclassic.com

ရည်းစားများများ ထားချင်ရင်
အပိုးအပမ်းကောင်းဖို့
(ဒါမှမဟုတ်)
အမြှူအဆွယ်ကောင်းဖို့ပဲ လိုတာပါ။
အိမ်ထောင်ဘက်ကောင်းကောင်း လိုချင်ရင်တော့
ဝုကြဲဒြပ်တစ်ခု
(ဒါမှမဟုတ်)
ကိုယ်ပိုင်အရည်အချင်းတစ်ခု ရှိမှ ဖြစ်လိမ့်မယ်။



(နိဒါန်း)

ရှုပ်သန့်ခြင်းအတွက် ရှေးဆက်ရန်သော ရည်ရွယ်ထားသော ခြေလှမ်းတို့က ဖိဖိ ဖြတ်သန်းခဲ့ရသည့် ခြေရာဟောင်းတွေကို ပြန်လည်မှန်းဆလျက် သတိရနေမိ၏။ သမိုင်းတစ်ခေတ်၌ ဖြစ်တည်ခဲ့ဖူးသည့် ရွှေမင်းသမီးနှင့် ပျော်တော်ဆက်ကလေး၏ အဂ္ဂါရီဆန်သော ပုံရိပ်များက မှတ်ဉာဏ်တို့အား တစ်ဖန် လှုပ်နှိုးနေပြန်ပါပြီ။ ရင်တစ်ခြမ်း၌လန်းဆန်းမွှေးမြဲသဲ ပန်းကလေးတစ်ပွင့်နှင့် နွယ်ဆက်ပတ်သက်မှု အပုံပုံက ခံစားမှုအာရုံ၌ လင်းလျှစွာ နိုးထလို့ လာ၏။

ထိုကြောင့်...

ပုံပြင်ဆန်သော အဖြစ်အပျက်တစ်ခုအကြောင်းကို လွမ်းဆွတ်မှုများဖြင့် အမှတ်ရစွာ ဖွင့်ဟလိုက်ပါရစေ...။

○○○

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက...
တိုးတက်မှုနည်းပညာထဲမှာ
နာမ်ဝိဉာဉ်သက်သက်နဲ့
ငါတို့ ရင်ခုန်သံချင်း စပ်ယှက်ခဲ့ကြတယ်။
တစ်ခါက...
ကြိုးပြတ်မယ်မှန်း သိပါလျက်
အဲဒီ စောင်းတစ်လက်တည်းကိုပဲ
ငါတို့ ထပ်တလဲလဲ တီးခတ်ခဲ့ကြတယ်။
တစ်ခါက...
ကသီကလင်နိုင်လွန်းတဲ့
အသည်းကွဲသာရဲ့ အလွမ်းတွေကြောင့်
ငါတို့ စိမ်ပြေနပြေ ကျွမ်းမြိုက်ခဲ့ကြတယ်။
တစ်ခါက...
မက်မပြေ သစ်သီးတွေကို
မီးကြွတိုက်အတွင်းမှာ စားသုံးရင်း
ငါတို့ မျှော်လင့်ခြင်းတွေ သိမ်းပျင်းခဲ့ကြတယ်။
တစ်ခါက...

ရင်ခုန်သံ သမိုင်းတစ်ခုအား ပြန်လှန်တူးဖော်ခြင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

ရွှေမင်းသမီးနှင့် ပျော်တော်ဆက်ကလေး၏ ဒဏ္ဍာရီဆန်သော ဇာတ်လမ်းလေးသည် ... ပတ်သက်မှုအစကိုက ပုံမှန်မဆန်ဘဲ ဆန်းကြယ်စွာဖြင့် အင်တာနက် (Internet) လောကထဲမှာ သန္ဓေတည်ခဲ့ကြတာပါ။ ကမ္ဘာပေါ်မှာ အကြီးမားဆုံး Computer System ဖြစ်သော အင်တာနက်သည် Information Technology ခေတ်ကြီး၌ လူအများအပြား သုံးစွဲနေကြသည့်အရာ ဖြစ်သည်။

ထိုကဲ့သို့သော လူပေါင်းများစွာထဲမှပင် သူတို့နှစ်ဦးက ထူးခြားစွာ တွေ့ဆုံဖြစ်ခဲ့ကြပါသည်။

သူရဟု အမည်တွင်သော ကောင်လေးသည် G.mail အသုံးပြုရင်း ပန်းကလေးဆိုသော ကောင်မလေးနှင့် သိကျွမ်းသွား၏။ သူတို့ နှစ်ဦးသည် စကားတွေအပြန်အလှန်ပြောရင်းဖြင့် ခင်မင်သွားသောအခါ e-mail address တွေ လဲလှယ်လိုက်ကြပါသည်။

ဒါကပင် ... ရှိန်ဟုန်ပြင်းပြင်းစီးဆင်းမည့် မြစ်တစ်စင်း၏ အချက်ပေး ခရာသံဖြစ်၏။

ထိုမှစ၍ သူတို့နှစ်ဦးသည် Chat ထဲမှာ စကားပြောလိုက် e-mail တွေ ပို့လိုက်နှင့် ရင်းနှီးမှုက တစ်နေ့တခြား ကြီးထွားလို့လာ၏။ ပန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



၏ အမည်ရင်းမှာ ပန်းမကိုင်း ဖြစ်ပေမယ့် သူရကတော့ 'ပန်း' ဟုသာ ခေါ်လေသည်။ ပန်းကလေးကလည်း သူရအား 'သူ'ဟု တစ်လုံးတည်းသာသုံး၏။

ဓာတ်ပုံချင်း အလဲအလှယ်လုပ်ကြတော့ သူရက သူငယ်စဉ်တုန်းက ရိုက်ထားသော ကလေးပီစိကွေး ဓာတ်ပုံလေးကို ရိုက်ထည့်လိုက်သကဲ့သို့ ပန်းကလေးကလည်း အားကျမခံ ယောဂီဝတ်စုံကြီးဖြင့် တရားထိုင်နေသော သူမအဘွားပုံအား ပို့လိုက်၏။ ထိုမှစပြီး သူတို့ နှစ်ဦးသည် တစ်ယောက်ကို တစ်ယောက် ပုံထပ်မတောင်းကြတော့ချေ။

လူချင်း မမြင်ဖူးသော်ငြားလည်း သူတို့သည် တစ်ယောက်အကြောင်းကို တစ်ယောက်က မသိတာဟူ၍ မရှိတော့သလောက် ပွင့်လင်းရင်းနှီးသွားကြလေသည်။ မထင်မှတ်ပါဘဲ တွေ့ဆုံကာ အပျော်တမ်းသက်သက် စတင်ခဲ့သော သူတို့နှစ်ဦး၏ ပတ်သက်မှုမှာ တစ်စတစ်စဖြင့် လေးနက်မှုတို့ ဖွက်ဖက်လာ၏။

ပန်းကလေးက ကိုယ့်ရှင်သန်မှုအား ကိုယ်မပိုင်ထားသော သူမဘဝကို ဝမ်းနည်းစိတ်ပျက်ကြောင်းတွေ ရင်ဖွင့်တတ်၏။ အမြဲလိုလို စိတ်ညစ်နေတတ်သော ပန်းကလေးသည် သူမပြုံးပျော်စေရန်အတွက် သူရ ပြောပြလေ့ရှိသည့်စိတ်ရွှင်စရာ ဟာသအကြောင်းလေးများကို အလွန်နှစ်သက်၏။ ဒါကလည်း သံယောဇဉ် ငြိတွယ်စေခြင်း၏ အကြောင်းတစ်ရပ်ပင် ဖြစ်ပေလိမ့်မည်။

သူရ၏ ဗီဇအခံကိုက သနားစရာဆိုလျှင် သူတစ်ပါးထက် ပိုသနားတတ်ပြီး ခံစားစရာရှိလျှင်လည်း သူများတွေထက် ပိုခံစားတတ်လေ့ရှိသည့် ခံစားမှု ပြင်းထန်သူတစ်ဦးဖြစ်သည်။ သို့သော် သူက သူ့ ခံစားချက်မှန်သမျှကို အစဉ်သိုဝှက်ထား၏။ ထို့ကြောင့် ရင်းနှီးစွာ ပတ်သက်ဖူးသူများက သူ့ကို လျှို့ဝှက်လွန်းသူဟု ဆိုကြသည်။ ခံစားချက်အမှန်ကို မျိုသိပ်၍ အလွန်ဟန်ဆောင်ကောင်းသူဟုလည်း သမုတ်ကြသည်။

သူရသည် အသက်ငယ်ငယ်နှင့် စိတ်ဆင်းရဲနေရရှာသော ပန်းကလေးအား လွန်စွာသနားနေသည်။ ထိုသနားမှုကို အခြေတည်ကာ နောက်ဆက်တွဲ အကြောင်းအရာများ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာလိမ့်မည်ဟုတော့ အစက သူ မတွေးမိခဲ့ချေ။

အမြဲလိုလို စိတ်ရှုပ်နေတတ်သော ပန်းကလေး ပျော်ရွှင်စေရန်အတွက် သူရက ကိုယ်တွေ့ဖြစ်ရပ်များနှင့် နိုင်ငံခြားဟာသလေးများကို e-mail ပို့၍ဖြစ်စေ၊ Chat ထဲ၌ဖြစ်စေ ပြောပြလေ့ရှိသည်။ ကြာလာတော့ ပန်းကလေးကပင် သူနှင့် Chat ထဲမှာတွေ့တိုင်း ဟာသလေးများ ပြောခိုင်းလာ၏။



"ဟေ့ ... သူ တို့ကို ဟာသပြောပြ"

"အင်း ... ပြောပြပါ့မယ်"

"ဘာအကြောင်း ပြောမှာလဲ"

"ပြည့်ဖြိုးအောင်ဆိုတဲ့ ကိုယ့်သူငယ်ချင်းတစ်ယောက်အကြောင်းကိုပေါ့"

"အဲ့ဒီ ပြည့်ဖြိုးအောင်က ဘာဖြစ်လို့လဲဟင်"

"ဒီလိုပန်းရဲ့။ တစ်နေ့မှာ ပြည့်ဖြိုးအောင်က သူ ဝမ်းချုပ်နေတယ်လို့ ကိုယ့်ကို လာပြောတယ်။ အဲ့ဒါကြောင့် ကိုယ်က ဆေးဆိုင်မှာ ဝမ်းချုတောင့်တွေ ဆယ်ခုတောင် ဝယ်ပေးလိုက်တယ်"

"အဲ့ဒါနဲ့ ဘာဖြစ်လဲ"

"နောက်နေ့ကျတော့ ကိုယ့်ဆီကို သူ ထပ်ရောက်လာတယ်။ ဝမ်းချုပ်နေတုန်းပဲတဲ့။ အဲ့ဒါနဲ့ ကိုယ်က ဝမ်းချုတောင့်တွေရောလို့ မေးလိုက်တော့ ကုန်ပြီတဲ့"

"ဟင် ... ဒီလောက် အများကြီးကို"

"အေးလေ ... အဲ့ဒါကြောင့် ကိုယ်ကလည်း ရှုံပြီးတော့ ဒီလောက် ဝမ်းချုတောင့်တွေ အများကြီးကို တစ်နေ့တည်းကုန်ရအောင် မင်းဖောက်သောက်ပစ် လိုက်လို့လားလို့ မေးလိုက်တယ်။ အဲဒီမှာ သူက ဘာပြန်ပြောတယ်ထင်လဲ"

"ဘာပြန်ပြောလဲဟင်"

"မင်း ဝယ်ပေးတာတွေကို ငါက ဖောက်မသောက်လို့ ဘာလုပ်ရမှာလဲ။ စအိုထဲ ထိုးထည့်ရမှာလားတဲ့လေ"

"ဟယ် ... ခစ် ... ခစ် ... ခစ် အံ့ရောပဲ"

ပန်းကလေး ပျော်ရွှင်နေလျှင် သူရသည် တိတ်တဆိတ် ကျေနပ်နေ၏။ မမြင်ဖူးပါဘဲနှင့် ပန်းကလေးက သူ့ကို နူးညံ့သိမ်မွေ့စွာ အပြည့်အဝ ဖမ်းစားလိုထား၏။ ပန်းကလေး၏ e-mail များကို စောင့်မျှော်ရင်းဖြင့်ပင် သူ့နေ့ရက်တို့ လှပသစ်လွင်လာခဲ့ပါသည်။

တစ်ခါတစ်ရံ Internet connection မကောင်းသောကြောင့် အဆက်

www.burmeseclassic.com



အသွယ်မရသော နေ့ရက်များတွင် သူ့ရင်၌ တစ်ခုခု လိုအပ်နေသကဲ့သို့ မောလျလစ်ဟာကာ နေမထိ ထိုင်မသာ ဖြစ်ရ၏။ မမြင်ဖူးသော လူတစ်ယောက်အား ဤမျှထိ စုံမက်စွဲလမ်းနေမိသည့်အဖြစ်ကြောင့် ကိုယ့်ကိုယ်ကိုပင် စိတ်မှ မှန်သေးရဲ့လားဟု စမ်းစစ်ကြည့်ရပါသေးသည်။

အချိန်တွေကြာလာတာနှင့်အမျှ စွဲလမ်းမှုများ ကြီးထိုးလာပြီး မြတ်နိုးခြင်းတို့က နှလုံးသားအား လက်ဝါးကြီးအုပ်လျက် ချစ်စိတ်များက မရိုးမရွ ထကြွသောင်းကျန်းကြသဖြင့် မတတ်သာတော့သည့် အဆုံးမှာ သူ့ရင်ခုန်သံတို့အကြောင်းကို ပန်းကလေးအား On Line ပေါ်မှ လှစ်ဖော်ပြသလိုက်ရတော့သည်။

ဘယ်လိုများ တုံ့ပြန်လေမလဲဟူသော စိုးတထိတ်ထိတ်စိတ်ဖြင့် ပန်းကလေးထံမှ e-mail ကို စောင့်မျှော်နေပေမယ့် e-mail က မပြန်။ Chat သို့လည်းမလာ။

ဥပေက္ခာတရားကို ပန်းကလေး ကျင့်သုံးသွားလေပြီလား ... ။

မှားသွားပြီ ... ဆိုသော အတွေးလှိုင်းတို့ဖြင့် သူ့ရ ရက်အတန်ကြာ ကြေကွဲ သွားရသေး၏။ သို့ရာတွင် တစ်ညမှာတော့ ခံစားမှုချင်း ထပ်တူညီသည့် ပန်း ကလေးထံမှ သူ့မေတ္တာကို ကြည်ဖြူစွာ လက်ခံကြောင်း e-mail ဝင်လာသဖြင့် သူ့ရ အရမ်းတအား ပျော်ရွှင်ကြည်နူးသွားရလေသည်။

ဤသို့ဖြင့် အံ့သြဖွယ်ရာ ကောင်းလှစွာ သူတို့နှစ်ဦး ချစ်သူ ရည်းစားတွေ ဖြစ်သွားခဲ့ကြပါသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် မမြင်တွေ့ဖူးကြပါပဲနှင့် မြတ်နိုးစုံမက်သွားကြသည့် အချစ်သည် ဖြူစင်သန့်ရှင်းပြီး မွန်မြတ်စင်ကြယ်လွန်းလှပေသည်ဟု သူတို့အဖြစ်ကို ဂုဏ်ယူကျေနပ်နေခဲ့ကြ၏။

တကယ်တမ်းမှာတော့ ... သူတို့နှစ်ဦးစလုံးသည် ပိုးဖလံဆန်သူတွေသာ ဖြစ်ပါသည်။

○○○



## အခန်း (၂)

လူငယ်တို့၏ ဖြစ်စဉ်၌ ချစ်သူရည်းစားထားခြင်းသည် လှပသော ခံစားမှုတစ်ခုဖြစ်သည်။ သူ့ရနှင့် ပန်းကလေးသည်လည်း ချစ်သူတွေ ဖြစ်သွားသောအခါ စောင့်မျှော်ရသော e-mail များမှာ ပို၍ မက်မောမျှော်လင့်ချင်စရာ ကောင်းလာ၏။

ထိုအချိန်၌ ပန်းကလေးက နာမည်ဂုဏ်သတင်း ကျော်ကြားလှသည့် မော်ဒယ်အေဂျင်စီတစ်ခုမှာ သူမ မော်ဒယ်သင်တန်းတက်နေကြောင်း သူ့ရထံ Message ပေး၏။ ပန်းကလေးသည် အနုပညာအား ထက်သန်စွာဖြင့် အလွန်ဝါသနာပါသည်ကို သူမ e-mail တွေထဲမှာ မကြာခဏ ပါနေကျမို့ သူ့ရက အားပေးစကားများဖြင့် တိုက်တွန်းပေးလေ့ရှိသည်။

တစ်နေ့တစ်ခါတော့ သူ့ရက ပန်းကလေးကိုဟာသတွေ ပြောပြရ၏။

"ကိုယ့်သူငယ်ချင်း ဖိုးချစ်ဆိုတဲ့ မော်ဒန်ပန်းချီဆရာတစ်ယောက်ခု ဒုက္ခရောက်နေတယ် ပန်းရဲ့"

"ဘာဖြစ်လို့လဲဟင်"

"သူ ပုံတူဆွဲပေးနေတဲ့ ကောင်မလေးက မျက်လုံးကို အပြာရောင်ပြောင်းပေးပါ ဆိုလို့တဲ့လေ"

"အဲ့ဒါများ ပြောင်းဆွဲပေးလိုက်ရောပေါ့"

"ပန်း ... ပြောသလို ကိုယ်လည်း ပြောသားပဲ။ ဒါပေမယ့် သူ့ကမျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်နေရာမှာ ဆွဲထားမိသလဲဆိုတာ မသိတော့လို့တဲ့"

"အို ... ခစ် ... ခစ် ဖြစ်ရလေ။ မော်ဒန်ပန်းချီကားတွေကို တို့လည်း ကြည့်ဖူးတယ်။ ဒါပေမယ့် ဘာတွေ ဆွဲထားမှန်းကို မသိဘူး။ ဘယ်လိုမှ ခံစားလို့ မရဘူး။ အလကား ဥစ္စာတွေပါ"

"ကိုယ် မသိ နားမလည်လို့ ခံစားမရတိုင်း အလကားဥစ္စာတွေလို့ မပြောရဘူးပန်းရဲ့။ ဘယ်အရာမဆို သူ့ အဓိပ္ပာယ်နဲ့ သူတော့ ရှိကြတာ ချည်းပါပဲလေ"

"ဟုတ်ကဲ့ပါ ဆရာကြီး။ ကျွန်မ မှတ်ထားလိုက်ပါ့မယ်ရှင်"

အဲ့ဒီလိုတွေနှင့်ပေါ့ ...

သူတို့နှစ်ဦး ကြည်နူးခဲ့ကြဖူးပါသည်။

○

တစ်ခုရလျှင် နှစ်ခုလိုချင်သော လောဘစိတ်က ပုထုဇဉ်တိုင်း၌ ရှိပေလိမ့်မည်။ ထိုကဲ့သို့ပင် မချစ်သင့်သည့်ကြားမှ ချစ်လိုက်ကြသော ချစ်သူနှစ်ဦးသည်လည်း ရှေ့တိုး၍ တစ်ဆင့်တက်ရန် ကြိုးစားလာကြပြန်သည်။

ထိုဆန္ဒကို အကောင်အထည်ပေါ်အောင် တောင်းဆိုသူကတော့ ပန်းကလေးပင် ဖြစ်လေသည်။

"တို့လေ ... သူနဲ့အပြင်မှာ တွေ့ချင်တယ်။ တို့နှစ်ဦးအပြင်လောကမှာ တွေ့ကြရအောင်"

"ဒီအတိုင်းလေးပဲ နေသွားကြရအောင်လား ပန်းရယ်။ အဆုံးသတ်က ဘာမှ ပိုထူးမလာနိုင်တဲ့ အတွေ့တူသတိရစရာတွေ ပိုများအောင် မလုပ်ချင်ပါနဲ့လားကွာ"

"အဲဒီလို မပြောပါနဲ့ သူရယ်၊ ကို့က ရတဲ့အချိန်အပိုင်းအခြားလေးမှာ ချစ်သူနဲ့ ရွှင်ပျော်ပျော်ရွှင်ရွှင် နေသွားချင်လို့ပါ။ တစ်ဘဝစာ စိတ်ညစ်စရာတွေအတွက် ပျော်ရွှင်မှုတွေကို တို့ ရသလောက် သိမ်းဆည်းသွားချင်တယ်။ သူပဲ တို့ကို စိတ်ချမ်းသာစေချင်တယ်။ ပျော်ရွှင်စေချင်တယ်ဆို။ ပြောလေ ... ဟော့"

"အေးပါလေ၊ ဒါဆိုလည်း ကျွန်တော်မျိုး ပျော်တော်ဆက်ကြီးက



သခင်မပန်းမကိုင်ရဲ့ ရွှေသဘောတော်မြတ်အတိုင်းပါပဲဗျာ"

"အဟင်း ... ခစ် ခစ် ... အဲဒီလို လုပ်စမ်းပါ ငယ်ကျွန်ကြီးရဲ့"

ချားလ်(စ)ဒါဝင်သည် အိဖော်လူးရှင်းသီအိုရီအတွက် ဘာသာရေးကို ဆန့်ကျင်ခဲ့ရသည်။ သူရသည်လည်း ချစ်သူ၏ဆန္ဒအတွက် ဆင်ခြင်တုံတရားကို မျက်ကွယ်ပြုပစ်လိုက်လေတော့၏။

"ပန်း သရဲကြောက်တတ်လား"

"ဟင် ... ဘာလို့မေးတာလဲ"

"ဩော် ... သရဲကြောက်တတ်ရင် ကိုယ်နဲ့တွေ့လို့ဖြစ်မှာ မဟုတ်ဘူး။ ပန်းမှာက နှလုံးရောဂါအခံကလည်း ရှိတယ်လေ၊ အဲ့ဒါကြောင့်ပါ"

"အမယ် ... မယ်၊ သူသာ အရေးကြီးတာပါနော်။ ချစ်ပါတယ်ဆိုတဲ့လူက တော်ကြာတို့ကိုမြင်မှ ရုပ်ဆိုးတယ်ဆိုပြီး အပြစ်မတင်နဲ့ နော်"

"ဒါတွေက အရေးမကြီးပါဘူးကွာ၊ ကိုယ် ပန်းကို ချစ်တယ်ဆိုတာက မမြင်ဖူးဘဲနဲ့ စိတ်ထဲနှလုံးသားထဲကနေ သနားတွယ်တာပြီး တစိမ့်စိမ့်ချစ်သွားတာပါ။ ရုပ်လှတယ် မလှဘူးဆိုတာတွေက အဓိက မကျပါဘူး။ ခုတည်းက ကြိုပြောထားလိုက်မယ်။ ပန်းအပေါ်မှာထားတဲ့ ကိုယ့်မေတ္တာက ဘယ်လိုအကြောင်းမျိုးနဲ့မှ ပြောင်းလဲပျက်စီးမသွားမှာ သေချာတယ်။ နောက်ဆုံးအချိန်ထိ ချစ်သွားမယ့်လူပါ ပန်းရယ်"

"ရုပ်လှဖို့ မလိုဘူးဆိုပေမယ့် ဘယ်သူမဆို ကိုယ့်ချစ်သူကို ကြည့်ပျော်ရှု ပျော်လေးလောက်တော့ ဖြစ်စေချင်မှာပေါ့။ တို့က အဲဒီလို ကြည့်ပျော်ရှုပျော်လေးလောက်တောင်မှ မလှဘူး။ သူ့ကို ဓာတ်ပုံမပေးတာကလည်း ဓာတ်ပုံဆရာတွေက တို့ရုပ်ကို ကြည့်မရိုက်ရဲဘူးဆိုလို့ပါ"

"ကိစ္စမရှိပါဘူး"

"ဟုတ်ပါ့မလား။ အလှမမက်တဲ့ ယောကျ်ားဆိုတာ မရှိပါဘူး။ တော်ကြာ တို့ကိုမြင်မှ ထွက်ပြေးနေဦးမယ်"

"မပြေးပါဘူး။ ကိုယ်က ငယ်ငယ်လေးကတည်းက သရဲကားဆို သိပ်ကြိုက်တာ။ သရဲမလေးတွေဆို အရမ်းချစ်၊ တဗြစ်ဗြစ်မြည်အောင်ကို ဖက်နမ်းပစ်ချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"အို့ဟိုး ... ကြောက်စရာကြီးပါလား"

"တကယ်ပြောနေတာ။ အပြင်ကျမှ ပန်း ထွက်မပြေးနဲ့နော်"

"အင်းပါ ... အင်းပါ ... ဘယ်သူထွက်ပြေးရမှာလဲဆိုတာ ကြည့်ရသေးတာပေါ့။ ဒီအတိုင်းဆို ပန်းတို့ နှစ်ယောက်တွေ့လို့ ဖြစ်ပြီပေါ့နော်"

"ဒါပေါ့"

"ဒါဆို သူ ဘယ်တော့ ရန်ကုန်ကို တက်လာမလဲ"

"သန်ဘက်ခါ"

"ဘာနဲ့လာမှာလဲ"

"လိုင်းကားစီးလာမှာ"

"ဘယ်အချိန်လောက် ရန်ကုန်ကို ရောက်မလဲဟင်"

"ဆယ့်နှစ်နာရီ ဝန်းကျင်လောက် ရောက်လိမ့်မယ်ထင်တယ် ပန်းရဲ့"

"ဟုတ်ပြီလေ၊ ဒါဆို အဲဒီနေ့ကျရင် အဝေးပြေးကားဝန်းထဲအထိ သူ့ကို တို့လာကြိုလှည့်မယ်။ တို့က အင်္ကျီအနီရောင် ဝတ်ထားမယ်နော် သူကရော ဘာရောင်ဝတ်လာမှာလဲ"

"အနီရောင်ပဲ ဝတ်လာခဲ့မယ်လေ"

"ဒါဆိုပြီးရော၊ အပြင်မှာတွေ့ရင် သူ တို့ကို ဟာသတွေအများကြီး ပြောပြရမယ်နော်"

"အင်းပါ ပန်းရဲ့"

တားမြစ်ထားသော အဆိပ်သီးအား စားသုံးပြီးသည့် နောက်မှာတော့ ကမ္ဘာဦးမောင်နှံတို့ပမာ ရှုံးမိုက်စွာဖြင့် ရှေ့ဆက်ရန်သာ သူတို့ အားသန်နေကြပါတော့သည်။

မှန်သလား ... မှားသလား ... ဆိုတာတွေကတော့ စဉ်းစားဉာဏ်၏ အပြင်ဘက်ကို ရောက်ရှိသွားခဲ့ပြီဖြစ်လေသည်။

၀၀၀



## အခန်း (၃)

ချစ်သူရှိပါလျက်နှင့် ချစ်သူကို မတွေ့မမြင်ရသော ဝေဒနာကို မည်သူမှ ခံစားချင်ကြမှာ မဟုတ်ချေ။ ထို့ကြောင့် ပြည်မှာနေသော သူရသည် ချစ်သူနှင့် တွေ့ဆုံရန်ဟူသော ရည်ရွယ်ချက်သက်သက်ဖြင့် ရန်ကုန်သို့ ရင်ခုန်စွာ ထွက်လာခဲ့လေသည်။

အောင်မင်္ဂလာ အဝေးပြေးကားဝန်းထဲသို့ ကားရောက်တော့ ချစ်သူနှင့် တွေ့ရတော့မည်ဆိုသော အသိကြောင့် သူသည် လန်းဆန်းတက်ကြွလျက် ရွှင်ပျနေ၏။ ကားပေါ်မှ ဆင်းသည်နှင့် မတည်ငြိမ်သော စိတ်နှလုံး၊ ဂနာမငြိမ်သော မျက်လုံးတို့ဖြင့် ချစ်သူကို လှိုက်ဖိုစွာ လိုက်ရှာနေမိသည်။

သတ်မှတ်ထားသောအချိန်းအချက်များအရ လာကြိုမည့်ပန်းကလေးကလည်း သူ့လိုပင် အင်္ကျီအနီရောင် ဝတ်ဆင်ထားပေလိမ့်မည်။

"ဟာ ... ဟိုမှာ အင်္ကျီအနီရောင်ဝတ်ထားတဲ့ အမျိုးသမီးတစ် ယောက် ... ဟိုက်ရှားဘား ..."

အင်္ကျီအနီရောင်ဝတ်ဆင်ထားသည့် ရာဝင်စဉ့်အိုးကြီးနှင့် သဏ္ဍာန်တူသော အမျိုးသမီးတစ်ဦးအား တွေ့မြင်လိုက်ရတော့ သူရ ချောက်ချားသွားမိ၏။

ဪ ... ပန်းကလေးရယ်၊ နည်းတာကြီးမဟုတ်ပါလားကွယ် ... ။ အာဟာရတွေ အကျွေးကောင်းလွန်းလို့ထင်ပါရဲ့ ... ။ မင်းလေးဟာ ကော်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကို အပွင့်ကြီးပါလားကွာ... ။ ကျွတ် ... ကျွတ် ... အို ... ဒါတွေက အရေးမကြီးပါဘူးလေ ...။ ငါ သူ့ကိုချစ်တာက ရုပ်ပိုင်းဆိုင်ရာ မက်မောစိတ်နဲ့ ချစ်တာမှ မဟုတ်တာ ...။ စိတ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုနဲ့ သူ့ အဖြစ်ကို စာနာသနားပြီး ချစ်ခဲ့တာပဲဥစ္စာ ...။ ဟွန်း ...ပန်းကလေးရယ် စိတ်ညစ်တိုင်း အစားတွေချည်း ဖိစားနေမိတာ ထင်ပါရဲ့ ...။ သနားပါတယ် ...။ ဟူး ...

ရင်လည်း မောမိသည်။

ဆင်ခန္ဓာကိုယ်၌ ပုရွက်ဆိတ်ခေါင်း တပ်ဆင်ထားသည့်အလား အပွင့်ကြီးထွားသော ပန်းကလေးထံပါးသို့ ကယောင်ချောက်ချားဖြင့် သူရ လှမ်းသွားလိုက်ပါသည်။

ထိုအမျိုးသမီးမှာ မျက်နှာလေးကတော့ နုနုဖတ်ဖတ်နှင့် ချစ်စရာလေးပါ။ ကိုယ်ခန္ဓာမပါဘဲ မျက်နှာချည်းသက်သက်ဆိုပါက အတော်ပင် ကြည့်ကောင်းပေလိမ့်မည်။

“ဟော့ ... ဒီမှာကြည့်စမ်း”

“ဟယ် ... ဘာတွေ ပုတ်ပြနေတာလည်း မသိဘူး”

သူရက သူဝတ်ထားသော အင်္ကျီအနီရောင်ကို ပုတ်ပြလိုက်တာပါ။

“ကိုယ်လေ ...ကိုယ် ...ဟိုလေ ... ဒီက ကိုယ့်ကိုလာကြိုတဲ့ ပန်းလေးလားမသိဘူး”

“မသိရင်လည်း ဆက်မပြောနဲ့။ ရှောင်းတော့... ပန်းတာတွေ မပန်းတာတွေ လာလုပ်မနေနဲ့။ ဒီလိုအထာမျိုးတွေနဲ့ လာရောဖို့ မကြိုးစားနဲ့နော်။ ဒါမျိုးတွေ နောကြေနေပြီ”

အမယ်လေးနော် ... သူကပဲ ပြောရတယ်ရှိသေး ... ။

ထင်မှတ်ထားသည်နှင့် ဆန့်ကျင်စွာ မတန်မရာပမာ အဟောက်ခံလိုက်ရသဖြင့် သူရ နည်းနည်းတော့ အောင့်သက်သက်ဖြစ်သွားသည်။ ထိုစဉ်မှာပင် ...

“ဟော့ ... ဟော့ ... လူမှားနေပြီ၊ သူ့ကိုလာကြိုတဲ့ တို့ကဒီမှာ”

အသံစူးစူးလေး ထွက်ပေါ်လာရာဆီသို့ ကြည့်လိုက်တော့ အင်္ကျီအနီရောင် ဝတ်ဆင်ထားသော ကောင်မလေးတစ်ယောက်။

သူရ ရင်တွင်း၌ (ခုတ်မောင်းနေသော မီးရထားအိမ်သာထဲမှာ



ဆီးသွားရသကဲ့သို့) ကတိမ်းကပါး လှုပ်ရှားသွားရ၏။

- “ဟ ... ဒါ ဒါက ... ပန်း ပန်းလေးပေါ့”

“သူက ပြည်က သူရ ဟုတ်ပါတယ်နော်”

“ဟုတ် ဟုတ်ပါတယ်”

“တို့က ပန်းမကိုင်ပါ”

ကောင်မလေးကို မြင်ရတာ တစ်စက်မှစိတ်ချမ်းသာစရာမရှိ။ သွားကြားထိုးတံအား အဝတ်ပတ်ပေးထားသလို ခန္ဓာကိုယ်နှင့် မျက်နှာမှာကလည်း ကျောက်ပေါက်မှာ အမာရွတ်တွေက ထူလပြစ်။ အပေါ် ရှေ့သွားတွေကလည်း အောက်နှုတ်ခမ်းနှင့် မေးစေ့ကို လေလုံမိုးလုံရှိစေရန် အမိုးဆွဲပေးထားပါသေး၏။

သူမဖုန်းထဲမှာ ပြောတုန်းက ကောလဟာလဟုသာ ထင်မှတ်ခဲ့တာ။ လက်တွေ့မှာလည်း သဘောကျစရာ ဘာမှမရှိသဖြင့် ပုထုဇဉ်ပီပီ မချိတင်ကဲတော့ ဖြစ်သွားမိသေး၏။

သို့သော် အားနည်းနိမ့်ပါးသူတွေဆိုပါက သနားကြင်နာတတ်သည့် သူ့အကျင့်အတိုင်း သူရသည် ဖြေသိမ့်စရာ မရှိဘာကြီးကိုပင် ကြံဖန်ဖြေသိမ့်ပစ်လိုက်လေသည်။

အို ... ဒါတွေက အရေပြား တစ်ထောက်စာ ကိစ္စတွေပါလေ ... ။ စစ်မှန်တဲ့ အချစ်မှာ ဒါတွေက အဓိကမကျပါဘူး ...။ ပန်းကလေး စိတ်ချမ်းသာဖို့သာ အရေးကြီးတာပါ ...။

စိတ်အားငယ်တတ်သူလေးကို သူ့ကြောင့်စိတ်မဆင်းရဲစေလိုပါ။

“ဟော့ ...စကားမပြောဘဲ ဘာလို့ဒီလောက် စိုက်ကြည့်နေတာလဲ။ ဘာလဲ ... ငိုချင်သွားပြီ မဟုတ်လား”

“ငို ငိုချင်ပါဘူးကွာ။ အဟဲ ... ပန်း ... ပန်းကိုတွေ့တော့ ကိုယ်ဝမ်းသာလွန်းလို့ စကားကို ဘယ်ကဘယ်လို စပြောရမှန်းမသိ ဖြစ်နေလို့ပါ”

ကောင်မလေး၏ အသွင်အပြင်က ပိုးကိုက်ခံထားရသည့် ပန်းတစ်ပွင့်ပမာ ကပိုကရိုဖြင့် ညှိုးနွမ်းနေ၏။ သူမက သူရကိုကြည့်၍ ...

“တို့ကိုမြင်တော့ သူစိတ်ပျက်သွားမှာပေါ့နော်”

“ဟာ ... ဘယ်ကလာ ... မဟုတ်ပါဘူး။ ပန်းအပေါ်မှာ ကိုယ့်

www.burmeseclassic.com



မေတ္တာက ထာဝရအတွက် ခိုင်မြဲနေပြီးသားပါ။ ပန်းနဲ့ မတွေ့ခင်ကတည်းက ကိုယ်ပြောခဲ့သားပဲ။ အရင်တုန်းကလည်း ကိုယ့်အချစ်က ဒီအတိုင်းပဲ။ အခုလည်း ဒီအတိုင်းပဲ။ နောင်လည်း ဒီအတိုင်းပဲ ရှိနေမှာပဲ။ ဒါဟာ ပန်းအတွက် တစ်ဘဝစာ ကိုယ့်ရဲ့သစ္စာပါ။ ကိုယ့်အချစ်က အပေါ်ယံကြောကို ကြည့်ပြီး ပြောင်းလဲတတ်တဲ့ အရာမျိုးမဟုတ်ပါဘူးကွာ"

ပိုးကိုက်ပန်းကလေး၏ မျက်နှာရွှင်လန်းသွားပါသည်။

"သူ တကယ်ပြောနေတာလားဟင်"

"တကယ်ပေါ့ပန်းရဲ့။ ကဲ ... လာ ... ကိုယ်တို့နှစ်ယောက် တွေ့ဆုံချိန်မှာ ပန်းဘဝရဲ့ စိတ်ညစ်စရာတွေကို ဘေးဖယ်ပြီး ပျော်ပျော်ကြီးနေလိုက်ကြရအောင်နော်"

သူရက ခြေလှမ်းပြင်တော့ ပိုးကိုက်ပန်းကလေး တုံ့ဆိုင်းလို့ သွားသည်။

"အဲ ... နေဦး နေဦး။ မထနေဦး"

"ဘာလုပ်မလို့လဲ ပန်းရဲ့"

"ဟို ... မုန့်ဆိုင်ကိုသွားမလို့။ လာလေ ... လိုက်ခဲ့"

"ပန်း မုန့်စားချင်လို့လား။ ဒါဆိုသွားလေ"

ကားဝန်းအတွင်းမှ မုန့်ဆိုင်သေးသေးလေး တစ်ဆိုင်ဆီသို့ သူတို့နှစ်ဦး ထွက်လာခဲ့ကြပါသည်။ မုန့်ဆိုင်သို့ရောက်သောအခါ မုန့်ဆိုင်မှ ကောင်မလေးက မလိုက်ဖက်သော သူတို့စုံတွဲကိုကြည့်၍ ပြုံးနေပါ၏။ ပြုံးလည်း ပြုံးလောက်စရာပဲလေ ...။

"ပန်း ဘာမုန့်စားမှာလဲ"

ပိုးကိုက်ပန်းကလေးက သူရ၏ မေးခွန်းကို ပြန်မဖြေဘဲ မုန့်ဆိုင်မှ ကောင်မလေးကိုသာ နှုတ်ဆက်နေလေသည်။

"မမလေး ... အဆင်ပြေလား"

"ပြေပါတယ်ဟာ။ မုန့်ရောင်းရတာ ပျော်စရာကောင်းကောင်းသေးတယ်။ နင်ရော အဆင်ပြေခဲ့ရဲ့လား"

"ပြေချက်ကတော့ ကျွန်မတောင် ပစ်စလက်ခတ် လေးစားသွားတယ် မမလေးရေ"



ပိုးကိုက်ပန်းကလေးက သူမအင်္ကျီအပေါ်ထပ်၏ အောက်ဘက်ချိုင်းကြားမှ ပစ္စည်းတစ်ခုကိုထုတ်၍ မုန့်ဆိုင်မှ ကောင်မလေးအား ပေးလိုက်သည်။ သူနှင့်မဆိုင်ဟု ထင်သဖြင့် သူရ ဂရုမစိုက်မိ။

ခဏကြာတော့ မုန့်ဆိုင်မှ ကောင်မလေးကိုင်ထားသော ပစ္စည်းလေးဆီမှ အသံများထွက်ပေါ်၍ လာလေသည်။

ဟေ့ ... စကားမပြောဘဲ ဘာလို့ဒီလောက် စိုက်ကြည့်နေတာလဲ ... ဘာလဲ ... ငိုချင်သွားပြီ မဟုတ်လား ... ငို ငို ချင်ပါဘူးကွာ ... အဟဲ ... ပန်း ... ပန်းကိုတွေ့တော့ ကိုယ်ဝမ်းသာလွန်းလို့ စကားကိုဘယ်က ဘယ်လိုစပြောရ မှန်းမသိဖြစ်နေလို့ပါ ...

တို့ကိုမြင်တော့ သူစိတ်ပျက်သွားမှာပေါ့နော် ... ဟာ ... ဘယ်ကလာ မဟုတ်ပါဘူး ... ပန်းအပေါ်မှာ ကိုယ့်မေတ္တာက ထာဝရအတွက် ခိုင်မြဲနေပြီးသားပါ ... ပန်းနဲ့မတွေ့ခင်တည်းက ကိုယ်ပြောခဲ့သားပဲ ... အရင်တုန်းကလည်း ကိုယ့်အချစ်က ဒီအတိုင်းပဲ ... အခုလည်း ဒီအတိုင်းပဲ ... နောင်လည်း ဒီအတိုင်းပဲ ရှိနေမှာပဲ ... ဒါဟာ ပန်းအတွက် တစ်ဘဝစာ ကိုယ့်ရဲ့သစ္စာပါ ... ကိုယ့်အချစ်က အပေါ်ယံကြောကိုကြည့်ပြီး ပြောင်းလဲတတ်တဲ့ အရာမျိုး မဟုတ်ပါဘူးကွာ...

သူ တကယ်ပြောနေတာလားဟင် ... တကယ်ပေါ့ပန်းရဲ့ ... ကဲ ... လာ ... ကိုယ်တို့နှစ်ယောက် တွေ့ဆုံချိန်မှာ ပန်းဘဝရဲ့ စိတ်ညစ်စရာတွေကို ဘေးဖယ်ပြီး ပျော်ပျော်ကြီး နေလိုက်ကြရအောင်နော် ...

သူရ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

"ဟာ ... ဒါ ... ဒါ ... ငါ့အသံ။ ငါပြောခဲ့တဲ့ စကားတွေ ..."

မုန့်ဆိုင်မှ ကောင်မလေး၏မျက်နှာက ပြုံးရွှင်ချိုမြလို့နေပါသည်။

"မိယုရေ ... ကျေးဇူးပဲသိလား"

"ဒါလေးကူညီရတာ ဘာမှမဖြစ်လောက်ပါဘူး မမလေးရယ်။ မမလေးရဲ့ ကျေးဇူးတွေက ကျွန်မတို့အပေါ်မှာ အများကြီးပါ။ နောက်လည်း ခိုင်းစရာရှိရင် ပြောပါနော်"

သူရ၏ ဦးနှောက်မှာ စဉ်းစားဉာဏ်တို့ဖြင့် ရှုပ်ထွေးသွားနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာတွေလဲ"

အခုမှ သေချာကြည့်မိသည်။ မုန့်ဆိုင်မှ ကောင်မလေးဝတ်ထားသော အင်္ကျီကလည်း အနီရောင် ... ဒါဆို ...

"သူ့ကို အခုလိုလုပ်မိတာ ခွင့်လွှတ်ပါနော်။ သူ့ရဲ့ ချစ်သူအစစ် ပန်းမကိုင်ဆိုတာ ဟောဒီကကျွန်မပါပဲတဲ့ရှင်"

"ဟင် ..."

အပြောင်းအလဲများကြောင့် သူရ အံ့အားသင့်သွားမိသည်။ ပျော်ရွှင်ကြည်နူးခြင်းတို့ကလည်း ရင်၌ ပက်ပက်စက်စက် ဖြစ်သွားမိ၏။ ချစ်သူကို အဝအလင်ကြည့်ကာ ...

"ပန်းဘာကြောင့် အခုလိုလုပ်ရတာလဲကွာ"

"တို့ သူ့စိတ်ကို စမ်းကြည့်တာပါ။ တို့က တကယ်ရုပ်ဆိုးတဲ့ မိန်းကလေးတစ်ယောက်ဆိုရင် တို့အပေါ်မှာထားတဲ့ သူ့သဘောထား ပြောင်းများပြောင်းလဲသွားမလားလို့ပါ"

"ဒါကတော့ ပန်း ကိုယ့်ကိုအထင်သေးလွန်းတာပဲ"

"စိတ်မဆိုးပါနဲ့ သူရယ်။ တို့တောင်းပန်ပါတယ်။ တို့ဘက်ကလည်း စဉ်းစားကြည့်ပေးပါဦး။ တို့က မိန်းကလေးလေ ...။ တစ်ခါမှ မမြင်ဖူးဘဲနဲ့ ကိုယ့်ကိုချစ်တယ်လို့ ပြောလာတဲ့ ယောကျာ်းတစ်ယောက်ရဲ့ အချစ်ကို အစစ်အမှန် ဟုတ်မဟုတ် ဘယ်လိုယုံကြည်ရမှာလဲ။ နှလုံးသားတစ်ခုလုံး၊ ပျော်ရွှင်မှုဆိုတဲ့ မျှော်လင့်ချက်တွေ အကုန်လုံးအတွက် ယုံကြည်ကိုးကွယ်ရဲဖို့ ဒီလိုမျိုး စမ်းသပ်မိတာပါ။ ဒါကိုသူက အပြစ်တင်ချင်လို့လား။ အခုဆို သူ့ကို တို့ အပြည့်အဝ ယုံကြည်စိတ်ချ သွားပြီသိလား။ သူ တို့ကို ခွင့်လွှတ်တယ် မဟုတ်လားဟင်။ ခွင့်လွှတ်ပါနော်။ နော်လို့ ... အနန့်"

ခခယယ တောင်းပန်နေသော ပန်းကလေး၏ 'အနန့်'ဆိုသော အပြောလေးကို သူရ ရယ်ချင်သွားမိ၏။ သူ့ကြောင့် ချစ်သူလေးအား အနည်းငယ်မျှပင် စိတ်မခုစေလိုပါ။ ဒါကြောင့် ...

"အင်းပါ ... အင်းပါ။ ခွင့်လွှတ်ပါတယ်။ သူ့နယ်ပဲ လုပ်ပေါ့"

သူရက ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ပြောတော့ ပန်းကလေးက ပြုံးသည်။



"ဟွန်း ... ပြောပုံကလည်း ရုပ်ပုပ်ပုပ်ကြီးနဲ့။ အသက်မပါလိုက်တာ။ စိတ်ပါလက်ပါ ပုံစံနဲ့ပြုံးရယ်ပြီး ခွင့်လွှတ်တယ်လို့ ပြောစမ်းပါ"

"ရပါတယ် ရပါတယ်။ ဒါမျိုးလည်း ရပါတယ်။ ဟဲ ဟဲ ... ခွင့်လွှတ်ပါတယ်ဗျာ။ ခွင့်လွှတ်ပါတယ်။ တကယ် ခွင့်လွှတ်တာပါ။ ဟဲဟဲ"

ချစ်သူ၏ အလိုကျ သူရ စွမ်းဆောင်ပေးလိုက်ပါသည်။ အခြေအနေအရဖြစ်၍ နည်းနည်းတော့ ပေါပေးရတာပေါ့။

"ကဲ ... ကျေနပ်ပြီလား"

"ခစ် ... ခစ် ... အင်း ... ကျေနပ်ပြီ ကျေနပ်ပြီ။ ကဲ ... လာ ... သွားကြရအောင်"

"နေဦး။ ကိုယ်တက္ကစီ ငှားလိုက်ဦးမယ်"

"မငှားနဲ့။ တို့မှာ ကားပါလာတယ်"

"သြော် ..."

သူတို့နှစ်ဦး တူယှဉ်တွဲ၍ ကားရှိရာသို့ သွားကြသည်။ ကားဆီသို့ ရောက်သောအခါ ပန်းကလေးက သူရအား ကားသော့ကိုကမ်းပေး၏။

"သူ ကားမောင်းတတ်တယ် မဟုတ်လား။ ရော့ ... မောင်းလေ"

စိတ်ထဲ၌ နှမ်းလျစွာ သိမ်ငယ်သွားမိသည်။

"ဟင့်အင်း ... ကိုယ်ကားမမောင်းတတ်ဘူး"

"သြော် ... ဒါဆိုလည်း ကက်။ မမောင်းတတ်ဘူးဆိုတော့လည်း ဘေးကနေ အခန့်သားလေး ထိုင်လိုက်ရတာပေါ့လေ။ တို့ကတော့ မိန်းမဒရိုင်ဘာကြီးပေါ့"

ကိုယ်ပိုင်ကားလေးအား ကိုယ်တိုင်မောင်းနှင်ပြီး ဟမ်းဖုန်းလေးကို ကိုင်ဆောင်လျက် လန်းဆန်းတောက်ပြောင်နေသည့် စတိုင်အပျံစားနှင့် လှတပတ ပန်းကလေးအား မြင်လိုက်ရသောအခါ အားငယ်ခြင်းများကို သူရရင်မှာ တိတ်တဆိတ် ခံစားလိုက်ရပါသည်။ သူ့အပြင်အဆင်က အရမ်းနွမ်းပါး စုတ်ပြတ်နေ၍တော့မဟုတ်။ ကိုယ့်ချစ်သူနှင့် ပထမဆုံးတွေ့ရမည့် ဆယ်ကျော်သက် လူငယ်တစ်ဦး ပီသစွာ ကိုယ့်ကိုယ်ကို အကောင်းဆုံး အနေအထားဖြစ်အောင် ဆင်ယင်မွမ်းမံလာခဲ့တာပါ။ သို့ရာတွင် အသိကြောင့်ရင်ခွင်၌ မှိုန်သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့မိသားစုသည် ဆင်းရဲနွမ်းပါးသူများ မဟုတ်ကြပေမယ့် အရမ်းကြွယ်ဝချမ်းသာသူများဟုလည်း မဆိုနိုင်ချေ။ သူ၏ လက်စွဲတော် Internet သည်ပင် ခေတ်အမြင်ကျယ်ပြီး တတ်နိုင်သည့် မန္တလေးမှ ဦးလေးလူပျိုကြီးက အကုန်အကျခံကာ တပ်ဆင်ပေးထားသော ချစ် သက်လက်ဆောင်ဖြစ်ပါသည်။

ချစ်သူနှင့်တွေ့ပါက အတိုးချပြီး ရင်းနှီးနွေးထွေးစွာ အားပါးတရ ပြောဆိုဆက်ဆံလိုက်မည်ဟု အားခဲထားလေသမျှ ပန်းကလေးနှင့် တွေ့လိုက်ရချိန်တွင် အရှိန်အဝါဝို့၏ တားဆီးမှုက သူ့အား စိုးရွံ့ကွန့်ဆုတ်သွားစေ၏။

"တို့ ချစ်သူလေးက နယ်ကဆိုပေမယ့် ဒီဇိုင်းကလန်းသားပဲ။ စိတ်ချင်းဆက်သွယ်နေလို့လား မသိဘူး။ သူ့ရုပ်က တို့စိတ်ကူးနဲ့ မှန်းပြီး ပုံဖော်ထားတာနဲ့ သိပ်မကွာဘူးသိလား"

ပန်းကလေးကတော့ ဖော်ရွေစွာဖြင့် လိုလားဟန်အပြည့်နှင့် ရယ်ပါ။

"ဟော ... သူ။ ဆွံ့အနားမကြားကြီး လုပ်နေပါလား။ ဘာလဲ ... တို့ကို စိတ်ဆိုးနေတာလား"

"မဟုတ်ပါဘူး"

"ဒါဆို ဘာဖြစ်နေတာလဲ၊ သူ့ပုံစံက ရေခဲတိုက်ထဲက ထွက်လာတာကြီး ကျနေတာပဲ။ မမိုက်ပါဘူးကွာ။ တို့နဲ့ အပြင်မှာတွေ့ရင် ဟာသတွေ အများကြီးပြောပြမယ်ဆို။ ပြောပြလေ။ ဘာလို့ ငြိမ်နေတာလဲ"

ကိုယ့်အဖြစ်ကို မကျေနပ်ဘဲ အမြဲလိုစိတ်ညစ်နေတတ်သော ပန်းကလေးကို သူနှင့်တွေ့ဆုံခိုက်မှာ ပျော်ရွှင်နေစေချင်ပါသည်။ သူမ သည်လည်း လူငယ်ပီပီ လွတ်လပ်ပွင့်လင်းသော လူငယ်ဆန်မှုကိုသာ လိုလားတောင့်တပေလိမ့်မည်။ ဒါကြောင့် ဟန်ဆောင်မှုကို သူကျင့်ကြံပစ်လိုက်တော့၏။

"ကိုယ်ငြိမ်နေတာကို ပန်းကမကြိုက်ဘူးပေါ့လေ။ ဘာလဲ ... ပန်းက ဖက်လဲတကင်း လက်ပွန်းတတီး မနေလို့ အစာမကြေ ဖြစ်နေတာပေါ့ ဟုတ်လား"

သူ့စကားကြောင့် ပန်းကလေးမျက်နှာမှာ ရှက်သွေးတိုဖြင့် လက်ဖြာသွား၏။ ပန်းကလေးနှင့် သူ့ကြားမှာ ပြောမနာဆိုမနာ ရင်းနှီးနေကြတာက Online ပေါ်မှ ဟိုးအရင်သူငယ်ချင်းဘဝကတည်းကပါ။



"ဟယ် ... ကြည့်စမ်း ... ကြည့်စမ်း။ သူနော်"

မီးပွိုင့်မှာ မိနေချိန်မို့ ပန်းကလေးက သူရ၏ ဗိုက်ခေါက်ကို ခပ်ဆတ်ဆတ် ဆွဲလိမ်လေသည်။

"အာ့လားလား ... ဟောဒီမှာဗျို့။ ကောင်မလေးတစ်ယောက် ကျွန်တော့်ကို သူ့မြို့ခေါ်ပြီး နှိပ်စက်နေတယ်"

"ဟယ် ... ခနစ်ချိသံကြီးနဲ့ အော်နေတယ်။ မအော်နဲ့ တိတ်လေ"

"တိတ်စေချင်ရင် မဆိတ်နဲ့ပေါ့ဗျာ။ အာ့ပါးပါး ... ရည်းစားလေး တစ်ယောက် ထားမိပါတယ်။ ဂဏန်းလက်မနဲ့ လာတိုးနေတယ်"

"ဟော့ ... ဘေးကားတွေက ဝိုင်းကြည့်နေပြီ။ တိတ်ဆို ... မရှက်ဘူးလား"

ပန်းကလေးပြောမှ ပတ်ဝန်းကျင်အခြေအနေကို သူရအကဲ ခတ်မိသည်။

အခြားကားတွေထဲမှ လူများက သူတို့ကိုကြည့်၍ ရယ်နေကြသည်ကို တွေ့မြင်လိုက်ရသဖြင့် သူရှက်သွား၏။ အချို့ကလည်း ချက်ချင်းပြောင်းသွားကာ လေသံမာကျယ်ကျယ်ဖြင့် ပန်းကလေးကိုဟောက်လေသည်။

"ဟာကွာ ... တောက် ... ဒရိုင်ဘာက ဒရိုင်ဘာလို မနေဘူး။ သူဌေးကိုလာပြီး ပွတ်သီးပွတ်သပ်နဲ့။ ငါ မင်းကိုမချစ်နိုင်ပါဘူးလို့ ဘယ်နခါ ပြောရမလဲ။ ဘာ ... ဒီလောက်ပြောနေတာတောင်မှ မင်းက စိတ်မပျက်ဘဲ ထပ်ကြိုးစားဦးမယ်ဟုတ်လား။ မင်း ငါ့ကိုဘယ်အစားထဲက မှတ်နေလို့လဲ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ကြီးပွားချမ်းသာနေပေမယ့် ကိုယ့်သိက္ခာနဲ့ ကိုယ်နေတဲ့ လူကွ။ ဒီခေတ် မိန်းကလေးတွေများ တယ်ခက်တာပဲ။ နောက်နေ့ကစပြီး ဒရိုင်ဘာပြောင်းပစ်ရမယ်"

ဟန်နှင့်မာန်နှင့် ရုပ်တည်ကြီးလုပ်၍ ပြောနေသော သူရကို ကြည့်၍ ပန်းကလေးသည် တခစ်ခစ်ရယ်၏။

"ဟယ် ... အရမ်းကြွနေတယ်ပေါ့လေ ဟုတ်လား။ တွေ့ဦးမယ်"

ပန်းကလေးက သူရကို ဆိတ်ရန်တိုးအလာ၊ မီးပွိုင့်မှ မီးက စိမ်းသွားသဖြင့် သူရ ကံကောင်းသွားပါသည်။ ဒါတောင်မှ လေသံက မလျှော့သေး။

"အမယ် ... ဒီလောက် ပြောနေတာတောင်မှ အနားကပ်လာ ပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ပြန်ကြည့်မနေနဲ့။ ရှေ့ကိုသာ သေချာကြည့်မောင်း။ ဒရိုင်ဘာက ဒရိုင်ဘာအလုပ်မလုပ်ဘူး။ တောက် ... ငါလုပ်လိုက်ရ နာတော့မယ်"

"ခစ်ခစ် ... တွေ့မယ် တွေ့မယ်။ ကားရပ်မှ တွေ့မယ်"

○

ကော်ဖီဆိုင် တစ်ဆိုင်ရှေ့သို့ ရောက်သောအခါ ပန်းကလေးသည် ကားကိုရပ်လိုက်၏။

ကားပေါ်မှ ဆင်းလျှင်ဆင်းချင်းပင် ပန်းကလေးက သူ့ရလက်မောင်းကို ဆွဲဆိတ်သည်။

"အဲဒါ ခုနကအတွက် ဒဏ်ခတ်တာ"

"ဟာ ... ပွတ်သီးပွတ်သပ် လုပ်ပြန်ပြီ။ ငါမကြိုက်ဘူးဆိုမှကွာ။ ဒီကောင်မလေးတော့ တယ်ခက်တာပဲ"

သူ့ရအပြောကြောင့် လူတချို့က သူတို့နှစ်ယောက်ကို အထူးအဆန်းသဖွယ် ငေးကြည့်လို့သွားကြ၏။ ပန်းကလေးမျက်နှာကတော့ အပျော်ရိပ်တို့ဖြင့် လန်းနေပါသည်။

"ဟင်း ... သိပ်ကြွမနေနဲ့နော်"

"ဟဲ ဟဲ ... ရသလောက်လေး အသားယူကြည့်တာပါ ပန်းရဲ့"

သူ့ရ၏ ဟာသတို့နှင့် ပန်းကလေး၏ ရယ်သံလွင်လွင် အသံသာသာလေးများမှာ တခဏတာအတွင်း၌ပင် သဟဇာတ ဖြစ်သွားကြပါသည်။ နဂိုနားလည်မှု ရှိရင်းစွဲသူတို့နှစ်ဦးကြား၌ အခြေအနေခြားနားမှုကြောင့် လစ်လပ်နေသည့် ကွာဟမှုလေးကို အလျှင်မြန်ဆုံး ဖြေစပ် ပေးလိုက်တာက ဟာသဖြစ်သည်။

ဟာသ၏ တန်ခိုးက ထိုမျှကြီး၏။

ကော်ဖီဆိုင်ထဲသို့ ရောက်သောအခါ ပန်းကလေးက ချော ကလက်မစ်ရှိတ်နှင့် ပီဇာကိုမှာပြီး သူ့ရကတော့ သူနှစ်သက်စွာ သောက်နေကျ ဘလက်ကော်ဖီကိုသာမှာသည်။

ထို့နောက် သူတို့ချစ်သူနှစ်ဦးသည် တစ်ဦးမျက်နှာကိုတစ်ဦး ရှုးရှုး နစ်နစ်ကြည့်ဖြစ်ကြ၏။



"ကိုယ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်ကြတယ်ဆိုတာ ကိုယ်တော့ယုံသွားပြီ"

"ဘာလို့လဲဟင်"

"သြော် ... အတူတူ မရယ်ဖူးတဲ့လူကို အမှန်တကယ်ချစ်ဖို့ရာ မလွယ်ဘူးလို့ အမေရိကန် စာရေးဆရာမကြီး အက်ဂနက်ရပ်ပလိုင်း ယားက ဆိုခဲ့ဖူးတယ်။ အခုဆို ကိုယ်တို့ချစ်သူနှစ်ဦးက အတူတူ ရယ်ဖူးသွားကြပြီလေ"

"အင်း ... ဟုတ်တယ်နော်။ တို့ဘဝမှာ ဒီနေ့လောက် တစ်ခါမှ မပျော်ဖူးသေးဘူး။ တို့က စိတ်ညစ်တာနဲ့ အင်တာနက်ထဲဝင်ပြီး အွန်လိုင်းပေါ်မှာ အချိန်ဖြုန်းပစ်လိုက်တာချည်းပဲ။ အဲဒီလို တို့ရဲ့ သမရိုးကျနေ့ရက်တွေကို ဖယ်ထုတ်ပြီး တို့ကိုပျော်ရွှင်မှုတွေ ဖန်ဆင်းပေးတဲ့အတွက် သူ့ကို အရမ်း ကျေးဇူးတင်ပါတယ်"

"ကိုယ်တို့ ချစ်သူနှစ်ဦးကြားမှာ သူစိမ်းဆန်တဲ့ ကျေးဇူးဆိုတဲ့ စကားလုံးကို မသုံးပါနဲ့လား ပန်းရယ်"

"အင်းပါ ... သူမကြိုက်ရင် ဘွာတေးနော်"

မှာထားတာတွေ ရောက်လာတော့ သူ့ရက ချစ်သူအတွက် ဂရုတစိုက်ဖြင့် အရင်ပြင်ဆင်ပေး၏။ ပြီးမှ သူ့အတွက် ဘလက်ကော်ဖီခွက်ထဲသို့ သကြားထုပ်လေးကို ဖောက်ထည့်၍ သောက်သည်။ ကော်ဖီအား အရသာခံ၍ တစိမ့်စိမ့်သောက်နေသော သူ့ရကိုပန်းကလေးက ငေးကြည့်ပြီး ...

"အဲဒီ ဥစ္စာကို တို့နည်းနည်းလောက် သောက်ကြည့်ချင်တယ်"

"ရော့လေ"

သူ့ရ တွန်းပို့ပေးလိုက်သော ကော်ဖီခွက်ကို ပန်းကလေးက ယူ၍ သောက်လေသည်။ သကြားအနည်းငယ်သာ ဖောက်ထည့်ထား သည်ဖြစ်ရာ ခါးသက်လွန်းသော အရသာကြောင့် ပန်းကလေး၏ မျက်နှာဖူးဖူးလေး မဲ့ရွဲ့သွားပါ၏။

"အိုး ... ခါးတူးနေတာပဲ။ အရသာလည်း မကောင်းဘဲနဲ့ အဲဒါကြီးကို သူဘာလို့သောက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်လို့ပေါ့ ပန်းရဲ့။ ကိုယ်က ဘလက်ကော်ဖီ သိပ်ကြိုက်တာ"

"ကြိုက် ကြိုက် ... မကြိုက် ကြိုက်၊ အဲဒါကြီးကို နောက် မသောက်နဲ့တော့။ ဘလက်ကော်ဖီ အသောက်များရင် ဆံပင်ဖြူတတ်တယ်လို့ တို့ကြားဖူးတယ်။ တော်ကြာ ငယ်ငယ်လေးနဲ့ သူ့ဆံပင်တွေ ဖြူကုန်ပါဦးမယ်"

ဘလက်ကော်ဖီဆိုတာက စွဲသောက်ကြည့်မှသာ အရသာကို ခံစားတတ်တာမျိုး။ ချက်ချင်းသောက်ပြီး ချက်ချင်းကြိုက်သွားတာ ရှားသည်။ ကြိုက်သွားပြီဆိုလျှင်လည်း တခြားကော်ဖီတွေကို ခံတွင်းမတွေ့တော့ဘဲ ဖြတ်ရခက်၏။

သို့သော် ထိုနေ့က ဘလက်ကော်ဖီသည် သူ့ရ နောက်ဆုံး သောက်ခဲ့သော ဘလက်ကော်ဖီဖြစ်ပါသည်။

ooo



## အခန်း (၅)

ကဗျာမရေးသော သူ့ရသည် အချစ်ကြောင့် ကဗျာဆရာ ဖြစ်မလာပေမယ့် ချစ်သူနှင့်တွေ့ဆုံပြီးကတည်းက ကဗျာဆန်တတ်လာပါသည်။ စိတ်ညစ်ညူးမှုများကို Internet ပေါ်မှာ နှစ်မြုပ်၍ စိတ်ဖြေလေ့ရှိသော ပန်းကလေးအား အပြင်လောက၌ ပျော်စရာတွေ ဆောင်ကျဉ်းပေးစွမ်းနိုင်သောကြောင့် ပီတိတို့ဖြင့် သူကျေနပ်နေ၏။

ညအိပ်တော့ သူ့ရသည် တည်းခိုခန်းမှာ အိပ်၏။ မနက်လင်းတာနှင့် ပန်းကလေးက သူ့ကိုလာခေါ်ကာ နှစ်ဦးသား သွားလာလည် ပတ်ကြလေသည်။

ပန်းကလေးသည် သူနှင့်သွားလာလည်ပတ်နေရသည်ကို အလွန်ပျော်ရွှင်ကျေနပ်နေပုံရ၏။ ခိုမလေး၏ ညည်းညူသံလေးများကို သိပ်မကြားရတော့။ သူကလည်း ပန်းကလေးအား စိတ်ချမ်းသာအောင်ထားသည်။ တစ်စက်ကလေးမှ အငြိုငြင်မခံ။ လွတ်လပ်စွာ ရှင်သန်ခွင့်ရနေသည့် ချစ်သူ၏ ခဏတာ အချိန်များအတွက် သူမ ဆန္ဒနှင့် ထပ်တူထပ်မျှ သူ့ဘဝကို မြုပ်နှံထားလိုက်ပါ၏။

မြကျွန်းသာ၏ လူရှင်းသော သစ်ပင်ရိပ်တစ်ခုအောက်၌ သူ့ရနှင့် ပန်းကလေး ရောက်ရှိနေကြပါသည်။ နူးညံ့အိထွေးသော ပန်းကလေး ခန္ဓာကိုယ်လေးက သူ့ရ၏ရင်ခွင်တွင် လျော့တိလျော့ရဲ ခိုဝင်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ ... တို့ကို ဟာသပြောပြဦးလေ"

"အင်းပါ ပန်းရဲ့။ ကိုယ့်သူငယ်ချင်း အောင်စိုးထက်အကြောင်း ပြောပြမယ်။ အဲဒီ အောင်စိုးထက်ကလေ မနက်ငါးနာရီဆိုရင် နေ့တိုင်းပုံမှန် ဆီးသွားလေ့ရှိတယ် ပန်းရဲ့"

"အဲဒါ ကောင်းတာပေါ့ သူရဲ့။ ကျန်းမာရေးနဲ့ ညီညွတ်တာပေါ့"

"မဟုတ်သေးဘူး ပန်းရဲ့။ အဲဒီ အောင်စိုးထက်က မနက်ရှစ်နာရီ ထက်စောပြီး ဘယ်တော့မှ အိပ်ယာက နိုးလေ့မရှိဘူး"

"ဟင် ... ဒါဆို အဲဒီလူက နေ့တိုင်းအိပ်ယာထဲမှာ ရှူရှူးတွေထွက်ကျ နေတာပေါ့ ဟုတ်လား"

"ဟုတ်တယ် ပန်းရဲ့"

"ဟယ် ... ခစ် ... ခစ် ... မကြီးမငယ်နဲ့။ အရှက်ကို မရှိဘူး"

ပန်းကလေးသည် ကိုယ်လုံးလေး တလှုပ်လှုပ် ဖြစ်သည်အထိ တသိမ့်သိမ့် ရယ်လေသည်။ ဒါကိုကြည့်၍ သူရကျေနပ်နေပါသည်။

"ပန်း ကိုယ်နဲ့ အခုလိုနေရတာ ပျော်လားဟင်"

"ပျော်တာပေါ့။ ပျော်တာမှ အရမ်းပျော်တာ။ သူက ရယ်စရာ ဟာသလေးတွေလည်း ပြောပြတတ်တယ်။ တို့ကိုလည်း ဂရုတစိုက်နဲ့ အလို လိုက်တယ်။ ပြီးတော့ ..."

"ပြီးတော့ ဖက်လည်း နမ်းတတ်တယ်"

"ဟာကွာ တို့ကအကောင်းပြောမလို့ဟာကို"

"ဟင်ကွာ ... တို့ကလည်း အကောင်းနမ်းမလို့ဟာကို"

သူရ အမူအယာကို ကြည့်ကာ ပန်းကလေးက ရယ်ပြန်သည်။

"သူကလေ တကယ်ပဲ ... အမြဲတမ်း ပြုံးရွှင်လန်းဆန်းနေတာပဲ။ သူ့မှာ စိတ်ညစ်တယ်ဆိုတာရော ရှိရဲ့လားဟင်"

ပန်းကလေး၏ မေးခွန်းကြောင့် သူရမျက်နှာက ရုတ်တရက် တည်ကြည်သွား၏။

"ပုထုဇဉ်မှန်ရင် ဘယ်လိုလူမျိုးမဆို တစ်ယောက်တစ်မျိုး စိတ်ညစ် စရာတွေကတော့ ရှိကြတဲ့လူတွေချည်းပါပဲ ပန်းရယ်။ ကိုယ်ကကျတော့ အဲဒီစိတ်ညစ်စရာတွေကို တတ်နိုင်သလောက် ဖြေဖျောက်ပစ်ပြီး ပျော်ပျော်ရွှင်



ရွှင် နေနိုင်အောင် ကြိုးစားတယ်။ ပြီးတော့ ကိုယ်နဲ့ တွေ့တဲ့ လူတိုင်းကိုလည်း စိတ်ချမ်းသာစေချင်တယ်။ ပျော်ရွှင်စေချင်တယ်။ အဲဒါ ကိုယ့်ဆန္ဒပဲ"

စကားတွေကို လေးနက်စွာဖြင့် ပြောနေသော သူရကို ရင်ခွင်ထဲမှ ပန်းကလေးက ပခုံးစွန်းလေးပေါ် ခေါင်းတင်ရင်း ဘေးတစ်စောင်းလေးကြည့် နေ၏။

"ကိုယ့်ကိုယ်ကို သတ်သေချင်စိတ် ပေါက်နေသူကို ဟာသပြောပါ လို့ အင်္ဂလိပ်စာရေးဆရာကြီး ဘားနတ်ရှောက အကြံပေးခဲ့တယ်။ ဟာသ ကောင်းကောင်းကို ကြားရရင် သေချင်စိတ်ပေါက်နေတဲ့လူတောင် သေချင်စိတ် ပျောက်သွားနိုင်တဲ့အထိ ဟာသကတန်ဖိုးရှိတယ် ပန်းရဲ့။ ဟာသအမြင်နဲ့ ကြည့်ရင် လောကကြီးက ပျော်စရာကြီးပါကွာ။ ဟာသ အမြင်ရှိသူတွေဟာ စိတ်ညစ်စရာ ရှိရင်တောင်မှ တခြားလူတွေလောက် စိတ်မညစ်ရဘူး"

"သူပြောတာ ဟုတ်ပါတယ်။ စိတ်ပျက်စရာတွေကြောင့် ခြောက်သွေ့ အထီးကျန်နေတဲ့ တို့ဘဝဟာလည်း သူ့ရဲ့အားပေးမှုတွေ၊ ဟာသလေးတွေ ကြောင့် စိုပြေလာခဲ့တာပါ။ တို့ဘဝမှာ ပျော်ရွှင်စရာတွေ ပျောက်ဆုံးသွားခဲ့တာ ကြာပါပြီ။ ဒက်ဒီ ဆုံးပါးသွားကတည်းက ဆိုပါတော့လေ"

ပန်းကလေးမျက်နှာ ညှိုးငယ်နေသည်ကို သူရ မကြည့်ရက်နိုင်ပါ။ ဖြစ်နိုင်လျှင် ချစ်သူကိုယ်စား သူမ၏ဝေဒနာများကို သူသာခံစားပစ်လိုက်ချင် ပါသည်။

"မသေချာတဲ့ မနက်ဖြန်တွေအတွက် ကြိုတင်ပြီး နာကျင်မနေပါနဲ့ ပန်းရယ်။ ဖြစ်မလာသေးတာကို မေ့ထားပြီး လက်ရှိအချိန်မှာ ပျော်ပျော်နေ လိုက်စမ်းပါ။ ကိုယ်နဲ့တွေ့ချိန်မှာ အဲဒီစိတ်ညစ်စရာတွေကို ပန်းခေါင်းထဲက ထုတ်ထားလိုက်နော်"

"တို့လည်း အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောနဲ့ နေချင် တာပေါ့သူရယ်။ ဒါပေမယ့် မေ့ထားတဲ့ကြားက သတိရလိုက်မိရင် ကိုယ့်ဘဝ၊ ကိုယ့်အနာဂတ်ကို ကိုယ်မပိုင်တဲ့အဖြစ်ကြီးကြောင့် တို့လေ ... ဝမ်းနည်းပြီး စိတ်တွေကိုတအား ညစ်ညစ်သွားတာပဲ"

ပူးကပ်ရန် ဟန်ပြင်နေသော ဝမ်းနည်းမှုစက်ကွင်းထဲမှ ပန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



အား ကယ်တင်ရှန် သူရကြံစည်လိုက်သည်။ ချစ်သူကို ပြုံးရွှင်ပျော်မြူးနေစေချင်တာက သူ့ဆန္ဒအမှန်ပင်ဖြစ်သည်။

"ကဲ ...ကဲ ...စိတ်ညစ်မနေနဲ့တော့။ ပန်းပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော ဖြစ်လာအောင် ကိုယ့်လုပ်ပေးမယ်"

"အယ် ... ဘယ်လိုလုပ်ပေးမှာလဲ"

"ပန်းကို ကိုယ် ကလိထိုးပေးမယ်လေ။ ပြောနေတာ ကြာပါတယ်။ ကဲ ...စပြီ။ ကျီးဖြူကျီးမဲ တစ်ကောင်တည်း ...ကျီးဖြူအိမ် ဘယ်မှာဆောက် ... ဟောဒီမှာဆောက်။ ကျီးမဲအိမ်ဘယ်မှာဆောက် ဟောဒီမှာ ဆောက်။ အာလောက်လောက် ... အာလောက်လောက်"

သူရ ကလိထိုးတော့ ပန်းကလေးခန္ဓာကိုယ်လေး တွန့်တွန့် လူးသွားလေသည်။

"ဟာ ...ဟော့ ...သူ ...ကလေးလေးတွေ ကျနေတာပဲ။ အို ... ဟင့် ...ခစ် ခစ် ခစ် ခစ်"

ပန်းကလေးစကားကြောင့် သူရအသွင်က ချက်ချင်းပြောင်း သွား၏။

"ဒါဆို လူကြီးဆန်ပြမယ်လေ။ ဟောဒီမှာ ကိုယ့်နှာခေါင်းလေး ဘယ်မှာဆောက် ... ပန်းလေးပါးမှာဆောက် ...အာလောက်လောက် ... အာလောက်လောက်"

"အို"

ချိုမြိန်ရှိန်းမြသည့် နူးညံ့မှုလေးတစ်ခု လိုက်ဖိုစွာ ဖြစ်တွန်းသွားလေတော့သည်။ ချစ်သူ၏မျက်နှာပြင်၌ စွန်းထင်းလာသော ကြေကွဲရိပ်တို့ကို သူရကကြိုးစား၍ ဖယ်ရှားပေးလိုက်ပါ၏။

ထိုစဉ်တုန်းကတော့ ဟာသစာတ်ခံရှိသော သူသည် ဘယ်လိုအခြေအနေမျိုးတွင်မဆို ကိုယ့်ကိုယ်ကို ဆင်ခြင်၍ ဖြေသိမ့်နိုင်လိမ့်မည်ဟု ယုံစားခဲ့မိပါသည်။

၁

ရန်ကုန်မှာ ရက်အနည်းငယ်နေပြီး ပြည်သို့သူရပြန်သောအခါ ပန်းကလေးက အဝေးပြေးကားဂိတ်ထဲအထိ လိုက်ပို့ပေး၏။



ကားမထွက်ခင်အချိန်ထိ စကားတွေက ပြောမဝ။ မှာတမ်းတွေ တပွေပွေ။ တွေ့ဆုံရသည့်ခဏတာကို အားမရကြ။

"သူ့ကို တို့အရမ်းချစ်တာပဲ။ တို့ သူနဲ့မခွဲချင်ဘူးကွယ်"

"မခွဲလို့မှ မဖြစ်တာပဲ ပန်းရယ်။ ဘဝဆိုတာ ကိုယ်ဖြစ်ချင်သလို ဖြစ်လို့မှ မရတာပဲဥစ္စာ"

"ဟုတ်တော့ဟုတ်ပါတယ်လေ။ ဒါပေမယ့် တို့ သူနဲ့နေရတာ ပျော်တယ်။ သူနဲ့ မခွဲချင်သေးဘူး။ အဲဒါကြောင့် နောက်ဆုံးနေလို့ရသမျှ အချိန်အထိ ပန်းတို့နှစ်ဦး ချစ်သူဘဝနဲ့ပဲ နေသွားကြရအောင်နော်။ နော်လို့ ... အနန့်"

"အင်းပါ။ ပန်းစိတ်ချမ်းသာမယ်ဆိုရင် ဘာမဆို ကိုယ်လိုက်လျောဖြည့်ဆည်းပေးဖို့ အသင့်ပါပဲကွာ"

"ဒါဆို နောက်လည်း တို့အားတဲ့ရက်တွေမှာ လှမ်းခေါ်တာနဲ့ သူလာရမယ်နော်"

"လာမှာပေါ့"

"အီးမေးလ် ပို့ဖို့လည်း မမေ့နဲ့နော်"

"စိတ်ချပါ ပန်းလေးရဲ့"

ကားထွက်၍သာ သူရ ပြန်လာခဲ့ရသည်။ စိတ်အစဉ်က ပန်းကလေးဆီမှာသာ ကပ်ငြိကျန်ရစ်ခဲ့၏။ ဝမ်းနည်းသံ စွက်ဖက်နေသော ချစ်သူ၏ စကားသံတို့က သူ့ရင်ကိုထိရှလှသည်။

ပြန်ဆုံခွင့် ရနိုင်သေးသည့် ခဏတာ ခွဲခွာခြင်းကတောင် ဤမျှလောက် လွမ်းမောဖွယ်ကောင်းနေလျှင် တစ်ဘဝစာဆိုပါက မည်မျှပင် ခံစားရမည်နည်း ...။

ကြိုတင်မှန်းဆကြည့်ရုံနှင့်တင် ပူလောင်လွန်းလှပါပြီ။

၀၀၀

www.burmeseclassic.com



## အခန်း (၂)

လူငယ်များသည် အစဉ်တွင်းအောင်းလိုသော သတ္တဝါများ မဟုတ်ချေ။ မည်မျှရိုးစင်းသူပဲ ဖြစ်ပါစေ။ အဖော်အပေါင်းနှင့် လွတ်လပ်သောအခွင့်အရေးကောင်းရလျှင် တစ်ခါတစ်လေတော့ မွေချင်ကြပေလိမ့်မည်။

"ဟိတ်ကောင် သူရ။ ငါတို့ဒီမှာ ... လာစမ်းပါဦးကွ"

လမ်းဆုံလမ်းခွ အချက်အချာကျသောနေရာတွင် ထိုင်၍မျက်စိအစာကျွေးနေကြသည့် ကျော်ဇင်ဦးတို့ အုပ်စုက လှမ်းခေါ်သဖြင့် သူရသွားလိုက်သည်။

သူရသည် လူကသာ ပြည်မှာပြန်ရောက်နေပေမယ့် စိတ်အစဉ်ကတော့ ရန်ကုန်မြေမှ ချစ်သူပန်းကလေးဆီသာ ဝဲပျံလျက် လွမ်းဆွေးမှုတို့ဖြင့် ဝေသီဆွတ်ပျံ့နေ၏။

"မင်း ဘယ်သွားမလို့လဲ သူရ"

"ဘယ်ရယ် မဟုတ်ပါဘူးကွာ။ ဒီလိုပဲ အပြင်ထွက်လာတာပါ"

ချစ်မိုးအောင်၏ မေးခွန်းကိုပြန်ဖြေရင်း သူတို့ဘေးနားမှာ သူရဝင်ထိုင်လိုက်သည်။

လူငယ်ဘဝဆိုတာကလည်း အပေါင်းအသင်း သူငယ်ချင်းတွေရှိမှသာ အနှစ်သာရကို အပြည့်အဝ ခံစားခွင့်ရနိုင်၏။ သို့ရာတွင် ထိုအပေါင်းအသင်းတွေကြားမှာ ပေတောလွှင့်ပါးရင်း တန်ဖိုးရှိသည့် အချိန်များစွာကို အလဟဿ ဖြုန်းတီးမပစ်မိဖို့ကလည်း လွန်စွာအရေးကြီးပါသည်။



ကျော်ဇင်ဦးတို့ အုပ်စုသည် လမ်းမဘက်လှည့်၍ ဂုဏ်ထုံးယ ကသိုဏ်းရှုရင်း ဦးတည်ချက်ကင်းမဲ့နေသော ရောက်တတ်ရာရာ စကားတွေကိုသာ ပြောဆိုနေကြသည်။ သူတို့ စကားများထဲတွင် ဆဲဆိုသံတွေက သောသောညံနေ၏။ ယနေ့ ခေတ်လူငယ် အတော်များများသည် စကား်မှမပြောရသေး။ အဆဲအဆိုက အရင်စသည်။ ပြောပါကလည်း အဆဲအဆို အယုတ်အကန်းတွေ မပါဘဲနှင့်မပြီး။

မရှက်တတ်ကြ။ အလွန်စိတ်ပျက်ဖွယ်ကောင်းသည်။

လူရှေ့သူရှေ့ (အထူးသဖြင့် ၄င်းတို့ပိုးပန်းနေသော မိန်းကလေးတွေရှေ့) ဆိုလျှင်လည်း ဟုတ်တာမဟုတ်တာ အပထား။ စကားကြီး စကားကျယ်တွေကို လူအထင်ကြီးအောင် လျှောက်ပြောတတ်ကြသည်။ အမှန် ;တော့ စကားဆိုတာ ကြီးကြီးကျယ်ကျယ် ပြောတိုင်းတန်ဖိုးရှိ တာမဟုတ်။ အဓိပ္ပာယ်ရှိဖို့သာ အဓိကကျ၏။

"ချစ်မိုး ...ဟိုမှာကြည့်စမ်း။ ဝေါက်ကြောင်ကဲနေတာ။ တကယ့်အရူးကွာ"

နေသူ လက်ညှိုးညွှန်ပြရာ ခပ်လှမ်းလှမ်းကို ကြည့်လိုက်တော့ မြင်ရတာက ကိုးရိုးကားရား။

စက်ဘီးဖြင့်သွားနေသော ကောင်မလေးတစ်ယောက်နောက်သို့ တချွေကို သရဲမျက်နှာဖုံး စွပ်ပေးထားသလို ရုပ်ရည်မျိုး ပိုင်ဆိုင်ထားသည့် မျက်နှာမှာ အမာရွတ်ဗရပွဖြင့် လူတစ်ယောက်က ပြေးလိုက်နေ၏။ လိုက်ကာကလည်း ရိုးရိုးမဟုတ်။

လက်သီးဆုပ်ထားသော လက်နှစ်ဖက်ကို ဆန့်တန်းလျက် ခြေထောက်နှစ်ဖက်ကလည်းကွေး၍ ယက်ကန်ယက်ကန်ဖြင့် စက်ဘီး နင်းနေသလို ပုံစံမျိုးလုပ်ပြီး ခြေလျင်ပြေးလိုက်နေတာ ဖြစ်သည်။ ပါးစပ်ကလည်း အငြိမ်မနေ။

"ဟော့ ... နင့်ကိုငါ တကယ်ယူမှာပါဟာ။ ဒီမြို့ရဲ့ အလှဘုရင်ဖြစ်တဲ့ ငါလိုလူမျိုးတစ်ယောက်က ခုလိုလိုက်ပြီး ဒီလိုစကားမျိုးပြောနေတာကို နင် ဂုဏ်ယူလိုက်စမ်းပါ။ ဟူး ... စက်ဘီးနင်းရတာ မောလိုက် တာ။ ကလင် ကလင် ... အဟွတ် အဟွတ် ... ဖွောက် ... အရေးသကျမှ

www.burmeseclassic.com

www.burmeseclassic.com



ဘဲလ်ကလည်း ကပ်နေတယ်။ အဟွတ် ... ကလင် ကလင် အဲ... ဟုတ်သွားပြီ"

ခရားရေလွှတ် တတွတ်တွတ်ပြောရင်း စက်ဘီးဘဲလ်တီးသလို ပုံစံမျိုးကို ပါးစပ်မှလည်း လုပ်ပြနေပြန်သည်။ ကောင်မလေးကလည်း ကြောက်လန့်ရှက်ရွံ့ဟန်ဖြင့် စက်ဘီးကို တအားစွတ်နင်းနေ၏။ ဒါကို ဟိုငတိကလည်း ကားယားကားယားဖြင့် ဖွတ်ကြီးပြေးလိုက်နေဆဲပင်။

ကောင်မလေးသည် ဒေါသထွက်လာပုံရ၏။

"ရှင် ဆက်လိုက်မလာနဲ့နော်။ ဆင်းပြီး ပါးချပစ်လိုက်မယ်"

"အိုး ... ချချင်ရင် ချလိုက်စမ်းပါ။ လုပ်လေ ... ချမှာဆိုရင် နင့်စက်ဘီးကိုရပ်လိုက်။ ငါ့ စက်ဘီးကိုလည်း ငါရပ်လိုက်မယ်။ ဘရိတ်ကတော့ တိခနဲပဲနော်။ ဟဲ ဟဲ"

စက်ဘီးကို ရပ်လိုက်မည်သာ ပြောနေတာ။ တကယ်တမ်းမှာ တော့ သူက လူချည်းသက်သက်ဖြင့် ကွတတကြီးပြေးနေတာဖြစ်သည်။

"ဒီမှာ အသည်းလေး ... မိန်းကလေးပေါင်း မြောက်မြားစွာက အရှုံးအမူး နမ်းရှိုက်ဖို့ ကြိုးစားနေတဲ့ ငါ့ရဲ့နူးညံ့ချောမွတ်တဲ့ ဟောဒီ ပါးပြင်လေးကို ချစ်စိတ်ကြောင့် နင့်လက်ဖဝါးနဲ့ ထိတွေ့ခွင့်ငါပေးလိုက်ပါ့မယ်"

ဒူးရင်းသီး၏ မျက်နှာပြင်ကဲ့သို့ အမာရွတ်တွေ ဗရပွပြည့်နှက်နေသော သူ့ပါးပြင်ကို တင်စားပစ်လိုက်ပုံက ပြောင်မြောက်လွန်းလှပေသည်။

"လုပ်လေ ... နင်သာ စိတ်ကျေနပ်မယ်ဆိုရင် ငါ့ပါးကို စင်းကောကောပစ်လိုက်စမ်းပါ။ လုပ်လိုက်စမ်းပါ။ နင် အင်မတန် ကံထူးလို့ ဒီအခွင့်အရေးမျိုး ရတာနော်။ ဟူး ... ကလင် ကလင်"

သူခမျာ စက်ဘီးနောက်သို့ ခြေလျင်ပြေးလိုက်ရတာလည်း အတော်မောဟန်းနေပုံရသည်။ ကောင်မလေးကလည်း လူတွေငေး ကြည့်နေကြသဖြင့် ရှက်နေသည်။

"ရှင်နော် ... ကျွန်မကို ဘာမှတ်နေလို့လဲ"

"နင့်ကို ငါ့ရဲ့မယားလေးလို့ မှတ်တာပေါ့ကာ"

"အင့် ... လျှာရှည်ချင်ဦးဟဲ့ ဒီပါးစပ်"

အပြေကြောင့် ကောင်မလေးနင်သွား၏။

ထိုနှစ်ယောက်မှာ ပြေးရင်းလိုက်ရင်းနှင့် သူရတို့ရှေ့နား ရောက်လာ



သည်။ ထိုအချင်းအရာကိုကြည့်၍ ကျော်ဇင်ဦးကို့ကတော့ တခွိခွိရယ်နေကြ၏။

"ဂေါက်ကြောင်တော့ သောင်းကျန်းနေပြီ ချစ်မိုးရေ။ ဟို ကောင်မလေးကို ငါတို့ကယ်တင်မှ ဖြစ်တော့မယ်"

ကျော်ဇင်ဦးက ပြောပြီးတာနှင့် လက်ခုပ်ဟီး၍ အော်ခေါ်လေသည်။

"ဟေ့ ... ရန်နိုင်"

ကောင်မလေးနောက်သို့ လေစက်ဘီးကို စီးရင်းပြေးလိုက်နေသူက ပြေးနေရာမှရပ်၍ လှည့်ကြည့်၏။ ထိုအခိုက်မှာပင် ကောင်မလေးက စက်ဘီးကို တအားနင်းပြီး ထွက်ပြေးသွားလေတော့သည်။

"ငါတို့ဆီ လာပါဦးကွ"

ထိုလူ ရှုတင်းတင်း မျက်နှာဖြင့် လျှောက်လာ၏။ ချစ်မိုးတို့တော့ ပြဿနာရှာပြီဟု သူရထင်လိုက်သည်။

"ဘာလဲ ... ဘာကိစ္စ ငါ့ကိုခေါ်တာလဲ"

"တွေ့ချင်လို့ပေါ့ဗျာ"

ချစ်မိုးကလည်း ရှပ်တည်တည်နှင့် လုပ်နေ၏။

"မင်းတို့တွေ့ချင်တာ အရေးမကြီးဘူး။ မင်းတို့လုပ်တာနဲ့ ဟိုမှာ ငါ့ကောင်မလေး ထွက်သွားပြီ။ ငါတို့ ချစ်သူနှစ်ယောက် စက်ဘီး စီးရင်း စကားပြောနေကြတာ။ အခုတော့ မင်းတို့ကြောင့် သွားပါပြီကွာ။ တောက် ... ငါ့ကောင်မလေး ငါ့ကိုစိတ်ကောက်သွားပြီထင်တယ်"

"ဒီတစ်ယောက် စိတ်ကောက်တော့လည်း ဘာဖြစ်လဲကွာ။ မင်းက ကြည်တာပဲဥစ္စာ။ မင်းမှာ တခြားကောင်မလေးတွေ အများကြီး ကျန်သေးတာပဲ။ ဟုတ်တယ်မဟုတ်လား"

ကျော်ဇင်ဦးစကားကြောင့် ထိုလူ့မျက်နှာမှာ ပြုံးဖြီးဖြီးကြီး ဖြစ်သွားလေသည်။

"ဟ ... မင်းကတော်သားပဲ။ အမှန်တရားတွေကို သိလှချည် လား။ မင်းပြောတာလည်း ဟုတ်နေတော့ ငါတောင်ဘာပြန်ပြောရမှန်း မသိတော့ဘူး။ ဟဲ ဟဲ ... ငါလိုလူတစ်ယောက်အတွက် ကောင်မလေးတွေ မရှားတာကတော့ အမှန်ပဲကွ။ များလွန်းလို့ ခေါင်းချနေရတယ်။ အဲဒါတွေကိုပဲ ငါစိတ်ညစ်နေတာ။ ခက်တယ်ကွာ ... ငါ့အမေကလည်း ငါ့ကို ဘာကြောင့်များ

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်လှအောင် မွေးပေးထားသလဲ မသိပါဘူး။ ခက်တယ် ... ခက်တယ်။ ငါ့အလှနဲ့ ကောင်မလေးတွေက လက်ရဲဇက်ရဲ နိုင်တာနဲ့တော့ ခက်နေပါပြီ။ ဟူး ... စိတ်ညစ်တယ်ကွာ"

ကိုယ့်ကို ကြပ်လို့ကြွပ်နေမှန်း သမိဘဲ ပီတိဖြာနေကျေနပ်နေသည့် ရန်နိုင်ဆိုသူ ကိုရုပ်ဆိုးအား ကြည့်ကာ သူရသနားသွားမိသည်။ အပြင်ထွက်လေ့ထွက်ထ သိပ်မရှိသော သူရသည် ထိုလူ့ကိုအရင်က တစ်ခါမှ မမြင်ဖူးချေ။

ကိုရုပ်ဆိုးက လေကြောကိုမလျှော့။

"ဟိုတစ်လောကလည်း တခြားမြို့က ကောင်မလေးချောချော လှလှနုနုထွတ်ထွတ်လေးတစ်ယောက်က ငါ့ကိုလာတောင်းတယ်ကွ ဒါပေမယ့် ငါက လက်မခံလိုက်ပါဘူး။ မင်းတို့တွေလည်း ဦးနှောက်ရှိမှာပါ။ စဉ်းစားကြည့်လေ"

အရူးကတစ်မူးသာဆိုတာ ဒါမျိုးပင်ဖြစ်ရမည်။

"ဒီမြို့ရဲ့အချောဆုံး အလှဆုံးဖြစ်တဲ့ ငါလိုလူတစ်ယောက်က တခြားမြို့က ကောင်မလေးတစ်ယောက်ကို ယူလိုက်ရင် ဘာတွေ ဖြစ်ကုန်မလဲဆိုတာ ..."

"ဘာတွေဖြစ်ကုန်မလဲဟင်။ ပြောစမ်းပါဦး"

နေသူက အဆင်းမှာ ဘီးတပ်ပေးနေပြန်သည်။ ဒီတော့ ဟိုလူက ပို၍တက်ကြွသွား၏။

"ဟ ... ဘာဖြစ်ရမလဲငတုံးရ။ ငါ့ကို မရလို့ ဒီမြို့က ကောင်မလေးတွေ အသဲကွဲပြီး သေကုန်ကြမှာပေါ့ကွ"

"အင် ..."

လျှာရှည်ချင်သော နေသူမှာ ကိုရုပ်ဆိုး၏နှိပ်ကွပ်မှုကို ခံလိုက်ရသည်။ ကိုရုပ်ဆိုးကတော့ သူပြောချင်တာတွေကိုသာ စွတ်ပြောနေ၏။

"အဲ့ဒါကြောင့် ငါ့ကိုလက်ထပ်ခွင့်တောင်းသမျှ မိန်းကလေးတွေကို ငါ ငြင်းပစ်လိုက်တာပေါ့။ တချို့မိန်းကလေးကွေဆို ငါနဲ့ တစ်ညလောက် ပေါင်းရရင် သေပျော်ပါပြီတဲ့ကွာ။ ဘယ်လောက်တောင် သနားစရာကောင်းလိုက်သလဲ။ ငါ့အဖြစ်ကလည်း မလွယ်ဘူးဟေ့။ လူချောဆိုတော့ အပြင်ထွက်



တာနဲ့ ဘယ်ချက် ဘယ်မိန်းကလေးက အတင်းအဓမ္မ ခိုးပြေးသွားမလဲဆိုတာကိုပဲ စိုးရိမ်နေရတာ"

လေလုံးထွားနေသော ကိုရုပ်ဆိုးကိုကြည့်၍ နားကြားပြင်း ကတ်လာပုံရသည့် ချစ်မိုးအောင်က မျက်လုံးပြူးမျက်ဆံပြူးနှင့် ထအော်လေသည်။

"ဟေ့ ဟေ့ ... ဟေ့လူ ... မလုပ်နဲ့လေ။ ဟာ ... ပါသွားပြီ"

"အဲ ... ဘာလဲဟ"

ချစ်မိုးအောင်၏ အလန့်တကြား ပုံစံကြောင့် ကိုရုပ်ဆိုး ကြောင်တက်တက် ဖြစ်သွားသည်။ ချစ်မိုးအောင်ကတော့ ခပ်တည်တည်ပါပဲ။

"လူချောကြီးရေ ... မင်းစက်ဘီးကို သူများခိုးသွားပြီဟေ့။ လိုက် ... လိုက် ... အမြန်ပြေးလိုက်"

ချစ်မိုးအောင် စကားကြောင့် ကိုရုပ်ဆိုးက သူ့ပေါင်ခွကြား အောက်ကို ပြန်ငုံ့ကြည့်သည်။

"ဟာ ... ဟုတ်တယ်။ ငါ့စက်ဘီးမရှိတော့ဘူး။ တောက် ... ငါ့စက်ဘီးခိုးတဲ့ကောင်ကတော့ကွာ။ တွေ့တဲ့နေရာမှာ အရေခွံစုတ်ပြီး မီးဖုတ်စားပစ်မယ် ... ဟင်း"

ချစ်မိုးအောင်၏ ဖိန့်ကြောင့် နဂိုထဲက မရှိသည့်စက်ဘီးကို သူခိုးနောက်ပါသွားပြီဟု ကိုရုပ်ဆိုးထင်သွားကာ အော်ဟစ်ကြိမ်းမောင်းပြီး ပြေးထွက်သွားလေသည်။ ထိုအဖြစ်ကိုကြည့်၍ သူတို့အားလုံး တသောသောဖြင့် ရယ်မောဖြစ်သွားကြပါသည်။

လူအများစု၏ အကျင့်ကိုက ကိုယ့်ဒုက္ခကိုသာ စိုးရိမ်ပူပန် တတ်ကြလေ့ရှိပြီး သူတစ်ပါးဒုက္ခဆိုပါက ဟာသဖြစ်သွားတတ်တာ သဘာဝကဲ့သို့ပင် ဖြစ်နေပေပြီ။

"သူက ဘယ်ကလဲ"

"ငါတို့ရပ်ကွက်ထဲက ငနဲကွ။ နာမည်က ရန်နိုင်တဲ့။ အလကား ဂေါက်ကြောင်ပါကွာ"

ကိုရုပ်ဆိုးအကြောင်း သိလိုစိတ်ဖြင့် သူရကမေးလိုက်တော့ ကျော်ဇင်ဦးက ပြောပြသည်။

"သူ့အခြေအနေက တော်တော်ဆိုးနေပါလား"

www.burmeseclassic.com

www.burmeseclassic.com



"အမြဲတမ်းကြီးတော့ အဲ့ဒီလိုမဟုတ်ဘူးကွ။ တစ်ကြောတစ်ကြော မှ ထဖောက်တာ"

"သူ့အိမ်က လူကြီးတွေက ဆေးကုမပေးကြဘူးလား"

"သူတို့တစ်မိသားစုလုံးက ကျပ်မပြည့်ကြဘူးကွ။ အရမ်း အဆိုးကြီး တွေတော့ မဟုတ်ဘူး။ ယဉ်ယဉ်လေးတွေရယ်။ သူတို့ဟာက မျိုးရိုးလိုက်တာ ထင်တယ်ကွ။ သေသွားတဲ့ သူ့အဘကြီးကလည်း အရူးကြီး။ သူ့အဖေနဲ့ သူ့အစ်ကိုကလည်း ကြောင်တောင်တောင်။ သူ့အမေကမှ တော်သေးတယ်။ အခု လက်ရှိမိသားစုထဲမှာတော့ အငယ်ဆုံးဖြစ်တဲ့ ဒီကောင်ကအဆိုးဆုံးပဲ။ သူ့အဘခြေရာ နင်းနိုင်မဲ့ကောင်ကွ"

အရူးမျိုးဆက် မပြတ်စေဘဲ အစဉ်အဆက် ထိန်းသိမ်းလာကြသော သူတို့မိသားစုအား လေးစားချီးကျူးရမလိုပင် ဖြစ်နေသည်။

"မင်းပြောသလို ဆေးကုဖို့ဆိုတာကို သူတို့ဂေါက်ကြောင် အချင်းချင်းက ဘယ်လိုလုပ်တွေးမိပါ့မလဲ။ တစ်အိမ်ထဲနေတဲ့ ဂေါက်ကြောင်ချင်းဆိုတော့လည်း သူတို့အထာနဲ့ သူတို့ဟုတ်နေမှာပေါ့ကွာ"

"မင်းတို့ ပတ်ဝန်းကျင်က လူတွေကလည်း ဒီအတိုင်းပဲ ကြည့်နေကြတာပဲလား။ ဆေးလေး ဘာလေးကုဖို့ ပြောဆိုသတိပေးကြပါ လား"

သူ့ရ စကားဆုံးတော့ ကျော်ဇင်ဦးမှာ လက်တစ်ခါခါနှင့် ပြုံးတုံး ပြာတာ ဖြစ်သွားသည်။

"အမယ်လေး လေး ... ပေးပါတယ်ဗျာ။ ပေးတာမှ တခြားလူ မဟုတ်ပါဘူး။ ငါ့ အဖေကိုယ်တိုင်ပါပဲ။ မိသားစုအားလုံး ဆေးကုသမှု ခံယူသင့်တဲ့ အကြောင်းသွားပြောတာ။ သူတို့မိသားစုကို ရူးနေတယ်လို့ ပြောရပါ့မလားဆိုပြီး သားအဖသုံးယောက် ဓားနဲ့လိုက်ခုတ်လို့ လွတ် အောင် မနည်းထွက်ပြေးလာခဲ့ရတာ။ အိမ်ရောက်တော့ ငါ့အဖေ ပုဆိုးတောင်မပါ တော့ဘူး။ အဲဒီကတည်းကစလို့ အဲဒီသတင်းကြားပြီးတော့ အမြင်မတော်ပေမယ့် ကြောက်လို့ဘယ်သူမှ သွားမပြောရဲကြတော့ဘူးဟ"

ကျော်ဇင်ဦးပြောနေတာတွေကို နားထောင်ရင်း သူ့ရ ရယ်မိသည်။

"ဒီပုံ အတိုင်းဆို သူတို့အိမ်ရဲ့ စီးပွားရေးအခြေအနေကရော ဘယ်လိုရှိလဲ"



"ဂေါက်ကြောင်တွေဆိုပြီး စီးပွားရေးမှာ အထင်တော့ သွားမသေး နဲ့ဟေ့။ သူတို့အိမ်ရဲ့ စီးပွားရေး အခြေအနေက မင်းတို့ ငါတို့ ထက်တောင်မှ သာသေးတယ်"

"ဟေ ... ဒီလိုလူမျိုးတွေက စီးပွားရေးကို ဘယ်လိုလုပ်ရှာလဲ"

မယုံကြည်စွာဖြင့် သူ့ရမေးလိုက်မိ၏။ ကျော်ဇင်ဦးကလည်း စိတ်ရှည်လက်ရှည်ပင် ရှင်းပြသည်။

"သူတို့က စီးပွားရေးကို သူတို့ကိုယ်တိုင် လုပ်တာမှမဟုတ် တာ။ ရှေ့နေတွေက တစ်ဦးစီ အဆင့်ဆင့် လွှဲပြောင်းတာဝန်ယူထားရ တာ။ လုပ်ယုံတော်တွေက လုပ်ငန်းတွေကို ဦးစီးပြီး အမြတ်ငွေကျမှ သူတို့ကိုအပ်တာ။ အဲဒီလူတွေကလည်း ဖြောင့်မှာပေါ့ကွာ။ ယဉ်ယဉ် လေးသမားတွေဆိုတော့ လုပ်ချင်သလို လုပ်ရနေတာပဲဥစ္စာ။ ဒါတောင် သူတို့အခြေအနေက လျော့သွား တာနော်။ အရင်တုန်းကဆို ဒီထက်တောင် သာသေးတယ်တဲ့။ သူတို့က မျိုးရိုးစဉ်ဆက် ချမ်းသာတဲ့ လူတွေလို့ ပြောကြတာပဲ"

"အေးကွာ ... ဒီလို အဆင့်အတန်းမျိုးရှိတဲ့ လူတွေက ဘာကြောင့် များ အခုလိုဖြစ်နေရတာလဲ မသိဘူး။ ရန်နိုင်ဆိုတဲ့ကောင်ရဲ့ ရုပ်ကလည်း တော်တော်ပျက်နေတယ်နော်"

"အေး ...ဟုတ်တယ်။ ဒါတောင်မှ ဒီကောင်က သူ့ကိုယ်သူ ဒီမြို့မှာ အချောဆုံး အလှဆုံးလို့ ထင်နေတာကွ။ အတော်ရယ်ရတဲ့ ကောင်"

"အင်း ... သူ့အဖြစ်က သနားစရာလည်း ကောင်းပါတယ်ကွာ"

သူ့ရက ရင်ထဲမှလာသော အသံဖြင့်ပြော၏။ ထိုစဉ်မှာပင် နေသူ၏ အသံက ထွက်လာသည်။

"ဟိတ်ကောင်တွေ ... ကိုယ်နဲ့မဆိုင်တာတွေ ခေါင်းရှုပ်ခံ စဉ်းစား မနေနဲ့။ ဂေါက်ကြောင်တွေအကြောင်း စဉ်းစားရင်း မင်းတို့ပါ ဂေါက်သီးတွေ ဖြစ်သွားဦးမယ်။ ဟိုမှာ . . တကယ်လန်းတဲ့ အဆင်လေးတွေ ရှေ့နေကြတယ်။ စိတ်နှလုံး ကြည်ရွှင်ပြုံးစေဖို့ အပီအပြင် ရှုံးလိုက်ကြစို့"

"အေးစို့"

နေသူ၏ လှုံ့ဆော်မှုကြောင့် ကျော်ဇင့်ဦးမျက်နှာက လမ်းမပေါ် သို့ ပြန်လည်ရောက်ရှိသွားတော့သည်။ လမ်းမထက်၌ ရာစုသစ်၏ မိန်းမပျို

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်စု ကိုယ်ပိုင်ဟန် အသွယ်သွယ်ဖြင့် လှပကျော့ရှင်းစွာ ရွေ့လျားနေကြသည်။ သူ့ရအာရုံထဲမှာတော့ ရန်နိုင်ဆိုသော ကိုရုပ်ဆိုးကိုသာ ပြန့်လည်မြင်ယောင်ကာ ကရုဏာတွေ ပွားနေမိ၏။

မေတ္တာတရားဆိုသည်မှာ ဥပဒေမရှိသော ယဉ်ကျေးမှုတစ်ခုပင် ဖြစ်ပါသည်။

○○○



## အခန်း (၆)

သူရနှင့် ပန်းကလေးသည် လူချင်းဝေးနေပေမယ့် Onlineပေါ်မှာတော့ နေ့စဉ်တွေ့ဆုံကြရ၏။ ထိုအတွက်ကြောင့် Internet ကို တီထွင်လိုက်သော ပုဂ္ဂိုလ်များကို သူတို့အလွန်ပင် ကျေးဇူးတင်နေကြပါသည်။

Internet သည် လူပေါင်းမြောက်မြားစွာ၏ စိတ်ကူးတွေ၊ ပါရမီရှင်တွေကို စုပေါင်းပြီး ဖန်တီးဆောင်ရွက်ထားတာ ဖြစ်သည်။ အဖွဲ့အစည်းတွေ၊ လူတစ်ဦးချင်းစီကနေ နှစ်ပေါင်းများစွာ အတူတကွ ကြံစည်လုပ်ဆောင်ခဲ့သည့်အတွက် ယခုအချိန်မှာ အလွန်အဖိုးတန်သော အရင်းအမြစ်ကြီးတစ်ခု ဖြစ်နေပါပြီ။

၁၉၆၀ ပြည့်နှစ် နှောင်းပိုင်းမှာ အမေရိကန် ကာကွယ်ရေးဌာနမှ Networkတစ်ခုကို တည်ထောင်ပြီး စစ်ဖက်ဆိုင်ရာ ကွန်ပျူတာတွေ အတူတကွ ဆက်သွယ်ဆောင်ရွက်ဖို့ လုပ်ဆောင်ခဲ့သည်။ ထို Netowrk ကို ARPANE ဟုခေါ်ခဲ့ပြီး အကယ်၍ Network၏ အစိတ်အပိုင်းတစ်ခု ပျက်စီးချွတ်ယွင်းခဲ့လျှင် အခြား Network ပေါ်မှ ကွန်ပျူတာတွေကနေ သူတို့အချင်းချင်း ဆက်သွယ်ဆောင်ရွက်စေနိုင်မည့် နည်းလမ်းအား အသုံးပြုခဲ့ကြ၏။

Nationsl Science Foundation (အမျိုးသားသိပ္ပံ ဖောင်ဒေးရှင်း) မှ NSFNET ကို ၁၉၈၀ နှစ်လယ်လောက်မှာ စတင်ခဲ့၏။ NSFNETသည်

www.burmeseclassic.com

www.burmeseclassic.com



ARPANET ၏ နည်းပညာတွေကို တိုးချဲ့တီထွင်ခဲ့ပြီး တက္ကသိုလ်၊ ကောလိပ်တွေအချင်းချင်း ဆက်သွယ်ဆောင်ရွက်ခဲ့သည်။ ၁၉၈၇ မှာ NSFNET သည် သတင်းအချက်အလက်တွေ ဆက်သွယ်ဆောင်ရွက်ရာ၌ ပမာဏပိုများသော အချက်အလက်တွေကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိတော့သည့်အတွက် NSFNET မှ သတင်းအချက်အလက်တွေ ပိုပြီးအပို့အယူ လုပ်နိုင်သော နည်းပညာများအား တိုးတက်တီထွင်ခဲ့ပြန်သည်။

ထိုမြန်နှုန်းမြင့် ဆက်သွယ်သော Network က Internet ဖြစ်လာခဲ့တာ ဖြစ်ပါသည်။ အခုတော့ ထို Nerwork က သူရတို့အတွက် နလုံးသားပေါင်းကူးတံတားကြီးလည်း ဖြစ်ရပြန်ပါပြီ။

၀

"ဟာ ... ဟိုကောင်ပါလား"

အလုပ်ကိစ္စတစ်ခုနှင့် သူရအပြင်သို့ ထွက်အလာ၊ လမ်း၌ ဂေါက်ကြောင် ရန်နိုင်ကို လူနှစ်ယောက်က ထိုးကြိတ်နေသည်ကို မြင်လိုက်ရ၏။ ရန်နိုင်ခမျာမှာ ကြောက်အားလန့်အားဖြင့် ရုန်းကန်နေရှာသည်။

ပွဲက ဘယ်လိုမှ မမျှတ။ အမြင်မတော်သဖြင့် သူရ ဝင်ပါလိုက်လေသည်။

"ဟေ့ ... မင်းတို့က ဘာလို့ သူ့ကိုနင်းကန် ထိုးကြိတ်နေရတာလဲ"

ကောင်လေးနှစ်ယောက်က သူရကိုလှည့်ကြည့်ကြ၏။

"ဒီကောင်က ငါ့ကောင်မလေးကို လူလယ်ခေါင်မှာ လိုက်ပြီးရည်းစား စကားပြောတယ်တဲ့ကွာ။ အရူးက အရူးလိုမနေဘူး။ ရာရာစစကွာ ... အဲ့ဒါကြောင့် ဒီအရူးကောင်ကို ဆုံးမနေတာ"

ထိုကောင်လေး စကားကြောင့် ကိုရုပ်ဆိုးရန်နိုင် ပြုံးတုံးပြာကာဖြစ်သွားတော့သည်။

"ဟိတ်ကောင် ... မင်း မင်း ငါ့ကိုအရူးလို့မပြောနဲ့။ ငါ အရူးမဟုတ် ဘူးကွ။ မင်းသာ အရူး"

"အောင်မာ ... အရူးကများ ငါ့ကို။ ကဲကွာ"

"ခွပ်"



လက်သီးချက်ကြောင့် ရန်နိုင် ယိုင်ထွက်သွား၏။

"မင်းတို့ ... မင်းတို့ ... ငါ့ကို မလုပ်နဲ့နော်။ ငါ့ကိုလွှတ်ပေး ... ငါပြေးမယ်"

မျက်လုံးလေး ကလယ်ကလယ်နှင့် ရန်နိုင်၏မျက်နှာက ဖူးယောင်နေကာ နှာခေါင်းမှ သွေးတို့ပင် ယိုထွက်နေလေပြီ။ အကျည်းတန် ရန်နိုင်ကိုကြည့်၍ သူရရင်ထဲမှာ မကောင်းတော့။

"ဟိတ်ကောင်တွေ လူတစ်ယောက်ကို အဲဒီလို ဆုံးမရတယ်လို့မင်းတို့ကိုဘယ်သူက သင်ပေးထားတာလဲ။ ဦးနှောက်ပုံမှန် မဟုတ်တဲ့လူကိုနှစ်ယောက်တစ်ယောက် ချုပ်ပြီးနှိပ်စက်နေတာ မင်းတို့ မရှက်ဘူးလား။ တော်တော့ ... မလုပ်နဲ့။ လွှတ်ပေးလိုက်တော့"

မနေနိုင်စွာဖြင့် သူရဝင်ပြောလိုက်တော့ ကောင်လေးနှစ်ယောက်က သူ့ကိုဘုကြည့်ကြည့်သည်။

"ရာဇာကြီးရေ ... ဒီကောင်က ဟီးရိုးလာလုပ်နေပါလားကွ ... ဟေ"

ဒါကြောက်တတ်သော လူငယ်တွေ ရန်ဖြစ်ခါနီး အဖော်ညှိသည့်အထာပါ။

"ငါတို့ကို ဆရာကြီး လာလုပ်နေရအောင် မင်းက ဘာကောင်မို့လို့လဲ။ နာချင်ပြီထင်တယ်"

"ဟာ ... ဟာ ... အဲဒီလောက်ကြီး မဟောက်ပါနဲ့ကွာ။ မင်းတို့ကို ငါ ကြောက်ပါတယ်"

သူရက ပခုံးတွန့်၍ ပြောလိုက်တော့ ဟိုနှစ်ကောင် မြောက်ကြွမြောက်ကြွနှင့် သဘောကျသွားကြသည်။

"ဟဲ ... ဟဲ ... ဒီလိုပဲ ဖြစ်သွားရမှာပေါ့လေ"

"အဲ့ဒါ ငါ့ကြောင့်ကွ အောင်လေးရ"

သူတို့နှစ်ယောက်ကို ကြည့်၍ သူရကပြုံး၏။

"နှစ်ယောက်စလုံးကို ငါကြောက်ပါတယ်ကွာ။ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့က စွတ်ပေါင်နေတာကြီးကို။ ငါက ငယ်ငယ်လေးကတည်းက ချေးဆိုအရမ်းကြောက်တတ်တာ"

"ဘာကွ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးနှစ်ယောက် မျက်လုံးအစုံ ပြူးကျယ်သွားကြသည်။

"ဟာ ... ဒီကောင် ဘာကောင်လဲ။ ရာဇာကြီး ဆော်ကွာ"

နှစ်ယောက်သား သူ့ရကို ပြေးထိုးကြသည်။ သူရကလည်း လျင်မြန်စွာ ရှောင်တိမ်း၍ ပြန်လည်တိုက်ခိုက်၏။ ဒီလိုပါပဲ ... သွေးကြွနေသော လူငယ်ဘဝမှာ ရန်ပွဲဆိုတာမျိုးလေးတွေကလည်း အမှတ်မထင် ပေါ်ပေါက်လာတတ်ပါသည်။

(တကယ်တော့ ရန်ဖြစ်တယ်ဆိုတာ လူလယ်ခေါင်၌ "ဟောဒီမှာကြည့်ကြ"ဆိုပြီး ပုဆိုးကို ချွတ်ပြလိုက်သည်နှင့် တူ၏။ ဒါကြောင့် လူငယ်များသည် တန်ဖိုးရှိသော ကိုယ့်ဥစ္စာကို လုံခြုံအောင်ဖုံး၍ ထိန်းသိမ်းကြပါ။ သိက္ခာကိုပြောတာနော်)

ခဏကြာတော့ ကျန်းမာရေးအတွက် အားကစားကို လေ့ကျင့်လိုက်စားထားသော သူရလက်ချက်ကြောင့် ကောင်လေးနှစ်ယောက် ထွက်ပြေးသွားကြသည်။ နိုင်လောက်သည့် လူအပေါ်သာ ဗိုလ်ကျဖို့ပြီး အုပ်စုတောင့်မှ မိုက်ကယ်စတိုင် ဖမ်းရဲသော လူငယ်လေးတွေပါ။

ရန်ပွဲကပြီးသွားပြီ။ ကျေးဇူးတင်စကားများ အပြောခံရလေဦး မလားဆိုပြီး သူ့ရကြည့်လိုက်ရာ ရွှေကိုယ်တော်ရန်နိုင်က မရှိတော့။ စောစောကတည်းက မာရသွန်ပြိုင်ပွဲ ဝင်သွားပုံရသည်။

တစ်ယောက်တည်း ကျန်ရစ်ခဲ့သော သူရမှာ ကျေနပ်မှုတို့ဖြင့် နှုးညံ့စွာပြုံးနေပါသည်။ သူရက ဘယ်သူမှမချီးကျူးသော သူ့လုပ်ဆောင်မှုအတွက် သူ့ကိုယ်သူပင် ပြန်လည်ဂုဏ်ပြုပစ်လိုက်ပါ၏။

သူသည် သူ့ခံစားမှုနှင့်သူ ကျေနပ်ရောင့်ရဲနိုင်သူလည်းဖြစ်လေသည်။

○○○



## အခန်း (၇)

ဓွဲလမ်းမှုဆိုသော ဘာသာဗေဒကို သူ့ရကောင်းစွာ နားလည်တတ်ကျွမ်းကျင်သုံးတတ်နေပါပြီ။ မည်သူမဆို မြတ်နိုးရာ ရင်ခွင်ဆီမှာသာမွေ့လျော်ချင်ကြပေလိမ့်မည်။ ချစ်သူရှိရာ ရန်ကုန်ဆိုသော အရပ်ဒေသသည်လည်း ပန်းကလေးက အားလပ်ရက်တွေမှာ လှမ်းခေါ်လိုက်တာနှင့် နာရီပိုင်းအတွင်း သူရအရောက်သွားနေကျ နေရာဌာနဖြစ်လာသည်။ ကိုယ်ပိုင်အလုပ်အကိုင် မရှိသေးသော သူရသည် မိခင်ကို ချွဲနွဲ့၍ မရမက ပိုက်ဆံတောင်းကာ အဝတ်အစား အပိုတစ်စုံသာပါသော ဘေးလွယ်အိတ်လေးနှင့် ချစ်သူဆီသို့ ကတိုက်ကရိုက် ရောက်ရောက်လာလေ့ရှိသည်။

ရန်ကုန်ရောက်ပြီဆိုလျှင် ပန်းကလေးနှင့်အတူ ပျော်ရွှင်စွာ လျှောက်လည်ပတ်ဖြစ်ကြသည်။ ကန်တော်ကြီးနှင့် အင်းလျားကတော့ သူတို့ခြေရာတွေ အများဆုံးပေါ့။ တစ်ခါတစ်လေ ပန်းကလေး Shopping ထွက်လျှင်လည်း သူ့ရကလိုက်ပေးရပါသည်။ ထိုအခါ ပန်းကလေး၏ သုံးစွဲပုံတွေကိုကြည့်ပြီး သူ့လန့်မိ၏။ သူနှင့်အတူသွားလာ လည်ပတ်စားသောက်၍ ကုန်ကျသမျှကိုလည်း ပန်းကလေးရှင်းသည် ကများသည်။ သူ့စိတ်ထဲမှာ သိမ်ငယ်မိပေမယ့် ပန်းကလေးက ကရုဏာစိတ် ယိုဖိတ်ဟန်အပြုအမူများနှင့် ဆက်ဆံမည်ကို

www.burmeseclassic.com

www.burmeseclassic.com



မလိုလားသောကြောင့် ပေါ့ပေါ့ပါးပါး ပုံစံဖြင့်သာ ပီရိုစ္စာနေထိုင်ခဲ့သည်။

အချိန်တွေ ကြာလာတာနှင့်အမျှ တဖြည်းဖြည်း ပိုသိလာသော အရာတွေများပြားလာသဖြင့် အခြေအနေတို့ကို ချင့်ချိန်မိပေမယ့် ထမင်းလုံး တဆွေ အခြောက်ခံနေရသကဲ့သို့ ရုန်းထွက်ဖို့အင်အားမဲ့နေ၏။ ထို့ကြောင့် မီးမှန်းသိပါလျက်နှင့် သူဆက်လက် တိုးဝင်ခဲ့လေသည်။

ထိုအချိန်များ၌ ပန်းကလေးသည်လည်း ကာရာအိုကေ သီချင်းခွေ တချို့နှင့် ကြော်ငြာတစ်ခုစ နှစ်ခုစလေးတွေမှာ ပါဝင်သရုပ်ဆောင်ခွင့်ရပြီး မထင်မရှား မော်ဒယ်သရုပ်ဆောင် ပေါက်စမလေး ဖြစ်လာပေပြီ။ သူရနှင့်ဆုံလျှင် ပန်းကလေးက အနုပညာအသိုင်းအဝိုင်းမှ အတွေ့အကြုံများကို ပြောပြသည်။

ကုန်ပစ္စည်းထက် လူကိုအသားပေးနေရသော ကြော်ငြာရေ စီးကြောင်းအကြောင်း၊ ယခုအချိန်ထိ ဖက်ဆစ်ကို တော်လှန်နေရသည့် နယ်ကြိုက်ဇာတ်ကားများ အကြောင်း၊ အဖွာအထေးနှင့် ကချော်ကချွတ်အသုံးပြုနေရသည့် ယိုင်နဲ့နဲ့ခေတ်မှီ စက်ကြီးများအကြောင်း ... စုံလင်လို့ပါပဲလေ။

"ပန်းကို ကိုယ်မေးရဦးမယ်"

"ဘာကိုလဲဟင်"

"ဟို ဇာတ်ကား တစ်ကားထဲမှာလေ။ ပန်းပွင့်လေးပေါ်မှာ လိပ်ပြာလေးက နားလိုက်တာ။ ပြီးလည်းပြီးရော ... မင်းသားရှေ့မှာ ရှက်သွေးဖြာနေတဲ့ မင်းသမီးပုံကို မြင်လိုက်ရတယ်။ အဲဒါ ဘာဖြစ်တာလဲဟင်"

"ဟာ ... သူကလည်း။ အဲဒါ မင်းသားက မင်းသမီးကို နမ်းလိုက်တာကို ပြတာလေ"

"သြော် ...ဟုတ်လား၊ မြန်မာကားတွေက သိပ်အနုမစိတ်ဘူးနော်"

"ဘာလို့ သူက အဲဒီလိုပြောတာလဲ"

"ဇာတ်ကားတစ်ကားမှာလေ။ လူကြမ်းက မင်းသမီးအိမ်ထဲကို ဝင်သွားတာ။ အဲဒီမှာ လျှပ်စီးတစ်ချက်လက်ပြီး မိုးကြိုးပစ်ချလိုက်တယ်။ ပြီးတော့ နောက်တစ်ခန်းမှာ မင်းသမီးဗိုက်ပူသွားတယ်။ ဘာ တွေမှန်းကို မသိဘူး။ အဲဒါမျိုးတွေကို ကိုယ်ကအနုစိတ်ဖြစ်စေချင်တာ"

"ဟာ ... သူတော့ ခက်နေပြီ။ ဘာတွေပြောမှန်းလည်း မသိဘူး။



အဲဒါကို သွားပြီးအနုစိတ်လုပ်လို့ ဖြစ်မလား သူရဲ့"

ခပ်တည်တည်နှင့် နောက်နေတာကို တကယ်ထင်နေသော ပန်းကလေးအား ကြည့်၍သူရ ရယ်မိသည်။

"ကိုယ်က စနေတာပါ ပန်းရဲ့။ တကယ်တော့ အနုပညာဆို တာက တီထွင်ဆန်းသစ်မှုပဲ။ တီထွင်ဆန်းသစ်မှုမရှိရင် လတ်ဆတ်တဲ့ အနုပညာတွေ ဖြစ်မလာနိုင်ဘူး။ ငွေရဖို့ တစ်ခုတည်းကိုသာ ဂရုစိုက်ပြီး ငွေနောက်ကိုချည်း လိုက်နေရင်လည်း အနုပညာရဲ့ တန်ဖိုးက ပျောက်ကွယ်သွားလိမ့်မယ်။ တန်ဖိုးရှိတဲ့ အနုပညာစစ်စစ်တွေ ဖြစ်လာဖို့အတွက် ဘာကိုမှ တရားသေဆုပ်ကိုင်မထားဘဲ လွတ်လပ်တဲ့ တွေးခေါ်မှုနဲ့ ရဲရင့်ဖို့လိုတယ်။ ဥပမာ-ဂေါဂင်ကိုပဲကြည့်။ သူဟာ သူ့အနုပညာအတွက် အနှုကြီးအဖြစ်ခံသွားခဲ့တယ်။ စိတ္တဇ ပန်းချီဆရာကြီး ပီကာဆို ဆိုရင်လည်း သူ့ယုံကြည်မှုအတွက် ရဲရင့်ခဲ့တယ်။ အဲဒီလိုပဲ ... ဘယ်သူမဆို အောင်မြင်ချင်ရင် ကိုယ့်ခံယူချက်အပေါ် ကိုယ်တိုင် ယုံကြည် ရဲရင့်ရဲဖို့လိုတယ်"

သူရစကားပြောလျှင် ပန်းကလေးက ငြိမ်၍စိတ်ဝင်စားစွာ နားထောင်လေ့ရှိသည်။ ပန်းကလေးက သူရနှင့်ဆုံတွေ့သည့်အခါတိုင်း သူမသွားချင်သည့် နေရာတွေကို လွတ်လပ်စွာ လျှောက်သွားတတ်သလို သူမရင်ထဲမှခံစားချက်တွေကိုလည်း ရင်ဖွင့်တတ်၏။

"အနုပညာလောက ဆိုတာကြီးကတို့ ထင်ထားသလို နူးညံ့သာယာပြီး ပျော်ရွှင်စရာတွေနဲ့ချည်း ပြည့်နှက်နေတာ မဟုတ်ဘူးသိလား။ ထိုးနှက်တိုက်ခိုက်မှု၊ ဝေဖန်ပုတ်ခတ်မှု၊ အခက်အခဲ အကျပ်အတည်းတွေ အများကြီးပဲ။ တို့တော့ စိတ်တွေမှုန်းကြပ် လွန်းအားကြီးလို့ စိတ်တောင်ပျက်ချင်လာပြီ"

"စိတ်မပျက်ပါနဲ့ ပန်းရယ်။ ပန်းက ဒီအနုပညာကို ဝါသနာ ပါတာပဲဥစ္စာ။ ကြိုးစားစမ်းပါ။ ဘယ်အရာမဆို လွယ်လွယ်နဲ့တော့ ဘယ်ရမလဲ။ ကိုယ်လိုချင်တဲ့ အရာက ကြီးမားရင် ကြီးမားသလောက် လိုအပ်တဲ့ ရင်းနှီးမှုတော့ စိုက်ထုတ်ရမှာပေါ့။ ခရစ်တော်ရဲ့ နောက်ဆုံး ညစာဆိုတဲ့ ပန်းချီကားကို ပန်းကြားဖူးလား"

"ကြားဖူးတာပေါ့။ နာမည်ကြီးပဲဥစ္စာ"

"အဲဒီပန်းချီကားကို တန်တီယမ်ဟာ သုံးနှစ်တောင် ရေးဆွဲခဲ့ရတာ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အရင်လက်ရာ Pietro Martire တုန်းကဆိုရင် ရှစ်နှစ်ဆက်တိုက် ရေးဆွဲခဲ့ရတာ။ အဲဒါကြောင့် အောင်မြင်မှုတစ်ခုရ ဖို့အတွက် ထိုက်သင့်တဲ့အချိန်ဆိုတာလည်း ပေးရသေးတယ် ပန်းရဲ့"

သူရက အလေးအနက်ပြောတာကို ပန်းကလေးကလည်း အလေးအနက်ပင် နားထောင်ပါသည်။

"လူမှုဆက်ဆံရေးကလည်း အရေးကြီးတယ်။ ကိုယ်တို့လူငယ်တွေက စကားတစ်ခွန်းကို မစဉ်းစားဘဲနဲ့ ပြောတတ်တဲ့အကျင့်ရှိတယ်။ မစဉ်းစား မဆင်ခြင်ဘဲနဲ့ ပြောလိုက်မိတဲ့ စကားလေးတစ်ခွန်းဟာ အဲဒီလူရဲ့ ဘဝအနာဂတ်ကြီး တစ်ခုလုံးကို အကြီးအကျယ် ပြောင်းလဲသွားစေနိုင်တဲ့အထိ အစွမ်းထက်တယ်။ တစ်ခါတစ်လေမှာ ကိုယ်ကအမှတ်မထင် ပြောလိုက်မိတဲ့ စကားတစ်ခွန်း၊ အမှတ်မထင် လုပ်လိုက်မိတဲ့ အပြုအမူတစ်ခုကြောင့် တစ်ဖက်လူက ကိုယ့်ကိုတစ်သက်လုံး အထင်သေးသွားနိုင်တယ်။ ပြီးတော့ စိတ်ရှည်သည်းခံခြင်းဆိုတာကလည်း ပန်းတိုင်ရောက်ဖို့ အမိကလက်ကိုင်ထားရမဲ့ အချက်တွေပဲ။ ကိုယ်မျှော်မှန်းတဲ့ ပန်းတိုင်တစ်ခုကို ရောက်ဖို့အတွက် လမ်းခရီးမှာ တွေ့သမျှလူတွေကို စိတ်ရှည်ရှည်နဲ့ သည်းခံပြီး ဆက်ကြိုးစားစမ်းပါ ပန်းရယ်။ တစ်နေ့ကျရင် ပန်းမြတ်နိုးတဲ့၊ ပန်းဝါသနာပါတဲ့ အနုပညာနယ်ပယ်မှာ ပန်းအောင်ကိုအောင်မြင်လိမ့်မယ်လို့ ကိုယ် အပြည့်အဝ ယုံကြည်တယ် သိလား။ အားမလျှော့ပါနဲ့ ပန်းရယ်။ ကြိုးစားပါနော်"

ပန်းကလေး စိတ်ပျက်အားငယ်စွာ ညည်းညူတိုင်း သူရက သူတတ်သိသလောက် သာဓကတွေနှင့် ချစ်သူကို ပြောဆိုဆုံးမ၍ အားပေးသွန်သင်လေ့ ရှိပါသည်။ ဒီတော့လည်း ပန်းကလေးက နှစ်လိုစွာဖြင့် နားခံရှာ၏။

"အင်းပါ။ တို့စိတ်ပျက်အားငယ်နေတဲ့ အခါတွေများဆို ရင်လေ ... သူ့ရဲ့အားပေးသံတွေကို ကြားလိုက်ရတာနဲ့ တို့မှာအားတွေကို ရှိရှိသွားတာပဲ သိလား။ အဲဒါတွေကြောင့် သူ့ကိုတို့ ပိုပိုပြီး ချစ်နေမိတာ ထင်ပါရဲ့"

"ကိုယ့်ကိုချစ်ရင် ကုတ်ပေးစမ်းပါ ပန်းရယ်။ ဒီနေရာလေးက ယားနေလို့"

"အယ့်တော့ ... ဘယ်နေရာက ယားနေတာလဲ။ ပြောလေ"

ပန်းကလေးကမေးတော့ သူရက သူ့ပါးကိုပုတ်ပြသည်။



"ဒီမှာလေ ... ကိုယ့်ပါးလေး ယားနေလို့ ပန်း နှာသီးဖျားလေးနဲ့ ကုတ်ပေးစမ်းပါ"

"ဟွန်း ... လူလည်ကြီး"

ချစ်သူသည် လိမ္မာသောသမီးပျိုလေး ဖြစ်ပါသည်။

○○○

www.burmeseclassic.com



## အခန်း (၈)

ကောင်းကင်က ရှင်းသန့်ပြာလွင်နေ၏။ ဖုန်ရှုံပါသည့်လေကို ရှူရှိုက်ရင်း မညီညာသော လမ်းပေါ်မှာ သူရတစ်ယောက်တည်း လျှောက်နေစဉ်တွင် ဖြစ်သည်။

"ဟာ ... ဒီကောင်ကတော့ လုပ်ပြန်ပြီ။ သပ္ပတ်ပဲ"

လမ်းလယ်ခေါင် မြေပြင်ထက်၌ နဖူးပေါ်လက်တင်၍ အေးအေးဆေးဆေးပင် ကန့်လန့်ဖြတ် အိပ်နေသည့်ရန်နိုင်။ လူတကာ သွားနေသော လမ်းမို့ လမ်းသွားလမ်းလာတွေက သူ့ကိုရှောင်ကွေ့ကာ သွားနေရသည်။

မျက်နှာမလွှဲနိုင်သော စိတ်အခံကြောင့် ထိုအနားသို့ သူရ ရောက်ရှိသွားပါ၏။

"ဟိတ်ကောင် ... မင်းလမ်းလယ်ခေါင်ကြီးမှာ ဘာလို့အိပ်နေတာလဲ"

"ငါ့ဘာသာ ဘာလုပ်လုပ်ကွာ။ မင်းနဲ့ဘာဆိုင်လို့လဲ"

သူရ အဟောက်ခံလိုက်ရသည်။ ရန်နိုင်က သူ့ကိုမှတ်မိပုံမရ။

"ငါနဲ့တော့ မဆိုင်ပါဘူးကွာ။ ဒါပေမယ့် လမ်းလယ်ကောင်ကြီးမှာဆိုတော့ တခြားလူတွေကို အနှောင့်အယှက် ဖြစ်တာပေါ့။ အိပ်ချင်ရင်လည်း တခြားသွားအိပ်ပါကွာ ... နော်"

"ငါ အိပ်ချင်လို့ အိပ်နေတာမဟုတ်ဘူးကွ။ သေချင်လို့ ကားတိုက်ခံရအောင် ဒီမှာလာအိပ်နေတာ"



"ဟာ ... မင်းကလည်း ... ကားတွေက ဒီဘက်လမ်းထဲ မလာဘူးကွ။ ဟိုဘက်က လမ်းမပေါ်မှာမှ ကားပေါတာ"

"ဟေ ... ဟုတ်လား။ အဲဒါဆို ငါအဲဒီလမ်းဘက်သွားအိပ်မယ်။ အခုလို လာကူညီတဲ့အတွက် ကျေးဇူးပဲကွာ"

ရန်နိုင်ကပျာကယာ လူးလဲထမှ သူ့စကားမှားသွားကြောင်း သူရသိလိုက်၏။ ထို့ကြောင့် ရန်နိုင့်ကိုဆွဲ၍ လမ်းဘေးသို့ ခေါ်လာခဲ့လိုက်သည်။

"ဟိတ်ကောင် ... မင်း ... ဘာလို့အဲဒီလို လုပ်မှာလဲကွာ။ ငါ့ကိုပြော စမ်းပါဦး။ မင်းက ဘာကြောင့်သေချင်နေရတာလဲ"

"အသက်မရှင်ချင်တော့လို့ပေါ့ကွာ"

"အင်"

ရှင်းလင်းပြတ်သားသော ရန်နိုင်၏အဖြေစကားကြောင့် သူရ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။

"အဲ ... ဘာ ဘာကြောင့် အသက်မရှင်ချင်ရတာလဲ"

ရန်နိုင်က သူ့ကိုစိတ်ပျက်သလို ပုံစံမျိုးဖြင့် ကြည့်၍ခေါင်းခါ၏။

"မင်းက ဦးနှောက်မကောင်းဘူးထင်တယ်။ ဒါလေးတောင် မသိဘူးလား။ အသက်မရှင်ချင်တာ သေချင်လို့ပေါ့ကွ"

"အမ်"

ဝေလည်ကြောင်ပတ်နှင့်ပင် သူရခံနေရလေသည်။

"သြော် ... အေး ... အေး။ အေးပါကွာ"

"သဘောပေါက်ပြီလား"

"ပေါက်ပါပြီကွာ။ ဒါနဲ့ မင်းကဘာကြောင့် အဲဒီလို အသက်မရှင်ချင်ဘဲ သေချင်နေရတာလဲ"

သူရက သိချင်စိတ်ကြောင့် ညှပ်ပူးညှပ်ပိတ် ထပ်မေးလိုက် ပြန်ရာ ရန်နိုင်တင်းသွားပုံရသည်။ လေသံပင် ပြောင်းသွား၏။

"တောက် ... မင်းနဲ့ စကားပြောရတာ အရူးနဲ့ပြောနေရတာ ကျနေတာပဲ။ စိတ်ညစ်လို့ အသက်မရှင်ချင်ဘဲ သေချင်နေတာပေါ့ကွ။ ရှင်းပြီလား"

"ရှင်း ရှင်းပါပြီကွာ"

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြီဆိုပေမယ့် စိတ်ထဲမှာ မတင်မကျဖြစ်နေသဖြင့် သူရ တစ်ဆင့် တက်ကာ ထပ်မေးလိုက်ပြန်သည်။

"ဒါနဲ့မင်းက ဘာကြောင့် စိတ်ညစ်နေရတာလဲ"

ဒီတစ်ခါတော့ ရန်နိုင်ခေါင်းရှုပ်သွားပုံရသည်။

"တော် ... တော် ... မင်း စကားဆက်မပြောနဲ့တော့။ ကြာရင် မင်းလိုပဲ ငါပါရူးသွားနိုင်တယ်"

"အေး အေးပါကွာ"

သူရခမျာ ပယ်ပယ်နယ်နယ်ကြီးကို ခံနေရသည်။ သို့သော် ရန်နိုင့်ကို ကရုဏာဖြစ်နေမိသောကြောင့် ဆက်လက်၍ စိတ်ရှည်ပစ်လိုက်ပါသည်။

"မင်းမကြိုက်ရင် ငါဘာမှ ဆက်မမေးတော့ပါဘူးကွာ။ ဒါပေမယ့် စိတ်ညစ်ရုံနဲ့တော့ မင်းကိုယ်မင်း သေကြောင်းမကြံစည်ပါနဲ့ကွာ။ ကိုယ့်ကိုယ်ကို သတ်သေရင် အဖန်ငါးရာ ငါးကမ္ဘာ ခံရတတ်တယ်ကွ။ မင်းလိုစိတ်ညစ်တိုင်းသာ သေပစ်ရရင် ကမ္ဘာမှာ လူဆိုတာ ရှိကြတော့မှာ မဟုတ်ဘူး။ လူမှန်ရင် စိတ်မညစ်ဖူးတဲ့လူ မရှိပါဘူးကွာ"

သူရသည် စကားပြောနေရင်း ရန်နိုင့်ကို အကဲခတ်၍ကြည့်လိုက်သည်။ ရန်နိုင်က သူ့စကားကိုငြိမ်၍ နားထောင်နေတာ တွေ့ရသဖြင့် ရန်နိုင်၏ စိတ်တို့ငြိမ်သက်စပြုလာပြီဟု သူရသတိပြုမိလိုက်သည်။ ထို့ကြောင့် သူ့စကားကို ဆက်လိုက်၏။

"လူ့ရယ်လို့ဖြစ်လာရင် လောကကို ကောင်းကျိုးပြုရတယ်။ ကောင်းကျိုးတစ်ခုမှ မပြုဘဲနဲ့ သေသွားရင် အဲဒီလူဟာ လူမပီသတော့ဘူးကွ ... မှတ်ထား။ အခု မင်းပတ်ဝန်းကျင်မှာ မင်းဘယ်သူတွေကို ဘာကောင်းကျိုး ပြုပြီးသွားပြီလဲ"

ရန်နိုင်က တွေတွေကလေး စဉ်းစားသလို လုပ်လိုက်သေးသည်။ ပြီးမှ ...

"ကောင်းကျိုးဆိုတာ ကောင်းနေတဲ့ ဥစ္စာကိုကျိုးအောင် လုပ်တာကို ပြောတာလားဟင်။ အဲဒါဆိုရင် လူတစ်ယောက်ရဲ့ ခြေထောက်အကောင်းကို ကျိုးအောင်ရိုက်ချိုးပြီး ငါကောင်းကျိုးပြု ပေးဖူးတယ်ကွ"

"ဟာ"



သူရ မျက်လုံးပြူးသွားသည်။ ရန်နိုင်ကတော့ သူ့ကောင်းကျိုး ပြုခြင်းအကြောင်း ဆက်ပြော၏။

"အဲဒီလူကတော့ ကောင်းကျိုးပြုပေးတာကို မကြိုက်ဘူး ထင်တယ်ကွ။ အတင်း ထွက်ပြေးသွားတယ်။ စေတနာကို နားမလည်ဘူး။ ဒါလကားပဲ။ မင်းကိုလည်း ငါအခု ကောင်းကျိုးပြုပေးမယ်လေ ... လာ"

ရန်နိုင်၏ တကယ်လုပ်မည့် အမူအယာကြောင့် သူရလန့်သွားသည်။

"ဟာ ... နေ နေပါစေကွာ။ နောက်လည်း မင်းဘယ်သူ့ကိုမှ သွားပြီး ကောင်းကျိုးမပြုပါနဲ့တော့နော်"

"ဟွန်း ... အမျိုးမျိုးပဲ"

"အဓိက အရေးကြီးတာက နောက်နောင်ဘယ်တော့မှ မင်း ကိုယ်မင်း သေကြောင်းမကြံနဲ့ကြားလား အဲဒါမကောင်းဘူးကွ"

ရန်နိုင်က သက်ပြင်းလေးလေးတစ်ခုကို မှုတ်ထုတ်ရင်း မြေပြင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါသည်။

"ငါက လောကကြီးမှာ နေရတာ ပျင်းလာလို့ သေချင်နေတာကွ။ ငါ့မှာ သူငယ်ချင်းလည်းမရှိဘူး။ ဘယ်သူကမှလည်း ငါ့ကို အပေါင်းအသင်း မလုပ်ကြဘူး။ ငါ့တွေ့တာနဲ့ လှောင်ဖို့ပြောင်ဖို့ နှိပ်စက်ဖို့ပဲ။ တချို့ငါ့ပခုံးယှဉ် လူငယ်တွေဆိုရင် သူငယ်ချင်းတွေအများကြီးနဲ့ ဟေးလားဟားလား သွားလာနေကြတာ ပျော်စရာကြီး။ ငါကျတော့ တစ်ယောက်တည်းရယ် ... သူငယ်ချင်းလည်း မရှိဘူး။ အဖော်လည်း မရှိဘူး"

ရန်နိုင်က ရီဝေဝေမျက်လုံးတွေနှင့် ကောင်းကင်ကြီးကို ငေးမော့ကြည့်ရင်း စကားတွေကို တစ်ယောက်တည်းပြောနေသလို ပုံစံမျိုးဖြင့် ရေရွတ်နေလျက်ရှိ၏။

"အိမ်မှာလည်း ငါမနေချင်ဘူး။ အိမ်မှာနေရတာလည်း ငါ ကြောက်တယ်။ ငါ့အိမ်ကလူတွေက အရူးတွေကွ။ သူတို့ကောင်းနေချိန်ဆို တော်သေးတယ်။ သူတို့ စိတ်ဖောက်လာပြီဆိုရင် ငါ့ ကိုကြာပွတ်နဲ့ ရိုက်ပြီး မြင်းလုပ်စီးလိုက်၊ ဆင်လုပ်စီးပြီး ချွန်းနဲ့ထိုးတာဆိုပြီး ဓားနဲ့ ထိုးလိုက်နဲ့။ ငါ့မှာ သွေးတစ်စက်စက်ကျတဲ့အထိ သူတို့လုပ်သမျှကို ခံရတယ်။ အဲဒါကြောင့် ငါ အပြင်မှာချည်းပဲ လျှောက်သွားနေတာ။ အပြင်မှာကျတော့လည်း ပျင်းစရာကြီး။ ဒီဘဝ

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ငါဖိတ်ပျက်လာ ပြီကွာ။ ငါဒီဘဝမှာ သေသွားပြီးတော့ နောင်ဘဝ အသစ်မှာ လူပြန်ဖြစ်ချင်တယ်။ အဲဒါကြောင့် ငါသေချင်နေတာကွ"

ရန်နိုင်၏ ခံစားမှုများကို သိလိုက်ရတော့ သူရရင်ထဲမှ သနား ကရုဏာစိတ်များက ပို၍ကြီးထွားသွားမိလေသည်။

"အခုတော့ ငါ မသေရတော့ဘူးပေါ့နော်။ မင်းကလည်း ကွာ ... သူများ သေမဲ့ဟာကိုဟောင် လာပြီးကာဆီးကာဆီး လုပ်နေတယ်။ မင်းတော့ ငရဲကြီးဦးမယ်"

"အင်"

မူမမှန်သော ရန်နိုင်၏ အယူအဆတွေက ရယ်စရာလည်း ကောင်း ပါသည်၊ သူရသည် ရန်နိုင်၏ရင်ကွင်းမှ မာခက်နေသော အစိုင်အခဲတို့ကို ဖြေလျှော့ပေးချင်လာသည်။ ထို့ကြောင့်ရန်နိုင် ပျော်ရွှင်စေရန် သူကြံစည် ကြိုးပမ်းလိုက်လေ၏။

"အဲဒီ အရူးတွေအကြောင်း ပြောမနေပါနဲ့တော့ကွာ။ အခု မင်း ပျင်းနေတယ်မဟုတ်လား။ အဲဒါဆို မင်းနဲ့ငါနဲ့ တခြားလူငယ်တွေလိုပဲ လျှောက်သွားကြရအောင်လေ။ ကဲ ... ထ ... သူငယ်ချင်း"

ရန်နိုင်၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

"မင်း ... မင်း ... ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

"သူငယ်ချင်းလို့ ခေါ်လိုက်တာလေ"

"ဟာ ... ထပ် ထပ်ခေါ်ပါဦးကွာ"

"သူငယ်ချင်း"

"ဟာ ... နောက် နောက်ထပ် ... တ တစ်ခေါက်လောက် ... ထပ်ခေါ်ပါဦးကွာ"

"သူငယ်ချင်း ရန်နိုင်"

သူရ၏ သူငယ်ချင်းဆိုသော ခေါ်သံက ရန်နိုင်၏ နားစည်ဝမှ ဂေစ်ဆင့် နှလုံးသား၏ အနက်ရှိုင်းဆုံး အပိုင်းထဲအထိ နူးညံ့ချိုမြိန်စွာ စီးဆင်း သွားလေသည်။ ရန်နိုင်သည် သူရမျက်နှာကို အံ့ဩမှင်တက်မိလျက် တွေတွေ ကြီး စူးစိုက်ကြည့်နေ၏။

"ဒါ ဒါဆို ... မင်းနဲ့ ငါက ... သူ သူငယ်ချင်းတွေပေါ့နော်"



"အေးပေါ့ကွ"

"ဟာ ... ငါ ငါပျော်လိုက်တာကွာ"

ပြောနေရင်း ရန်နိုင်မျက်ရည်တွေ ဝဲလာသည်။ အရုပ်ဆိုး အကျည်း တန် သူတစ်ယောက်၏ ရင်ထဲ၌နူးညံ့လှပသော နှလုံးသားတစ်ခုရှိမှန်း သူရ၏ မျက်မြင်ကိုယ်တွေ့ သိရှိလိုက်ရတော့၏။

"သူငယ်ချင်းရယ် ..."

သူရရင်ထဲမှာ လှုပ်ခတ်သွားကာ ရန်နိုင့်ကို တယုတယ ပွေ့ဖက် လိုက်လေသည်။ ရန်နိုင်ကလည်း သူရကို အားပါးတရပင် ပြန်လည်ပွေ့ဖက် သည်။ ရန်နိုင့်လိုလူမျိုးကို ပျော်ရွှင်အောင် လုပ်ဆောင်ပေးလိုက်နိုင်သဖြင့် သူရကြည်နူးကျေနပ်နေမိ၏။ ရန်နိုင်က သူရပါးကိုပင် ဘယ်ပြန်ညာပြန် တရှုံ့ရှုံ့နမ်းလိုက်ပါသေးသည်။

"သူငယ်ချင်း ... မင်းနဲ့ ငါနဲ့လျှောက်လည်ကြမယ်နော်"

"အေးပေါ့ ... လည်မှာပေါ့ကွ"

"ဒါဆိုလာကွာ။ ငါ့ ဆိုင်ကယ်ပေါ်တက်"

"ဟေ ... ဘယ်မှာလဲကွ။ မင်းဆိုင်ကယ်က"

အနီးအနားမှာ ဆိုင်ကယ်နှင့်တူတာဆို၍ ဘာတစ်ခုမှ မရှိသော ကြောင့် သူရကြောင်သွားသည်။ ရန်နိုင်ကတော့ သူ့အာထာနှင့်သူ ဟုတ်နေပါ သည်။

"ဒီမှာလေကွာ။ ဝရော ဝရော ... ဖြဲ ဖြဲ ... ဘယ်လောက် သောက် သောက် မမူး မမူး ... ဝရူး ဝရူး ... တီ တီ တီ ... ဖြိုး ... ဖြဲ ... ဟဲ ဟဲ"

ရန်နိုင်သည် ဘာပစ္စည်းမှ မရှိသော လေထုပေါ်တွင် လက်နှစ်ဖက် ဆန့်တန်းလျက် ကားယားကြီးခွ၍ ဆိုင်ကယ်အား ကစ်တံဖြင့် စက်နှိုးသည့် ဟန်နှင့် ညာခြေထောက်က ဆန့်ငင်ဆန့်ငင်လုပ်ကာ ညာဘက်လက်ကလည်း လီဗာပုတ်နေသလို တဆတ်ဆတ် လှုပ်နေပြီး ပါးစပ်မှလည်း အင်ဂျင်စက်သံ တွေ၊ ဟွန်းသံတွေကဲ့သို့ အော်နေလေသည်။ မြင်ရတာ မာတ်လိုက်နေသလား ပင် ထင်ရ၏။

စိတ်လှုပ်ရှားသွားသောကြောင့်ဖြစ်မည်။ ရန်နိုင် စိတ်ဖောက်သွားပြန် ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆိုင်ကယ် ရှေ့ဘားကတော့ ရှယ်ပဲနော်။ အိပ့် အိပ့် ကိုဖြစ်နေတာပဲ"

"ဟာ ရောဂါပဲ"

ကြောင်စီစီ မျက်လုံးများနှင့် ရန်နိုင်သည် ဒူးတလှုပ်လှုပ်ဖြင့် ဖင်ချွန်းချွန်းကို မြှောက်ကြွမြှောက်ကြွ လုပ်ပြနေပြန်သည်။

"သူငယ်ချင်း မင်းဘာကြောင်ကြည့်နေတာလဲ။ ငါ့ဆိုင်ကယ့်က လှလွန်းလို့ကြိုက်နေတာလား။ မင်းလိုချင်ရင်ပြောနော်။ ငါ အပိုင်ပေးလိုက်မှာ"

"အာ ... နေ နေပါစေကွာ။ မလိုချင်ပါဘူး"

"ဒါဆိုလည်း နောက်ကတက် သူငယ်ချင်း။ စက်နှိုးထားရတာလည်း မသက်သာဘူး။ ဆီဈေးတွေက ကြီးကကြီးနဲ့။ ဝရော ... ဝရော"

သူရခမျာ ရန်နိုင့်နောက်က လေပေါ်တွင် ကွတတဖြင့် ဝင်ထိုင်ရတော့မလိုပါ။ လမ်းသွားလမ်းလာတွေက ငေးကြည့်သွားကြသဖြင့် သူရမှာ အနေရခက်စွာ ရှက်လာသည်။

"ဘယ်လိုလဲ သူငယ်ချင်း ... အဆင်ပြေလား။ ဆိုဖာခုံကရော ငြိမ့်တယ်မဟုတ်လားကွ ... ဟော"

"အဲ ... ဟို ... ဟိုလေ ... ငါ ... ငါက ဆိုင်ကယ်မစီးရဲဘူးကွ။ အဲဒါ ကြောင့် ငါတို့ခြေလျင်ပဲ လျှောက်သွားကြရအောင်ကွာ ... နော်"

"ဟာကွာ ... မင်းကလည်း သွေးကြောင်လိုက်တာ။ ဆိုင်ကယ်ကြီးက ဒီလောက်လှတဲ့ဥစ္စာကို"

"အေး ... အေးပါကွာ ... လှပါတယ်။ ဒါပေမယ့် ငါမှဆိုင်ကယ်မစီးရဲ တာကို။ လာပါ သူငယ်ချင်းရယ်။ ခြေလျင်ပဲ သွားကြရအောင်"

"အေးလေ ဒါဆိုလည်း ငါ့ဆိုင်ကယ်ကို တွန်းလာခဲ့ပါမယ်"

"ဟာ ... မလုပ်ပါနဲ့ သူငယ်ချင်းရာ။ မင်း ပင်ပန်းနေပါဦးမယ်။ ဒီမှာပဲ ထားခဲ့ပါ။ ဘယ်သူမှ မယူပါဘူး"

"အေး ... အေး ... ဒါဆိုလည်း ခဏနေဦး။ ဆိုင်ကယ်ကို ငါ လမ်း ဘေးရွှေ့ထားခဲ့ဦးမယ်"

"ကျွတ် ... လုပ်ကွာလုပ်။ မင်းလုပ်ချင်သလိုသာ လုပ်တော့"



ရန်နိုင်သည် လေထဲတွင် ဆိုင်ကယ်ကို တွန်းသည့်ဟန်မျိုးဖြင့် လမ်းဘေးချောင်သို့ ကပ်သွားကာ ဒေါက်ထောက်သလို၊ သော့ခတ်သလို ပုံစံတွေလုပ်ပြီးမှ ကျေနပ်စွာ ပြန်လှည့်လာ၏။

"ဒီလောက်ဆို စိတ်ချရပါပြီ။ သွားမယ်သူငယ်ချင်း"

သူရနှင့် ရန်နိုင်သည်အတူတွဲ၍ လမ်းလျှောက်ကြလေသည်။ ရန်နိုင်က သူရပခုံးကိုပင် ဟန်ပါပါ ဖက်လိုက်ပါသေးသည်။ ရန်နိုင်က ကျပ်မပြည့်သူဆိုပေမယ့် ပိုက်ဆံရှိသည့် အသိုင်းအဝိုင်းမှမို့ ပုံစံကအရမ်း စုတ်စုတ်ပြတ်ပြတ်ကြီးတော့မဟုတ်။ ပေပေရေရေနှင့် ဖိုးရိုးဖားရား ဖြစ်နေသည်သာ ပြောစရာရှိသည်။

ရုပ်ရည်ချင်းကတော့ နေ့နှင့်ညပမာ ကွာခြားလွန်းသောကြောင့် လူတွေက သူတို့နှစ်ယောက်ကို အထူးအဆန်းသဖွယ် ငေးကြည့်ကြလေသည်။ သူရကတော့ ဂရုမစိုက်။ သူ့ယုံကြည်မှုနှင့်သူ ရဲရင့်နေလျက်ရှိ၏။

လမ်းလျှောက်နေရင်းမှ တစ်နေရာရောက်တော့ ရန်နိုင်က သူရ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်သည်။

"သူငယ်ချင်း ငါအခုမှ သေချာကြည့်မိတယ်။ မင်းရုပ်က ငါ့ရုပ်နဲ့ ခပ်ဆင်ဆင်ပဲကွနော်။ ဒါပေမယ့် မင်းက ငါ့လောက်မချောဘူးကွ။ ဟုတ်တယ်နော်"

"အေး ... အေးပါကွာ။ ဟုတ်ပါတယ် ... ဟုတ်ပါတယ်"

သူရအောင့်သက်သက်နှင့်ပင် ရန်နိုင်စိတ်ကျေနပ်စေရန် အလိုက်သင့် ပြောပေးလိုက်သည်။

"ဟဲ ဟဲ ... မင်းက အမှန်တရားကို လက်ခံတတ်သားပဲကွ။ ဒါနဲ့ သူငယ်ချင်း မင်းနာမည်က ဘယ်သူလဲ"

"သူရ"

"အံမယ် ... မင်းက ငါနဲ့နာမည်ချင်းလည်း ခပ်ဆင်ဆင်ပဲ ကွ။ ငါ့နာမည်က ရန်နိုင်တဲ့။ ဒီမြို့ရဲ့အချောဆုံး အလှဆုံးယောကျ်ားပေါ့ကွာ။ မင်းအနေနဲ့ ငါလိုလူမျိုးနဲ့ သူငယ်ချင်းဖြစ်ရတာ အင်မတန် ဂုဏ်ယူဖို့ကောင်းပါတယ်။ မင်းလည်း အားမငယ်ပါနဲ့ကွာ။ တစ်နေ့နေ့တော့ ဖြစ်လာမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်၏စကားကို သူရ မရှင်းမလင်း ဖြစ်သွားသည်။

"နေစမ်းပါဦး။ ငါက ဘာကိုအားငယ်ပြီး ဘာဖြစ်ရမှာလဲကွ"

"ဩော် ... ငါလိုလူမျိုးနဲ့ပေါင်းနေတော့ ငါ့ကို အားကျပြီး မင်း အားငယ်နေမှာစိုးလို့ပါ။ အားမငယ်ပါနဲ့ သူငယ်ချင်းရာ။ ငါနဲ့ ပေါင်းမှတော့ တစ်နေ့မှာ မင်းလည်းငါ့လိုပဲဖြစ်လာမှာပါကွာ"

"အမ် ... ဘုရား ဘုရား"

သူရခမျာ စေတနာတွေ ရေစီးကမ်းပြိုမိတာ နေရင်းထိုင်ရင်း ဂေါက်ကြောင်ဖြစ်ရမည့်ကိန်း ဆိုက်သွားတော့၏။

ထိုမှစ၍ ရန်နိုင်ဆိုသော ဦးနှောက်မမှန်သူတစ်ယောက်သည် သူရဆိုသော မေတ္တာရှင်ကောင်လေး၏ အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့ပါသည်။

○○○



## အခန်း (၄)

သူရနှင့် ပန်းကလေးသည် အပြင်မှာဆုံတွေ့ပြီးကတည်းက နောက်ပိုင်းတွင် စကားပြောကြလျှင် VZO Chat ကိုသာ အသုံးပြုကြသည်။ VZO Chat သည် စကားပြော၍ရသကဲ့သို့ စကားပြောနေ သူအချင်းချင်းလည်း တစ်ယောက်ကို တစ်ယောက် ကွန်ပျူတာထဲမှာ မြင်ရလေသည်။ ထိုအတွက် ဗီဒီယိုကင်မရာတော့ တပ်ဆင်ရ၏။

အခုတလော နေ့ဘက်တွေဆိုလျှင် ပန်းကလေး မအားလပ်တာတွေ များလာသောကြောင့် သူတို့နှစ်ဦး ညဘက်၌သာ စကားပြော ဖြစ်ကြ၏။ စကားပြောတိုင်းမှာလည်း ပန်းကလေးက သူရကိုပဟာသလေးများ ပြောနိုင်းလေ့ ရှိပါသည်။

"သူ ဒီနေ့ တို့ကိုပဟာသ ပြောမပြရသေးဘူးနော်"

"အင်းပါ ပန်းရဲ့။ ကိုယ် ဘာပြောရကောင်းမလဲလို့ စဉ်းစားနေတာပါ။ အဲ ... သိပြီ သိပြီ။ စိတ်သိပ်မမှန်တဲ့ လူတစ်ယောက်အကြောင်း ပြောပြမယ်။ ဟိုတစ်နေ့က သူနဲ့ကိုယ်မြို့ထဲမှာ အတူတူလျှောက်သွားကြတယ်"

"ဟင် ... သူက အဲဒီလို လူမျိုးတွေနဲ့လည်း တွဲတယ်ပေါ့တော်လား။

www.burmeseclassic.com

www.burmeseclassic.com



မကြောက်ဘူးလား"

"ဘာကြောက်စရာ ရှိလို့လဲပန်းရယ်။ သူကလည်း ကိုယ့်ကို ဘာမှ မလုပ်ပါဘူး။ ကိုယ်က သူ့ကိုသနားလို့ပါ။ အဲဒါကို ထားပါတော့။ ရယ်စရာကောင်းတာကို ပြောပြမယ်။ သူနဲ့ကိုယ်မြို့ထဲမှာ အတူတူ လျှောက်သွားရင်း ဆင်ရုပ်ပုံပိုစတာ တစ်ခုကိုတွေ့တယ်။ အဲဒီ ပိုစတာကိုမြင်တော့ သူကငါ လည်း အဲဒီလိုအကောင်မျိုး လုပ်ပြတတ်တယ်လို့ ကိုယ့်ကိုပြောတယ်။ ကိုယ်ကလည်း သူစိတ်ချမ်းသာအောင် လုပ်ပြစမ်းပါဦးလို့ ပြောလိုက်တယ်"

"အဲဒီတော့ သူကတကယ်လုပ်ပြလား"

"လုပ်ပြတာပေါ့။ လုပ်ပြတာမှ ကိုယ် ကြက်သီးကိုထသွားတာပဲ"

"ဘယ်လိုလုပ်ပြလို့လဲဟင်"

"သူက သူဝတ်ထားတဲ့ ဘောင်းဘီရဲ့ ရှေ့အိတ်နှစ်ဖက်ကို အတွင်းထဲကနေ ဆွဲထုတ်ပြတယ်။ ပြီးတော့ ဒါကနားရွက်တွေတဲ့။ နှာမောင်းလည်း လုပ်ပြမယ်ဆိုပြီးတော့ ဘောင်းဘီဇစ်ကို ကိုင်နေလို့ ကိုယ့်မှာအမြန်တားလိုက်ရတယ် ပန်းရေ"

"ဟယ် ... ခစ် ခစ် ခစ် ခစ် ... တော်တော်ဆိုးတဲ့လူပဲ"

ပန်းကလေး၏ ရယ်သံလွင်လွင်လေးများမှာ သူရအတွက်တော့ မည်သည့်ကမ္ဘာကျော် ဂီတသံစဉ်နှင့်မှ မလဲလှယ်နိုင်လောက်အောင် နားဝင်ပီယံဖြစ်ကာ ချိုမြသာယာ၏။ ပန်းကလေး ပြုံးရယ်နေလျှင် သူရသည် သူပါပျော်နေသူဖြစ်သည်။ သူရသည် ချစ်သူပျော်ရွှင်မည်ဆိုပါက သူ၏ ကိုယ်စိတ်နှလုံး အလုံးစုံကိုစတေး၍ ဟာသအဖြစ် ဖျော်ဖြေပေးရန်လည်း ဝန်လေးမည့်သူ မဟုတ်ချေ။

"ဟယ် ... ရယ်ရတာနဲ့ မေ့နေလိုက်တာ။ သူ့ကိုပြောရဦးမယ် သိလား။ မနက်ဖြန်ကျရင် တို့အားတယ်"

"အဲဒါကိုယ်က လာရမှာပေါ့ ဟုတ်လား"

"ဘာလဲ ... မလာချင်ဘူးလား"

"သော် ... ကိုယ်က အခုချက်ချင်း ညဘက်ကြီးတောင် ထလာချင်နေတာလို့ ပြောမလို့ပါ"

"ဟွန်း ... ကိုပို။ ပိုကို ပိုလွန်းတယ်"



"မပိုပါဘူး ပန်းရယ်။ ကိုယ်ဟာ ချို့ယွင်းချက်တွေနဲ့လူမို့ ပန်းနဲ့ ပတ်သက်ရင် အမြဲတမ်းလိုနေသူလို့ ခံစားနေရတဲ့ကောင်ပါကွာ"

ပြောပြီးတာနှင့် သူရသက်ပြင်းသဲ့သဲ့ချရင်း ပြတင်းတံခါးမှ အပြင်သို့ ကြည့်လိုက်ရာ လောကတစ်ခွင်အား လရောင်ခြည်တို့ ပက်ဖျန်းထားသည်ကို မြင်ရ၏။ လသာသည့်ညပြီးလျှင် လမိုက်ညဆိုတာ ရှိလာပေဦးမည်။

သူတို့၏ လမိုက်ချိန်ကရော ဘယ်တော့များပါလိမ့်နော် ...။

○○○

www.burmeseclassic.com



## အခန်း (၁၀)

နှလုံးသား၏ ခံစားတာရှင်သန်မှုကို အားသစ်လောင်းဖို့ အာဟာရလေးဆီ ခရီးနှင်ရပေဦးမည်။

ရန်ကုန်ကို သွားရန်အတွက် ပြည်အဝေးပြေးကားဝန်းထဲသို့ သူရအစောကြီး ထွက်လာခဲ့၏။ သူသည် ဤသို့ပင် ရန်ကုန်နှင့်ပြည်ကို အချစ်တစ်နအား လွယ်ပိုး၍ ကူးချည်သန်းချည် လုပ်နေသူဖြစ်သည်။

ကားဝန်းထဲရောက်တော့ ကားလက်မှတ်ဖြတ်ပြီး သူရကားပေါ်တက်ထိုင်နေလိုက်သည်။ ကားထွက်ခါနီးကျော့ သူထိုင်နေရာ ကားပြတင်းနားသို့ ရန်နိုင်ရောက်လာ၏။ စောစောစီးစီးမှာ လူပုံစံက ကွတာတနှင့်။ ဒီအတိုင်းဆိုဆိုင်ကယ်နှင့်ပတ်မွှေနေတာဖြစ်ရမည်။ ရန်နိုင်က သူရကိုမြင်တော့ ပြုံးတူးပြတဲကြည့်ပါသည်။

"ဟိတ်ကောင် ... မင်းကို ငါမြင်ဖူးသလိုပဲ။ မင်းဘယ်ကကောင်လဲ"

"ငါ မင်းသူငယ်ချင်း သူရလေကွာ။ မမှတ်မိဘူးလား။ ဟို တစ်နေ့ကတောင် မင်းနဲ့ငါနဲ့ အတူတူမြို့ထဲ လျှောက်သွားကြသေးတယ်လေ"

ပြန်အစဖော်ပေးလိုက်တော့မှ ရန်နိုင်က သူရကိုမှတ်မိသွားသည်။

"ဟာ ... ဟုတ်သားပဲ၊ သူငယ်ချင်း ... မင်း ဘာလို့ကားပေါ်တက်ထိုင်နေတာလဲ။ ဆင်း ... ဆင်း တော်ကြာ သူခိုးဆိုပြီး အဖမ်းခံနေရဦးမယ်"



"ငါက သူများကားပေါ် သက်သက်မဲ့ တက်ထိုင်နေတာမဟုတ်ပါဘူးကွာ။ ငါခရီးသွားမလို့ကွ"

"ဟုတ်လား။ မင်း ဘယ်သွားမလို့လဲ၊ ငါပါလိုက်မယ်"

"မလိုက်ပါနဲ့ကွာ။ ငါက ခဏလေးပဲ သွားမှာ"

"ခဏလည်း လိုက်မယ်ကွာ။ ငါ ခရီးမသွားဖူးလို့ပါကွ။ ငါ့ကိုခေါ်ပါနော်"

"မလိုက်ပါနဲ့ ရန်နိုင်ရာ။ ငါ မင်းဖို့မုန့်တွေ ဝယ်လာခဲ့မယ်။ နေခဲ့နော်"

"သူငယ်ချင်းကလည်းကွာ။ ငါ မုန့်မစားချင်ပါဘူး။ လိုက်ပဲလိုက်ချင်တာ"

ရန်နိုင်က စွတ်အတင်းပင် ပြောနေ၏။ သူရကလည်း ဟိုရောက်လျှင် ပေါက်ကရတွေ လျှောက်လုပ်နေမှာစိုးသောကြောင့် ရန်နိုင့်ကို မခေါ်ချင်တာဖြစ်သည်။ သူနှင့်တွေ့ဆုံခိုက်မှာ ပန်းကလေးကို စိတ်ညစ်စရာတွေ မဖြစ်စေလိုပါ။

ထိုအချိန်မှာပင် ကားကစတင် ထွက်ခွာလေသည်။ ရန်နိုင့်ကို သနားစွာဖြင့်ပင် သူရလက်ပြနှုတ်ဆက်လိုက်ရတော့သည်။

"တာ့တာ ... ရန်နိုင်ရေ။ ငါ သွားပြီ ... လိမ်လိမ်မာမာနေနော်"

"ဟာ ... သူငယ်ချင်း။ ဘယ်လိုလုပ်တာလဲ။ ငါပါ လိုက်မယ်လေ။ ငါ့ကိုခေါ်ပါကွာ။ ငါ့ဆိုင်ကယ်နဲ့ ငါလိုက်မှာပါကွာ။ ငါလည်း လိုက်ချင်လို့ပါ။ သူငယ်ချင်း ..."

ရန်နိုင်သည် လက်နှစ်ဖက် ဆန့်တန်းလျက် ကားယားကားယားဖြင့် ကားနောက်သို့ပြေးလိုက်လာလေသည်။ ကားအရှိန်ကလည်း တဖြည်းဖြည်းမြန်လာ၏။ ရန်နိုင်ကလည်း ဖွမလျှော့ဘဲ တရကြမ်း ပြေးလိုက်နေဆဲပါပဲ။

"ဝရော ဝရော ... သူငယ်ချင်း ငါ့ကိုမထားခဲ့ပါနဲ့ကွာ။ ငါ့ကို ခွဲမသွားပါနဲ့။ ငါ့မှာ သူငယ်ချင်းဆိုလို့ မင်းတစ်ယောက်တည်းရှိတာလေ။ မင်းမရှိရင် ငါဘယ်သူနဲ့ လျှောက်လည်ရမှာပဲ။ သူငယ်ချင်း ... ငါ့ကိုခေါ်ပါဦးကွ။ ဝရော ဝရော ... တီတီ။ တောက် ...၊ လီဗာ ဘယ်လောက်ဖြဲဖြဲ ဆိုင်ကယ်က မပြေးပါလား။ ဘာဖြစ်နေတာပါလိမ့်"

ရန်နိုင်၏စိတ်ထဲ၌ သူရက သူ့ကိုအပြီးတိုင် ခွဲခွာသွားတော့မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ထင်ကာ ကားနောက်သို့ အသည်းအသန် ပြေးလိုက်နေလေတော့သည်။ ခဏကြာတော့ ကားနောက်ပြေးလိုက်နေရင်း ရန်နိုင် မောပြီးလဲကျသွား၏။

"တောက် ... အရေးထဲကျမှ ဆိုင်ကယ်က ဆီပြတ်သွားရတယ်လို့ ကွာ ... ဟင်းနော်"

ပြေးလိုက်လာသော ရန်နိုင့်ကို ကားပေါ်မှဆို့နင့်စွာဖြင့် လှည့်ကြည့်နေသည့် သူရမှာရန်နိုင်လဲကျသွားသည်ကို မြင်လိုက်ရသောအခါတွင် ထိန်းချုပ်ထားရသည့် စိတ်တို့ဘယ်လိုမှ မနိုင်တော့ချေ။

"ဗျို့ ... ကားဆရာ။ ကားကို ခဏလေးရပ်ပေးစမ်းပါဗျာ။ အရေးကြီးလို့ပါ"

ကားဆရာကလည်း ကားကိုရပ်ပေးပါသည်။ ကားရပ်တာနှင့် သူရ ကားပေါ်မှဆင်း၍ ရန်နိုင်ရှိရာသို့ ကရောသောပါး ပြေးသွားလိုက်လေသည်။ ပြေးလာသော သူရကိုမြင်တော့ ရန်နိုင်ကလည်း ဝမ်းသာအားရဖြင့် ကုန်းထသည်။ ရန်နိုင်၏တစ်ကိုယ်လုံးမှာ ချွေးတွေရွှဲနေလျက် မောလွန်းသောကြောင့် ရင်ဘတ်သည် ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေ၏။ သူရ စိတ်မကောင်းခြင်းကြီးစွာဖြင့် ရန်နိုင့်ကိုခပ်တင်းတင်း ပွေ့ဖက်ပစ်လိုက်လေသည်။

"ရန်နိုင်ရယ် ... သူငယ်ချင်း ... မင်းငါနဲ့ လိုက်ခဲ့ပါတော့ကွာ"

"ဟူး ... အေးကွာ။ လိုက်လည်း ကားနဲ့လိုက်ခဲ့မှ ဖြစ်တော့မယ် သူငယ်ချင်းရေ။ ငါ့ဆိုင်ကယ် ဆီပြတ်သွားပြီကွ"

"အေး အေးပါကွာ။ လာ လာ ... သွားကြရအောင်။ ဟိုမှာ ကားက တမင်ရပ်စောင့်ပေးနေရတာ အားနာစရာကောင်းတယ်"

"ဟို ... ငါ့ဆိုင်ကယ်ကြီးကို"

"ထားခဲ့စမ်းပါကွာ၊ မင်းအတွက် ဆိုင်ကယ်မရှားပါဘူး"

"အေးလေ ... ဒါဆိုလည်းပြီးရော။ ဆိုင်ကယ်စီးရတာလည်း မသက်သာပါဘူးကွာ။ မောလိုက်တာ ... ဟူး"

မလွှဲမရှောင်သာသော အခြေအနေဆိုတာထက် မလွှဲမရှောင်ချင်သော စိတ်ဆန္ဒကြောင့် သူရသည် ရန်နိုင့်ကို ရန်ကုန်သို့ ခေါ်ဆောင်လာခဲ့လေသည်။

ဘာတွေဖြစ်လိမ့်မလဲ ... ဆိုသောစိတ်ဖြင့် တိတ်တဆိတ်တော့ စိုးထိတ်နေမိပါ၏။

၀၀၀



## အခန်း (၁၁)

ထိုနေ့က ရန်ကုန်မြို့၏ ရာသီဥတုသည် သာယာကြည်လင်ပျော်ရှိ၏။ မိုးသားများ ကင်းစင်နေသောကြောင့် နေရောင်ခြည်ဖူးဖူးကတော့ အပူရှိန် ပြင်းလှသည်။ ဘယ်လိုရာသီဥတုမျိုးပဲ ဖြစ်ပါစေ ... ချမ်းသူရှိရာဒေသက သူရ စိတ်ကို ရွှင်ပျစေပါ၏။ ရန်ကုန်ရောက်သောအခါ အောင်မင်္ဂလာ အဝေးပြေးကားဝန်းထဲအထိ ပန်းကလေးက လာ၍ ကြို၏။ ရပ်ထားသော ကားလေးဆီ သူရတို့ရောက်သွားသည်ဆိုရင်ပဲ ဪဟိုး ဪကျ ကိစ္စတစ်ခုနှင့် ပန်းကလေးက ဆီးကြိုလို့နေလေသည်။

"စောင့်လိုက်ရတာ သူရယ်။ လွဲသွားမှာစိုးလို့သာ ပေစောင့် နေရတာ။ ဒီမှာ တို့တိုင်ပတ်နေလို့"

"ဘာလဲ ပန်းရဲ့ ဘာဖြစ်နေလို့လဲ"

ပန်းကလေးမျက်နှာက ရှုံ့မဲ့နေရှာ၏။ သူရကို သူမတွိုင်းလက် ဝင်ချင်နေကြောင်းပြောသည်။ အဝေးပြေးကားဝန်းထဲမှ သူမအိမ်အထိ ပြန့်ဖို့ကလည်းမလွယ်။ ကြာသွားလျှင်လည်း အခြေအနေကမကောင်း။ သူမ အနေနှင့် တွိုင်းလက်ဘယ်နေရာမှာ ရှိသလဲဆိုတာ လိုက်စုံစမ်းရမှာလည်း ရှက်နေသည်။

ရန်နိုင်က မှန်ချထားသော ကားတံခါးပေါက်မှ ပန်းကလေးကို စေ့စေ့စပ်စပ် ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း ဒီကောင်မလေးက ဘယ်သူလဲကွ။ မင်းချစ်သူ ဆိုရင် ငါမရှောင်ပေးမလို့ မေးတာနော်။ သူ့အသားလေးက ဖြူဝင်းနေတာပဲ။ ကိုက်စားချင်စရာလေး။ လူလေးက လှလိုက်သားနဲ့ မျက်နှာကတော့ ရှုံ့မဲ့နေတာပဲ။ ဘာဖြစ်နေတာလဲ ... ချောင်ကြိုချောင်ကြားမှာ ပုရွက်ဆိတ်ကိုက်နေလို့လား"

"အို"

ထူးခြားစွာ ဆိုးရွားနေသော ရန်နိုင်၏ရုပ်ရည်ကို ပန်းကလေးက သတိထားမိပေမယ့် သူမဝေဒနာနှင့် သူမဗို့ သိချင်တာကို မမေးအားသေး။ ရန်နိုင့်လိုလူမျိုးအဖို့ကတော့ ပန်းကလေးသည် လှပသော မိန်းကလေးတစ်ဦး ဆိုတာထက်ပိုပြီး အခြားဘာမှမသိ။

ရန်နိုင်က သူသိချင်တာကို ထပ်မေးပြန်သည်။

"သူငယ်ချင်း ... သူက ဘာဖြစ်နေတာလဲဟေ"

"တွိုင်းလက်ဝင်ချင်နေလို့တဲ့"

"ဘာ"

တွိုင်းလက်ဆိုသော အသုံးအနှုန်းကို ရန်နိုင်နားမလည်မှန်း သူရ သဘောပေါက်သွားသည်။ ဒါကြောင့် တစ်မျိုးပြောပြလိုက်သည်။

"သူက အိမ်သာတက်ချင်နေလို့တဲ့"

သူရ စကားကိုကြားတော့ ရန်နိုင်က အော်ကြီးဟစ်ကျယ် ထရယ် လေသည်။

"ဟား ... ဟား ... ဟား ... ဟား ... ဘာများလဲလို့ကွာ ... အီးပါချင်တာ များ စကားထာဝှက်ပြီး ပြောနေရသေးတယ်။ ဒါများ လွယ်လွယ်လေးရယ်။ ငါပြောပြမယ်။ ဟော့ ... လာ ... လာ ... ဆင်းခဲ့"

"ဟုတ် ... ဟုတ်ကဲ့"

ပန်းကလေးကလည်း အဟုတ်မှတ်ပြီး ဆင်းလာသည်။ ရန်နိုင့် ရုပ်ကိုကြည့်ပြီး ကြောက်နေတာလည်းပါသည်။ ပန်းကလေး ကားအောက် ရောက်တော့ ရန်နိုင်က ကားနံဘေးသို့ လက်ညှိုးထိုးပြပြီး ...

"အဲဒီနေရာမှာ ဆောင့်ဆောင့်လေးထိုင်လိုက်"

"အို"



"ဟာ ... ရန်နိုင်ကတော့ လုပ်ချလိုက်ပြန်ပြီ"

ပန်းကလေးခမျာ အိုးတိုးအမ်းတမ်းတွေ ဖြစ်ကုန်သည်။ ဒါတောင် ကိုယ်တော်ရန်နိုင်က ဆိုင်ကယ်တွေ စက်ဘီးတွေ စီးသလိုမျိုး သူ့ပေါင် နှစ်ချောင်းကိုကား၍ အိမ်သာခွက်ဆိုပြီး တက်မထိုင်ခိုင်းလို့ တော်သေး တာပေါ့။ မဟုတ်ရင်တော့လား ...။

အခုလည်းပဲ ပန်းကလေး အတော်ဒေါသထွက်သွား၏။

"ကျွတ် ... အရေးထဲမှာ လာနှောက်နေတယ်။ သူက ဘယ်သူလဲ"

ပန်းကလေးက အလိုမကျသော မျက်နှာဖြင့် သူရကိုမေးသည်။ သူရ ဘာမှမပြောရသေးခင် ရန်နိုင်က သူ့ရင်ဘက်သူ ပုတ်၍ ...

"ဟဲ ဟဲ ... သိချင်ရင်လည်း ပြောပြရတာပေါ့လေ။ ငါက ရန်နိုင်။ မိန်းကလေးပေါင်း မြောက်မြားစွာက တမ်းတမ်းစွဲနေတဲ့ လူပေါ့။ ငါနဲ့များ တစ်ညလောက် ပေါင်းသင်းရမယ်ဆိုရင် သေပျော် ပါပြီဆိုတဲ့ မိန်းကလေးတွေ တစ်ပုံတစ်တွေးကြီးပဲ။ အဲဒီ ဒဏ်တွေကို မခံနိုင်လို့ တစ်နယ်တစ်ကျေးကို ထွက်ပြေးလာပါတယ်ဆိုမှ အခုလည်း မိန်းကလေးတစ်ယောက်က ငါ့ရုပ်ကို မြင်တာနဲ့ ငါ့အကြောင်းကို စိတ် ဝင်တစား မေးနေပြန်ပြီ။ စိတ်ညစ်တယ်ကွာ။ ကြိုပြောထားမယ်နော်။ ငါ့ဘော်ဒါရဲ့ကောင်မလေးမို့လို့ နင့်ကိုတော့ငါ လုံးဝ ပြန်မကြိုက်နိုင်ဘူး"

"အမယ်လေးနော် ... ခွေးကျွေးလို့ ဝက်မစား၊ လဒတောင် မနားဝံ့ လောက်တဲ့ မျောက်ကိုပြာသုတ်ပြီး ဓားနဲ့ဆွထားသလို ရှင့်ရုပ်ရှင့်ရည်နဲ့ ဘာတွေလာပြောနေတာလဲ။ ဒီမှာ စိတ်ရှုပ်နေပါတယ်ဆိုမှ အူကြောင်ကြောင် လာလုပ်နေတယ်။ ရှင် ရူးနေလား"

အဆင်မပြေမှု အခံကြောင့် စိတ်မကြည်မလင်ဖြစ်နေသော ပန်းကလေးက ဒေါသဖြင့် ဟောက်လိုက်ရာ ရန်နိုင်မျက်နှာပျက်သွား၏။ ရန်နိုင်က သူ့ကိုအရူးဟု ပြောပါက အလွန်နာသူဖြစ်သည်။

"နင် ... နင် ငါ့ကိုအရူးလို့ မပြောနဲ့နော်။ ငါ အရူးမဟုတ် ဘူး။ ငါ့ကို အဲ့လို မပြောပါနဲ့။ နင်နော် ... ငါ ... ငါ ... အရူးမဟုတ်ဘူးနော်။ ဟိတ်ကောင် သူငယ်ချင်း ... ငါ ... ငါ အရူးမဟုတ်ဘူးလေကွာ။ အဲဒါ သူ့ကိုပြောပြလိုက် စမ်းပါ။ ငါလေ ... ငါက အရူးမဟုတ်ပါဘူးဟာ"

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားသော ရန်နိုင်၏အမူအယာကိုကြည့်ကာ ပန်းကလေး ကြောင်သွားသည်။ သူရက ပန်းကလေးကို လက်ကာ၍ မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး အခြေအနေကို ဝင်ထိန်းလိုက်၏။

"ဟုတ်တယ်ပန်းရဲ့။ ကိုယ့်သူငယ်ချင်း ရန်နိုင်က အရူးမဟုတ်ပါဘူးကွာ။ ကိုယ်တို့ နယ်တစ်ကြောမှာဆို ရုပ်ချောတဲ့နေရာမှာ သူ့တုလို့ ဘယ်သူမှမမှီဘူး"

သူရက ရန်နိုင်၏အကြောင်းကို သိထားသူမို့ အလိုက်သင့်လေး မျှောပေးလိုက်သောအခါ ရန်နိုင့်ပုံစံက ကျေနပ်ဟန်ပေါ်လွင်လာ၏။ ပန်းကလေးကလည်း ပါးနပ်သူမို့ ရန်နိုင့်ကို အကြည်သာဆုံး ပြုံးပြလိုက်ပါသည်။ ပြီးတော့မှ သူရအနားသို့ ကပ်၍တိုးတိုးလေးပြောသည်။

"တို့ကိစ္စကို လုပ်ပေးဦးလေ"

"ဟာ ... ဟုတ်သားပဲ"

ဒီတော့မှ ပန်းကလေး၏ ပြဿနာကို သူရသတိရ၏။ ထို့ကြောင့် ရန်နိုင့်ကို ခဏထားခဲ့ဖို့ စီစဉ်ရပြန်သည်။

"သူငယ်ချင်းရန်နိုင်၊ ငါတို့နှစ်ယောက် ကိစ္စရှိလို့ ဒီဘက်နား ခဏသွားလိုက်ဦးမယ်။ မင်းကားထဲမှာဝင်နေ။ မင်းက ရုပ်ချောတယ်ဆိုတော့ ကောင်မလေးတွေ အတင်းဆွဲသွားမှာ စိုးရိမ်ရတယ်ကွ။ လာ"

သူရက ကားတံခါးဖွင့်ပေးလိုက်တော့ ရန်နိုင်က စိတ်လိုလက်ရ ဝင်ထိုင်သည်။ ဒါတောင် သူရက စိတ်မချနိုင်စွာ သေချာထပ်မှာနေသေးသည်။ ပန်းကလေးကဖြင့် ထွက်တော့မည်။

"သူငယ်ချင်း ... မင်းအဲဒီကားထဲမှာပဲနေနော်။ ငါတို့က ခဏနေပြန်လာမှာ။ တော်ကြာ မင်းကိုကောင်မလေးတွေ ဆွဲသွားမှာစိုးလို့ ပြောနေတာ။ တချို့ရန်ကုန်သူတွေက ခြေဆော့လက်ဆော့ ရှိပါဘိသနဲ့။ အပြင်ထွက်ရင် မင်းဘဝ ပျက်သွားလိမ့်မယ်နော်"

"အေးပါကွာ ... စိတ်ချစမ်းပါ။ မင်းကလည်း ငါ့များ အရူး ကျနေတာပဲ။ ဒီလောက်မှာစရာ မလိုပါဘူးကွ"

"စိုးရိမ်လို့ပါကွာ"

"အေးလေ ... မင်းကိုငါ အပြစ်မတင်တော့ပါဘူး။ ငါ့ရုပ်က မင်း



စိုးရိမ်မယ်ဆိုလည်း စိုးရိမ်လောက်စရာ ဖြစ်နေတာကြီးကိုး။ သြော် ... အလှရဲ့ ဝဋ်ဒုက္ခကလည်း မသေးပါလားနော်"

ပိုပြီးစိတ်ချရအောင် သူရက ကားမှန်တွေကိုတင်ကာ တံခါးတွေကိုလည်း လော့ခ် (Lock) ချပြီးမှ ပန်းကလေးအား ခေါ်၍ထွက်လာခဲ့သည်။ တချို့လူတွေက နာမည်ရစ ပန်းကလေးကို စဝေစဝါ ပုံစံတွေဖြင့် ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြပါ၏။

ပန်းကလေးကတော့ ဘာကိုမှ ဂရုမစိုက်နိုင်ချေ။

"ပန်းကို ရန်နိုင့်အကြောင်း ပြောပြရဦးမယ်"

"ပြီးမှပြောပါ။ အခုလောလောဆယ် ကိစ္စယားကို သူရှင်းပေးပါဦး။"

ယခုအချိန်မှာ ပန်းကလေးအတွက် အလိုအပ်နေဆုံး အရာဖြစ်သော အိမ်သာကို သူရအလျင်အမြန် စုံစမ်းရှာဖွေပေးလိုက်ပါသည်။ ဘယ်လိုမှ မနေသာတော့တာမို့ အများသုံးအိမ်သာထဲသို့ ပန်းကလေး ခပ်တည်တည် မျက်နှာပေးနှင့် ဝင်သွားရလေ၏။ လူတွေမှာ အဆင့်အတန်း၊ ဂုဏ်ပကာသန၊ အတွေးအခေါ်၊ အယူ အဆ၊ ကွာဟချက်တွေ မည်သို့ပင် ရှိသော်ငြားလည်း ခန္ဓာငါးပါး ရုပ်တရားအားဖြင့် ကြည့်ပါက မကွဲပြား မခြားနားဘဲ အတူတူချည်းသာ ဖြစ်သည်မဟုတ်ပါလား။

သို့ရာတွင် သမုဒယနွယ်ဖွားပေမို့ မြတ်နိုးသော ချစ်သူကို လူချင်းအတူတူကြားမှပင် မြင့်မားထွန်းတောက်သော လူသားတစ်ယောက် ဖြစ်စေချင်သည့် ဆန္ဒအရင်းခံသည် သူရရင်၌ ဝင်သန့်မြဲမြံစွာ အစဉ်တည်ရှိနေပါ၏။

၀

"ဘယ်လိုလဲ အခြေအနေ။ အဆင်ပြေသွားပြီလား"

"အင်း"

ပန်းကလေးအိမ်သာမှ ထွက်လာသောအခါ သူရက ရန်နိုင့်အကြောင်းတွေကို ပြောပြလိုက်ပါသည်။ ထိုအခါ စိတ်သဘောထား ပြည့်ဝသော ပန်းကလေးမျက်နှာပြင်၌ ကရုဏာအရိပ်အငွေ့တို့ ထင်ဟပ်ရောက်ရှိဖို့ လာ၏။

www.burmeseclassic.com



"ဒီလိုဆို ရန်နိုင်က တော်တော်သနားစရာ ကောင်းတာပဲ။ တို့ချစ်သူက လူတစ်ဖက်သားကို သိပ်စာနာတတ်တာပဲနော်။ အမြဲလိုလို ဝမ်းနည်းစိတ်ညစ်နေတတ်တဲ့ တို့ကိုလည်း ပျော်အောင်ဖန်တီးပေးတယ်။ ရန်နိုင့်လိုလူမျိုးကို ကျပြန်တော့လည်း စိတ်ချမ်းသာအောင် ဖြည့်ဆည်းပေးတယ်။ သူနဲ့ချစ်သူ ဖြစ်ခွင့်ရတာ တို့တကယ် ဝမ်းသာဂုဏ်ယူမိပါတယ်"

"ပန်းအနေနဲ့ ရန်နိုင့်ကို အခုလို ကြည်ကြည်ဖြူဖြူ လက်ခံတာကိုပဲ ကိုယ် ဝမ်းသာလှပါပြီ ပန်းရယ်"

"ဘာကြောင့် လက်မခံရမှာလဲ။ သူလည်း လူပဲဥစ္စာ"

"ဟုတ်တယ် ပန်းရဲ့။ ဒါကိုတချို့လူတွေက အဆင့်ခွဲချင်ကြတယ်။ ဒါပေမယ့် ဦးနှောက်မှန်ရက်သားနဲ့ ကိုယ့်ကိုယ်ကို မဆင်ခြင် မထိန်းသိမ်းဘဲ ဆိုးသွမ်းပျက်စီးနေကြတဲ့ လူတွေနဲ့စာရင် ရန်နိုင်လို လူမျိုးနဲ့ ပေါင်းသင်းရတာကမှ ကောင်းပါသေးတယ်"

ကားဆီသို့ ပြန်ရောက်သောအခါ ရန်နိုင့်ကို ကားပေါ်မှာပင် မြင်လိုက်ရသဖြင့် သူရစိတ်အေးသွားမိသည်။ ရန်နိုင်သည် ကားပေါ်မှတွေ့သော ပန်းကလေး၏ ကြည့်မှန်တစ်ချပ်ကို ကိုင်၍ပြုံးဖြီးဖြီးကြီးနှင့် စိုက်ကြည့်နေသောကြောင့် ပန်းကလေးက သိချင်စိတ်ဖြင့် မေးကြည့်လိုက်သည်။

"ကိုရန်နိုင် ... ဘာတွေ သဘောကျနေတာလဲရှင့်"

"ဪ ... ကမ္ဘာမှာ အချောဆုံး အလှဆုံးယောကျ်ားတစ်ယောက်ရဲ့ ရုပ်ပုံလွှာကိုကြည့်ပြီး သဘောကျနေတာပါဗျာ"

"ဟာ ... ဒီကောင်ကတော့ လုပ်တော့မယ်"

ရန်နိုင်၏ အဖြေစကားကြောင့် ပန်းကလေးမှာ တော်တော်နှင့် ရယ်၍မပြီးတော့ချေ။ ပန်းကလေးနှင့် ရန်နိုင်အဆင်ပြေနေတာကို မြင်ရသဖြင့် သူရမှာစိတ်ချမ်းသာနေရသည်။ သူက ထိုနှစ်ယောက်စလုံးကို ပျော်ရွှင်စေချင်သူမဟုတ်လား။

ထိုနေ့က အပေါ်ယံသဏ္ဌာန်ကွဲသော သူတို့သုံးဦးသည် မျှဝေနားလည်မှုကို မဏ္ဍိုင်ပြုကာ လိုက်လျောညီထွေဖြစ်လျက် ပျော်ရွှင်စွာ အတူတကွ လျှောက်လည်ပတ်ကြလေသည်။



ဝိုက်ကျေျ့လိုက်ရ၍ ဗိုက်ဆာချင်သွားသော ပန်းကလေးက ကြေးအိုး သောက်ချင်သည်ဆို၍ ပထမဦးဆုံး သူတို့သုံးယောက် ကြေးအိုးဆိုင်သို့ သွားလိုက်ကြ၏။ ကြေးအိုးဆိုင်ရောက်သောအခါ ပန်းကလေးကပင် ဦးဆောင်၍ မှာသည်။

"ကြေးအိုးကို ကြက်နဲ့တစ်ပွဲ။ သူက ဘာစားမှာလဲ"

"ဆီချက်ပဲ စားမယ်။ ကြက်နဲ့ပဲနော်"

"ရန်နိုင်ကရော ဘာစားခလဲ။ ကြေးအိုးပဲလား"

"ဟင့်အင်း ... ငါက သွားမကောင်းဘူးဟ။ ကြေးအိုးဆို ဖြစ်မှာ မဟုတ်ဘူး"

ရန်နိုင်၏အပြောကြောင့် သူရနှင့် ပန်းကလေး ပြုံးမိကြသည်။ ပန်းကလေးက ...

"ဒါဆိုဘာစားမှာလဲ ရန်နိုင်ရဲ့။ ဆီချက်စားမလား"

"ဟင့်အင်း ... မစားချင်ဘူး"

"ဟင် ... ရန်နိုင်ကလည်း ချေးများလိုက်တာ"

"ချေးများမှာပေါ့ဟ။ ငါက ရေမချိုးတာ တစ်လတောင်ရှိပြီ။ အီးမပါဖြစ်တာလည်း တော်တော်ကြာပြီ"

"ဟာ ... ရန်နိုင်ကလည်း အဲဒီချေးများတာကို ပြောတာမဟုတ်ဘူး။ အစားရွေးလို့ ပြောနေတာ။ ကဲ ... ဘာစားမလဲပြော "

"ဘာမှမစားချင်ဘူး"

"မစားလို့တော့ ဘယ်ဖြစ်မလဲ ရန်နိုင်ရဲ့။ တစ်ခုခုတော့ စားမှပေါ့"

"မစားချင်ပါဘူးဆိုနေမှ"

"ကဲပါ ပန်းရယ်၊ သူ့ကို မေးမနေပါနဲ့တော့။ သင့်တော်မဲ့ ဥစ္စာ တစ်ခုခုသာ မှာပေးလိုက်"

သူရဝင်ပြောတော့မှ ပန်းကလေးက ရန်နိုင့် အတွက် ကြာဇံဆီချက် မှာပေးလိုက်သည်။ မှာထားသော စားစရာတွေ ရောက်မလာခင် စားပွဲထိုးလေးက အရင်ဆုံး တူသုံးစုံကို လာချပေးသည်။ ထိုတူတွေကို ရန်နိုင်က ကိုင်ကြည့်ပြီး ...

"သူငယ်ချင်း ... ဒါတွေက ဘာတွေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကွလေကွာ။ စားစရာတွေ ရောက်လာရင် အဲဒါနဲ့ ညှပ်စားရမှာ"

"ဟွန်း ... တူကလည်း ငါလမ်းဘေးမှာ မစင်ကုန်းတဲ့ တုတ်ကျနေတာပဲ"

"အင်"

သူရနှင့် ပန်းကလေးမှာ တူနှင့်စားရမည်ကိုပင် ဝန်လေးသွားမိကြသည်။ ရန်နိုင်ကတော့ ဘာမှမသိ။ သူပြောချင်တာသာ ဆက်ပြောနေ၏။

"ငါတို့အိမ်က တူကျတော့ အကြီးကြီးပဲကွ။ သံရိုက်လို့တောင်ရတယ်။ ဒါပေမယ့် အဲဒီတူက ဒီတူလိုမျိုးတော့ မစင်ကုန်းလို့ အဆင်ပြေမှာမဟုတ်ဘူး။ ဒီကောင်ကတော့ မစင်ကုန်းလို့ တော်တော်ကောင်း လောက်တယ်ကွ။ ပြောင်ချောနေတာပဲ"

ပန်းကလေးကို သည်းခံပေးရန် သူရ မျက်လုံးတို့ဖြင့်သာ တောင်းပန်နေရပါလေသည်။ မှာထားတာတွေ ရောက်လာတော့ ရန်နိုင်က တူနှင့်စားရမှာ ရွံသည်ဟုပြောသောကြောင့် ဇွန်းတောင်းပေးလိုက်ရ၏။ သူရနှင့် ပန်းကလေးကတော့ ရန်နိုင်၏မစင်ကုန်းတုတ်နှင့် တူသည်ဆိုသော တူနှင့်ပင်လည်ချောင်းနင်နင်ဖြင့် တစ်ပွဲစီကုန်အောင် မနည်းစားလိုက်ရသည်။

သူတို့နှစ်ယောက်က တစ်ပွဲစီကုန်အောင် မနည်းစားလိုက်ရပေမယ့် မစားချင်ပါဘူးဟု ဆိုသဖြင့် အတင်းကျွေးနေရသော ရန်နိုင်ကတော့ ကြာဇံဆီချက်ကို သုံးပွဲကုန်အောင် အသာလေးစားပစ်လိုက်လေ၏။

သူရနှင့် ပန်းကလေးသည် ရန်နိုင်ဘုရားဖူးရစေရန်အတွက် ရွှေတိဂုံဘုရားသို့ သွားလိုက်ကြ၏။ ဝါဝါဝင်းဝင်း ရွှေအဆင်းဖြင့် သပ္ပာယ်လှသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးက အလွန်တရာ ကြည်ညိုဖွယ်ကောင်းလှပေသည်။ ရန်နိုင်က စေတီတော်မြတ်ကြီးနှင့် အရံစေတီငယ်အဆူဆူတို့ကို သေသေချာချာကြည့်နေသည်။

သူရကတော့ ရန်နိုင့်ကို စေတီပုထိုးတွေအကြောင်း အကျယ်တဝင့်ရှင်းပြလိုက်၏။ သူရသည် ရန်နိုင်၏အသိတရားကို ပြုပြင်ဖို့ ကြိုးစားနေတာဖြစ်သည်။ သူရ၏ စိတ်သန္တာန်၌ ရန်နိုင့်ကိုလူတွေကြားမှာ နေသားတကျဖြစ်နေစေချင်မိလေသည်။



ထို့နောက် သူတို့သုံးယောက် ကန်တော်ကြီး ငါးဥယျာဉ်သို့ သွားကြပြန်သည်။ အလှမွေးထားသော ငါးကန်တွေဆီရောက်တော့ ရန်နိုင်က ငါးကန်တစ်ခုထဲသို့ လက်နှိုက်၍ငါးတွေကို လိုက်ဖမ်းနေ၏။ ဒါကို သူရတို့က မမြင်။

ပန်ကလေးက မှန်နံရံလေးအတွင်းမှာ လှပစွာဘယ်ညာ ကူးခတ်နေသော ရွှေငါးလေးတွေကို စာနာစိတ်ဖြင့်ငေးကြည့်ပြီး သူမ ရင်တွင်းမှ ခံစားမှုကို သူရအားပြောပြနေသည်။

"သူရယ် ... ဒီငါးလေးတွေ သနားပါတယ်နော်။ သူတို့ ခမျာလူတွေစိတ်အပန်းဖြေဖို့အတွက် အစာလေးပဲ ပုံမှန်စားရပြီး ဒီအထဲမှာ အကျဉ်းကျနေရရှာတာ။ မသေခင်စပ်ကြားမှာလည်း သူတို့ရဲ့လွတ်လပ်မှုက ဒီမှန်ကန်အကျယ်အဝန်းလေးပဲ ရှိတယ်နော်။ ဒီလိုနဲ့တစ်နေ့ သေရင်လည်း ဒီအထဲလေးမှာပဲ သူတို့သေသွားကြရမှာ။ သနားစရာ ကောင်းလိုက်တာ"

"သတ္တဝါမှန်ရင် သေမျိုးချည်းပါပဲ ပန်းရယ်။ ကိုယ်တို့ လူသားတွေကရော ဘာထူးလို့လဲ။ တိရိစ္ဆာန်တွေလိုပဲ သေမဲ့နေ့ကို လူ့ကျင့်ဝတ် စည်းဆောင်တွေထဲမှာ နေထိုင်ပြီး အစာစားရင်း စောင့်နေရတာပဲ မဟုတ်လား။ တိရစ္ဆာန်တွေထက် ကိုယ်တို့လူတွေမှာ သာတာက အသိဉာဏ်ပဲ။ အဲဒီအသိဉာဏ်နဲ့ပဲ ဘဝရှင်သန်မှုမှာ အသင့်လျော်ဆုံးဖြစ်အောင် ကျင့်ကြံ နေထိုင်သွားရမှာပေါ့လေ။ ဘဝဆိုတာ ကိုယ်ဖြစ်ချင်သလိုတော့ ဘယ်ဖြစ်ခွင့်ရနိုင်ပါ့မလဲ ပန်းရယ်။ ဒါကြောင့် ဖြစ်လာတဲ့ ဘဝမှာ အကောင်းဆုံးဖြစ်အောင် နေတတ်ဖို့ပဲ လေ့ကျင့်ရမှာပေါ့"

ပန်းကလေးက ငါးလေးတွေကို သူမဘဝနှင့် နှိုင်းယှဉ်၍ စာနာသနားနေတာဖြစ်ကြောင်း သူရရိပ်စားမိသဖြင့် ချစ်သူ၏ဝေဒနာတို့ ပေါ့လျော့စေရန် နှစ်သိမ့်ပေးနေလိုက်သည်။ သူရသည် ချစ်သူနှင့် တွေ့တာနှင့် ချစ်သူ့ရင်ထဲမှာ ဘာတွေရှိနေသလဲဆိုတာ သိလိုစိတ်ဖြင့် ချစ်သူ၏ မျက်နှာကို အနုစိတ်ကြည့်၍ တိတ်တဆိတ် အကဲခတ်နေသူ ဖြစ်သည်။

ထိုအချိန်မှာပင် ငါးကန်ထဲသို့ လက်နှိုက်နေသော ရန်နိုင်က သူရကို လှမ်းမေးသည်။

"သူငယ်ချင်း ... သတ္တဝါမှန်ရင် တစ်နေ့သေရမှာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ရန်နိုင်ရ"

"ဒါပေမယ့်ကွာ ... ဒီငါးလေးနှစ်ကောင် သေတာကတော့ စေလွန်းပါတယ်"

"ဟေ ... ဘာ"

ရန်နိုင်၏စကားကြောင့် သူရရင်ထဲ ကိတ်ခနဲဖြစ်သွားရသည်။ ရန်နိုင်ကတော့ အေးအေးဆေးဆေးပင်။ လုံးဝမှုမပျက်။

"ဟုတ်တယ်ကွ။ အိစိ အိစိလေးမို့ ငါညှစ်ကောင်းကောင်းနဲ့ ညှစ်လိုက်တာ ... ငါးလေးနှစ်ကောင် သေသွားပြီ"

"ဟာ"

"အို"

သူရနှင့် ပန်းကလေးမှာ ခြေမကိုင်မိ လက်မကိုင်မိတွေ ဖြစ်ကုန်ကြသည်။ ငါးဥယျာဉ်ထဲတွင် လူရှင်းနေသဖြင့် တော်သေး၏။ အခြေအနေကို ကြည့်၍ သူရက ...

"ပန်းရေ ... ရန်နိုင်ကတော့ သနားစရာ ငါးလေးနှစ်ကောင်ကို ဝဋ်ကျွတ်အောင် ချွတ်ပေးပြီးသွားပြီ။ အဲဒါကြောင့် ကိုယ်တို့လည်း ဒီနေရာက အမြန်ဆုံးလစ်ကြရအောင်။ အလျော်ပေးရတာက အရေးမကြီးဘူး။ တော်ကြာ ရှင်းခါမှပိုရှုပ်နေမှာ စိုးရတယ်။ လာဟေ့ ... ကယ်တင်ရှင်ကြီး ရန်နိုင်ရေ။ ခြေကုန်သုတ်ကြစို့"

သူရက ရန်နိုင်နှင့် ပန်းကလေး၏လက်ကို တစ်ဖက်တစ်ချက်ဆွဲ၍ ထိုနေရာမှ အမြန်ဆုံး ပြေးထွက်လာခဲ့လေသည်။

လူတွေက သူတစ်ပါး၏ဒုက္ခကိုသာ ရယ်ချင်ရယ်မည်။ ကိုယ်ဒုက္ခရောက်မှာကိုတော့ဖြင့် အလွန်ပင်ကြောက်တတ်ကြပါသည်။

၁

"ပန်းရေ ... ရန်နိုင်နဲ့သာ များများတွဲ။ အဲဒီလိုသာဆိုရင် ပန်းခါတ်ပုံတွေ အခုထက်ပိုပြီး ဂျာနယ်ထဲမှာ ဝေဝေဆာဆာ ပါလာလိမ့်မယ်။ အဲ ... ဂျာနယ်ကတော့ မှုခင်းဂျာနယ်ဖြစ်ဖို့ များတယ်"

"ခစ် ခစ် ... သူကတော့ ပြောတော့မယ်"



ရေကန်အစပ် မြက်ခင်းပေါ်၌ သူရတို့သုံးဦး ခြေပစ်လက်ပစ် ထိုင်နေကြလေသည်။ သစ်ရွက်သစ်ခက်များကြားမှ နေပြောက်စူးစူးက သူတို့အပေါ် ကွက်တိကွက်ကျား ထိုးစိုက်ကျနေ၏။ တသုန်သုန်တိုက်ခတ်လာသောလေထုထဲမှာလည်း အပွင့်တို့က သည်းထန်စွာလွင့်ပါလာကြသည်။

"ဟူး ... ပူလိုက်တာကွာ"

"အေးကွာ ... ပူရတဲ့အထဲ ပြေးရတာမောလိုက်တာ။ ဒီလို ပြေးရမယ်မှန်းသိရင် ငါ့ဆိုင်ကယ်ကြီးကို ယူလာခဲ့ပါတယ်။ မင်းတို့လည်း စီးရတာပေါ့"

ရန်နိုင်က ပူအိုက်လာဟန်ဖြင့် ရှပ်အင်္ကျီ၏ရင်ဘတ်မှ ကြယ်သီးတွေကို ဖြုတ်ရင်းပြောနေ၏။ ပန်းကလေးကတော့ လှိုင်းကြက်ခွပ်လေးတွေထနေသော ရေပြင်ကြီးအား ရီဝေစွာငေးကြည့်နေပါသည်။ ကန်စပ်မှ စုံတွဲတို့ကလည်း အချစ်ကိုဖန်းပြပြီး စားနေသော ဖော့ဖွဲ့ဖွာယာဉ်ကြောမှာ နစ်မျောနေကြလေသည်။ ဒါတွေကိုကြည့်ကာ သူရကပြုံးသည်။

"ဒီကန်ရေပြင်ကြီးကို ကြည့်ရင်းကိုယ်စိတ်ကူးတစ်ခုရတယ် သိလားပန်း"

"ဘာစိတ်ကူးလဲ သူရဲ့"

"ဩော် ... မိကျောင်းသားပေါက် ဆယ်ကောင်လောက် ဝယ်ပြီး ဒီကန်ထဲလွှတ်ပေးထားရင် သိပ်ကောင်းမှာပဲလို့ တွေးမိလို့ပါ။ အဲဒါမှ မိကျောင်းတွေကြီးလာရင် အတွဲတွေ ကန်စပ်မှာထိုင်ပြီး မပလူးရဲတော့မှာ"

"အာ ... သူကတော့လေ။ ကပ်သီးကပ်သပ် သိပ်အတွေး တတ်တာပဲ။ ခစ် ခစ်... ဟင်"

ပန်းကလေးသည် ရယ်နေရင်းတန်းလန်း ရန်နိုင်၏ရင်ဘတ်ဆီ အနားသို့ရောက်သွားသောအခါ၌ အရယ်ရပ်သွားသည်။

"ရန်နိုင့် ရင်ဘတ်က အမာရွတ်က ဘာဖြစ်တာလဲဟင်"

ပန်းကလေးကမေးတော့ ရန်နိုင်က သူ့ရင်ဘတ်ကို ငုံ့ကြည့်၏။ ပြီးတော့ မဲ့မဲ့ကြီးပြုံး၍ ...

"အမယ်လေး ... ဒါလေးများ အဆန်းလုပ်လို့။ ငါက အမာရွတ်ဘုရွှေးဟ။ ဒီမှာကြည့်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်က သူဝတ်ထားသော အင်္ကျီကို ချွတ်ပစ်လိုက်သည်။ ထိုအခါ ...

"ဟယ်"

"ဟာ"

ရန်နိုင်၏ ခန္ဓာကိုယ်အနှံ့အပြားမှာ ကြီးမားသော ဒဏ်ရာအမာရွတ်တွေက ဗရပွ။ မြင်ရသူကိုပင် ကြက်သီးထသွားစေပါသည်။

"ဘယ်လိုဖြစ်တာလဲ ရန်နိုင်ရယ်"

"အိမ်က အရူးတွေလက်ချက်ပေါ့။ ဒါတွေတင် မကသေးဘူး။ ရှိသေးတယ်။ ထပ်ကြည့်ဦးမလား။ ငါ ဘောင်းဘီချွတ်ပြမယ်"

"အို"

"ဟာ ... နေ နေပါကွာ။ မကြည့်ရဲပါဘူး။ ဒီလောက်ဆိုရပါပြီ"

"မကြည့်လည်း နေပေါ့ကွာ"

ပြောပြီးတာနှင့် ရန်နိုင်က ရေစပ်သို့သွား၍ ကလေးငယ်တစ်ဦးသဖွယ် ဆော့ကစားနေပြန်သည်။ ယန်းကလေးကတော့ ကရုဏာရိပ် သန်းနေသော မျက်ဝန်းတို့ဖြင့် ရန်နိုင့်ကိုလှမ်းကြည့်နေ၏။

"ရန်နိုင် ဘာလို့အခုလို ဖြစ်နေရတာလဲဟင်"

"သူတို့ မိသားစုအားလုံးက အဲဒီအတိုင်းပဲတဲ့။ မျိုးရိုးလိုက်တာ လို့ ပြောကြတာပဲ"

"ရန်နိုင့်အကြောင်းကို တို့သိချင်တယ်"

"ကိုယ်သိသလောက် ယန်းကိုပြောပြထားပြီးပြီလေ။ ကိုယ်လည်း အဲဒီထက်ပိုပြီး ဘာမှမသိဘူး"

"တို့က ရန်နိုင့်ရဲ့နောက်ကြောင်း ရာဇဝင်ကို ဒီထက်ပိုပြီး ပြည့်ပြည့်စုံစုံ သိချင်တာ။ ဖြစ်နိုင်ရင် သူ့စုံစမ်းပေးပါလား"

"အင်းပါ ... ကိုယ်စုံစမ်းပေးပါ့မယ်။ ဒါနဲ့ ယန်းက ရန်နိုင့်အကြောင်းကို ဘာလို့ဒီလောက်တောင် သိချင်နေရတာလဲ"

"တို့စိတ်ဝင်စားလို့ပါ"

"အေးပေါ့လေ။ မင်းသမီးဆိုတော့ ကာရိုက်တာတွေကို လိုက်လေ့လာနေတာပေါ့ ဟုတ်လား။ ကဲ ... အခုလောလောဆယ်တော့ အဲဒီ



ကာရိုက်တာတွေကို ခေါက်ထားပြီး ဒရိုင်ဘာလုပ်ပေးဦး။ အချိန်မရှိတော့ဘူး။ ကိုယ်တို့ ပြန်တော့မယ်။ ကားဂိတ်လိုက်ပို့ပေး"

"ဟင် ... နေ့ချင်းပြန်မှာ ဟုတ်လား။ မနေတော့ဘူးလား"

ယန်းကလေးမျက်နှာ ညှိုးဖျော့သွားသည်။ သူ့ရ ရင်ထဲမှာလည်း မကောင်းတော့။

"နေတော့နေချင်တာပေါ့ ယန်းရယ်။ ဒါပေမယ့် ကိုယ်တစ်ယောက်တည်းမဟုတ်ဘူးလေ။ ရန်နိုင်ကရှိသေးတယ်။ ညအိပ်ဖို့ကျတော့ သူ့မှာ မှတ်ပုံတင်လည်း ပါတာမဟုတ်ဘူး။ အဲဒါကြောင့်ပါ ယန်းရဲ့"

"အင်းပါလေ ... ဒါဆိုလည်း ပြီးရော"

ယန်းကလေးက သူ့ရနှင့်ရန်နိုင်ကို အဝေးပြေးကားဝန်းထဲအထိ လိုက်ပို့ပေးသည်။ မျက်နှာလေးကတော့ မလန်းဆန်း။ သူ့ရ အာရုံတွေ နွမ်းသွား၏။

ကသီကရိနိုင်စွာပင် သူရောက်လာကာ ကသောကမျော လျှောက်လည်ပတ်ပြီး ကတိုက်ကရိုက် ပြန်သွားသောကြောင့် ယန်းကလေး ကသိကအောက်ဖြစ်၍ ကျန်ခဲ့မည်ဆိုတာကို ကယောက်ကယက်ဇိတ်တို့ဖြင့် ရိပ်မိပါသည်။

သို့သော် ဘာမှမတတ်နိုင်ရှာပေ။

သူကိုယ်တိုင်လည်း ကပေါက်တိကပေါက်ချာကြီး ခံစားနေရလေသည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

အလေ့ကျ ပန်းရိုင်းလေးတွေက ရီးညာတဲ့အပြိုင်းပြိုင်းနှင့် လမ်းဘေးဝဲယာမှာ အစွမ်းကုန် ပွင့်အာပြနေကြသည်။ ပန်းရိုင်းပွင့်လေးတွေကို မြင်တော့ ချစ်သူပန်းကလေး မှာထားတာကို သတိရမိသည်။ ထို့ကြောင့် ရန်နိုင်တို့အိမ်သို့ သူရထွက်လာခဲ့၏။

လာသာလာရသည်။ လန့်တော့ခပ်လန့်လန့်ပင်။

"ရန်နိုင်ရေ ရန်နိုင်"

ရှင်းငြိမ်နေသော ခြံရှေ့သို့ ရောက်သောအခါ သူရအော် ခေါ်လိုက်၏။ ထိုအခါ ခြံစောင့်အဘိုးကြီး ရောက်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ဟို ... ရန်နိုင်ရှိလား"

"ရန်နိုင်မရှိဘူး။ အပြင်သွားတယ်"

"ဩော် ... ဟုတ်ကဲ့။ ကျွန်တော်က သူ့မိဘတွေနဲ့ တွေ့ချင်လို့ လာတာပါ"

"ဟင် ... ဘာကောင်လဲဟ။ မေးတာတခြား။ တွေ့ချင်တာက တခြား"

ခြံစောင့်အဘိုးကြီး၏ တိုးဖွဖွရေရွတ်သံကို သူရ ခပ်သဲ့သဲ့ကြားလိုက်ရသည်။ အဆီအငေါ်မတည့်သော သူ့စကားတွေကြောင့် ခြံစောင့်ကြီးကြောင်သွားပုံရ၏။



"ဇာနည်အောင်ကို့ သားအဖတော့ အိမ်ထဲမှာရှိတယ်။ သွားလေ"

ခြံစောင့်ကြီး၏ လမ်းညွှန်မှုဖြင့် အိမ်ကြွင်းသို့ သူရ စိုးတထိတ်ထိတ် ဝင်သွားလိုက်သည်။ အိမ်ထဲရောက်တော့ ရုပ်ရည်သန့်သန့်နှင့် သားသားနားနား ဝတ်စားထားသော လူကြီးလူကောင်းပုံစံ လူကြီးတစ်ဦးက ဖော်ဖော်ရွေရွေပင် ဆီးကြိုသည်။

"မောင်ရင် လာကွ။ ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"ဟို ... ရန်နိုင့်အဖေနဲ့ တွေ့ချင်လို့ပါ"

"ဦးက ရန်နိုင့်အဖေလေကွာ။ ဘာကိစ္စရှိလို့လဲ"

ခန့်ငြားလွန်းသော လူကြီးအားကြည့်၍ သူရမယုံကြည်နိုင်အောင် ဖြစ်သွားသည်။

"ဟို ဟိုလေ ... ရန်နိုင်နဲ့ ဦးတို့မိသားစုအကြောင်း သိချင်တာလေးတွေ မေးချင်လို့ပါခင်ဗျ"

"အေး ... အေး ... ဒါဆိုလည်း ပြောပြရတာပေါ့ကွာ။ အေးဆေးပေါ့။ အချိန်ရတယ် မဟုတ်လား"

"ရ ရပါတယ်ခင်ဗျ"

ထိုလူကြီးက ခေါင်းတဆတ်ဆတ် ညိတ်နေ၏။ ပြီးတော့ အိမ်အတွင်းခန်းဘက်သို့ လှည့်ကြည့်ပြီး ...

"သားကြီးရေ ... အောင်ကိုမင်းရေ"

"ဗျာ ... ဖေဖေ"

အိမ်ခန်းအတွင်းဘက်ဆီမှ ပြန်ထူးသံကို ကြားလိုက်ရသည်။

"သားကြီးရေ ... ဖေဖေ့ဆီ ခဏလာစမ်းပါဦးကွာ"

"ဟုတ်ကဲ့ပါဖေဖေ"

ရှိုးအပြည့်နှင့် စမတ်ကျကျ လူတစ်ယောက် ထွက်လာ၏။ လူရှေ့ရောက်တော့ ခါးလေးတကိုင်းကိုင်းနှင့်။ ရိုကျိုးမှုကလည်း အပြည့်။

"သားကို ဘာခိုင်းစရာ ရှိလို့လဲ ဖေဖေ"

"ဒီက ဧည့်သည်အတွက် စားဖို့သောက်ဖို့ တစ်ခုခုစီစဉ်ခဲ့ပါကွာ"

"ဟုတ်ကဲ့ပါ ဖေဖေ။ သား သွားစီစဉ်လိုက်ပါ့မယ်"

အောင်ကိုမင်းဆိုသူ သိမ်မွေ့စွာပင် အထဲသို့ပြန်ဝင်သွားလေ၏။ သူရ

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြီး ဦးနှောက်စားသွားသည်။ ဒီလောက် ရှည်မွန်ယဉ်ကျေးသော သားအဖကို စိတ်မနှံ့ဟု လူတွေပြောနေကြတာ တစ်ခုခုတော့ လွဲချော်နေပြီ။

စကား လူတွေအထင်များ မှားနေကြလေရော့သလား။ ဘာပဲဖြစ်ဖြစ် အမှန်တရားဘက်က ရပ်တည်ပေးဖို့အထိ သူရ ဆုံးဖြတ်လိုက်မိ၏။

"ဦးတို့ မိသားစုအကြောင်း ကျွန်တော့်ကို ပြောပြပါဦး"

"အေး ... ပြောပြရတာပေါ့ကွာ"

ဦးဇာနည်အောင်က အခန်းနံရံမှာ ယှဉ်တွဲ၍ ချိတ်ဆွဲထားသော ဓာတ်ပုံများကို လက်ညှိုးထိုးပြသည်။

"ဒါကတော့ ဦးငယ်ငယ်ကပုံ။ ချောတယ်မဟုတ်လားကွ"

"ဟုတ်ကဲ့ ... ချောပါတယ်ခင်ဗျ"

တကယ်လည်း ချောပါသည်။

"ဒါကတော့ ဦးမိန်းမပုံ"

"ဩော်"

"သူက အခုလက်ရှိမှာ အပျိုပေါ့ကွာ"

"ဗျာ"

သူရ ထိတ်လန့်စွာဖြင့် စိုးရွံ့မှုအငွေ့အသက်တို့ကို စတင်ခံစားလိုက်ရလေသည်။ ဦးဇာနည်အောင်ကတော့ လက်ညှိုးတစ်ထိုးထိုးနှင့် ဆက်ပြောနေ၏။

"ဒီနှစ်ယောက်ကတော့ ရန်နိုင်နဲ့အောင်ကိုမင်းပေါ့။ ဦးတို့ရဲ့ ကျေးဇူးရှင် မိဘနှစ်ပါးလို့ ပြောရင်လည်းမမှားဘူး။ သဘောပေါက်ရဲ့လား"

"ပေါက် ပေါက်ပါတယ်"

"ပေါက်ရမယ်လေ။ ဦးနဲ့တွေ့ရင် ပေါက်ကိုပေါက်သွားစေရမယ်"

သူရ ချွေးချေးတွေ စိမ့်ပျံလာ၏။ ဒီအိမ်ကိုလာမိတာ အခုမှ နောင်တရသည်။

"ပြီးတော့ မောင်ရင်ဘာများ သိချင်သေးလဲ"

"ဟို ... ဟို"

ထိုအချိန်မှာပင် အောင်ကိုမင်းက စားသောက်ဖွယ်ရာတွေနှင့် ရောက်လာသည်။



"ညှိုသည်တော်ကြီးခင်ဗျာ ... ဒိန်ခဲနဲ့ကွေကာအုပ် သုံးဆောင်လိုက်ပါဦး"

အင်း ... ဒီလူကမှ တော်သေးတယ် ...။

ခေါင်းလေးငုံ့လျက် ရိုကျိုးစွာပြောပုံက လေးစားစရာကောင်းလှသည်။ သူရလည်း အားနာမှုကြောင့် ထိုင်ခုံမှာသွားထိုင်လိုက်၏။ စားပွဲပေါ်မှ ဒိန်ခဲနှင့်ကွေကာအုပ် ဆိုတာကိုကြည့်မိတော့ ...

"ဟင်"

သူရ မျက်လုံးပြူးသွားသည်။ ကွေကာအုပ်ဆိုတာက ရေတစ်ဝက်ခန့် ထည့်ပြီး ဖွန်းတပ်ထားသော ဖန်ခွက်ပေါ်တွင် တင်ထားသော ... အကိုအထည် နှစ်ဆယ် လျှော်ဖွတ်နိုင်သည်ဆိုသော လေးဆယ်ဂရမ် မှုန့်ဆပ်ပြာထုပ်။

ဒိန်ခဲဆိုတာကလည်း ခက်ရင်းတစ်ချောင်း ထိုးစိုက်ထားသည့် ညီညီညာညာ အတုံးလေးတွေ တုံးထားသော ရွှေဝါဆပ်ပြာခဲ။

"ကဲ ... မောင်ရင် ... သုံးဆောင်လိုက်ပါဦး"

"အဲ ... မ မသုံးဆောင်တော့ပါဘူး။ ကျွန်တော် ဗိုက်ပြည့်နေလို့ပါ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ။ အနည်းအပါးတော့ စားလိုက်သောက်လိုက်ပါဦး။ ဟာ ... သားကြီးကလည်းကွာ။ ကွေကာအုပ်ကို တစ်ခါထဲတော့ ဖျော်မလာခဲ့ဘူး။ ဧည့်သည်ကို အပိုအလုပ်ရှုပ်အောင် လုပ်လာတယ်။ ကဲ ... သားကြီး၊ မင်းကိုယ်တိုင်ပဲ ကွေကာအုပ်ကို ဖျော်ပေးလိုက်ပါကွာ"

"ဟုတ်ကဲ့ပါ ဖေဖေ"

ပြောဆိုဆက်ဆံ နေထိုင်ပုံတွေကတော့ တကယ့်ကိုယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့လေးတွေ။ အကြောင်းမသိသူဆိုလျှင် ဝေါက်ကြောင်တွေဟု ထင်ချင်စရာ တစ်ကွက်မှမရှိ။ ဒါကြောင့်လည်း ယဉ်ယဉ်လေးသမားတွေ ဆိုပြီး ပြောတာဖြစ်ရမည်။

ကိုယ်တွေ့ကြုံနေရပြီမို့ ပြောသည့်လူတွေမလွှန်မှန်း သူရယုံသွား၏။ အမှန်ဆို ဒီထက်ကိုပိုပြောဖို့ကောင်းသည်။

ကြည့်ဦးလေ ...

အောင်ကိုမင်းက မှုန့်ဆပ်ပြာထုပ်ကိုဖောက်၍ ဖန်ခွက်ထဲသို့ ဆပ်ပြာကရင်မ်တွေကို ညှစ်ထုတ်ပြီး ဖွန်းဖြင့် ... ပယ်နယ်နယ် မွှေနေသည်။ ကြာတော့

www.burmeseclassic.com

www.burmeseclassic.com



ဆပ်ပြာမှုန့်တွေက ဖန်ခွက်နှုတ်ခမ်းမှပင် လျှံကျလာသည်။ ဦးဇာနည်အောင်ကလည်း သူ့သားကို တိုက်တွန်းပေးနေ၏။

"မွှေ မွှေ ... နှာနှာလေးမွှေ။ ကွေကာအုပ်ဆိုတာ အမြှုပ်များများထွက်လေကောင်းလေပဲကွ"

အောင်ကိုမင်းက စိတ်တိုင်းကျမွှေ၍ အားရမှ ဖန်ခွက်ကိုစားပွဲပေါ်ပြန်ချသည်။ ဦးဇာနည်အောင်က

"ကဲ ... မောင်ရင် သောက်"

"အဲ ... နေ နေပါစေဗျာ။ မသောက်တော့ပါဘူး။ အဟဲ"

သူရက မချိသွားဖြဲလေး လုပ်ပြလိုက်သည်။

"သားကြီးရေ"

"ခင်ဗျာ ... ဖေဖေ"

"ညွှံသည်က အားနာနေတာ ထင်တယ်ကွ"

"ဟုတ်လောက်တယ် ဖေဖေ"

ဂေါက်ကြောင် သားအဖနှစ်ယောက်မှာ အတိုင်အဖောက် ညီနေကြသည်။ သူတို့အတိုင်အဖောက်ညီလေ၊ သူရက ကြောက်လေဖြစ်သည်။

"သားကြီးရေ ... ကွေကာအုပ်ကို သားကိုယ်တိုင်ပဲ ညွှံသည်ကိုတိုက်လိုက်ပါကွာ။ ဒီနံ့ခံလည်း ခွဲ့ကျွေးလိုက်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ပြောပြီးတာနှင့် အောင်ကိုမင်းသည် ဖူဂျီဆပ်ပြာခွက်ကိုကိုင်၍ အခြားလက်တစ်ဖက်က ရွှေဝါဆပ်ပြာ အခဲလေးအား ထိုးစိုက်ထားသော ခက်ရင်းကိုကိုင်လျက် သူရအနား တရွေ့ရွေ့တိုးကပ်လာသည်။

ဘုရား... ဘုရား ... ။ အူတွေ အသည်းတွေတော့ ဖူဂျီတွေ ရွှေဝါတွေနဲ့ အကျော်ခံရတော့မယ် ထင်ပါရဲ့ ... ။

သူရအဖြစ်က ဝံပုလွေတွေကြား ရောက်ရှိနေသော သိုးငယ်သဖွယ်မို့ အကြီးအကျယ် တုန်လှုပ်ချောက်ချားနေလေတော့သည်။

"ကဲ ... ညွှံသည်တော်ကြီး ပါးစပ်ဟ"

"မ မလုပ်ပါနဲ့ဗျာ။ ကျွန် ကျွန်တော် မစားပါရစေနဲ့"

"ဘာလဲ အားနာနေကာလား။ စားသွားစမ်းပါ။ ဒါမျိုးတွေက အိမ်မှာ



ပေါပါတယ်။ ရေချိုးခန်းနဲ့ အိမ်သာထဲမှာဆို ပေါမှပေါ"

"ဗျာ"

"မဗျာနဲ့။ ပါးစပ်ဟာပါဆို"

"ဟို ဟိုလေ ... ကျွန်တော် တကယ်မစားမသောက်ချင်လို့ပါဗျာ။ ခံတွင်းတွေပျက်နေလို့ပါ"

သူရခမျာ လက်တကာကာ ခြေတခါခါနှင့် အကြောက်အကန် ငြင်းဆန်နေရှာသည်။ သူ့ကိုကြည့်ပြီး အောင်ကိုမင်းက စိတ်မရှည်တော့။

"ဖေဖေရေ ညွှံသည်တော်ကြီးက အရမ်းအားနာနေတယ်။ အဲဒါကြောင့် ဖေဖေက ပါးစပ်ကိုဖြဲပေး။ သားကခွံ့မယ်"

"အေး ... အဲဒါကောင်းတယ်။ ဖေဖေလာပြီဟေ့"

ဦးဇာနည်အောင်က ထိုင်နေရာမှ လွှားခနဲခုန်ထလာပြီး သူရ၏ မျက်နှာကို ဖမ်းကိုင်ကာ ပါးစပ်ကိုအတင်း ဆွဲဖြဲသည်။ မြန်ဆန်လွန်းသောကြောင့် သူရလည်းအငိုက်မိသွား၏။

"ဟ ... ဟ ... ဟာစမ်း"

အံကြိတ်ထားပေမယ့် အားကုန်ဆွဲဖြဲနေတာမို့ သူရ၏ မျက်လုံးမျက်ဆန်တွေ ပြူးကျယ်နေချေပြီ။

"အ ... ပူးပူး ... အု"

"ဟာစမ်းဆိုမှပဲ။ အဲ ... နဲနဲပြဲလာပြီ။ သားကြီးရေ ကွေကာအုပ်တွေလောင်းထည့်ကွာ"

"ဟုတ်ကဲ့ဖေဖေ"

ပါးစောင်ကို ဆွဲဖဲ့နေတာမို့ ပြဲလာသော သူရပါးစပ်ထဲသို့ အောင်ကိုမင်းက ဖူဂျီရေတွေ လောင်းထည့်သည်။ တဂူးဂူးတပါးပါးနှင့် ရှန်းကန်ရင်းပင် ဝင်သွားလေရာ သူ့ဗိုက်မှာဘယ်လိုမှ မနေနိုင်တော့တာကြောင့် ရှိသမျှအင်အားကို အစွမ်းကုန်သုံး၍ ဦးဇာနည်အောင်နှင့် အောင်ကိုမင်းကို တွန်းလွှတ်လိုက်၏။ သူတွန်းလိုက်သော အရှိန်ကြောင့် ဦးဇာနည်အောင်နှင့် အောင်ကိုမင်းတို့ နောက်ဘက်သို့ယိုင်သွားချိန်မှာပင် သူရသည် ပါးစပ်ထဲမှ လက်ကျန်ဖူဂျီရေတွေဖြင့် သူတို့သားအဖကို ထွေးပစ်ခဲ့ပြီး ထိုနေရာမှ အလျှင်မြန်ဆုံး ပြေးထွက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံဝကိုရောက်တော့ အတွေ့အကြုံများပုံရသော ခြံစောင့်ကြီးက အဆင်သင့်ပင် ခြံတံခါးဖွင့်ထား၏။

"ဘယ်လိုလဲ ... မင်းထက်ဆိုးတဲ့ လူတွေနဲ့ တွေ့လာခဲ့ပြီ မဟုတ်လား ကွ၊ ဟေ"

"ဟုတ် ဟုတ်ပါတယ် အဘ"

"အေး ... သွားသွား။ မြန်မြန်သွား။ မင်းမို့လို့ ကျားရဲတွင်းထဲ လာရဲတယ်"

"ဟုတ် ဟုတ်ကဲ့"

သူရ ခပ်သုတ်သုတ်ပင် ထွက်လာခဲ့သည်။ ခြံပြင်ရောက်တာ တောင်မှ စိတ်မအေးနိုင်သေး။ ထိုအိမ်နှင့်ခပ်ဝေးဝေး လမ်းမပေါ်ရောက်၍ လွတ်ငြိမ်းချမ်းသာခွင့်ရပြီဖြစ်ကြောင်း သေချာမှ သူရ သက်ပြင်းချနိုင်ရှာသည်။

"ဟူး ..."

ထိုနေ့က သူရ တွိုင်းလက်ဘင်တော့ ရောတောရောတောနှင့် အတော်ပင် အဆင်ချောနေပါသည်။

○○○



## အခန်း (၁၃)

"အဟင်း ... ဟင်း ... ခစ် ခစ် ခစ် ခစ်"

ချစ်သူ၏ ရယ်သံပါသော လေကိုရှူရှိုက်ရတာ ပို၍အောက်ဆီဂျင် ပြည့်ဝသည်ဟု သူရခံစားနေရသည်။ ပန်းကလေးနှင့် အပြင်မှာ ဆုံတွေ့သော အခါ ရန်နိုင်တို့အိမ်တွင် ဖြစ်ပျက်ခဲ့သမျှကို ပြန်ပြောပြလိုက်လေရာ ပန်းကလေးက သဘောကျစွာဖြင့် ရယ်နေခြင်းဖြစ်သည်။

သူ၏ ဒုက္ခက ချစ်သူအတွက် ဟာသတစ်ပုဒ် ဖြစ်သွားရတာကိုပင် သူရနှစ်လိုစွာ ကျေနပ်နေ၏။

"သူနဲ့နေရရင် တို့ပျော်တယ်သိလား။ ပန်းတို့နှစ်ယောက် နောက်ဆုံးအချိန်ထိ ဒီလိုပဲ ပျော်ပျော်ရွှင်ရွှင် နေသွားကြရအောင်နော် ... အနန့်"

ပန်းကလေးစကားပြောလျှင် တစ်ခါတစ်ရံ၌ ကလေးဆန်ဆန် ချစ်စရာကောင်းသည့် အနန့်ဆိုသော အပြောလေး ပါတတ်သည်။

"တို့ မရှိတော့ရင် သူက နောက်ထပ် ရည်းစားတွေ ထပ်ထားဦးမှာပေါ့ ... ဟုတ်လား"

"မထားပါဘူး ပန်းရယ်။ ကိုယ်က တစ်သက်လုံး ပန်းတစ်ယောက်တည်းကိုသာ နှလုံးသားထဲမှာ သိမ်းဆည်းပြီး ထာဝရချစ်သွားမှာပါ"

ပန်းကလေးက ဆွေးမှိုင်းဝေရီနေသော မျက်ဝန်းတို့ဖြင့် သူရကိုကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပန်းတို့အဖြစ်က ဆန်းတယ်နော်။ လူချင်း မမြင်ဖူးပဲနဲ့ သူက တို့ကိုချစ်ရေးဆိုတာကို တို့ကလည်း ဘုမသိဘမသိနဲ့ ပြန်ကြိုက်ခဲ့မိတယ်။ ပြန်စဉ်းစားကြည့်ရင် အံ့သြစရာကြီး။ တကယ်ဖြစ်ခဲ့တယ်လို့တောင် ယုံချင်စရာမရှိဘူး"

"အင်း ... နောင်တစ်ချိန်ကြရင်တော့ အွန်လိုင်းပေါ်မှာတွေ့ပြီး လူချင်း မမြင်ဖူးပဲနဲ့ ချစ်သူတွေဖြစ်ခဲ့ကြတဲ့ ချစ်သူနှစ်ဦးရဲ့ အဖြစ်အပျက်လေးက ယုံတမ်းပုံပြင်လေး တစ်ပုဒ်လိုပဲ ဖြစ်သွားမှာပါလေ"

တုန်ယင်လှုပ်ခတ်နေသော အသံဖြင့် သူရကကြေကွဲစွာ ပြောနေ၏။ သူရ၏ ညှိုးရော်သွားသော အမူအယာကိုကြည့်ကာ ပန်းကလေး၏ မျက်ဝန်းအစုံမှာ မျက်ရည်ကြည်တို့ ဝေ့သီရစ်သိုင်းလာလေသည်။

"ဒါ ဒါပေမယ့် ဒီအဖြစ်အပျက်လေးဟာ ယုံတမ်းပုံပြင် မဟုတ်ပါဘူး။ သွေးနဲ့သားနဲ့ လူသားနှစ်ဦးရဲ့ အချစ်တွေနဲ့ ပြည့်နေတဲ့နှလုံးသားနှစ်ခုရင်းနှီးမြှုပ်နှံထားရတဲ့ တကယ့်ဖြစ်ရပ်လေးပါ။ ယုံတမ်းမဟုတ်တဲ့ ပုံပြင်ဆန်ဆန် တကယ့်အဖြစ်အပျက်လေးပါ သူရယ်။ အဲဒီတကယ့် အဖြစ်တွေကို ပုံပြင်ဆန်သွားစေတဲ့ အဓိကတရားခံက ကိုပါ။ တို့လေ ... အဟင့် ..."

ပြောနေရင်းတန်းလန်း ပန်းကလေးအသံတွေ တိုးရှတိမ်ဆင်းသွားလေသည်။ ချစ်သူ့ရှိုက်သံကို ကြားလိုက်ရတော့ သူရပြာဝေသွား၏။ သူ သတိလက်လွတ်ဖြစ်သွားမိလေသည်။

"ပန်း ... ပန်းမျက်ရည်တွေ ကျနေပါလား။ မငိုနဲ့လေ ပန်းလေးရဲ့။ ကြည့်စမ်း စိတ်အားငယ်ပြီး ဝမ်းနည်းလွယ်တဲ့ ပန်းလေးကို ကိုယ် ကိုယ်တိုင်က စပြီး ဝမ်းနည်းစရာတွေ ပြောနေမိတယ်။ ဟုတ်သားပဲ ... ကိုယ်မှားသွားတယ်။ တိတ်ပါ ပန်းလေးရယ်။ မငိုပါနဲ့ ... ဝမ်းနည်းတိုင်းသာ ငိုရရင် ကမ္ဘာမှာ မြေပြင်ဆိုတာတောင် ရှိတော့မှာမဟုတ်ဘူး။ ကိုယ့်စိတ်ကိုယ်ထိန်းမှပေါ့။ တိတ် ... တိတ်၊ ကိုယ့်ကိုချစ်ရင် မငိုရဘူးလေ"

သူရသည် ပန်းကလေး၏ မျက်နှာလေးကို ကိုင်၍မျက်ရည်တွေကို ညင်သာယုယစွာ သုတ်သင်ပေးလိုက်ပါသည်။ သူရသည် ချစ်သူကိုသာ နှစ်သိမ့်စကားတွေ ပြောနေတာ။ သူကိုယ်တိုင်လည်း မျက်ရည်မကျစေရန် မနည်းထိန်းထားရတာဖြစ်သည်။ သူ့ရင်ထဲမှာလည်း အနာဂတ်ကို ကြိုလွမ်း



ခြင်းတွေဖြင့် ပူဆွေးကျွမ်းမြိုက်လျက်ရှိ၏။

"ပန်းပဲပြောတာလေ။ ရတဲ့အချိန်အပိုင်းအခြားလေးမှာ ကိုယ်တို့ချစ်သူနှစ်ဦး ပျော်ပျော်ရွှင်ရွှင် နေသွားကြမယ်ဆို။ အခုလို ပန်းငိုနေတာမြင်ရရင် ကိုယ်က ဘယ်လိုလုပ် စိတ်ချမ်းသာတော့မှာလဲ။ မငိုနဲ့တော့နော်"

ပန်းကလေးက သူရစကားကို နှာခံကာခေါင်းညိတ်ပြသည်။ ထိုမြင်ကွင်းကို သူရနှစ်ခြိုက်သွားပါ၏။

"ဒီလိုမှပေါ့ ပန်းရဲ့။ ကဲ ... ပန်းပျော်သွားအောင် ပန်းကို ကိုယ်က ဟာသပြောပြမယ်"

"တကယ်လား"

"တကယ်ပါ"

"ဒါဆိုပြောပြ"

သူရသည် သူ့ခံစားမှုကို ဘေးဖယ်ပြီး ချစ်သူပန်းကလေး ပျော်ရွှင်စေရန်သာ ရှေ့တန်းတင်လိုက်သည်။

"စည်သူလတ်ဆိုတဲ့ ကိုယ့်အသိ ဆရာဝန်တစ်ယောက် အကြောင်းပြောပြမယ်။ တစ်နေ့ အဲဒီစည်သူလတ်ရဲ့ ဆေးခန်းကို အမျိုးသမီးတစ်ယောက်က ကလေးလေးကိုချီပြီး ရောက်လာတယ်။ စည်သူလတ်ကလည်း ဘာဖြစ်တာလဲလို့ မေးလိုက်တယ်။ အဲဒီတော့ အမျိုးသမီးက ကလေးနဲ့ပတ်သက်လို့ပါ ဒေါက်တာ။ ကလေးကို သေချာကြည့်ပေးပါဦး။ အရိုးပိန်နေလို့ပါလို့ ပြောတယ်။ အဲဒါနဲ့ စည်သူလတ် ကလည်း ကလေးကိုကြည့်ရှုစစ်ဆေးပေးပြီး ကလေးကိုနို့မှုန့်တိုက်တာလား။ မိခင်နို့တိုက်တာလားလို့ မေးလိုက်တော့ အမျိုးသမီးက မိခင် နို့တိုက်တာပါလို့ ပြန်ဖြေတယ်။ အဲဒီမှာ စည်သူလတ်က အမျိုးသမီးကို ကြည့်ပြီးတော့ ခင်ဗျားအင်္ကျီချွတ်လိုက်ပါလို့ ပြောတယ်"

"အယ်"

"အမျိုးသမီးကလည်း မချွတ်ဘူးတဲ့။ အတင်းငြင်းနေတယ်။ အဲဒီစည်သူလတ်က အရမ်းစိတ်ကြီးတာ ပန်းရဲ့။ သူငယ်ချင်းတွေကဆို သူ့ကို စိတ်ကြီးလို့တောင် ခေါ်ကြတယ်။ ခုလည်း အမျိုးသမီးက သူ့ စကားနားမထောင်တော့ သူတော်တော် ဒေါသထွက်သွားတယ်။ အဲဒါကြောင့် ခင်ဗျား ဆရာဝန်ရှေ့မှာ ရောက်နေတာ။ ဘာမှရှက်စရာမလိုဘူး ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးရဲ့ အကျီကို သူကိုယ်တိုင်ပဲ ဆွဲချွတ်ပစ်လိုက်တယ်"

"ဟယ်"

"ပြီးတော့ အမျိုးသမီးကို သေချာစမ်းသပ်တယ်။ အမျိုးသမီး ကတော့ ရှက်လွန်းလို့ မျက်နှာကိုရဲနေတာပဲတဲ့။ စည်သူလတ်က စစ်ဆေးလို့ အားရမှာ အမျိုးသမီးကိုကြည့်ပြီး... ထင်တဲ့အတိုင်းပဲ၊ ခင်ဗျား ဥစ္စာက နို့မှမထွက်တာဘဲ လို့ပြောလိုက်တယ်။ အဲဒီတော့မှ အမျိုးသမီးက သူ့ကို အသံတုန်တုန်ယင်ယင်နဲ့ ပြန်ပြောတယ်"

"ဘာ ဘာပြောတာလဲဟင်"

"ကျွန်မဥစ္စာက ဘယ်လိုလုပ်ထွက်မလဲ။ ကျွန်မက ကလေးရဲ့ အမေမှ မဟုတ်တာ။ ကလေးရဲ့အဒေါ် အပျိုစစ်စစ်ရှင့်လို့ ပြောတယ်တဲ့"

"ဟယ် ... အမှားကြီးကို မှားသွားတာပေါ့။ ခစ် ခစ် ခစ်"

ရယ်သံတို့နှင့်အတူ ပန်းကလေးမျက်နှာက ပြန်လည်ကြည်လင်လာပါသည်။ သူရသည် ပန်းကလေး၏ဝေဒနာရိပ်တွေကို ဟာသဖြင့် ချေးသိပ်ပစ်လိုက်၏။ ချစ်သူပျော်ရွှင်နေလျှင် ကျေနပ်နေသော သူရ သည် ချစ်သူနှင့်လိုက်ဖက်ညီအောင် အသားတကျ နေပြတတ်သူလည်း ဖြစ်သည်။

အချစ်သည် ဘားနေ်ရှေဆိုပါက သူရသည် သောက်လေ သောက်လေ ငတ်မပြေဖြစ်နေချေ ၏။ ထိုအချင်းအရာကို သူကိုယ်တိုင် ပြန်လည်သိရှိလိုက်ရသည့် အခါမှာတော့ သူရ ထိတ်လန့်တုန်လှုပ်သွားခဲ့၏။ ဆုတောင်းတိုင်း မပြည့်နိုင်မှန်း သူသိပေမယ့် ကြယ်ကြွေချိန်တွေကို စောင့်စားကာ ပန်းကလေးနှင့် ပတ်သက်သော မနက်ဖြန်တိုင်းမှာ ကံကောင်းစေရန် သူရ ဆုတောင်းနေမိသည်။

ဒါတွေဟာ သူရ၏ လူမသိ သူမသိသော ရူးသွပ်မှုတွေသာ ဖြစ်ပါသည်။

၀

"အဲ့ဒါ မင်းသမီးပန်းမကိုင်ရှုဆိုတာပေါ့။ လှတယ်နော်။ ဘေးက ကောင်လေးက သူ့ချစ်သူထင်တယ်"

"ကောင်လေးကလည်း ချောသားပဲဟဲ့။ သူတို့နှစ်ယောက်လိုက်တယ်နော်"



ဒဂုံစင်တာ အတွင်း၌ တူယှဉ်တွဲလျှက် သွားနေသော ပန်းကလေးနှင့် သူရကို လူတွေက စိတ်ဝင်စားသော မျက်လုံးများဖြင့် ငေးကြည့်ကြသည်။ သူရနှင့် ပန်းကလေးကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ သူတို့ ဝယ်ချင်တာ တွေသာ လျှောက်ဝယ်နေကြလေသည်။ တစ်နေရာသို့ ရောက်သောအခါတွင် ...

"ပန်း"

"ဟင် ... ကိုမျိုးမင်းကျော်"

ပန်းကလေးသည် တုန်လှုပ်သွားပေမယ့် ချက်ချင်းပင် အမူအယာကို သေသပ်စွာပြုပြင်လိုက်နိုင်သည်။

"ပန်း ဒီနေရာကို ဘာလာလုပ်တာလဲ"

"ဒီမှာလေ ကျောင်းတုန်းက ခင်ခဲ့တဲ့ နယ်ကသူငယ်ချင်းလာလို့ သူသွားချင်တာတွေ လိုက်ပို့ပေးနေတာ"

လူငယ်များသည် ချစ်သူရည်းစားထားလိုက်သည့်နှင့် တပြိုင်နက် မုသားကိုလည်း ကျွမ်းကျင်စွာအသုံးပြုတတ်လာကြလေ့ရှိပါသည်။

"ပန်းဟာ သာမန်လူတစ်ယောက် မဟုတ်တော့ဘူး။ နာမည်ရနေပြီ ဖြစ်တဲ့ မင်းသမီးတစ်ယောက်ဖြစ်နေပြီ။ ဒါကြောင့် ခုလိုလူရှုပ်တဲ့ နေရာတွေမှာ ရှယ်တူသူစိမ်းယောကျာ်းလေးတစ်ယောက်နဲ့ တွဲသွားတွဲလာ မလုပ်သင့်ဘူး။ ပြည်သူတွေမှာ မြင်နိုင်ကြားနိုင်တဲ့ မျက်စိတွေနားတွေအပြင် စကားပြောတတ်တဲ့ ပါးစပ်တွေရှိတယ်ဆိုတာလည်း ပန်းသတိထားဦးမှပေါ့"

သူရကို ခပ်စိမ်းစိမ်း တစ်ချက်စိုက်ကြည့်ပြီးနောက် ပန်းကလေးအား စကားတွေ ပြောနေသော မျိုးမင်းကျော်ဆိုသူ၏ မျက်နှာက ရင့်ကြောခက်ထန်နေပါ၏။

"လာ... ပန်း ကိုယ်နဲ့ပြန်လိုက်ခဲ့"

"ဟို ...သူ့ သူ့ကို ကားဂိတ်ပြန်လိုက်ပို့ပေးရဦးမှာ"

အကြပ်အတည်းကြားမှာ မွန်းကြပ်နေသည့် ချစ်သူကို သူရ မကြည့်ရက်နိုင်ပါ။ ထို့ကြောင့် ရင်ခုန်နှုန်းကို ဖော၍အနူးညွှံဆုံး ပြုံးပြလိုက်ပါသည်။

"နင်ကလည်း ပြန်လိုက်သွားလိုက်ပါဟာ။ ငါ့ဟာငါ တက္ကစီငှားပြီး သွားလိုက်ပါမယ်"

www.burmeseclassic.com



"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဟ"

အသုံးအနှုန်းတွေကိုပါ ပြောင်းလဲသုံးစွဲပြနေသော သူရကိုကြည့် ကာ ပန်းကလေးရင်ထဲမှာ အသံမဲ့နာသွားသည်။

"ဒါဆို ... တို့ ... တို့သွားပြီနော်"

"အေး ... အေး၊ သူငယ်ချင်းရေ။ သွားတော့"

လှည့်ကြည့်လှည့်ကြည့်နှင့် ပါသွားရှာသော ချစ်သူကိုကြည့်၍ သူရ အာရုံထဲ၌ ဝေးကွာခြင်း၏ တစ်စွန်းတစ်စအား စက်ဆုပ်စွာ ခံစားလိုက်ရလေသည်။

ပန်းကလေးရော ဘယ်လိုဝေဒနာမျိုး ခံစားနေရရှာမလဲ ... ။

ချစ်သူအတွက်လည်း တွေးပူမိပါသည်။

ပန်းကလေး ကံကောင်းပါစေ ... ။

ချစ်သူ၏ ကံတရားက သူနှလုံးသား၏ လည်ပတ်မှုနှင့်လည်း အမြဲက သက်ဆိုင်နေသည် မဟုတ်လား။

သူကျန်ရစ် မဖြစ်ချင်ပါ။

သို့ရာတွင် ဘဝက ခံစစ်နှင့်တောင် ပြန်ကိုက်ခွင့် မရရှာဘဲ ဖြစ်နေသည်။

၀၀၀



## အခန်း (၁၅)

အားသာချက်နှင့် အားနည်းချက်သည် အစဉ်အမြဲ ဒွန်တွဲလျက်ပင် ရှိပေလိမ့်မည်။ ယခုအချိန်မှာ ပန်းကလေးသည် ရုပ်ရှင်ဗွီဒီယို ဇာတ်ကားများတွင် အရံနေရာမှာသာ မကတော့ဘဲ ခေါင်းဆောင်နေရာမှပါ သရုပ်ဆောင်ခွင့်ရနေပြီး တစ်စတစ်စဖြင့် နာမည်ရလာချေပြီ။ နယ်ကြိုက်ကားတွေ အရိုက်နည်းသောကြောင့် နယ်ဘက်တွေမှာတော့ အရမ်းကြီးနာမည် မပေါက်သေး။

ပန်းကလေးသည် သူမဝါသနာပါသော အနုပညာနယ်ပယ်မှာ ဝင်ဆံ့လာသည့်အတွက် သူရကျေနပ်ဝမ်းသာမိသော်လည်း ပန်းကလေးသည် သူ့ထံပါးမှ တဖြည်းဖြည်း ဝေးကွာသွားသလိုမျိုး ရင်မောစွာ ခံစားရမိပါသည်။ အချစ်ဆိုသည့် အရာက သူ့အား အကာနဲ့အသတ်မဲ့ တွယ်ငင်ချည်နှောင်ထားလေပြီ။

သူရသည် သူနှင့်ပန်းကလေးအကြောင်း မည်သူ့ကိုမှ ပြောမပြဖြစ်ပါ။ ကိုယ့်အကြောင်းတွေကို သူတစ်ပါးအား လျှောက်ပြောနေတတ်သည့် အလေ့အထမျိုးလည်း သူ့မှာမရှိ။

သို့သော် တစ်နေ့မှာတော့ ချစ်မိုးအောင်တို့ အဖွဲ့သူရအိမ်သို့ ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... သူရရေ"

"ဟာ ... ချစ်မိုးအောင်တို့ပါလား။ လာလေကွာ။ ဘယ်ကလှည့်လာတာလဲ"

"ဒီနားက ကောင်မလေးတစ်ယောက်နောက်ကို လိုက်ရင်း လမ်းကြုံတာနဲ့ မင်းကိုသတိရလို့ ဝင်လာတာကွ"

မိန်းမမြင်ပါက ငမ်းငမ်းတက် ဖြစ်လေ့ရှိသော နေသူကပြောသည်။ ချစ်မိုးအောင်ကတော့ ရောက်တာနှင့် စာအုပ်စင်ကိုသွားပြီး ဖွနေ၏။ ကျော်ဇင်ဦးကလည်း ဧည့်သည်တွေသောက်ပြီး တစ်ဝက်တစ်ပျက်ကျန်ခဲ့သည့် ဆေးလိပ်တိုကို မီးညှိ၍ဖွာနေသည်။

"သူရ မင်းကလည်း 'အိမ်ထဲမှာချည်းပဲ အောင်းနေတယ်။ ငါတို့ဆီလည်း လာပါဦးကွ"

"ငါမအားလို့ပါကွာ"

သုတရတနာသိုက်ကြီးဖြစ်သော အင်တာနက်ထဲမှာသာ အချိန်ကုန်နေသော သူရသည် အပြင်ဘက်လည်း သိပ်မထွက်ဖြစ်ချေ။ တစ်ခါတစ်လေမှသာ အညောင်းပြေ လမ်းလျှောက်ထွက်လေ့ရှိသည်။

"ဒါဆိုလည်း ညဘက်လက်ဖက်ရည်ဆိုင်လေးဘာလေး ထိုင်ရအောင်ထွက်ခဲ့ပေါ့"

"ညဘက်ကျ ငါ့အိမ်ကအပြင်မထွက်နိုင်ဘူးကွ"

ညဘက်ဆိုလျှင် သူရသည် Chat ထဲမှာ ယန်းကလေးနှင့် ဆုံ တွေ့ကာ စကားပြောနေကျဖြစ်သည်။ ကျော်ဇင်ဦးက ဖင်စီခံကို ရောက်နေပြီဖြစ်သော ဆေးလိပ်တိုကို အံသည်းအသန် ဖွာရှိုက်ပြီးသူရကို လမ်းပေါ်လူငယ်ကျင့်စဉ်တွေ ကျင့်ကြံရန် အားပေးနှိုးဆော်နေပြန်၏။

"အိမ်ကိုမပိုင်ရင် ဂေါ်လီမလုပ်နဲ့ ဟိတ်ကောင်။ မိဘစကား နားထောင်တိုင်း ကောင်းတာချည်းပဲလို့ ထင်မနေနဲ့။ ငါတို့ ကိုးကွယ်နေတဲ့ ဗုဒ္ဓမြတ်စွာ အလောင်းအလျာ သိဒ္ဓသမင်းသားဟာ မိဘစကား နားမထောင်ခဲ့လို့ ဘုရားဖြစ်လာတာကွ။ သူသာ မိဘစကား နားထောင်ခဲ့ရင် ဘုရားမဖြစ်ဘဲ စကြဝတေးမင်းပဲဖြစ်မှာ။ အဲဒီ သာဓကေကိုကြည့်ပြီး မိဘစကားဆိုတာထက် ကိုယ်ပိုင်ဦးနှောက်နဲ့ စဉ်းစားဆုံးဖြတ်ပြီးတော့ မှန်ကန်တဲ့ လမ်းစဉ်ကိုလိုက်ဖို့ပဲ



အရေးကြီးတယ်။ မှားရင်ခံ မှန်ရင်စံပေါ့ကွာ"

ကျော်ဇင်ဦးပြောသော စကားက တစ်မျိုးကစ်ဖုံ အဓိပ္ပာယ်ရှိလှသည်။ ဒီလိုဆို မိဘစကားကို ဘဝတစ်ခုလုံးနှင့်ရင်း၍ နာခံသော ယန်းကလေးလုပ်ရပ်ကကော မှန်ကန်မှုဟုတ်ရဲ့လား ... ။

သူရအတွေးတို့ဖြင့် ယောက်ယက်ခတ်သွားသည်။ ကျော်ဇင်ဦးကတော့ ကုန်သွားသောလက်ထဲမှ ဆေးလိပ်ဖင်စီခံကို လွှင့်ပစ်ပြီး နောက်ထပ်ဆေးလိပ်တို တစ်ခုကို ရှာယူလာကာ မီးညှိနေပြန်၏။ ဖြတ်မည်ဖြတ်မည်နှင့် မဖြတ်နိုင်သေးသော ထိုဆေးလိပ်ကြောင့်ပင် သူ့မှာချောင်းဆိုး ရင်ကြပ်ရောဂါ စွဲကပ်နေတာဖြစ်သည်။

"ဟာ ... ဒါ ဟိုမော်ဒယ်မင်းသမီးလေး မဟုတ်လား။ လှတယ်ကွာ ... ရေလည်မိုက်တယ်"

လက်အငြိမ်မနေဘဲ ဟိုလျှောက်လှန် ဒီလျှောက်လှန် လုပ်နေသော နေသူက အမှတ်မထင် ယန်းကလေး ဓာတ်ပုံများကို တွေ့မြင်သွားသည်။ ထိုဓာတ်ပုံတွေက သူရကို ယန်းကလေး ပေးထားတာတွေ ဖြစ်သည်။

"သူရ မင်းဆီမှာ ယန်းမကိုင့်ရဲ့ ဓာတ်ပုံတွေ ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ"

"အဲဒါ ငါ့ချစ်သူလေကွာ။ အဲဒီဓာတ်ပုံတွေက သူ ငါ့ကိုပေးထားတာတွေ"

မေးခွန်းရှိ၍ သူရအဖြေပေးလိုက်ခြင်းဖြစ်သည်။ သို့သော် နေသူကတော့ နှာခေါင်းရှုံ့၏။

"ငွိုး ... တန်ရာ တန်ရာပြောစမ်းပါကွာ"

"အေးလေ ... လူကြည့်တော့ မွေးကတည်းက ရည်းစားတစ်ယောက်မှ မထားဖူးသေးတဲ့ကောင်ကများ ပြောလိုက်တာက ကြီးကြီးကျယ်ကျယ်"

ကျော်ဇင်ဦးကပါ ဝင်ပြောလေရာ သူရရင်ထဲ နင့်သွား၏။ ဖြေရှင်းချက်တွေလည်း မပေးချင်တော့။

"မယုံလည်း နေပေါ့ကွာ"

"ယုံစရာရော ရှိလို့လားကွ။ ဟိုက ရန်ကုန်မှာနေတာ။ မင်းက

www.burmeseclassic.com

www.burmeseclassic.com



ဒီပြည်မှာနေတော့။ ဘယ်အချိန်မှာ ဘယ်လိုလုပ်ပြီး သွားငြိစရာ အကြောင်းရှိလို့လဲ။ ကဲ ... ပြောစမ်းပါဦး"

စာအုပ်တစ်အုပ်ကို ထိုင်ဖတ်နေသော ချစ်မိုးအောင်ကပါ စကားဝိုင်းထဲ ဝင်လာသည်။

"ဒီကောင် ဖောနေတာပါကွာ။ ဧကန္တ ဒီကောင်အဲဒီမင်းသမီးလေးဆီကို မဂ္ဂဇင်းထဲမှာပါတဲ့ လိပ်စာနဲ့မိတ်ဆက်စာ ရေးပြီးတော့ ဓာတ်ပုံတောင်းထားတာတွေ ဖြစ်မှာပေါ့။ ဟုတ်တယ်မဟုတ်လား သူရ"

"အေးကွာ။ ဟုတ်တယ် ဟုတ်တယ်"

"အဲဒီလို ရိုးရိုးသားသား ဝန်ခံစမ်းပါကွာ။ ယုတ္တိမရှိတာတွေ မဖောစမ်းပါနဲ့"

သရော်သံတွေကြားထဲမှာ ယန်းကလေးက သူချစ်သူဆိုတာကို ဖွင့်ဟဖို့အရေး သူ့နှာကျင်ဗွာ ရှက်ရွံ့သွားမိသည်။ သူကိုယ်၌ကလည်း သူတစ်ပါးမယုံကြည်တာကြီးကို ယုံကြည်အောင် အတင်းပြောပြရန် နည်းနည်းလေးမှ ဝါသနာမပါပေ။ ဒါ သူ့အကျင့်ပဲလေ။

"နေသူရေ သူရက ရည်းစားမရှိလို့ အခုလိုကြောင်တောင်တောင်တွေ လျှောက်လုပ်နေတာကွ။ သူ့ကို ငါတို့ကောင်မလေးတစ်ယောက်လောက် ရှာပေးလိုက်ကြရအောင်။ မင်း အသိထဲမှာ ချောချောလှလှလေးတွေ မရှိဘူးလား"

"ငါ့ အသိထဲမှာတော့ မရှိဘူး။ ဒါပေမယ့် ချစ်မိုးညီမတစ်ယောက်တော့ တော်တော်ချောတယ်ကွ"

"ဟိတ်ကောင်တွေ ... ငါ့ညီမကိုတော့ မထိပါနဲ့ကွာ။ သူက ရိုးရိုးသားသားလေး။ ပညာလည်း သိပ်တတ်တာမဟုတ်ဘူးကွ"

"ရည်းစားထားတာပဲကွာ။ ပညာတတ်ဖို့ မလိုပါဘူး။ ဆင်ဆာမဖြတ်ဖို့ဘဲ အရေးကြီးတာပါ။ မင်းညီမက အဲဒါမျိုးတော့ ဖြစ်တယ်မဟုတ်လား"

"ဘာကွ"

"မက်စ်"

"ခွေးကောင်"

BURMESE CLASSIC .com



ကျော်ခင်ဦးက ပြောင်ချော်ချော်နှင့် ဧပြီးထပြေးတော့ ချစ်မိုးအောင်က လက်သီးဖြင့် လိုက်ထိုးသည်။ သူတို့ကိုကြည့်၍ သူရမျက်နှာကပြုံးနေ၏။ ရင်ထဲမှာတော့ နုံးချိချိ။ ဒါကိုသူသာသိပါ၏။ ဗီးနပ်စ်၏ ဖိတ်ခေါ်မှုမှ စတင်ကာ ဝုံကြွားလွန်းသော ရနံ့တွေကို သူတပ်မက်ခဲ့မိလေသည်။ ကြိုးပြတ်မည့်မှန်း သိပါလျက်နှင့် ထိုစောင်းတစ်လက်၏ သံစဉ်ကို နားဆင်ချင်နေ၏။ ရင်တွေကဖြင့် မောလှပြီ။

အပြင်ဘက်သို့ ထွက်၍ကောင်းကင်ကို မော့ကြည့်လိုက်ရာ လင်းလက်စူးရှလွန်းသောကြောင့် သူ့မျက်ခွံတွေ ပြုတ်ကျသွားသည်။ ရောင်စဉ်တွေ တဖိတ်ဖိတ်နှင့်ပေါ့။ ခဏကြာမှ ခေါင်းငိုက်စိုက်လျက် မျက်ခွံတွေကို ပြန်ပင့်တင်လိုက်ရာ အရောင်မှေးမှိန်နေသော မြေပြင်အား မြင်ရသည်။

မီးတောက်မီးလျှံ၏ အငွေ့အသက်ကို ရှုရှိုက်ချင်ပေမယ့် သူက အားငယ်စွာ ညှိုးနွမ်းနေ၏။ သေချာတာကတော့ သူ့နှလုံးသားမှာ စစ်မှန်သော ချစ်ခြင်းတစ်ခု ရှိနေတာသာဖြစ်သည်။ ချစ်သူကို တစ်မဟောသာ နမ်းရှိုက်ခွင့်ရမည့်ဘဝက ကွင်းလုံးကျွတ် လွတ်ချင်လှပါပြီ။

ပန်းတစ်ပွင့်ရယ် ...

ငါ့ရင်တွင်းကို
နင်သက်ဆင်းလှည့်စမ်းပါ
အဲဒီလိုများဆိုရင်လေ
အားအင်အပြည့်နဲ့ ငါ
ပိုးဖလံတစ်ကောင် လုပ်မှာပါ!

တကယ်တမ်းမှာတော့ ဒီဆန္ဒတွေက စိတ်ကူးယဉ်မှု နယ်ပယ်ထဲမှာသာ ထားရှိသင့်သည့် ကိစ္စတွေဖြစ်ကြောင်း သူရ ရေရာစွာ သိထားပြီးဖြစ်ပါသည်။

○○○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

တစ်ချက်တစ်ချက် လက်လက်သွားသော ရေပြင်ဆီမှ ကစဥ့်ကလျား ဖြတ်တိုက်လာသော လေညင်းသွဲ့သွဲ့က နိက်ကလပ်မှ ရီဝေဝေ ဖျော်မေတို့ကဲ့သို့ပင် လွတ်လပ်မှုကို ပရမ်းပတာ အသုံးချနေပါသည်။ မဆိုသလောက်ကလေးသာ လှုပ်ရှားနေသော ကန်ရေပြင်သည်လည်း ငြိမ်သက်ချင်ပါလျက်နှင့် လေခြေ၍ကြွေကျလာသည့် သစ်ရွက်တို့ကြောင့် အကွင်းလိုက် အကွင်းလိုက် ကခုန်ပြနေရ၏။

ဘဝဆိုသည်မှာလည်း ဖြစ်ပေါ်မှုအခြေအနေ အရပ်ရပ်ကြောင့် စိတ်မပါဘဲ ပြောင်းလဲကြရသည်။

"သူ"

"ပြောလေ ပန်းရဲ့။ ဘာပြောမလို့လဲ"

ပန်းကလေးက ကန်ရေပြင်ကို ငေးရင်းသက်ပြင်း ဖွဖွချသည်။ ပြီးမှ သူရကိုကြည့်ကာ...

"ကိုမျိုးမင်းကျော်က မာမီတို့က တဆင့်တို့ကို လက်ထပ်ဖို့ ပြောနေပြီ"

"ဪ"

သူရ ထူးပြီးမအံ့သြတော့ပါ။ ပန်းကလေးနှင့် ချစ်သူတွေဖြစ်သွားကတည်းက သူသည် ဆပ်ပြာပူဖောင်းတစ်လုံးကဲ့သို့ပင် နာရီလက်တံတွေ



နောက် စီးမျောလိုက်ပါရင်း တစ်စုံတစ်ရာနှင့် ထိတွေ့မှာကို စိုးကြောက်နေခဲ့ရတာဖြစ်သည်။ အခုတော့ ထိုအခြေအနေဆိုးက ရောက်ရှိလာချေပြီ။

"တို့ ဘာလုပ်ရမှာလဲကွာ။ ပြောပါဦး သူရယ်"

မကြားချင်သော ချစ်သူ၏ ညည်းညူသံကို သူရနားကျင်စွာဖြင့် ကြားနေရသည်။ ပန်းကလေး တက္ကသိုလ်ပထမနှစ်မှာကတည်းက သူမမိခင်က လက်ထပ်ရမည့်လူကို သတ်မှတ်ပေးထားပြီးသားဖြစ်သည်။ ထိုကိစ္စကို Online ပေါ်မှ သူငယ်ချင်းဘဝကတည်းက သူတစ်စွန်းတစ်စ သိထားပြီးသားပါ။ အပြင်မှာတွေ့တော့ ပန်းကလေးက ပြည့်ပြည့်စုံစုံ ဆပ်ပြောပြသဖြင့် ထိုပုဂ္ဂိုလ် အဖိုးတန်အကောင်းစားကြီးအား မယှဉ်နိုင်မှန်း တစ်နေ့တခြား ပိုမိုသိရှိလာပါလျက် အချစ်၏ဖမ်းစားမှုနှင့် ပန်းကလေး၏ ပျော်ရွှင်လိုသော ဆန္ဒအတွက်ကြောင့် သူရှန်းမထွက်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

၀

"အဲဒီလူကြီးကို ပန်း လက်မထပ်လို့ မဖြစ်ဘူးလားကွာ။ အရင်တုန်းက ပန်းကိုမပိုင်ဆိုင်မှန်း သိလျက်နဲ့ ဖွတ်ချစ်ခဲ့ပေမယ့် အခုအချိန်မှာတော့ ပန်းကို ကိုယ်မစွန့်လွှတ်နိုင်ဘူး ဖြစ်နေတယ်"

"မဖြစ်လို့ပေါ့ သူရယ်။ ပန်းလည်း ချစ်တဲ့သူနဲ့ ဘယ်ခွဲချင်ပါ့မလဲ"

"အဲဒီလူကြီးက ပန်းတို့မိသားစုအပေါ်မှာ ဘာလို့ဒီလောက်တောင် လွှမ်းမိုးထားရတာလဲ"

"ပန်းတို့ရဲ့ရှင်သန်မှုက အဲဒီလူအပေါ်မှာ တည်မြဲနေတယ်လေ။ ဒက်ဒီ ဆုံးပါးသွားတဲ့ အချိန်မှာပန်းတို့ ဘဝပျက်မတတ် ဖြစ်သွားခဲ့တယ်။ ဒက်ဒီက ကုမ္ပဏီ ကိစ္စတွေမှာ အရှုံးတွေဆက်တိုက်ပေါ်နေလို့ ငွေလိုနေတာနဲ့ အိမ်ရယ် ခြံရယ် ကားနှစ်စီးရယ်ကို ပေါင်ထားရတဲ့အပြင် သူများဆီက အတိုးနဲ့ချေးငှားထားတဲ့ ငွေကလည်း သိန်းရာကျော်ရှိသေးတယ်။ အဲ့ဒါတွေကို ဒက်ဒီက မာမီ စိတ်မကောင်းဖြစ်မှာစိုးလို့ မပြောဘဲနဲ့ လျှို့ဝှက်ထားတာ။ အဲဒီကိစ္စအာဝကို ဒက်ဒီ့လူယုံတော် မန်နေဂျာဖြစ်တဲ့ ကိုမျိုးမင်းကျော်ပဲသိတယ်"

"ဪ"

"ဒက်ဒီဆုံးတဲ့ သတင်းကြားလို့ လာရင်းနဲ့ ကိုမျိုးမင်းကျော်က အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေကို အားလုံးရှေ့မှာပြောပြတာ။ အဲဒီတော့မှ မာမီက မီးခံသေတ္တာကို သွားဖွင့်ကြည့်လိုက်တော့ အိမ် ခြံ ဂရံတွေ ကားလိုင်စင်တွေ ဘာဆိုဘာမှကို မရှိတော့ဘူး။ ဒက်ဒီရှိတုန်းက မီးခံသေတ္တာသော့ကို ဒက်ဒီပဲကိုင်တာလေ။ နောက်တစ်နေ့မှာ အတိုးနဲ့ချေးထားတဲ့ ငွေ ချေးစာချုပ်ကိုလည်း ကိုမျိုးမင်း ကျော်က ယူလာပြတယ်။ ဘဏ်မှာ အပ်ထားတဲ့ ငွေကလည်း ကုန်နေပြီ။ အဲဒီတုန်းကဆို မာမီ့ခများလင် လည်းသေ၊ အကြွေးတွေလည်းပိုင်းနဲ့။ တကယ့် ကို အရှုးဝေစ်ပိုင်းပါပဲလေ"

"ပန်း ဒက်ဒီက ဘယ်လိုဖြစ်ပြီး ဆုံးသွားရတာလဲ"

"လေကားပေါ်က လိမ့်ကျတာ။ အဲဒီ ဒက်ဒီဆုံးကဲ့နေ့မှာပဲ ... "

"ဘာဖြစ်တာလဲ"

"ထားပါတော့လေ ... အဲဒါကို... ကိုမျိုးမင်းကျော်နဲ့ ပန်းတို့ရဲ့ ပတ်သက်မှုကိုပဲ ဆက်ပြောပြမယ်"

"အင်း ... ပြောပါဦး"

"အဲဒီလို ဒက်ဒီဆုံးပြီး အကြွေးတွေပိုင်းနေလို့ ဒုက္ခရောက်နေတဲ့ မာမီဟာ မိန်းမသားတစ်ယောက်တည်းမို့ ဘာလုပ်ရမှန်း မသိတာကြောင့် ဒက်ဒီအားကိုးတဲ့ ကိုမျိုးမင်းကျော်ကိုပဲ တောင်းပန်ပြီး အကူအညီ တောင်းခံခဲ့ရ တာ။ ကိုမျိုးမင်းကျော်ကလည်း ဒက်ဒီမျက်နှာကိုထောက်ပြီး ကူညီခဲ့ပါတယ်။ ကုမ္ပဏီကိုလည်း သူပဲကြံဖန်ပြီး အစုရှယ်ယာဝင်တွေနဲ့ အရှိန်မပျက် ဆက်လက်လုပ်ကိုင်ရင်း အကြွေးတွေကို အမြတ်ငွေထဲကနေ ဖုံဖုံဆပ်ပေးခဲ့ တာ။ ကုမ္ပဏီကိစ္စတွေကို မာမီကလည်း ဘာမှနားမလည်တော့ အားလုံးကို ကိုမျိုးမင်းကျော်ကပဲ တာဝန်ယူဆောင်ရွက်နေရတာ။ ပန်းတို့သားအမိ အခုလို အခြေမပျက်နေနိုင်တာဟာ ကိုမျိုးမင်းကျော်ရဲ့ ကျေးဇူးတွေပေါ့"

"နောက်ဆုံးတော့လည်း အဲဒီကျေးဇူးရှင်ကြီးကပဲ ချစ်တီးစနစ်မျိုးနဲ့ လူကိုသိမ်းပိုက်ဖို့ ကြံရည်တာပဲမဟုတ်လား"

"အင်းပေါ့လေ ... အဲဒီလိုပဲ ပြောရတော့မှာပေါ့။ တို့ပထမနှစ် တက် နေချိန်မှာပဲ ကိုမျိုးမင်းကျော်က မာမီ့ဆီမှာ တို့ကိုလက်ထပ်ပါရစေဆိုပြီး လက်ထပ်ခွင့်တောင်းတယ်။ အိမ်မှာက သွေးသားရင်းချာ ယောကျ်ားသား လည်း မရှိတဲ့အပြင် စီးပွားရေးနဲ့ပြဿနာတွေကြောင့် အခြေအနေအရ ဥမကွဲ



သိုက်မပျက်အောင် မာမီကလည်း သဘောတူလိုက်ရတယ်။ တို့ကလည်း ငယ်သေးတဲ့အတွက် လောလောဆယ်မှာတော့ လက်မထပ်ပါနဲ့ဦးလို့ ပြော ထားရတာ။ တို့ကလည်း အဲဒီလူနဲ့ လက်မထပ်ချင်တာကြောင့် အချိန်ကိုရ သလောက် ဆွဲဆွဲနေတာ။ ဒါပေမယ့် တစ်နေ့ကျရင်တော့ တို့ သူ့ကိုပဲ လက်ထပ်ရမှာပါလေ"

"ပန်းရယ်"

"အဲဒီတုန်းကဆိုရင် တို့မှာငယ်ကလည်း ငယ်သေး။ အခြေအနေတွေ ကလည်း ဘေးကြပ်နံကြပ်နဲ့မို့ ညညဆိုတွေးတွေးပြီး ငိုလိုက်ရတာတွေ အကြိမ် ပေါင်းမနည်းပါဘူး"

"တော်ပါတော့ ပန်းရယ်၊ ဒီလောက်ဆိုရင် ကိုယ်သဘော ပေါက်ပါပြီ။ ပန်း ကြေကွဲဝမ်းနည်းရမဲ့ ကိစ္စတွေကို မပြောပါနဲ့တော့"

၀

ထိုအကြောင်းတွေကို သိပြီးသားဖြစ်ပါလျက်နှင့် သူသည် ပန်းကလေး အနားမှာ ငြိတွယ်နေမိခဲ့၏။ ယခုအချိန်မှာ ရှိရင်းစွဲအလှကို အောင်မြင် ကျော်ကြားမှုများဖြင့် ထပ်ဆင့်ခြယ်သထားသည့် ဖွံ့မက်ဖွယ် ပန်းကလေးအား ဟိုလူကလည်း ဘယ်နည်းနှင့်မှ အဆုံးရှုံးခံနိုင်မှာ မဟုတ်ချေ။ အဲဒွင့်အရေး ဟောင်းဆိုတတ်သူတို့၏ ကျေးဇူးတရားဆိုတာ 'မျှော်လင့်ချက်ပါသော မြုပ်နှံမှုတစ်ခု ဖြစ်နိုင်သလို ငြင်းဆန်ရန် ခက်ခဲသည့် ပေးဆပ်မှုမျိုးလည်း ဖြစ်သွားတတ်ပါသည်။ ယခုလက်ရှိ ပန်းကလေးကိုပဲကြည့်လေ ... ။

မိဘ၏ ကတိစကားနှင့် ကျေးဇူးတရားတို့အတွက် သူမဘဝကို ဝကွက်အပ်၍ ပေးဆပ်လိုက်ရပေတော့မည်။

အခြေအနေက သူ့အတွက် နိုင်ခန့်သော ဆုံးဖြတ်ချက်တစ်ခုခုချရန် ဖိအားပေးမှု တစ်ရပ်ဖြစ်နေချေပြီ။ ချစ်သူနှစ်သက်သော ဟာသလေးတွေ ပြောပြတတ်သည့် သူက ချစ်သူကိုတစ်ခဏတာမှာ ပျော်ရွှင်ခြင်းတွေ ဖန်ဆင်း ပေးစွမ်းနိုင်ပေမယ့် တစ်ဘဝလုံးစာအတွက်တော့ အကောင်းဆုံး အဖော်မွန် တစ်ယောက် ဖြစ်နိုင်မှာမဟုတ်ပေ။ ချစ်သော ပန်းကလေးအတွက် သူသည် အမှိုက်တစ်စ မဖြစ်စေလိုတော့ ... ။

www.burmeseclassic.com



"ကဲပါလေ ... အဲဒီ စိတ်ရှုပ်စရာတွေ ဘေးဖယ်ထားလိုက်ပါ။ ဒါတွေက တို့ကဏ္ဍတွေပါ။ ပန်းတို့နှစ်ယောက် တွေ့ဆုံချိန်လေးမှာ ပျော်ပျော် ရွှင်ရွှင်ပဲ နေလိုက်ကြရအောင်နော် ... အနှိ"

ပန်းကလေးက သူ့လက်မောင်းကို နူးညံ့သော သူမလက်ဖဝါးလေးဖြင့် ကိုင်တွယ်၍နှစ်သိမ့်စကားဆိုသည်။ မတွေဝေမိစေရန် သူ ကြိုးစားလိုက်ပြီး ပန်းကလေး၏ ပန်းသွေးရောင် လက်ဖဝါးလေး တစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ကာ သူ့ဘယ်ဘက်ရင်အုံထက်တွင် ကပ်ထားလိုက်သည်။ ရင်တွင်း၌ ရင်ခုန်သံတို့က ဆူညံစွာ ခုန်ပေါက်သောင်းကျန်းနေကြ၏။ လမ်းခွဲစကားတွေ မပြောရက်ပါ ... ပြောလည်း ပြောမထွက်ပါ ... ။

ထို့နောက် ပန်းကလေး၏ လက်ဖမိုးလေးကို သူ ညင်သာယုယစွာ ဖွဖွလေးနမ်းရှိုက်လိုက်၏။ ထိုအနမ်းသည် နောက်ဆုံးနှုတ်ဆက် အနမ်းဖြစ်ပါသည်။

ထိုအနမ်းအပြီး၌ မှုတ်ထုတ်လိုက်သော ထွက်သက်နှင့်အတူ ယတိပြတ်ဆုံးဖြတ်ချက်ကို ထိရှစွာချပစ်လိုက်ရုံသာမက ချစ်သူ၏ဘဝလမ်း သာယာချောမွေ့စေဖို့အတွက် စတေးပစ်လိုက်ရသည့် လူရာမဝင်သော သူ့နှလုံးသားသည်လည်း မလှမပ တိတ်တဆိတ် ကျဆုံးသွားခဲ့၏။ တဖန် ပြန်ရှူသွင်းလိုက်သော ဝင်သက်နှင့်အတူ ဝေဒနာတို့က သူ၏ ရင်တွင်းသို့ ညှာတာခြင်းကင်းမဲ့စွာဖြင့် ရင့်ရင့်သီးသီး နှိပ်စက်ကြလေတော့သည်။

မြတ်နိုးစုံမက်သော ပန်းကလေးအတွက် ဥယျာဉ်မှူး မလုပ်ပေးနိုင်သူမို့ ရင်ခွင်သည်းညှာကို အနာခံခြွေကာ နှလုံးသားအား မြေသြဇာအဖြစ် ချကျွေးပစ်လိုက်ပါသည်။ ချစ်သူအတွက် အိပ်မက်တို့လောင် မြိုက်ခံလိုက်ရတာမို့ နင့်နဲ့နာကျင်ခြင်းများ တရိရိလှိုက်စားခံနေရသည့် ကြားမှ သူကျေနပ်နေမိသည်။

သို့ငြား ကျေနပ်ခြင်းဆိုသည်မှာ ကြည်နူးခြင်းမဟုတ်ပါ။

ရန်ကုန်မြေကို အလာခရီးတိုင်းက သူ့ရအတွက် ရွှင်ပျလှပေမယ့် အပြန်ခရီးတွေကတော့ နွမ်းလျလျဖြစ်ရတာ ထုံးစံပါပဲလေ။ ထိုခရီး စဉ်များထဲမှ ဒီတစ်ခေါက် အပြန်ခရီးကတော့ဖြင့် မခမ်းနားသော သူ့နှလုံးသား၏ ရာပနကို သူကိုယ်တိုင် ပြန်လည်သယ်ဆောင်လာခဲ့ရတာဖြစ်ပါသည်။



BURMESE CLASSIC .com

## အခန်း (၁၆)

ကောင်းကင်မှာ တိမ်တွေညိုနေသည်။ မကြာမီ မိုးအဖြစ်နှင့် ပြိုတော့မည်။ ချစ်လှစွာသော ချစ်သူအား ပြုံးပျော်ကြည်နူးပြီး စိတ်ချမ်းမြေ့စေချင်သူမှာ မပြိုင်ခင်ကတည်းက အဖြေထွက်နေသည့် ပြိုင်ပွဲမို့ စိတ်မှိုင်ချကာ ဆုတ်ခွာလာခဲ့သည်။ ထိုနေ့မှစ၍ Chat ထဲသို့လည်း မဝင်၊ ပန်းကလေးထံမှ e-mail လာလျှင်လည်း မပြန်တော့။ ဖြတ်မဲ့ဖြတ် လုံးလုံးလျားလျား ပြတ်တောက်သွားအောင် တိခနဲဖြတ်ပစ်ရမှာပေါ့။

အမြစ်မရှိတော့သည့် သစ်ပင်တစ်ပင်ကဲ့သို့ ဆက်လက်ရှင်သန်ခွင့် မရနိုင်တော့တာ သေချာနေပါလျက် သံယောဇဉ်တို့ကို အမျှင်တန်းခွင့် မပေးလိုတော့ပါ။ ရာဘဝမှာ ပန်းကလေး ပျော်ရွှင်စွာနေထိုင်တတ်ပါစေ ... ဟုသာ ဆုတောင်းပေးနေမိသည်။

ရွှေမင်းသမီးလေးရေ ... မင်းတစ်ယောက်ဘဝမှာ ထာဝရ ကံကောင်းပါစေ ...

အချစ်ကြီး ချစ်ခဲ့ရသူအား ချက်ချင်းကြီး စိမ်းစိမ်းကားကား ဖြတ်ရတာမို့ သူ့ကိုတော်တော်ထိ၏။ ထင်မှတ်ထားတာထက် မိုပိုပြင်းထန်နေသော ဝေဒနာဆိုးများ၏ ဒဏ်ကိုသူတည်ငြိမ်စွာ မခံစားနိုင်ခဲ့ပါ။ ထိုရက်ပိုင်းတွေမှာ သူသည်ထိန်းချုပ်ထားရသော အလိုမပြည့်မှု၊ နာကျင်ခံခက်စိတ်တို့ကြောင့် ကြွပ်ဆတ်မာကြောကာ ရဲရင့်ရှားရမ်းရိုင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



၁

ညနေခင်းတစ်ခုတွင် နေသူတို့တစ်တွေက လက်ဖက်ရည်ဆိုင် သွားထိုင်ရန် လာခေါ်သဖြင့် သူရလိုက်လာခဲ့သည်။ စိတ်ပြေလက်ပျောက်ကလေးများ ဖြစ်လေမလားဆိုပြီးတော့ပေါ့။

"ဟိတ်ကောင်သူရ ... မင်းဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

နေသူမေးတာကို သူရကမေးခွန်းနှင့်ပင် တုံ့ပြန်လိုက်သည်။

"မင်းပုံစံက အသက်ငယ်ငယ်နဲ့ အအိုးကြီးပုံ ပေါက်နေတယ်။ မင်းစတိုင်က အရင်လိုမဟုတ်ဘူး။ မင်းဘာတွေဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူးကွာ"

"မညာပါနဲ့။ မင်းတစ်ခုခုတော့ ဖြစ်နေပါတယ်။ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူးဆိုမှကွာ"

ပါးစပ်က ငြင်းနေပေမယ့် လူကသက်သေပြနေသည်။ အအိပ်အစားမမှန်သလို မပြင်မဆင်ဘဲ ဝတ်စားနေထိုင်သဖြင့် သူရပုံစံက ချောင်ကျသွားကာ ကပိုကရိုဖြင့် ပေစုတ်စုတ် ညင်းသိုးသိုးဖြစ်နေသည်။

"ဟုတ်လို့လား၊ မင်းအရမ်းလည်း ပိန်သွားတယ်။ နေရောကောင်းရဲ့လား"

"ကောင်းပါတယ်"

နေသူနှင့် သူရကိုကြည့်ပြီး ချစ်မိုးအောင်က ပြုံးသည်။ ပြီးမှ နေသူပခုံးကိုပုတ်၍ ...

"မင်းမို့လို့ အာညောင်းခံပြီးတော့ သူရကိုသွားမေးနေတယ်။ ဒီကောင်က အရမ်းလျှို့ဝှက်တဲ့ကောင်။ သူမပြောချင်တာဆို မင်း ဘယ်လောက်မေးမေး ပြောမှာမဟုတ်ဘူး"

"ချစ်မိုးပြောတာ ဟုတ်တယ်ကွ။ ဒီဘိန်းစားစိတ်က မှန်းရခက်တယ်။ အပေါင်းအသင်းတွေနဲ့ သိပ်မတွဲဘဲ တစ်ယောက်တည်း အနေများလို့လားတော့ မသိဘူး။ သူက ငါတို့လို ပွင့်ပွင့်လင်းလင်းသမားလည်း မဟုတ်ဘူး။ မြုံစိစိနဲ့"

ကျော်ဇင်ဦးကပါ ချစ်မိုးအောင်၏ အဆိုကိုထောက်ခံပေးနေပြန်သည်။ နေသူကတော့ သူရကိုကြည့်ပြီး မေးငေါ့သည်။



"အဲဒီလို မြုံစိစိ သမားတွေက တစ်ခုခုဖြစ်လို့ ခံစားရပြီဆိုလည်း ကြိတ်မှိတ်နေတော့ ပိုပြီးခံစားရတယ်ကွ။ အဲဒါကြောင့် ငါက သနားလို့မေးနေတာ"

နေသူက မနိုးမခန့်ပုံစံဖြင့် ရွဲ့တဲ့တဲ့ပြောနေသည်။ သူရကတော့ ဘာမှ ဝင်မပြောဘဲ ငြိမ်၍သာနားထောင်နေ၏။ ရင်ဘတ်ထဲမှာတော့ အလွမ်းတွေ တဝေဝေနှင့်ပေါ့။

လက်ဖက်ရည်ဆိုင် ရောက်သောအခါ အဆွေးသီချင်းတစ်ပုဒ်၏ သံစဉ်က တုန်ရီလွင့်ပျံ့နေ၏။ ဝေဒနာတွေကို ပိုမိုတိုးပွားစေရန် နှိုးဆွပေးနေလေရော့သလားကွယ်။ အဆိုတော်ပယ် ချစ်သူက အစဉ်သာနေရာယူထိုးမိုးထား၏။ ဘယ်လိုမှ မေ့ပျောက်ဖို့ ကြိုးစားလို့မရနိုင်ပါလား အချစ်ရယ် ...

"ဟိတ်ကောင် ကျော်ဇင်ဦး ... ဟိုကောင်သူရ စားပွဲကိုတွေတွေကြီးစိုက်ကြည့်ပြီးတော့ ဘာတွေတွေးနေတာလဲ မသိဘူး။ သူ ဘာတွေးနေမယ်ဆိုတာ မင်းနဲ့ငါလောင်းမလား။ ဒီတစ်ဝိုင်းကြေးလေ"

"အိုကေ ... စိန်လိုက်"

အလွမ်းနာတွေနှင့် ငိုင်တွေနေသော သူရကိုကြည့်၍ နေသူနှင့် ကျော်ဇင်ဦးက အလောင်းအစားလုပ်နေကြပြန်သည်။

"ကဲ ... နေသူ။ မင်းအရင်စပြော"

"အင်း ... ငါ့အထင်တော့ သူ့ကောင်မလေးအကြောင်း တွေးနေတာပဲဖြစ်ရမယ်"

နေသူက အခုမှထွက်စပြုရုံရှိသေးသော သူ့မုတ်ဆိတ်မွေး တိုစိစိလေးနှစ်ချောင်းကို ပွတ်၍ဆရာကြီး စတိုင်နှင့်ပြောသည်။ ဒါကို လက်ကာစ်ဆစ်ခန့်ရှည်နေပြီဖြစ်သော မုတ်ဆိတ်မွေးငါးပင်နှင့် ကျော်ဇင်ဦးက လက်မခံချေ။

"ငါကတော့ အဲဒီလိုမထင်ဘူး။ ဒီကောင့်မှာ ရည်းစားမှ မရှိတာကို။ သူ ဘယ်ကောင်မလေးနဲ့တွဲတာ မင်း မြင်ဖူးလို့လဲ"

"အဲ ... ဒါလည်းဟုတ်တာပဲ"

"အဲဒါကြောင့်မို့လို့ ငါကတော့ ဒီကောင် သူ့အလုပ်ကိစ္စတွေအကြောင်း စဉ်းစားနေတာလို့ပဲ ယူဆတယ်။ ငါပြောတာ ဘယ့်နှယ့်လဲ"

"သေချာအောင် သူ့မေးကြည့်တာပေါ့။ ဟိတ်ကောင် ... သူရ

www.burmeseclassic.com



ငါတို့နှစ်ယောက် ပြောတာမှာ ဘယ်သူမှန်လဲကွ"

နေသူနှင့်ကျော်ဇင်ဦးက သူရ၏အဖြေစကားကို စိတ်ဝင်တစား နားစွင့်နေကြသည်။ သူတို့နှစ်ယောက်၏ အနိုင်အရှုံးက သူရအဖြေပေါ်မှာ မူတည်နေသည်မဟုတ်လား။ သူရက နေသူနှင့် ကျော်ဇင်ဦးကိုကြည့်ပြီး ခပ်နွမ်းနွမ်းပြုံးသည်။

"မင်းတို့နှစ်ယောက်စလုံး ပြောနေတာတွေ တစ်ခုမှမဟုတ်ဘူးကွ။ ငါက ဒီစားပွဲပေါ်က ဘဲသားမုန့်နဲ့ ပေါက်စီကိုဘယ်ဥစ္စာ စားရရင် ကောင်းမလဲလို့ စဉ်းစားနေတာ"

"ဟိုက် ... မင်းသာ သေလိုက်ပါတော့ ကျော်ဇင်ဦးရာ"

"အဲဒါကြောင့် ငါပြောတာပေါ့။ သူရစိတ်က မှန်းရခက်ပါတယ်လို့ဆိုမှပဲ။ ဒီလိုဆိုရင် မင်းနဲ့ငါသရေပဲနော်။ အဲဒါကြောင့် ဒီပိုင်းကို ချစ်မိုးရှင်းလိုက်"

"အမ် ... ငါ ငါနဲ့ဘာဆိုင်လို့လဲ"

သီချင်းသံစဉ်မှာ ဒူးလေးနှံ့ပြီး စည်းချက်လိုက်နေသော ချစ်မိုးအောင်မှာ ဘာမဆိုင် ညာမဆိုင် ဆွဲထည့်ခံလိုက်ရသောကြောင့် အူတူတူလေးဖြစ်သွားသည်။

"ဆိုင်ဆိုင် ... မဆိုင်ဆိုင်ကွာ။ ရှင်းဆို ရှင်းလိုက်"

"အေး အေးပါကွာ"

ချစ်မိုးအောင်က သဘောကောင်းသူမို့ အသာတကြည်ပင် လက်ခံသည်။ ထိုသဘောကောင်းမှုကြောင့်ပင် သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်တိုင်းမှာ သူကသာအမြဲလို ရှင်းရလေ့ရှိသည်။ လူဆိုသည်မှာ အခွင့်အရေးကို ယူသင့်သလောက် အတိုင်းအတာ အတွင်း၌ ယူရျရသလောက် ယူတတ်သော သတ္တဝါအကြီးစားများ ဖြစ်ပါသည်။

လက်ဖက်ရည်ဆိုင်မှ ဖွင့်ထားသော သီချင်းခွေက ဗီစီဒီကာရာ အိုကေသီချင်းခွေဖြစ်ပြီး ရုပ်ရောအသံပါ ဖွင့်ပြထားရာ သီချင်းတစ်ပုဒ်မှာ ပန်းကလေးသရုပ်ဆောင်ထားတာ ပါလာသည်။ တီဗီဖန်သားပြင်ပေါ်မှ ပန်းကလေးအားတွေတွေကြီး စိုက်ကြည့်ရင်း သူရရင်တွင်းမှာ ဒဏ်ရာရထားတွေ တစ်စင်းပြီးတစ်စင်း ခုတ်မောင်းနေ၏။ ဒီမင်းသမီးလေးဟာ တစ်ချိန်က ငါ့ချစ်သူ



ဖြစ်ခဲ့ဖူးသည်ဆိုသော အသိကရင်ကို ဟောင်မြိုက်လွန်းလှပေသည်။

သူရတစ်ယောက် တိတ်တဆိတ် ကြေကွဲနေစဉ်မှာပင် ...

"နောက်တက်တဲ့ မင်းသမီးတွေထဲမှာ အဲဒီပန်းမကိုဋ္ဌလေးကို ငါကြိုက်တယ်။ မိုက်တယ်ကွာ ... + ... ... x..÷.."

အရက်မူးနေပုံရသော နံဘေးဝိုင်းမှလူတစ်ယောက်က ပန်းကလေးကိုကြည့်ပြီး နှမချင်းမစာမနာ ပါးစပ်အရသာခံကာ ပြောနေလေရာ သူရသွေးကြောတွေ ဖျဉ်းခနဲဖြစ်သွားသည်။ သွေးတွေက ချက်ချင်း ဆူပွက်လာပြီး အသိစိတ်ကလည်း လူနှင့်လွတ်ထွက်သွား၏။

"အဲဒီဟာလေးကိုလေ။ ငါက ... ရှုလွှတ် ..."

"ခင်ဗျား သူ့ကိုအဲဒီလို မပြောနဲ့"

"ဖြောင်း"

"အား ..."

အသိစိတ် ပြန်ဝင်လာချိန်မှာတော့ သူကသစ်သားထိုင်ခုံပုလေးကို ကိုင်လျက် အသားတွေတဆတ်ဆတ် တုန်နေပြီး ဟိုလူ၏ နဖူးမှာတော့ သွေးတွေစီမ့်ထွက်နေသည်။

"ဟိတ်ကောင်... မင်း မင်းဘာလုပ်တာလဲ"

"ဘာလုပ်တာလဲဆိုတာ မသိသေးဘူးလား။ ကဲကွာ ..."

"ဖြောင်း"

"ဟာ ... ဟိတ်ကောင် သူရ"

"ဆွဲစမ်းပါဦးဟ"

ဘေးလူတွေက သူ့ကိုဝင်ဆွဲကြသည်။ အားလုံးက နားမလည်နိုင်သော မျက်လုံးများဖြင့် သူ့ကိုဝိုင်းကြည့်ကြသည်။ သူငယ်ချင်းတွေကလည်း သူ့ကိုအပြစ်တင်ကြသည်။

"မင်းကွာ ... ရှက်ဖို့ကောင်းလိုက်တာ။ မင်းသမီးတစ်ယောက်ကို ဒီလောက်တောင်ပဲ ဖွဲလမ်းရသလား"

"ဒီကိစ္စမှာ မင်းမှားတယ်သူရ။ တစ်ဖက်လူကိုတောင် အားနာဖို့သိပ်ကောင်းတယ်။ မင်းဒီလိုမလုပ်သင့်ဘူး။ အခုဆို မင်းကိုအားလုံးက

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်ချတဲ့အကြည့်တွေ ပျောင်းပြောင်းတဲ့ အကြည့်တွေနဲ့ ကြည့်နေကြပြီ"

"အေးကွာ ...အမိဖွာယ်မရှိတာ သွားလုပ်တယ်။ ကိုယ်နဲ့ ဘာဆိုင်တာမှတ်လို့"

"အဲဒါ ငါ့ချစ်သူကွ"

ဟု အကျယ်ကြီး အော်ပြောပစ်လိုက်ချင်ပါသည်။ ပြောလိုက်ပါကလည်း ငပေါကြီးဟု ထင်ကြဦးမည်။ ထို့ကြောင့် ဇာတိဖန်သားပြင်ပေါ်မှ ပန်းကလေးကိုသာ ဝမ်းနည်းအားငယ်စွာဖြင့် ငေးမျှော်ကြည့်လိုက်မိပါတော့သည်။

ရွှေမင်းသမီးရေ ...

ပုံပြင်ဆန်တဲ့ တို့အဖြစ်ကို ဘယ်သူ့ကို သွားပြောပြရမှာလဲ ...။ ပြောပြရင်လည်း ဘယ်သူမှ ယုံမှာမဟုတ်ပါဘူးလေ ...။ အပို ကြွားနေတဲ့ ယုံတမ်းစကားလို့ပဲ ယူဆပြီးတော့ ငါ့ကိုဟားကြဦးမှာပါ ...။ နှစ်သိမ့်အားပေးမဲ့သူ တစ်ယောက်မှမရှိတဲ့ လူတွေကြားမှာ ငါတော့ ရူးတော့မယ် မင်းသမီးရေ ...။ မင်းကတော့ ဒါတွေကိုသိရှာမှာ မဟုတ်ဘူးနော် ...။

ငါဟာ မင်းရဲ့ ကန့်လန့်ကာနောက်ကွယ်က ပျော်တော်ဆက်သက်သက်ပါ မင်းသမီးရယ် ...။

ဝ



## အခန်း (၁၅)

ဝေဒနာတွေကို ကုစားရာတွင် အချိန်ဆိုတာ သမားတော် အစစ်အမှန် မဟုတ်မှန်း ကိုယ်တွေကြုံမှ သူရသိရလေသည်။ အချိန် တွေကြာမြင့်ခဲ့ပေမယ့် ပန်းကလေးကို သူမမေ့နိုင်သေး။ ယနေ့တိုင် လွမ်းကောင်းနေဆဲပါပဲ။ ပန်းကလေးကတော့ အနုပညာလောက၌ တစ်နေ့တစ်ခြား အောင်မြင်ကျော်ကြားလာ၏။ မဂ္ဂဇင်းဂျာနယ်တွေမှာ ပါလာသော ပန်းကလေး ဓာတ်ပုံတွေနှင့် ဗွီဒီယိုရုပ်ရှင် သီချင်းခွေတွေမှ အနုပညာ လှုပ်ရှားမှုများကိုကြည့်၍ ပီတိတို့ဖြင့် သူကြေကွဲနေရသည်။

ချစ်သူထံပါး ကပ်ခွင့်မရသူမို့ မြတ်နိုးသော ပန်းကလေး အနုပညာ ဥယျာဉ်ကြီးအတွင်း အမျိုးအမည် စုံလင်သော ပန်းတကာ ပန်းတို့ကြားမှာ အမြင့်မားဆုံးနေရာတွင် ရောက်ရှိပြီး ကောင်းသော ဂုဏ်သတင်းများသာ အစဉ်မွှေးပျံ့သည့် ပန်းကလေးတစ်ပွင့် ဖြစ်ပါစေ...ဟု အဝေးမှသာ ဆုတောင်းပေးနေမိ၏။

မင်းကတော့ အောင်မြင်မှုတွေကြားမှာ သာယာပြီး ငါလိုကောင်စားကို မေ့နေရှာရောပေါ့နော် ...။

ခံစားမှုတွေကို နားလည်ပေးမည့်သူလည်း မရှိတာကြောင့် ဖွင့်ဝခွင့်မရသော ဝေဒနာတွေက ရင်ထဲမှာပြည့်ကြပ်နေ၏။ တစ်ခါ တစ်ခါမှာဆို လိုချင်တာမရသော ကလေးငယ်တစ်ဦးကဲ့သို့ ခြေဆောင့်ကာ အော်ငိုပစ်လိုက်

www.burmeseclassic.com



ချင်သည်။ တစ်ခါတစ်ခါမှာဆို ဘာမဆိုင် ညာမဆိုင် တွေ့သမျှလူတွေကို ဒေါသထွက်နေသည်။ တစ်ခါတစ်ခါမှာဆို စိတ်ညစ်ညစ်နှင့် ပေတေလေလွင့် ပစ်လိုက်ချင်စိတ်တွေပင် ပေါ်ပေါက်လာသည်။

ဘဝကိုအကြီးအကျယ် ပြောင်းလဲစေနိုင်သော အချစ်က လူငယ်တို့အတွက် ထိုမျှမက အစွမ်းထက်ပါ၏။

အခွေဆိုင်မှာ အခွေသွားငှားတော့ ပေါ်ပြူလာ ပုံရိပ်များ အခွေကို ငှားလာခဲ့၏။ ထိုအခွေထဲမှာ ပန်းကလေး၏ အင်တာဗျူးပါသည်။ အိမ်ရောက်တော့ ထိုအခွေကိုဖွင့်ပြီး ကျော်ရစ်ကာ ပန်းကလေး၏ အင်တာဗျူးကိုသာ သူတစ်နေကြည့်လိုက်သည်။ အစွမ်းကုန် ပွင့်လန်းနေသော ပန်းတစ်ပွင့်နှယ် လှသွေးကြွယ်နေသော ပန်းကလေးအား မြင်ရတော့ ဆုံးရှုံးမှု၏ ဝေဒနာက သူ့ကိုဆိုးရွားစွာ ရိုက်ခတ်လေသည်။

"ပန်းမကိုင်ရေ ... အချိန်တိုအတွင်းမှာ အောင်မြင်မှုတွေ အများကြီး ဆွတ်ခူးနိုင်ခဲ့တဲ့ ညီမလေးကို ချီးကျူးပါတယ်ကွယ်"

"အဲဒီလောက်လည်း မဟုတ်သေးပါဘူး အစ်မရယ်"

အမျိုးသမီးတစ်ဦးက မိုက်ကရိုဖုန်းကိုင်ပြီး မေးနေတာကို ပြန်ဖြေနေသည့် ပန်းကလေးအား တီဗွီဖန်သားပြင်ပေါ်မှ သူရ စူးစိုက်ကြည့်နေမိသည်။

"အချစ်အကြောင်း ပြောကြရအောင်နော်"

"ဟုတ်ကဲ့"

"အချစ်ကို ညီမလေး ယုံကြည်မှုရှိရဲ့လား"

"ရှိပါတယ်"

"ဒါဆို ညီမလေးအနေနဲ့ အချစ်စစ်ဆိုတာကို ဘယ်လိုများအဓိပ္ပာယ်ဖွင့်ဆိုချင်သလဲ"

"ကျွန်မအတွက်တော့ အချစ်စစ်ဆိုတာ ပလေတိုးနစ်အချစ် လိုပါပဲ။ ချစ်သူနဲ့နီးခြင်း ဝေးခြင်း ပေါင်းရခြင်း မပေါင်းရခြင်းတွေ အဓိကမကျဘဲ အချိန်ရာသီတွေ ဘယ်လောက်ကြာကြာ ကိုယ့်ချစ်သူ တစ်ယောက်တည်းကိုသာ ရင်ထဲမှာစွဲစွဲမြဲမြဲ တန်ဖိုးထား မြတ်နိုးနေတဲ့ အချစ်မျိုးပါ"

သူရခန္ဓာကိုယ်ဝယ် လျှော့င်ယ်တစ်ခု ဖြစ်ပေါ်သွားပါသည်။

"ပရိသတ်က သိပ်သိချင်နေတယ်။ ညီမလေးမှာရော အချစ်စစ်



ဆိုတာရှိလား။ ကျေးဇူးပြုပြီး ဖြေပေးပါဦး"

"ဟုတ်ကဲ့"

သူရ နားရွက်တွေ ပို၍ကားသွားသလားပင် ထင်ရ၏။

"ရှိခဲ့ဖူးပါတယ်။ အခုထိလည်း ရင်ထဲမှာ ရှိနေတုန်းပါပဲ။ ကျွန်မ ဒီအနုပညာလောကထဲမှာ အခုလိုနေရာလေးတစ်နေရာ ရလာစေတဲ့ ကျေးဇူးရှင်တွေထဲမှာ သူလည်း ပါ,ပါတယ်။ ကျွန်မ စိတ်ပျက် အားငယ်နေချိန်တွေမှာ သူ့ကဟာသလေးတွေနဲ့ အားပေးစကားတွေသာ မပြောခဲ့ဘူးဆိုရင် ကျွန်မအခုလို ဖြစ်လာမှာမဟုတ်ပါဘူး"

"အို ... ပန်း ... ပန်းရယ် ... အချစ်ရယ်"

သူရ ရင်တွင်း၌ ကြည်နူးလွမ်းမောခြင်းများ အပြင်းအထန် ဆွတ်ပျံ့လှုပ်ခတ်သွားလေသည်။ ချစ်သူရည်းစား ရှိပါလျက် အချစ်ကို စိတ်မဝင်စားသေးပါဘူးဟု ဖြေဆိုနေကြသူတွေကြားမှာ ပန်းကလေး၏ ရဲရင့်သော စကားသံတို့က သူ့နှလုံးသားအား တဆတ်ဆတ် ခါသွားစေသည်။ ပန်းကလေးသည်လည်း သူ့ကိုမမေ့သေးဘူးဆိုတာ သိလိုက်ရသဖြင့် ပျော်ရွှင်သွားကာ မျက်ဝန်း၌ မျက်ရည်တို့ပင် ပြည့်လျှံလာ၏။

ခံစားမှုတို့ကို ဘယ်လိုမှ မထိန်းသိမ်းနိုင်တော့သည့်အဆုံး တယ်လီဖုန်းဆီသွားပြီး ပန်းကလေး၏ ဟမ်းဖုန်းနံပါတ်ကို နှိပ်လိုက်၏။ ချက်ချင်းပင် တစ်ဖက်ဖုန်းသို့ ဝင်သွားသောကြောင့် သူရရင်တွေ အခုန်မြန်လာသည်။

"ဟဲလို ပြောပါ"

မျှော်လင့်ထားသည်နှင့် ဆန့်ကျင်စွာ ယောကျ်ားသံသြသြကြီးကို ကြားလိုက်ရသဖြင့် သူရအံ့အားသင့်သွားသည်။ စမိမှတော့ မထူးတော့ပါဘူးဆို၍ စိတ်ကိုဒုန်းဒုန်းချပစ်လိုက်၏။

"ဟို ...! ဟိုလေ ကျွန်တော် ပန်းနဲ့စကားပြောချင်လို့ပါ"

"ဩော် ကိုယ့်အမျိုးသမီးနဲ့ ပြောချင်တာလား။ သူမရှိဘူးကွ။ အပြင်သွားတယ်။ ကိစ္စရှိရင် တော်ကြာမှ ပြန်ဆက်လိုက်နော်"

"ဟုတ် ဟုတ်ကဲ့"

အနာပေါ်တုတ်ကျဆိုသလို ခံစားမှုမျိုးဖြင့် သူရတုန်လှုပ် ချောက်ချား

www.burmeseclassic.com

www.burmeseclassic.com



သွားကာ ဖုန်းကိုကောက်ကယင် ချပစ်လိုက်သည်။ ပန်းကလေး အိမ်ထောင်ကျသွားမှန်း သိလိုက်ရတော့ တိတ်ကနိုး ရှင်သန်နေသေးသော မရဲတရဲမျှော်လင့်ချက် အကြွင်းအကျန်လေးတွေပါ တစ်စစီကြေမွပျက်သုဉ်းသွားရလေပြီ။

စိတ်အလိုဆန္ဒကြောင့် ပန်းကလေး၏ အင်တာဗျူးကို နောက်တစ်ကြိမ် ထပ်မံဖွင့်ကြည့်မိပြန်သည်။ ကြည့်နေရင်း အားမရနိုင်စွာဖြင့် သူတုန်ယင်မောဟိုက်လာ၏။ အခုအချိန်ထိ ပန်းကလေးက သူ့ရင်ဘက်ထဲမှ ထွက်မသွားသေး။ တကယ်တော့ ပန်းကလေးပေါ်၌ သူ့မေတ္တာက ဘယ်တော့မှ ပျက်ပြယ်မှာမဟုတ်ပါ။ ထာဝရအတွက် စွဲမြဲနေပြီးသည့်အရာသာဖြစ်သည်။

ထို့နောက် ပန်းကလေး၏ မျက်နှာအား အနီးကပ်ရိုက်ထားသောပုံကို Pause နှိပ်ကာ ရပ်သေလုပ်၍ သူကမေ့တမော ငေးစိုက် ကြည့်ပစ်လိုက်၏။ သိပ္ပံနည်းပညာဖြင့် မြင်နေရသော ချစ်သူ၏ရုပ်ပုံလွှာကို မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်ရင်း သူ့ရင်တွင်းမှာ ဗလောင်ဆူကာ အလွမ်းတွေသဲသဲလှုပ်လာသည်။

အဲဒီ မင်းသမီးလေးပေါ့ ...။

သူဟာ ... တစ်ခါတုန်းက ငါ ဟာသတွေ ပြောပြခဲ့ရသူ ...။

သူဟာ ... တစ်ခါတုန်းက ငါ့ရင်ခွင်မှာ ခိုဝင်မေးစက်ဖူးသူ ...။

သူဟာ ... တစ်ခါတုန်းက ငါ့ကိုခံစားချက်တွေ ရင်ဖွင့်ခဲ့ ဖူးသူ...။

သူဟာ ... တစ်ခါတုန်းက ငါအားပေးနှစ်သိမ့်ခဲ့ရသူ ...။

သူဟာ ... တစ်ခါတုန်းက ငါနဲ့အတူ လမ်းတွေအများကြီး လျှောက်ခဲ့ဖူးသူ ...။

သူဟာ ... တစ်ခါတုန်းက ငါနဲ့အတူ စကားတွေအများကြီး ပြောခဲ့ဖူးသူ ...။

သူဟာ ... တစ်ခါတုန်းက ငါမျက်ရည်သုတ်ပေးခဲ့ရသူ ...။

သူဟာ .. တစ်ခါတုန်းက ငါ သိပ်ချစ်တဲ့ ငါ့ချစ်သူ ...။

သူဟာ ... တစ်ခါတုန်းက ...သြော် ... မင်းသမီးရယ် ... ငါ ... ငါ ... ရင်တွေနာလိုက်တာ ...။



ဒါ ... ဒါတွေဟာ ... တစ်ခါတုန်းက ကိစ္စတွေပါလေ ...။

အခုတော့ ... အခုတော့ ... ရွှေမင်းသမီးနဲ့ ပျော်တော်ဆက်ရဲ့ ကာလခန်းရှည် ပြဇာတ်ဟာ ... အားလုံး ... အားလုံး ... ပြီးဆုံးသွားခဲ့ပါပြီလေ။

၀

ဝါနှစ်နေသော ဧရာဝတီမြစ်ရေက မှန်ဆွေ့မှန်ဆွေ့ဖြင့် တသွင်သွင်စီးဆင်းနေသည်။ သူရသည် ရေပြင်ကျယ်ကြီးကို ငိုင်တွေစွာ ငေးရင်း မြစ်ကမ်းနံဘေးက လမ်းလေးပေါ်တွင် စက်ဘီးကိုတွန်း၍ လေးတွဲစွာဖြင့် လမ်းလျှောက်နေ၏။ ဟိုတစ်ချိန်ကဆို ဒီလိုမျိုး ရေပြင်ကြီးကို ချစ်သူနှင့်အတူထိုင်၍ ကြည့်ခဲ့ဖူးသည်။ ယခုအချိန်မှာတော့ သူမသည် တစ်ပါးသူ့ရင်ခွင်တွင် ကရားဝင်ရောက်ရှိသွားခဲ့လေပြီ။

လွမ်းလိုက်တာနော် ... ။

သူရသည် ဧရာဝတီကိုကြည့်၍ ကန်တော်ကြီးနှင့် အင်းလျားကိုလွမ်းနေမိသည်။

ကျွမ်းနေသော ရင်တစ်ခြမ်းကို ဘယ်အရာနှင့်များ ကုစားရမှာလဲ ချစ်သူရယ် ... ။

တစ်ခုတော့ ခွင့်ပြုပါ ... ။

မေတ္တာခိုင်မြဲနေဆဲမို့ ချစ်သူလို့ပဲ သုံးစွဲပါရစေ ... ။

မပေါက်ကြားစေရဘူးလို့ အာမခံပါတယ် ... ။

ရင်ထဲမှာ တိုးဖွဖွလေးပဲ ရွတ်ဆိုမှာပါကွယ် ... ။

ဒါဟာလည်း အပယ်ခံလူသား အတွက်တော့ အားဆေးတစ်ခွက်ပါပဲလေ ... ။

"အိုး ... ကျွတ် ကျွတ်"

အတွေးတွေနှင့် လမ်းလျှောက်နေရင်း ခေါင်းထဲက တဆစ်ဆစ်ကိုက်ပြီး မူးရိပ်မူးရိပ်ဖြစ်လာသည်။ အအိပ်အစားမမှန်သော ဒဏ်တွေ ထိပြီ။ ခဏတဖြုတ် ရပ်နေလိုက်ရသေးသည်။ ပြီးမှ မြစ်ကမ်းနံဘေး အတိုင်းစက်ဘီးလေးကို တွန်း၍သူဆက်လျှောက်လာခဲ့သည်။

"ဟင် ... ရန်နိုင်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းရှိ မြစ်ကမ်းပါးယံပေါ်တွင် ပုံပုံကြီးထိုင်ပြီး ငါးမျှားနေသော ရန်နိုင်ကို သူရ တွေ့လိုက်ရသည်။ ထို့ကြောင့် ရန်နိုင့်ဆီသို့ သူသွားလိုက်၏။

"ဟိတ်ကောင် ရန်နိုင်"

"ဟာ ... သူငယ်ချင်း"

ရန်နိုင်ကလည်း သူ့ကိုမြင်တော့ ဝမ်းသာသွားပုံရသည်။ ငါးမျှားနေတာမို့ ထိုင်ရာကတော့ မထ။

"သူငယ်ချင်း ... မင်းနှာမည်က လဒနော်"

"ဟာကွာ... မင်းကလည်း သူရပါဟ"

"အာ ... ဟုတ်သားပဲ။ ငါ မေ့သွားလို့ပါကွ။ သူငယ်ချင်း ... မင်းဘယ်တွေ လျှောက်သွားနေတာလဲ။ ငါ့ဆီတောင် လာဖော်မရဘူး။ ငါ့မှာတော့ မင်းကိုတွေ့ချင်လို့ လိုက်ရှာလိုက်ရတာ နံ့ရော"

"ဩော်"

သူရ စိတ်မကောင်းဖြစ်သွားသည်။ အလွမ်းတွေ ရှုံရှုံစိုနေသောကြောင့် စိတ်တွေတွေနေတာမို့ ရန်နိုင့်ကိုလည်း သူဥပေက္ခာပြုထားမိ၏။

"ငါ မအားလို့ မင်းဆီမလာဖြစ်တာပါ သူငယ်ချင်းရာ။ ငါ့ကို ခွင့်လွှတ်ပါနော်"

"ရပါတယ်ကွာ။ မင်းတို့လို ကျပ်မပြည့်တဲ့ လူတွေကိုငါက အမြဲ ခွင့်လွှတ်ထားပြီးသားပါ"

"အင်"

သူရ နင်သွားသည်။ ရန်နိုင်နှင့်တွေ့တိုင်း သူအမြဲတမ်း ခံနေရ၏။ ဒါပေမယ့် သူစိတ်မဆိုးမိ။

"ရန်နိုင် ... မင်းဘာတွေ လုပ်နေတာလဲ"

ငါးမျှားနေတာကို မြင်ပေမယ့် ရန်နိုင်ဘယ်လို ဖြေမလဲဆိုတာ သိချင်စိတ်ဖြင့် သူရမေးလိုက်ခြင်းဖြစ်သည်။

"ငါ ငါးမျှားနေတာလေ သူငယ်ချင်းရဲ့"

ငါးမျှားနေတာကို ငါးမျှားနေတာမှန်း သိသေးသောကြောင့် ရန်နိုင်၏ အသိဉာဏ်တွေ မှုမှန်နေသည်ဟု သူရတွက်ဆလိုက်သည်။ ထို့နောက်



စက်ဘီးကို ဒေါက်ထောက်၍ ရန်နိုင့်ဘေးမှာ သွားထိုင်လိုက် ၏။ တစ်ချိန်က အခုလိုရေပြင်ကြီး နံဘေးက မြက်ခင်းပြင်ပေါ်မှာ ရန်နိုင်ရယ်၊ သူရယ်၊ ပန်းကလေးရယ် အတူတကွ ထိုင်ခဲ့ဖူးကြတာကို ပြန်လည် အမှတ်ရမိပြန်သည်။

ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် မင်းကိုသာ သတိရနေမိပါလား အချစ်ရယ် ... ။

ခံစားမှုတွေ သက်သာစေရန် သူလို့ငှာ စိတ်အာရုံကို ရန်နိုင့်ဆီသို့ အတင်းဦးတည်ပစ်လိုက်ပါသည်။

"ရန်နိုင်"

"ဟေ"

ရန်နိုင်က သူ့ ငါးမျှားတံကိုသာ အာရုံစိုက်နေ၏။

"မင်း ငါးမျှားရတာ အဆင်ပြေလား"

"ပြေပါတယ်။ ငါက ထူးဆန်းတဲ့ ငါးတွေကိုမျှော်ပြီး မျှားနေတာကွ။ အခုတောင်မှ အများကြီးရနေပြီ"

သူရ ကြောင်သွားသည်။ သေသေချာချာ ကြည့်လိုက်တော့လည်း ရန်နိုင့်ဆီမှာ ငါးတစ်ကောင်မှမရှိ။

"ရန်နိုင်"

"ဟေလကွာ"

"မင်းဥစ္စာက အများကြီး ရနေပြီသာပြောတယ်။ ငါးလည်း တစ်ကောင်မှ မမြင်ပါလား"

"ဟာ ... သူငယ်ချင်းကလည်း ညံ့လိုက်တာ။ ငါးတွေကို မင်းဘယ်မြင်မလဲကွ။ အဲ့ဒါကြောင့် ငါကထူးဆန်းတဲ့ ငါးတွေမျှားနေတာလို့ ပြောတာပေါ့"

"အမ်"

သူရ အူတူတူလေးဖြစ်သွား၏။ ထိုအချိန်မှာပင် ရန်နိုင်က ရေထဲနှစ်ထားသော ငါးမျှားကိုင်းကို ဆတ်ခနဲဆွဲတင်သည်။

"ဟော...ထူးဆန်းတဲ့ ငါးတစ်ကောင် ရပြန်ပြီ။ လာထား ဟားဟား"

ငါးမျှားကြိုးအဖျားနေရာ၌ ဘာမှမရှိတာကို ရန်နိုင်က ဆွဲဖြုတ်ပြ

www.burmeseclassic.com

www.burmeseclassic.com



သည့် ပုံစံလုပ်နေသည်။ ဒီတော့မှ သူရကြည့်လိုက်ရာ ငါးမျှားကြိုးမှာ ငါးမျှားချိတ်လည်းမရှိကြောင်း တွေ့လိုက်ရတော့၏။

"ဘယ်နှယ့်လဲ သူငယ်ချင်း... ငါ့ ငါးက မထူးဆန်းဘူးလား"

"ထူး ထူးဆန်းပါတယ်ကွာ။ အရမ်း အရမ်းကိုထူးဆန်းတာပဲ"

"ဒါဆို ငါပြောတာ ယုံပြီပေါ့"

"ယုံပါပြီကွာ"

"ကဲ ... ဒီလိုဆိုရင် မင်းတစ်လှည့်မျှားဦး။ ငါ ညောင်းသွားပြီ... ရော့"

"အဲ ... အေး အေး"

ရန်နိုင်ကမ်းပေးသော ငါးမျှားကိုင်းကို မသက်မသာ မျက်နှာဖြင့် သူရလှမ်းယူလိုက်သည်။

တော်တော်ဆိုးတဲ့ကောင် ...

သူရစိတ်ထဲမှ ညည်းတွားလိုက်မိ၏။

ဘယ်လိုပဲ ဖြစ်စေ ...

ထိုနေ့က စိတ်လေနေသော သူရသည် စိတ်မမှန်သော ရန်နိုင်နှင့်အတူ ဇရာဝတီမြစ်ကမ်း နဖူးထက်မှာထိုင်၍ ထူးဆန်းသော ငါးတွေကို မျှားနေမိလေသည်။

○○○



**အခန်း (၁၈)**

"ကလင် ကလင်"

တိတ်ဆိတ်နေသော ညဦးယံ၌ ဖုန်းမြည်သံက စူးရှစွာထွက်ပေါ်လာသည်။ ဖုန်းမြည်သံကြောင့် မအိပ်သေးဘဲ Website ထဲ ဝင်နေသည့် သူရ သွားကိုင်လိုက်၏။ သူ့အတွက် မစားဖြစ်သော ထမင်းပွဲတွေနှင့် အိပ်ပျက်ညတွေက များလှပါပြီလေ။

"ဟယ်လို"

"သူလားဟင်"

"..."

အစဉ်သဖြင့် ဝေ့မတ်တောင့်တနေမိသော ချစ်သူ၏ အသံကြောင့် မယုံကြည်ချင်စွာဖြင့် သူရ ရင်ခွင်တစ်ခုလုံး မချိမဆန့် တုန်ခါသွားသည်။

"ပန်း"

"သူ"

"ပန်း ... ပန်း ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် သူရယ်"

"ဟာ ..."

"တို့ အခုဖုန်းဆက်နေတာ ဘယ်ကဆက်နေတာထင်လဲ"

"..."

www.burmeseclassic.com

www.burmeseclassic.com



"တို့ အခုသူတို့ မြို့ထဲကနေ ဆက်နေတာ"

"ဟင်"

ပန်းကလေး ဒီမြို့မှာရောက်နေသည် ဆိုပါလား။ အံ့ဩစရာ ...။

"ဟုတ် ဟုတ်လို့လား"

"ဟုတ် ဟုတ်တယ်။ အဲ့ဒါ တို့အခုမြို့ထဲက စောင့်နေမယ်။ သူ လာခဲ့ပါနော်"

ဘယ်လိုလုပ်ရပါ့မလဲ ...။

အရိုးသားဆုံး ဝန်ခံရလျှင်တော့ သူမကိုတွေ့ချင်နေမိသည်။

"သူ လာမယ်မဟုတ်လားဟင်"

"ဘယ် ဘယ်ကိုလာရမှာလဲ"

"သိဘူးလေ"

"အယ် ... ဘယ်လိုကြီးလဲ"

"တို့မှ ဒီမြို့ကို မကျွမ်းဟာ။ နေရာကို သူပဲရွေးလေ"

ပန်းကလေးလည်း လာရတာ အဆင်ပြေအောင် သူသောက်နေကျ ကော်ဖီဆိုင်လေး၌ ချိန်းဆိုလိုက်သည်။ နေရာကို သေချာပြောပြပြီးတော့မှ သူ ဖုန်းကိုချပစ်လိုက်၏။

ထို့နောက် ဖြစ်ကတတ်ဆန်း ပစ်ထားသော မျက်နှာကို မှန်ထဲ သေချာကြည့်လိုက်သည်။ ဆံပင်တွေက ဖို့ရိုးဖားရားနှင့် အတော်ရှည်နေပြီ။ သိသာထင်ရှားနေသော နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးရှိန်းရှိန်းတို့အား ပြောင်စင်အောင် ရိတ်ပစ်လိုက်သည်။ မိဘတွေ တဖွဖွပြောတုန်းက မပြုပြင် သည့် ရုပ်သွင်ကိုယခုမှ ပြန်လည်ပြုပြင်နေမိ၏။ ဝက်ခြံတွေ အဖုတွေများ ထွက်နေသလားဆိုပြီး ညဥ့်နက်သန်းခေါင်မှာ ကိုယ့်ရုပ်ကိုယ်မှန်ထဲ ဘယ်ပြန် ညာပြန် ကြည့်လိုက်ရသေးသည်။ ပန်းကလေးသည် သူ့ကို ထိုကဲ့သို့ ပေါ ကြောင်ကြောင်ဖြစ်စေနိုင်စွမ်းလည်း အပြည့်ရှိ၏။

သူတစ်ပါးပစ္စည်း ဖြစ်နေပြီဆိုတာ သိပေမယ့် ပန်းကလေးနှင့် တွေ့ဆုံရမည့်အရေးကို သူရင်ခုန်တက်ကြွနေမိ၏။ ကောင်းနိုးရာရာ ရွေးချယ် ဝတ်ဆင်၍ ရှုပ်ပွနေသည့် ခပ်လိမ်လိမ်ဆံပင်တို့အား ဦးထုပ်တစ်လုံးနှင့် ကာကွယ်ပစ်လိုက်သည်။ ပြီးတာနှင့် (ဆိုင်ကယ်ကိုယူပါက စက်သံကြောင့်



လူကြီးတွေ နိုးသွားမှာစိုးသဖြင့်) စက်ဘီးလေးကိုသာ ယူကာအမြန်အဆန် နင်းပြီး ပန်းကလေးရှိရာ ကော်ဖီဆိုင်လေးသို့ ထွက်လာခဲ့သည်။

ယခုလို ပြင်ဆင်ခဲ့သည်မှာ ပန်းကလေးအမြင်၌ သူ့အသွင်က ရှင်းသန့်လန်းဆန်းနေစေချင်သောကြောင့် ဖြစ်သည်။ သူသည် ချစ်သူအတွက် စိတ်ညစ်စရာတွေ ပေးစွမ်းသူမဖြစ်လို။ နှစ်ဦးသား တွေ့ဆုံနိုက်မှာ ဟာသ ကြိုက်သော ချစ်သူအတွက် သူသည်သူမပြုံးပျော်စေရန် ဟာသတစ်ပုဒ် ဖြစ်ခွင့်ရလျှင် ကျေနပ်ပါပြီ။

စည်းခြားသွားပြီ ဖြစ်ပေမယ့် အရင်လိုပဲ ပျော်ရွှင်စေချင်တုန်းပါပဲ ချစ်သူရယ် ...။

အိမ်နှင့် သိပ်မဝေးသောကြောင့် ခဏအကြာမှာပင် ကော်ဖီဆိုင် လေးသို့ သူရောက်သွားသည်။ ညဥ့်အတော်နက်နေပြီမို့ ဆိုင်မှာလည်း လူရှင်းနေချေပြီ။ ဆိုင်အတွင်းသို့ သူဝင်သွားသောအခါ ထောင့်ကျကျစားပွဲ၌ ပန်းကလေးနှင့် လူတစ်ယောက် ထိုင်နေတာကို မြင်လိုက်ရသဖြင့် သူ့ခြေလှမ်း တွေ တွန့်ဆုတ်သွားသည်။ ပြီးမှ ထိုလူမှာ တစ်ချိန်က ပန်းမကိုင်ရအတွအဖြစ် သရုပ်ဆောင်ပေးခဲ့ဖူးသည့် ရုပ်ပါနံ့ချာသူလေး မိယုမုန်း သိလိုက်ရသောကြောင့် သူရဲရဲတင်းတင်းပင် ဝင်ထိုင်လိုက်၏။

"ဟိုင်း ... မတ်စေ့တွေ၊ အကြွေစေ့တွေ မပေးဘဲနဲ့ ရွှေမင်း သမီးလေး ကြွမြန်းတော်မူလာတာ ဘာအကြောင်းများ ရှိလို့ပါလိမ့်"

ဆွေးမြေ့နေသော ရင်ခွင်ကို ချစ်သူမမြင်စေရန် ပေါ့ပါးသော ပုံစံ လုပ်ယူပြီး အပျော်အပြက် စကားလုံးများနှင့် သူရယ်ဖုံးအုပ်ပစ်လိုက်သည်။ ပန်းကလေးက ပါပါရာဇီများရန်ကိုကြောက်၍ ရုပ်ဖျက်သွားလာလေ့ရှိသော ဟောလီးဝုဒ် မင်းသမီးများကဲ့သို့ပင် ညအချိန်မတော်ကြီးမှာ မျက်မှန်အမည်း ကြီးကို တပ်ဆင်ပြီး မပီပြင်စွာ ရုပ်ဖျက်ထား၏။

"ဟ ... ဟ မျက်မှန်ကြီးနဲ့ပါလားဗျ။ ဂိုက်ပေးတွေ ကြမ်းနေတယ် ပေါ့လေ။ မမြင်မစမ်းနဲ့ ပန်းကန်တွေ မှောက်ကုန်ပါဦးမယ်ဗျာ။ ညဘက်ကြီး မှာ မျက်မှန်းအမည်းကြီးတပ်ထားတာ အကန်းကြီးကျနေတာပဲ"

သူရက ဟန်လုပ်ထားသော ရယ်သံနောက်၌ နောက်ရွက်နှုတ် ပြော လိုက်သည်။ ပန်းကလေးကတော့ မျက်မှန်အမည်းကြီးအောက်မှ စူးရှသော

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံဖြင့် သူရကိုစူးစိုက်၍ကြည့်နေ၏။

သူရက ခေါင်းမှ ဦးထုပ်ကိုချွတ်၍ ပန်းကလေးအား လှမ်းပေးလိုက်ပါသည်။

"ရော့ ... လူမြင်မခံချင်သပဆို ဒီဦးထုပ်ကို ဆောင်းထားလိုက်"

ပန်းကလေးက သူရပေးသော ဦးထုပ်ကို ယူဆောင်းပြီး မျက်မှန်ကြီးအား ချွတ်ပစ်လိုက်၏။ ပန်းကလေး အရင်ကထက်ပင် ပိုလှနေပါသည်။ ဟန်လုပ်၍သာ ပြောနေရတာ။ ပန်းကလေးသည် သူနှင့်အဆများစွာ ဝေးကွာနေပြီဟု ခံစားလိုက်ရကာ သူရစိတ်ထဲ မချင့်မရဲဖြစ်သွား၏။

ပန်းကလေးက ဦးထုပ်ချွတ်လိုက်သောကြောင့် ဘုတ်သိုက်ကျနေသည့် သူရဆံပင်တွေကို တွေတွေလေးကြည့်နေသည်။

"ဆံပင်တွေ ရှည်နေပါလား"

"ဆံပင်ဈေးတွေ ကောင်းလို့ဖြတ်ရောင်းစားမလို့ အရှည်ထားထားတာလေ။ အဟဲ"

"ပိန်လည်း ပိန်သွားတယ်နော်"

"အင်း ... ဟုတ်တယ်။ ဝိတ်လျှော့ထားတာလေ"

"သြော် ... သြော်"

သူ၏ နာကျင်မှုတွေကို ပန်းကလေး မသိစေချင်ပါ။ သူ့ကြောင့် ပန်းကလေး စိတ်မကောင်းဖြစ်သွားမှာ စိုးသောကြောင့်ဖြစ်ပါသည်။

ချစ်သူရေ ...

တကယ်တမ်းမှာတော့ ငါဟာမင်းနဲ့ ဝေးသွားကတည်းက မောင်းကျိုးမီးပျက် ဖြစ်နေတဲ့သူပါကွာ ... ။

စိတ်မရှင်မှုတော့ ကိုယ်လည်း ဘယ်လန်းနိုင်ပါ့မလဲပန်းရယ် ...။

ထိုအချိန်မှာပင် ရင်းနှီးသောဆိုင်မှ ဝိတ်တာလေးက သူ့အနားရောက်လာသည်။

"အစ်ကို ထုံးစံအတိုင်း ပေါ့စိမ့်ပဲမဟုတ်လား"

"အေး"

ပန်းကလေးမျက်နှာက သိသာစွာ အထားအသို ပြောင်းလဲသွားသည်။



"သူ ပေါ့စိမ့်ပြောင်းသောက်နေပြီပေါ့။ ဟုတ်လား"

"ဟုတ်တယ်။ သောက်နေကျ နက်စ်ကာဖီထုပ်တွေက ဈေးတက်သွားလို့လေ"

အတိတ်ကအကြောင်း ပုံရိပ်ဟောင်းတွေကို သတိရကာ နှစ်ဦးသား ပြုံးမိကြသေးသည်။ အခုအချိန်မှာတော့ ဒါတွေဟာ ယုံတမ်းပုံပြင်လေး တစ်ပုဒ်ဖြစ်သွားပါပြီလေ။

"ဒီလို ဘယ်လိုလုပ် ရောက်လာတာလဲ"

"ဒီမှာ ဇာတ်ကားလာရိုက်တာလေ။ ရှုတင်အပြီးတော့ ညနေ ကတည်းက ကိစ္စတွေပြတ်လို့ ပြန်သွားကြပြီ။ ကိုယ်က တမင်ကျန်နေခဲ့တာ"

"မိယုက ဘယ်ကပါလာတာလဲ"

"ကျွန်မက အခုမမလေးရဲ့ နောက်ကိုလိုက်နေတာလေ"

"သြော် ... ဟုတ်လား"

"ဟုတ်တယ်။ အနီးကပ်စိတ်ချရတဲ့ အမျိုးသမီးအဖော်တစ်ယောက် လိုနေတာနဲ့ တို့ကမိယုကို ခေါ်ထားလိုက်တာ"

ကင်းပြတ်နေသော အချိန်တွေကြားမှာ မိယုတောင် ရွှေမင်းသမီးလေး၏ နောက်တော်ပါးဖြစ်နေပါပြီလား ... ။ စကားဝိုင်းက တိဝ်ဆိတ်သွားသည်။ ဝေဒနာတွေကတော့ ကိုယ်စီတနုံ့နုံ့နှင့် လှိုက်စားနေကြ၏။ ထိုအချိန်မှာပင် ဝိတ်တာက ပေါက်ဖက်ရည်ခွက် လာချပေးသည်။ အလှန်ကြွားတတ်သော ဆိုင်ရှင်အစ်ကိုကြီးသာ သူ့ဆိုင်မှာ မင်းသမီးတစ်ယောက် လာထိုင်သွားသည် ဆိုတာကိုသိလျှင် ပြောဆိုးတော့မှာမဟုတ် ... ။

အေးစက်နေသော အနေအထားကို သူရမခံစားနိုင်ဘဲ ဖြစ်လာသည်။ ထို့ကြောင့် စကားဝိုင်းကို ပြန်လည်အသက်သွင်းလိုက်၏။

"အခုလို နယ်တွေကို ထွက်တော့ ပန်းအမျိုးသားက မလိုက်ဘူးလား"

"ဟင် ... ဘယ်လို"

"သြော် ... ပန်းယောကျ်ား မပါဘူးလားလို့ မေးတာပါ"

"အာ... ဘာတွေပြောနေတာလဲ။ တို့မှ အိမ်ထောင်မကျသေးတာ"

သူရ ရင်ထဲဖိမ့်ဖိမ့်တုန်သွားသည်။

"ဟုတ် ဟုတ်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆို"

"ဟာ ... ဒါဆိုဘယ်လိုဖြစ်တာလဲ မသိဘူး။ ဒီကြားထဲမှာ ပန်းရဲ့ ဟာမ်းဖုန်းကို ကိုယ်ဆက်သေးတယ်။ ယောကျ်ားတစ်ယောက် လာကိုင်တာနဲ့ ပန်းနဲ့စကားပြောချင်လို့ပါလို့ ပြောလိုက်တော့ သူက ကိုယ့်အမျိုးသမီး အပြင်သွားတယ်လို့ပြောတာ။ အဲဒါနဲ့ ကိုယ်က ပန်း အိမ်ထောင်ကျသွားပြီ မှတ်လို့"

"အစ်ကိုကလည်း မမလေးသာ အိမ်ထောင်ပြုရင် မဂ္ဂဇင်းဂျာနယ်တွေထဲမှာ ပလူပျံပြီးတော့ တစ်တိုင်းပြည်လုံး သိနေမှာပေါ့"

မိယုကပါ ဝင်ပြော၏။ သူပြောတာလည်း ဟုတ်နေသည်။

"ဒါဆို ဟိုလူက ဘာဖြစ်လို့ ပန်းကိုသူ့အမျိုးသမီးလို့ ပြောရတာလဲ"

"အဲ့ဒါက ဒီလိုသူရဲ့။ တို့က အဲဒီဟာမ်းဖုန်းကို မကြိုက်တော့လို့ ပန်းဖြူဆိုတဲ့ အစ်မကြီးကို ပြန်ရောင်းလိုက်တာ။ သူဖုန်းဆက်တော့ ပြန်ပြောတာက အဲ့ဒီအစ်မကြီးရဲ့ ယောကျ်ားဖြစ်မှာပေါ့"

"ဪ"

ပန်းကလေး အိမ်ထောင်မကျသေးဘူး ဆိုသဖြင့် သူရလှစ်ခနဲ ဝမ်းသာသွားမိသော်လည်း ချက်ချင်းပင် ထိုစိတ်က ပြန်လည်ပျောက်ကွယ်သွားသည်။

ဘာများပိုထူးလာမှာ မို့လို့လဲ ...။ မကြာခင် ဒီသောင်ဒီကမ်းပဲ ဆိုက်လာမှာ မဟုတ်လား။ ကိုယ်ကမှ ဟိုလူကြီးလောက် အဆင့်မရှိတာ။

တန်ဖိုးဆိုတာကလည်း နှိုင်းယှဉ်မှုရှိမှ သိသာပေါ်လွင်လာတတ်တာမျိုးဖြစ်သည်။

"ဒီဘက်မှာက ဆိုင်ကယ်တွေ တအားပေါတယ်နော်။ ဆိုင်ကယ် တစ်ခါမှ မစီးဖူးဘူး။ စီးကြည့်ချင်တယ်သိလား"

"ကိုယ့်မှာ ဆိုင်ကယ်တော့ ပါမလာဘူး။ စက်ဘီးပဲ ပါလာတယ်"

"အင်း ... စက်ဘီးလည်း မစီးဖူးသေးဘူး။ စီးဖူးကြည့်ချင်တယ်"

ပန်းကလေးက သူနှင့် လွတ်လွတ်လပ်လပ် စကားပြောချင်နေပုံရ၏။ ဒါကြောင့် သူစီစဉ်ဆောင်ရွက်လိုက်သည်။

"ကဲ ... လာ ... ဒါဆိုသွားကြရအောင်"



ပိုက်ဆံရှင်းပြီး ထထွက်ကြတော့ မိယုကအလိုက်သိစွာဖြင့် ကားထဲမှပင် စောင့်နေမည်ဟုပြောပြီး ကျန်ရစ်ခဲ့သည်။ ထို့ကြောင့် သူရနှင့်ပန်းကလေး နှစ်ယောက်တည်းသာ စက်ဘီးလေးနှင့်အတူ ထွက်လာခဲ့ကြ၏။ နယ်မြို့တစ်မြို့၏ သန်းခေါင်ယံအချိန်ကတော့ အေးငြိမ်စွာဖြင့် ခြောက်သွေ့တိတ်ဆိတ်နေပါသည်။

"ကဲ ... ရော့ စက်ဘီးစီးချင်တယ်ဆို စီးလေ"

သူရက ပန်းကလေး၏ လက်ထဲသို့ စက်ဘီးအား ထိုးထည့်ပေးလိုက်ပြီး မျက်နှာသေဖြင့် ပြောလိုက်ရာ ပန်းကလေးက ရယ်ကျဲကျဲလေးလုပ်သည်။

"အယ် ... အဲ့လိုကြီး ဟုတ်ဖူးလေ။ တို့က ကိုယ့်ဘာသာကိုယ်မှ စက်ဘီးမစီးတတ်တာ။ သူ့နောက်က ထိုင်စီးမှာကိုပြောတာလေ ...။ အနော့်"

ချစ်သူ၏ ချစ်စဖွယ် အမူအယာလေးကြောင့် သူရပြုံးလိုက်မိသည်။ ပန်းကလေးကလည်း သူရကိုကြည့်၍ပြုံးသည်။ သူတို့နှစ်ယောက်၏အပြုံးတွေထဲ၌ ရင်တွင်းဘာသာ စကားတွေများစွာ ပါဝင်နေကြ၏။

"သူ"

"ပြောလေ ပန်း"

"ဟိုးက ဘုံတားကြီးဆီ သွားချင်တယ်"

ဇရာဝတီ၏ အထက်တွင် မီးပွင့်လေးတွေလက်နေသော ဘုံတားကြီးအား လက်ညှိုးညွှန်ကာ မေးငေါ့ပြရင်း ပန်းကလေးက ကလေးငယ်သဖွယ် တီတီတာတာပူဆာသည်။ ချစ်သူ၏စကားဆိုလျှင် နာခံမြဲဖြစ်သော သူရသည် ဒီတစ်ခါလည်းမငြင်းပယ်ပါ။

"ကဲ ဒါဆိုလည်း နောက်ကတက်"

စက်ဘီးပေါ်တက်တာတောင်မှ ပြေး၍ခုန်မတက်တတ်။ ရပ်ပေးမှ တက်တတ်သည်။ တကယ့်ကလေးပေါက်စိတာရဲလေး ကျနေတာပဲ။

ပန်းကလေးအား နောက်မှတင်၍ ဘုံတားပေါ်သွားသော လမ်းဆီသို့ သူရစက်ဘီးကို ဦးတည်နင်းလိုက်သည်။ ပန်းကလေးကတော့ အနုပညာလောကထဲမှ အညီအဟောက်ဆန်သော အတွင်းရေးသတင်းတွေကို ပြောပြနေ၏။ စက်ဘီးနင်းရမှာ အမြဲပျင်းသော သူရသည် ဒီတစ်ကြိမ်မှာတော့ စိတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



လက်ပါ နင်းနေမိတာ မောရမှန်းပင်မသိ။

ဒါတောင် အတက်ရောက်တော့ ပျော့လာ၏။

"သူ့ နင်းရတာ မောနေနေရောပေါ့။ နားပါဦးလား"

"မောပါဘူးကွာ။ ဒါလောက်တော့ စပျော့ပေါ့"

"စပျော့သာဆိုတယ်။ စက်ဘီးက ရွေ့ရုံလေးပါလား"

"ဪ ... မြန်ချင်ရင်လည်း ရပါတယ်"

ခြေထောက်ညောင်းလာပေမယ့် ချစ်သူကျေနပ်အောင် အားစိုက်၍ အမြန်နင်းပြလိုက်သည်။ လူကလျှာထွက်နေပေမယ့် ရင်ထဲမှာတော့ပျော်နေသည်။ အချစ်သည် အမောပြေစေတတ်ပုံရ၏။

နဖူးမှာ ချွေးတွေစို့နေသော သူရသည် နဝဒေးတံတားကြီးပေါ် ရောက်တာနှင့် လတ်ဆတ်သော လေညင်းအေးလေးများ၏ သွေးပွေ့ကြိုဆိုမှုကြောင့် ချက်ချင်းအမောတွေ ပြေပျောက်သွားသည်။ ချစ်သူ၏ ဆံနွယ်လေးတွေကလည်း လေနင်ရာသို့ လွင့်နေကြ၏။ ထိုဆံနွယ်လေးတွေကို သူ ဖွဖွလေး ကိုင်ကြည့်ချင်နေမိသည်။ သို့ပေမယ့် မကိုင်လိုက်ပါ။ အာရုံတွေက မှတ်သိပ်စွာဖြင့် တစ်ချိန်က ရွှေရောင်ကာလများဆီသာ ဝဲပျံရောက်ရှိနေသည်။ မဆက်သွယ်သင့်မှန်း သိသောကြောင့် နာကျင်ခံခက်စွာ ဖြတ်တောက်ထားရသည့် ကြိုးနှစ်စကို ပြန်လည်ဆက်ဖွဲ့ခြင်း မပြုမိစေရန် ကိုယ့်စိတ်ကိုယ်မနည်း ထိန်းချုပ်ထားရ၏။

"သူ"

"ဟင်"

"သူ့မှာ ဟာသအသစ်တွေ ရှိနေမှာပေါ့။ ပြောပြဦးလေ"

"အင်းပါ"

နေ့စဉ်နေ့တိုင်း အသစ် အသစ် ထပ်ကိုးဖြစ်နေသော အပြောမ်းတွေအကြောင်း မျိုသိပ်ပစ်လိုက်ပါသည်။ မကြားရတာ ကြာပြီဖြစ်သော ချစ်သူ၏ ရယ်သံလွင်လွင်လေးများကိုလည်း သူကြားချင်နေမိသည်။

တွေ့ဆုံချိန် ခဏတာမှာ ဝေဒနာတွေကို မျိုသိပ်ပြီး ချစ်ကဲ့မင်းပျော်ရွှင်အောင် အတတ်နိုင်ဆုံး ကြိုးစားပြီး ပျော်တော်ဆက်ပေးပါမယ် မင်းသမီးရယ် ...။



"ဟိုတုန်းက ကိုယ်တို့လမ်းထဲမှာ ဦးကျော်ကြီးဆိုတဲ့ လူပွစာကြီး တစ်ယောက်ရှိတယ်"

သူရသည် သူ့အသံတွေ တုန်ယင်မနေစေရန် အတော်ပင် သတိထားပြောနေရတာဖြစ်သည်။

"အဲ့ဒီလူကြီးကို ဘာလို့လူပွစာကြီးလို့ ခေါ်တာလဲဟင်"

"အဲ့ဒီလူကြီးက အရမ်းခွကျတဲ့ လူရှုတ်ထနကြီးမို့လို့ပေါ့"

"ဘယ်လိုပွကျပြီး ဘယ်လိုရှုတ်ထနလို့လဲဟင်"

"ဒီလိုလေပန်းရဲ့။ တစ်ခါက အဲဒီလူကြီးက ဆေးခန်းသွားပြီး သွားနုတ်တာ။ သွားနုတ်ပြီးလို့ ပိုက်ဆံလည်းရှင်းရော အခုခေတ်မှာ သုံးမရတော့တဲ့ ဟိုတုန်းက ပိုက်ဆံတွေကို ထုတ်ပေးတယ်"

"ဟယ် ... ဆရာဝန်က ဘာမှမပြောဘူးလား"

"ပြောတာပေါ့။ ခင်ဗျားပေးတဲ့ ပိုက်ဆံတွေက အခုခေတ်မှာ သုံးမရတော့ဘူးလို့ ပြောလိုက်တာ။ အဲ့ဒီတော့ ဟိုလူကြီးက ဘာပြန်ပြောသလဲဆိုတော့ ... ဒီပိုက်ဆံတွေက သုံးမရတော့သလို ခင်ဗျားနုတ်ပေးလိုက်တဲ့ ကျူပ်သွားကလည်း သုံးမရတော့ဘူး။ အဲ့ဒါကြောင့် အတူတူပဲလို့ ပြောပြီး ဆေးခန်းထဲက ထွက်သွားတယ်တဲ့"

"အို ... ခစ် ခစ်။ တကယ့် လူပွစာကြီးပဲ"

တိတ်ဆိတ်နေသော ညဉ့်ယံထဲသို့ ပန်းကလေး၏ ရယ်သံလွင်လွင်လေးများ ထွက်ကျလာ၏။ ရင်ကိုလောင်ကျွမ်းခံ၍ လဲလှယ်ထားရသော ထိုရယ်သံလေးတွေကို သူရတစ်မှိန်မှိန် အရသာခံကာ နားထောင်နေမိသည် နားထောင်နေရင်းပင် သတိရသည့်အခါ ပြန်လည်ကြားယောင် နားဆင်နိုင်ရန် အတွက်လည်း အာရုံထဲမှာ တစ်ဘဝစာ သိမ်းဆည်းထားလိုက်ပါ၏။

ပန်းကလေးရယ်သံတွေ တိုးတိတ်ပြီးဆုံးသွားတာနှင့် ပျော်တော်ဆက်ကလေး သူရသည် သူ့ခံစားမှုကို မျက်ကွယ်ပြု၍ ချစ်သူပြုံးပျော်စေရန်အတွက် ဆက်လက်ဖျော်ဖြေပေးလိုက်ပြန်သည်။

"ဒါတင် မကသေးဘူး ပန်းရဲ့။ တစ်နေ့မှာ အဲဒီလူကြီးကသူ့မိန်းမနဲ့ ရန်ဖြစ်တယ်။ ပြီးတော့ လင်မယားချင်း ကွာမယ်ဆိုပြီး ကလေးသုံးယောက်ကို ပါ ခေါ်ပြီးတော့ ရှေ့နေဆီသွားတယ်။ ရှေ့နေကလည်း ကွာပေးမယ်ပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီမှာ ... အဲ့ဒီမှာ ..."

ဝမ်းနည်းခြင်း၏ ရိုက်ခတ်မှုကြောင့် သူ့အသံတွေ တုန်ယင်လာသဖြင့် ပြောလက်စစကားကို သူရပ်ပစ်လိုက်သည်။ သူ့ရှိုက်သံတွေကို ပန်းကလေးကြားသွားမှာ မလိုလားပါ ...။

"အဲဒီမှာ ဘာဖြစ်သလဲ။ ဆက်ပြောလေ သူရဲ့"

"အင်း ... အင်းပါ။ ပြောပါမယ်"

အသက်ကို ခပ်ပြင်းပြင်း ရှူသွင်းရင်း အားတင်းလိုက်သည်။ ရင်ထဲမှာတော့ တဆစ်ဆစ်နာနေ၏။

"ပြောလေ"

"အင်းပါ။ အဲ့ဒီမှာလေ ... အဲ့ဒီမှာ ကလေးက သုံးယောက်ဖြစ်နေတော့ ခွဲတမ်းမမျှဘူးဖြစ်နေတယ်။ အဲဒီလူကြီးကလည်း ညီမျှအောင်ခွဲနိုင်းတယ်။ ကလေးကလည်း သုံးယောက်ဆိုတော့ ရှေ့နေကလည်း ညီမျှအောင်ခွဲမပေးတတ်ဘူးဖြစ်နေတယ်"

အသံတွေမူမမှန်ဘဲ ဖြစ်လာသောကြောင့် သူရခဏနားနေလိုက်သေးသည်။ ပြီးမှ ဆက်ပြော၏။

"အဲ့ဒီမှာ လူ့ဥစ္စာကြီးက ဘာလုပ်သလဲဆိုတော့ ရှေ့နေကို ခွဲတမ်းမျှအောင် နောက်နှစ်ကျမှ ကလေးလေးယောက်နဲ့ ပြန်လာခဲ့မယ်လို့ ပြောပြီးတော့မှ ... သူ့မိန်းမလက်ကိုဆွဲပြီး ... နင့်ကိုငါမပေါင်းချင်ပေမယ့် ခွဲတမ်းမျှအောင် ကလေးတစ်ယောက် ထပ်ရဖို့အတွက်တော့ ပေါင်းရဦးမယ်လို့ ပြောပြီး ပြန်သွားတယ်တဲ့"

"ဟယ် ... ခစ်ခစ်။ တကယ့်လူကြီးပဲ"

ပန်းကလေးက တခစ်ခစ်ဖြင့် ရယ်ပြန်ပါသည်။ ထိုအချိန်မှာပင် သူ့ရ ခေါင်းတွေမူးလာသည်။ သို့သော် ချစ်သူရယ်သံဖြင့်ပင် စိတ်စွမ်းအင်ကို မြှင့်တင်ပစ်လိုက်၏။ အခုအချိန်မှာ သူ့အတွက်ချစ်သူသာ အဓိက ...။

"နောက်နှစ်ကျတော့ရော တကယ်ပဲ ကလေးထပ်ရလား"

"ရတယ်"

"ဒါဆို သူတို့လင်မယား ကွာဖြစ်တယ်ပေါ့ ဟုတ်လား"

"ဟင့်အင်း ... မကွာဖြစ်ဘူး"



"ဟင် ... ဘယ်လိုဖြစ်လို့လဲ"

"အမြွှာပူးမွေးလို့လေ။ အမြွှာပူးမှ နှစ်မြွှာပူးလေးမွေးတာ"

"ဟာ ... ခစ်ခစ် ဖြစ်ရမယ်။ အေးပေါ့ အေးပေါ့။ နှစ်မြွှာပူးမွေးတာဆိုတော့ ကလေးက ငါးယောက်ဖြစ်သွားတာကြောင့် ဘယ်ခွဲတမ်းမျှတော့မလဲ"

"ဟုတ်တယ်။ အဲ့ဒါကြောင့် သူကလည်း ဒီမိန်းမနဲ့ ဒီလောက်ဖူးစာကံပါနေမှတော့ မကွာတော့ဘူးဆိုပြီး ဆက်ပေါင်းနေတာ။ ဒါတောင်မှ အမြွှာပူးမွေးတဲ့နေ့တုန်းက ကလေးနှစ်ယောက်မွေးတာဆိုတော့ သူ့မိန်းမက သူ့အပြင်တခြား ယောက်ျားတစ်ယောက်နဲ့ပါ ဖောက်ပြန်သေးတယ်ဆိုပြီး မီးတွင်းထဲက မိန်းမကို ပြဿနာသွားရှာနေလို့ ဆရာမတွေက မနည်းရှင်းပြလိုက်ရသေးတယ်"

"ခစ် ခစ် ခစ်၊ တကယ်မလွယ်တဲ့ လူကြီးပဲ"

ရယ်နေသော ချစ်သူမျက်နှာလေးကို မက်မောစွာငေးကြည့်ရင်း သူ့ရင်တွင်းမှာ ဝေဒနာတွေခြိမ့်ခြိမ့်သဲနေ၏။

စကားသံတို့ တိတ်ဆိတ်သွားပြန်သည်။ ရင်ခုန်သံတွေကတော့ မတိတ်ဆိတ်။ တဒိတ်ဒိတ်နှင့် အခုန်မြန်နေကြသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် မေးခွန်းတွေမပါဘဲ ခံစားချက်ချင်း အကဲခတ်နေကြတာဖြစ်သည်။ မိုင်ချီကာ ခွဲခွာနေခဲ့ရသော ချစ်သူနှစ်ဦးသည် ယခုအချိန်မှာ ရုပ်ဝတ္ထုပစ္စည်းတွေ တစ်ခုမှ ကာဆီးမှုမရှိသော တစ်ပေမျှအကွာအဝေးကို ရောက်ရှိနေကြပါပြီ။ သို့ရာတွင် စိတ်ပိုင်းဆိုင်ရာ ကာဆီးမှုတွေကတော့ အသီးသီးတည်ရှိနေကြ၏။

ကောင်းကင်ယံတွင် လခြမ်းကွေးလေးနှင့် ကြယ်စင်တို့ ဖွေးဖွေးလှုပ်နေကြသည်။ ခုနစ်စင်ကြယ်ပင် အမြီးယိုင်နေချေပြီ။ မြစ်ကမ်း၏ အနောက်ဘက်ဆီမှာလည်း အုံ့ဆိုင်းသော သစ်ပင်များနှင့် ညှို့မှိုင်းသော တောင်တန်းများ တည်ရှိနေကြ၏။ ဝန်းကျင်တစ်ခွင်က လှုရှင်းနေကာ အေးမြသော လေညင်းလေးတွေကလည်း တသုန်သုန် တိုက်ခတ်နေပါသည်။ အောက်ဘက်၌လည်း ဧရာဝတီက မဟာဆန်စွာဖြင့် တသွင်သွင်စီးဆင်းနေ၏။ တံတားကြီးကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဝါလွင်သော မီးပွင့်တို့အရှိန်ဖြင့် ခပ်ထိန်ထိန်လင်းလျက် ညကအလွန်လှနေပါ၏။

ထိုကဲ့သို့ လွမ်းမောဖွယ်ကောင်းသော အခြေအနေမျိုးမှာ အသည်းကွဲနေသော ကောင်လေးတစ်ယောက်က သူ့ချစ်သူ ကောင်မလေး၏ တောင်းဆိုမှုကြောင့် ရင်နာနေသည့်ကြားမှ ချစ်သူပျော်ရွှင်စေရန်အတွက် ဟာသလေးတွေ ပြောပြနေရလေသည်။

အဝေးကြီးဝေးနေရသော အချစ်ဆုံးချစ်သူနှင့် ပြန်တော့တွေ့ရပါပြီ။ တွေ့တာမှ အကာလညအခါ လူရှင်းသော တံတားကြီးပေါ်မှာပါ။ သို့ရာတွင် အသိဉာဏ်ထဲမှ တားဆီးထားသော စည်းများကြောင့် ချစ်သူအနားမှာရှိပေမယ့် ချစ်သူကို ထွေးပွေ့ယုယခွင့် မရသည့်ဘဝ ...။ ဆိုးလိုက်တာ ...။

အဝေးမှ မှုန်ပျပျမြင်နေရသော လှေငယ်လေး တစ်စင်းဆီ အကြည့်ကို ပို့လွှတ်ထားရင်း ဘယ်သူမှမသိသော သူ့ပေးဆပ်မှုတွေအတွက် သူရ ကြေကွဲနေသည်။ သူ့ဝေဒနာ သူသာသိသည့် အဖြစ်မဟုတ်လား။

ခေါင်းထဲက တဆစ်ဆစ် ထိုးကိုက်လာ၏။

"သူ ဘာတွေတွေးနေတာလဲ။ ငေးငေးငေါင်ငေါင်ကြီးနဲ့"

ထို ငေးငေးငေါင်ငေါင်ဆိုတာကြီးနှင့် အကျွမ်းတဝင် ဖြစ်နေတာ ကြာပြီဖြစ်ကြောင်း မပြောပြလိုက်ပါ။ သူမ ကြားချင်သော ဟာသကိုသာ ဖန်တီးပေးလိုက်ပါသည်။

"ဘာတွေ တွေးနေတာလဲဆိုတော့ ဒီဧရာဝတီမြစ်ကြီးကို ကုန်းမြေဖြစ်အောင်ဖို့ရင် မြေကြီးခဲတွေ ဘယ်လောက်ကုန်မလဲဆိုတာ တွက်နေတာပါ"

"အာ ... သူကတော့လေ"

သူမနှင့် ဟိုပုဂ္ဂိုလ် အဖိုးတန်အကောင်းစားကြီး စေ့စပ်ပြီးသွားပြီလားဆိုတာ သိချင်မိသည်။ သို့သော် မေးမနေတော့။ သိသိ ... မသိသိ ကိုယ့်အတွက် အဖြေကရှိနေပြီပဲဥစ္စာ။ တစ်ခါတစ်လေမှာလည်း မသိတာက သိတာထက် ကိုယ့်အတွက်ပိုကောင်းနေတတ်၏။

"ပန်းကိုယ်နဲ့ အခုလိုလိုက်လာတာ မကြောက်ဘူးလား။ ကိုယ်က ပန်းကိုအတင်းခိုးပြေးရင် ဘယ်လိုလုပ်မလဲ"



"မကြောက်ပါဘူး။ သူ့ကိုယုံကြည်လို့ တို့က ဒီအထိတောင် လိုက်လာတာပဲဥစ္စာ"

"ဟာ ... ဟ ... ရွှေမင်းသမီးလေးက စကားတွေ သိပ်တတ်နေပါလား။ ဘယ် ဇာတ်ကားထဲက ဒိုင်ယာလော့ခ်တွေလည်း မသိဘူးဟေ့"

"မလှောင်ပါနဲ့ သူရယ်"

"မလှောင်ပါဘူး သူမရယ်"

စပ်ဖြဲဖြဲလုပ်၍ ပြောနေသော သူ့ရကို ပန်းကလေးက ခပ်စူးစူးလေး ကြည့်နေသည်။

"သူ အခုဘာလုပ်နေလဲ"

"ဒီမှာ ထိုင်နေတာ မတွေ့ဘူးလား"

"အာ အဲ့ဒါကိုပြောတာ မဟုတ်ဘူး။ ဘာအလုပ်တွေလုပ်နေလဲလို့ မေးတာ"

အသည်းကွဲဒဏ်ရာကို ဖြေဆေးမဲ့စွာ ကုသနေရကြောင်း မပြောလို။ ကြေငြာနေလို့လည်း ထူးခြားလာမှာမှ မဟုတ်တာ။ ချစ်သူ စိတ်ဆင်းရဲမှာသာ အဖတ်တင်မည့် စကားတွေကို သူရှောင်ရှားပြောဆိုလိုက်ပါသည်။

"မကျေနပ်ရင် ဖက်နမ်းသွား။ မပြောပြဘူး"

"အကောင်းပြောကွာ"

"အကောင်းပြောတာ ကြားချင်ရင် တရုတ်ပြည်လိုက်သွား အကောင်းက အခုမကောင်းတော့ဘူး။ နာတာရှည် ရောဂါသည်ကြီး ဖြစ်နေပြီ။ မကြာခင် အသက်ထွက်တော့မှာ သိလား"

သူ့ဟာသကို ပန်းကလေးက ပြုံးတောင် မပြုံးပါ။ မျက်နှာလေးသာ ရှုံ့မဲ့ပုပ်ဖြစ်သွားပြီး လက်သီးဆုပ် ပွယောင်းယောင်းဖြင့် သူ့လက်မောင်းကို ထိုးသည်။

"ဟေ့ ... သူ။ အတည်ပြောနော်"

"ဩော် ... အတည်လား။ အတည်က သေသွားပြီလေ။ ဒါတောင် မသိဘူးလား ငတုံးမလေးရဲ့"

"သူ ဘာဖြစ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးက သူ့ပခုံးကိုကိုင်ပြီး သူ့မျက်နှာကို သူမဘက်သို့ လှည့်စေကာ စူးစူးနစ်နစ် စိုက်ကြည့်၏။ သူ့ရင်တွေ ဆူဝေသွားသည်။ ခေါင်းသည်လည်း တရိပ်ရိပ်မူးလာ၏။ သို့သော် ကြိတ်မှိတ်ထိန်းချုပ်ပစ်လိုက်ပါသည်။

"ဘာမှမဖြစ်ပါဘူး။ အကောင်းကြီး။ မယုံရင်စမ်းကြည့်ပါလား။ ဘယ်နေရာ စမ်းစမ်းအရိုးချည်းပဲ။ ဟဲ ဟဲ"

တကယ်တမ်းတော့ ကိုယ့်မှာ အလွမ်းတွေချည်းသာ ဖုံးလွှမ်းနေတာပါ ပန်းရယ် ...။

"ကျွတ် ... တော်ပြီကွာ။ သူနဲ့ စကားပြောရတာ အဆင်မပြေဘူး"

ပန်းကလေးက သူ့ပခုံးကိုကိုင်ထားသော လက်ကိုဖြုတ်၍ သူနှင့် ဆန့်ကျင်ရာဘက်သို့ မျက်နှာလှည့်သွားသည်။ သူ့ရ ရင်ထဲမှာ ဝေဒနာတွေ စုံလင်စွာ ဖြစ်ထွန်းနေ၏။ အတိတ်ကိုတော့ မတူးဆွချင်ပါ။ ဖြေရှင်းချက်များလည်း မပေးချင်တော့ပါ။ တစ်ဖက်လှည့်နေသော ချစ်သူ၏ ကျောပြင်လေးကို ကြည့်ပြီး လှုပ်ရှားချင်နေသော သူ့လက်နှစ်ဖက်ကိုသာ အချင်းချင်းလိမ်ယှက်ထားလိုက်ပါသည်။

အတန်ကြာသောအခါ ပန်းကလေးမျက်နှာက သူ့ဘက်ပြန်လှည့်လာသည်။

"သူ တို့ကို ဘာပြောစရာရှိသေးလဲ"

"မရှိတော့ပါဘူး"

"တကယ် မရှိတော့တာလား"

"တကယ် မရှိတော့တာပါ"

ရင်ထဲက မေတ္တာတရား အကြောင်းကို ပြောပြချင်မိပါသည်။ သို့ရာတွင် မပြောပြလိုက်ပါ။

"ဒါဆို ပြန်ကြရအောင်"

"အင်း ..."

အပြောင်အပျက် စကားလုံးများနှင့် ဝေဒနာတွေကို ကြိုးစားပမ်းစား ကွယ်ဝှက်ထားသော သူ့ရသည် ချစ်သူ၏ အလေးအနက် မဆက်ဆံမှုကို ခံနေရသည့် မိန်းကလေးတစ်ယောက်၏ ရင်တွင်းခံစားချက်အား နားမလည်



တာလား ...။ နားမလည်ချင်ယောင် ဆောင်တာလား ...။

သူတို့နှစ်ဦးသည် အလာတုန်းကလိုပင် စက်ဘီးလေးတစ်စီးကို အတူစီး၍ ကားရှိရာသို့ ပြန်လာခဲ့ကြသည်။ သို့ရာတွင် အလာတုန်းကလိုတော့ စကားသံတွေ စီစီညံမနေတော့ပါ။ နှုတ်ဆိတ်မှုကို ကျင့်ကြံကာ တိတ်ဆိတ်နေကြသည်။

ထိုတိတ်ဆိတ်မှုကပင် နှစ်ဦးစလုံး၏ရင်၌ နက်ရှိုင်းစွာ စွဲထင်သွားစေ၏။

ကားဆီသို့ ပြန်ရောက်ချေပြီ။ ပန်းကလေး ကားပေါ်တက်သွားသည်။ အနာဂတ်အတွက် စကားများမပြောကြပါ။ မှာတမ်းများလည်း မခြွေကြပါ။ စိတ်ကူးထဲမှာသာ ဆန္ဒတွေ ဝေနေကြသည်။ ခွဲခွာရိုနှိ၏ ဇာနဲလှုပ်မှုကို သူတို့ရင်ဆိုင်နေရသည်။

ပြန်ဆုံခွင့်ဆိုတာ မရှိနိုင်တော့တဲ့ဘဝ ...။ ကျိန်စာသင့်ကြတာလားကွယ် ...။ မကြာခင် ပုံရိပ်တွေ လွင့်ပြယ်တော့မယ် ...။ ပတ်သက်မှုက ဒါပဲလား ...။ ခါးလိုက်တာနော် ...။

လေတိုက်သောအခါ အညှာမခိုင်သော သစ်ရွက်ကလေးတွေ ကြွေကျရသည်။ ကားပေါ်ရောက်မှ မျက်ရည်စက်လက် ရှိုက်သံဖွက်လျက် ပန်းကလေး ပြောလိုက်သော စကားတွေကလည်း သူ့ရနှလုံးသားအား မြေခသွားစေခဲ့သည်။

"သူဘယ်လိုတွေ ဖြစ်နေမလဲ။ သူဘယ်လောက်တောင် ခံစားနေရမလဲဆိုတာ သိချင်လို့။ အားငယ်ဝမ်းနည်းနေမဲ့ သူ့ကို စာနာစိတ်နဲ့ အားပေးနှစ်သိမ့်ချင်လို့ သူ့ကို တွေ့ဖို့လာခဲ့တာ။ အခုတော့ သူက ရယ်စရာဟာသတွေ ပြောတတ်သလို ကိုယ်တိုင်လည်း အမြဲတမ်းစိတ်ချမ်းသာ ပျော်ရွှင်အောင် နေတတ်သားပဲ။ သူ့စိတ်က မိုက်တယ်နော်။ သူက ဘာမဆို ရင်ထဲမှာ ပေါ့ပေါ့လေးပဲ ထားတတ်ပုံရတယ်။ ယုံတမ်းပုံပြင်တစ်ပုဒ် ဖြစ်သွားမှာပါလို့ ပြောခဲ့သလိုပဲ ကိုယ်တိုင်လည်း ယုံတမ်းပုံပြင်တစ်ပုဒ်လိုပဲ လွယ်လွယ်ကူကူ မေ့ပစ်နိုင်တယ်ပေါ့နော်။ တို့ကို သတိရတဲ့အကြောင်း ... ကွဲကွာနေချိန်မှာ ခံစားရတဲ့အကြောင်း ... အို တို့နဲ့ ပတ်သက်တာဆိုရင် ဘာဆိုဘာအကြောင်းမှ ပြောလည်းမပြောဘူး။ မေးလည်း ပမေးဘူးနော်။ ကောင်းပါတယ်လေ ...

www.burmeseclassic.com

www.burmeseclassic.com



။ အဲဒီလို နေတတ်တဲ့လူက မခံစားရဘူးပေါ့။ တို့ကိုက မှားတာပါ။ ကိုယ့်ကို ရက်ရက်စက်စက် အဆက်အသွယ် ဖြတ်သွားတဲ့လူဆီကိုမှ မိန်းမသားဟန်မဲ့ အောက်ကျနောက်ကျခံပြီး လာမိတယ် ... အပယ် ..."

ပန်းကလေး၏ ရှိုက်သံသဲ့သဲ့က လွင့်ပျံ့နေ၏။ သူ့ရင်တွေ တလှိုက်လှိုက်ဖြစ်နေပေမယ့် သူမ စကားပြောနေချိန်မှာ တစ်ခွန်းမှ ဖြတ်မပြောပါ။ သူမ စကားပြောပြီးသွားတော့လည်း တစ်ခွန်းမှ ပြန်မပြောပါ။ မဖြစ်သင့်မှန်း သိနေသော ကိစ္စကစ်ခုမို့ အယူခံမဝင်ချင်တော့တာဖြစ်သည်။

ထင်ချင်သလိုသာ စွဲချက်တင်လိုက်ပါချစ်သူ ...။

မင်း ကြည်ဖြူဖို့ယက် မင်းဘဝလှဖို့ကို ငါရွေးချယ်လိုက်တာပါ။

မာနတွေကို အရည်ဖျော်ပြီး ငါ့အတွက်ကျရတဲ့ မင်းရဲ့ မျက်ရည်စက်တွေအတွက် ငါအနူးအညွှတ်တောင်းပန်ပါတယ် ...။

ဟာသသာ ပြောတတ်တဲ့ ခပ်ညံ့ညံ့ကောင်လေးတစ်ယောက်အတွက် အဖိုးတန်တဲ့ မင်းရဲ့မျက်ရည်တွေကို ဖြုန်းတီးမပစ်လိုက်ပါနဲ့ ...။

အဲ့ဒီ ရင်နင့်ဖွယ် မျက်ရည်စက်တွေ ...ငါ ဟာသပြောတဲ့အခါမှာ ပြုံးရယ်တဲ့ ချစ်စဖွယ်အမူအယာလေးတွေကို ရိုက်ကွင်းပေါ်မှာတင်ပြီး မင်းရဲ့ အောင်မြင်မှုအတွက်သာ အသုံးပြုလိုက်စမ်းပါ ...။

အဲ့ဒီအခါမှာ အများပြည်သူတွေကြားထဲက မင်းရဲ့အမာခံပရိတ်သတ်တစ်ယောက်ဖြစ်တဲ့ငါဟာ တိတ်တခိုးလက်မထောင်ရင်း အားပေးနေမှာပါကွာ ...။

သူရသည် စကားတွေ အများကြီးပြောချင်ပါလျက်နှင့် ဆွံ့အပြနေရသူသာဖြစ်သည်။

"မိယု ... မောင်းတော့"

ပန်းကလေး ပြန်သွားပါပြီ။ စကားပြန် တစ်လုံးတောင် မကြားလိုက်ရလို့ သူမရှက်သွားလေမလား ...။ ကားကလေးက မှုန်ပျပျ။ သူရ တုတ်တာ မလုပ်လိုက်ပါ။ လက်မပြလိုက်ပါ။ သို့သော် နှုတ်ဆက်ခြင်း အသိက ရင်ခွင်မှာ အခံရခက်စွာ ရှိနေသည်။

"ပန်း ... ပန်းရယ် ..."

ခံစားမှုများ စုရှုံးသိပ်သည်းနေသည့်ကြားမှ ဟန်ဆောင်ခြင်း ဝတ်ရုံ



ကို လွှမ်းခြုံထားသော သူရသည် ဆိတ်ကွယ်ရာရပြီမို့ ထိန်းချုပ်ထားသမျှ ခါးသီးစွာ ပေါက်ကွဲထွက်ကုန်တော့သည်။ စက်ဘီးလေးကို တွန်း၍ ပေတရာပေါ်မှာ ဝေဒနာတွေကို အော်ဟစ်ရင်း အာရုံတွေ ပြာဝေလာ၏။ ဘာကိုမှ ဂရုမစိုက်နိုင်တော့ ...။

ဝေဒနာတို့က မျက်ရည်တွေ အဖြစ် ...။ ချို့တဲ့နေသော အာဟာရကြောင့် ယိုင်နဲ့နေသော ခန္ဓာကိုယ် ...။ တင်းကြပ်မှုတို့ကို မခံနိုင်တော့သည့်စိတ် ...။ ယူကျုံးမရခြင်းများဖြင့် နာကျင်နေသော နှလုံးသား ...။ အိပ်ပျက်ညများကြောင့် နောက်ကျိနေသည့် ဦးနှောက် ...။

ထို့နောက် ...

သူရ တစ်ယောက် ပေတရာလမ်းပေါ်သို့ ဒူးထောက်လဲကျ သွားလေတော့သည်။

စက်ဘီးလေးကလည်း သခင်နှင့်အတူ အားမော်ပြုလျက် ...။

ချစ်သူအတွက် ဟာသတစ်ပုဒ် ဖြစ်ချင်သူ၏ ရလဒ် ...။

ဒါလည်းပဲ ကျေနပ်နေဆဲ ...။

ပန်းကလေးသည် သူရ၏ရင်ထဲတွင် ဘယ်သောအခါမှ ညှိုးနွမ်းပျောက်ပျက်သွားမှာ မဟုတ်သော ခရမ်းရောင် ပုံရိပ်စစ်တစ်ခုသာ ဖြစ်ပါသည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အရှုံးကိုယ် မော်ကွန်းထိုးရင်း
ပင်းအပြုံးတွေ လင်းတောက်လာဖို့
နှလုံးသားကို မီးတင်ရှို့ပစ်လိုက်တယ်

အရောင်မဲ့ မျက်နှာပြင်အောက်
သက်တန့်က အကာနဲ့ လိုက်ကြွေမွသွား
အသက်ငင်နေတဲ့ ရင်တစ်ခြမ်းအတွက်လား
အိပ်မက်တွေ တတော့ပြုံလို့ကောင်းနေသဲ

www.burmeseclassic.com

www.burmeseclassic.com

ဒီအာရုံတွေ
ဘယ်သူမှ မကူလည်း ရတယ်
ချစ်သူဘဝ လှပယ်ဆိုရင်
နောက်ဆုံးစာမျက်နှာ ပြောကျတဲ့အထိ
ငါ ရဲရင့် ဟာမ်ကြေးပြုမယ်



## အခန်း (၁၉)

"သူ ... သူ ... အို ... သူရယ်"

အမြင်တို့က သဲနော်နေလေရော့သလား ... ။

"ပန်း ... ပန်းလေး"

ချစ်သူ၏ရုပ်ပုံလွှာက သူ့ရှေ့မှာရောက်နေပြန်သည်။ ကယောင်ချောက်ချား အထင်မှားနေတာ ဖြစ်မှာစိုး၍ မြင်နေရသော မျက်နှာလေးကို လက်ဖြင့်ကိုင်ကြည့်လိုက်မိသည်။ သေချာပါပြီ။

ဝိဇ္ဇာဗိမန်သားကြွင်ပယောက်။ ဟာကယ်သက်ရှိ ချစ်သူအစစ်ဖြစ် သည်။

ကိုယ့်ကိုယ်ကို ပြန်လည်စစ်ဆေးကြည့်လိုက်တော့လည်း လမ်းပေါ်မှာ ပိုးလိုးပိုးလက်။ အခြေအနေကို သွက်ဆေးခိုသွားသည်။ လမ်းနံဘေးနားမှာမို့ တော်သေးတာပေါ့။ သူရချက်ချင်း ထထိုင်လိုက်သည်။ ခေါင်းထဲမှာတော့ အနည်းငယ် မူးနေသေး၏။ မိယုက စက်ဘီးလေးကို ထူနေသလို ပန်းကလေးက သူ့ကိုကူနေသည်။

"သူ ဘယ်လိုနေသေးလဲဟင်"

"ဘယ်လိုမှ မနေတော့ပါဘူး"

"ဟုတ်လို့လား သူရယ်။ အေးခန်းသွားမလားဟင်"

"မသွားပါဘူး။ ရတယ်။ ဘာမှ မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ညာနေပြန်ပြီလား"

"တကယ်ပြောနေတာပါ"

"သူရယ်... တို့ ...တို့ကိုခွင့်လွှတ်ပါနော်။ တို့ သူ့ကိုအထင် လွဲသွားမိတယ်။ လူတစ်ဖက်သားကို အမြဲတမ်း စိတ်ချမ်းသာအောင်ထားတတ်တဲ့ သူ့ရဲ့မျိုးသိပ်မှုတွေကို တို့နားလည်မှု လွဲသွားခဲ့တယ်။ တို့ညံ့တယ်။ ဒီလောက် ကြိတ်မှိတ်ခံစားနေရတဲ့ သူ့ရင်ထဲက ဝေဒနာတွေကို တို့မမြင်ခဲ့ဘူး"

"ပန်း ... ပန်း ဘယ်လိုလုပ်ပြီး ပြန်ရောက်လာတာလဲဟင်"

ပန်းကလေးက သူမခေါင်းမှာဆောင်းထားသော သူ့ဦးထုပ်ကလေးကို ပုတ်ပြသည်။

"ဟောဒီ ကျေးဇူးရှင်လေးကြောင့်ပေါ့။ သူ့ဦးထုပ်လေး တို့ နောက်ပါလာလို့ ပြန်လာပေးတာ။ လာတုန်းကတော့ သူနဲ့ပတ်သက်တဲ့ ပစ္စည်းကို ယူမသွားဘူးဆိုတဲ့ စိတ်နဲ့ပြန်လာပေးတာ။ ဒီရောက်တော့မှ သူ့အဖြစ်ကို မြင်ပြီးတို့သဘောပေါက်သွားတာ။ သူ့အပေါ် အထင်လွဲမှားခဲ့မိတဲ့ တို့ကို ခွင့်လွှတ်ပါနော်"

သူရသည် ပန်းကလေးကို တစ်ချက်စိုက်ကြည့်၏။ ပြီးတော့ မျက်နှာလွှဲပြီး သက်ပြင်းမောကို မှုတ်ထုတ်ကာ ...

"ဒါတွေကို ပြောမနေပါနဲ့တော့ ပန်းရယ်။ မနီးစပ်နိုင်တော့တဲ့အတူတူ အခုထဲက ကိုယ်တို့နှစ်ယောက် ဝေးနေလိုက်ကြရအောင်။ ပန်း ပြန်တော့နော်"

ပန်းကလေးက ဆံနွယ်ပျော့ပျော့လေးတွေ တလှုပ်လှုပ်ဖြစ်သည် အထိ ခေါင်းခါ၏။

"အို ... အစောကြီးကတည်းက မပေါင်းရမယ်မှန်း သိသားနဲ့တောင် ပန်းတို့နှစ်ယောက် ချစ်ခဲ့ကြသေးတာပဲ။ အခုလည်း တို့က ဟိုလူနဲ့ စေ့တောင် မစေ့စပ်ရသေးပါဘူး။ ဒီကိစ္စက တို့ဘက်က အချိန်ဆွဲရင် ဆွဲထားသလောက် ရတာပဲဥစ္စာ။ ပန်းတို့နှစ်ယောက်အတွက် ပျော်ရွှင်စရာ အချိန်တွေအများကြီး ကျန်ပါသေးတယ်။ သူ တို့ဘဝထဲက အစောကြီးထွက်မသွားပါနဲ့နော်"

ပန်းကလေးက သူရ၏ မျက်တောင်တွင် ကပ်ငြိနေသော မျက်ရည်စတွေကို သူမ၏လက်ဖဝါး နုနုလေးဖြင့် နူးနူးညံ့ညံ့ ပွတ်သပ်သုတ်သင်ပေး၏။ ထိုအယုအယကြောင့် သူရရင်ထဲ၌ ချမ်းမြလိုက်ဖို့သွားသည်။



"အခုလို ခွဲနေရရင် သူတင်မဟုတ်ပါဘူး။ တို့လည်း အရမ်းခံစားရတယ်။ ဟိုလူနဲ့ လက်ထပ်ဖို့ဆိုတာက အဝေးကြီးလိုပါသေးတယ်။ သူပဲ တို့ကို စိတ်ချမ်းသာစေချင်တယ်၊ ပျော်ရွှင်စေချင်တယ်ဆို။ သူရှိမှတို့က စိတ်ချမ်းသာ ပျော်ရွှင်လို့ရမှာပေါ့။ နေလို့ရသမျှ နောက်ဆုံးအချိန်အထိ ပန်းတို့ချစ်သူနှစ်ဦး ပျော်ပျော်ရွှင်ရွှင် နေသွားကြမယ်ဆို။ အခုလည်း နေလို့ရသေးတာပဲဥစ္စာ။ ပန်းတို့နှစ်ယောက် အရင်လိုပဲ ပြန်နေကြရအောင်နော်။ နော်လို့ ... အနန့်"

ပန်းကလေးက သူရမျက်နှာကိုကိုင်၍ ဟမ္ဗမ္ဗ တောင်းဆိုနေ၏။ သူ့ရ ရင်ထဲကခံနိုင်ရည်တွေ ပျော်ကျသွားကာ နှာခံမှုများဖြင့် ခေါင်းညိတ်လိုက်မိပါသည်။ ထိုအခါ ပန်းကလေးမျက်နှာက ပြုံးရွှင်ချိုလွှင်သွားလေသည်။

"ဟေး ... ဒီလိုမှပေါ့ကွ"

ပန်းကလေးက ကလေးငယ်တစ်ယောက်လို လက်ခုပ်တီး၍ ထအော်လေသည်။ သူရငေး၍သာ ကြည့်နေမိပါသည်။ အင်္ဂလိပ်စာဆိုရှိထဲမှ ဖီးနစ်ငှက်သည် အသက်ငါးရာပြည့်လျှင် မီးပုံထဲဝင်၍ မီးရှို့ကာ ပြာမှ နောက်ငှက်တစ်ကောင် ဖြစ်သည်ဟု အဆိုရှိ၏။ ယိုင်နဲ့နဲ့နှလုံးသားမှ ဝေဒနာတို့ စွန်းထင်းနေသော သူ့အချစ်သည်လည်း ပန်းကလေး၏ အယုအယစကားသံတို့နှင့် ထိတွေ့လိုက်ရတော့ ခံယူချက်တွေ ဆိတ်သုဉ်းပျောက် လှပစွာ နုသစ်ပျိုမျစ်သွားပြန်သည်။

"သူ နေလို့ရော ကောင်းရဲ့လား"

"ကောင်းပါတယ်"

"ဘယ်လိုများ ဖြစ်ရတာလဲသူရယ်"

"အားနည်းလို့ ဖြစ်သွားတာပါ။ အခုကောင်းသွားပါပြီ။ ကိုယ့်အားဆေးလေးက ကိုယ့်ဆီပြန်ရောက်လာပြီပဲဥစ္စာ"

ချစ်သူ့ စိတ်ပေါ့စေရန် သူရခပ်ဖော့ဖော့ ပြောလိုက်သည်။ စိတ်ချမ်းသာမှုကြောင့်ထင်သည်။ သူ့ခေါင်းသည်လည်း ကြည်လာ၏။

"ဒီနေ့ ပန်းတို့လျှောက်လည်ကြမယ်နော်။ ရန်ကုန်က ထပ်နေပြီ။ ဒီပြည်

www.burmeseclassic.com

www.burmeseclassic.com



မှာ လျှောက်လည်ကြရအောင်။ ရန်နိုင့်ကိုပါ ခေါ်ခဲ့ပါလား။ မိယုလည်း အဖော်ရတာပေါ့"

"အင်း ... ကောင်းသားပဲ"

ပန်းကလေး၏ အကြံပေးမှုကြောင့် ရန်နိုင့်အိမ်သို့ သွားဖို့စီစဉ်ရသည်။ အရင်ဦးဆုံး သူရအိမ်သို့သွားကာ စက်ဘီးကိုပြန်ထားကြသည်။ စောသေးတော့ မို့ အိမ်ကလူတွေပင် တစ်ယောက်မှ မနိုးကြသေး။ သူရလည်း စက်ဘီးကို အသာအယာဝင်ထားပြီး ပြန်ထွက်လာခဲ့သည်။ ချစ်သူအနားမှာ ရှိနေတာ ကြောင့် သူ့လူပ်ရှားမှုတွေက ပေါ့ပါးတက်ကြွနေတာတော့အမှန်ပင်။ ပန်း ကလေးက အနားယူဖို့ပြောပေမယ့် သူက မနား။ ချစ်သူထံပါးမှာနေကာ ချစ်သူမျက်နှာလေးကိုသာ အချိန်ပြည့် ကြည့်ချင်နေမိသည်။

ထို့နောက် သုံးဦးသားကားဖြင့် ရန်နိုင့်အိမ်သို့ ထွက်လာခဲ့ကြ၏။ ကားကို သူရ၏ညွှန်ပြမှုဖြင့် မိယုကမောင်းပြီး သူရနှင့်ပန်းကလေးကတော့ ကားနောက်ခန်းမှပင် အတူထိုင်၍ စကားတပြောပြောနှင့် လိုက်လာခဲ့ကြ သည်။

"ရန်နိုင့်အကြောင်း တို့စုံစမ်းမိုင်းထားတာတွေရော သူ စုံစမ်း ကြည့် သေးလား"

"ဟင့်အင်း ... အသည်းကွဲနေရတာနဲ့ အချိန်ကုန်နေတာနဲ့ပဲ မစုံစမ်း ဖြစ်ဘူး"

သူရက ပြုံးဖြဖြလေးနှင့် ပြောတော့ ပန်းကလေးက စာနာဟန်ဖြင့် ကြည့်၍နှာခေါင်းလေး ရှုံ့ပြသည်။

"ဟွန်း ... ဖြစ်ရမယ်။ ဒါနဲ့များတောင် ဟန်ကြီးပန်ကြီးက လုပ်လိုက် သေးတယ်။ သူ မင်းသားလုပ်စားပါလား။ သရုပ်ဆောင်ကောင်းကယ်"

"မလုပ်ချင်ပါဘူး။ ကိုယ်မှ ဝါသနာမပါတာ။ ပြီးတော့ ကိုယ်တို့က သူများဖက်တာ ခံဖို့လည်း ဝါသနာမပါဘူး"

သူရက ပန်းကလေးကို မျက်စောင်းထိုး၍ ပြောလိုက်တော့ ပန်းကလေး ဆွေ့ဆွေ့ခုန်သွားသည်။

"ဟယ် ... ကြည့်စမ်း၊ ပြောပုံက တို့ကပဲ သူများဖက်တာ ခံချင်လို့ မင်းသမီးလုပ်နေသလိုလိုနဲ့ ... သူနော်"



ပန်းကလေးက ပြောနေရင်း သူ့ရင်ဘတ်ခေါက်ကို ဆွဲလိမ်သည်။ သူရ ကလည်းအော်သည်။ ဒီလိုနှင့်ပင် သူတို့နှစ်ဦးကြားမှာ အရင်လို နွေးထွေးမှုတွေ ပြန်လည်စိမ့်ဝင်လာလေတော့သည်။

ရန်နိုင်တို့ အိမ်ရောက်တော့ မြို့တံခါးပင် မဖွင့်သေး။ အချိန်ကလည်း ဝေလီဝေလင်းကြီးကိုး။ သူရ ကားပေါ်မှဆင်းပြီး အော်ခေါ်လိုက်သည်။

"ရန်နိုင်ရေ ... ရန်နိုင်"

အော်သာခေါ်နေရတာ။ ခဲမှန်ဖူးသည့် ကျီးလို ပီပီ ငြိမ်နေမိသည်။

"ဘာကိစ္စရှိလို့လဲ"

ခြံစောင့်အဘိုးကြီး ထွက်လာသည်။ သူရကိုလည်း မှတ်မိသွားပုံရ၏။

"သြော် ... မင်းပါလား။ တစ်ခါနဲ့ မမှတ်သေးဘူးထင်တယ်။ စော စောစီးစီး လာပြန်ပြီ။ အခုတစ်ခါလည်း ရန်နိုင့်မှာမည်ခေါ်ပြီး သူ့မိဘတွေနဲ့ တွေ့ချင်လို့ဆိုပြီး ပြောဦးမှာပဲလား"

"မပြောတော့ပါဘူးခင်ဗျာ။ အခုတစ်ခါတော့ တကယ် ရန်နိုင်နဲ့ တွေ့ချင်လို့လာတာပါ။ ရန်နိုင့်ကို ခေါ်ပေးလို့ရမလားဟင်။ ကျွန်တော်တော့ အိမ်ထဲမဝင်ရဲတော့ဘူး"

ဖူကျိုနှင့် ရွှေဝါကိုသတိရမိပြန်သည်။ သူတို့လုပ်ရပ်က ကြောက်စရာထက် ရင်ထဲစွဲနေစေပါ၏။

"သူတို့ အိမ်သားတွေ ဒီအချိန်ကြီး မနိုးကြသေးဘူး။ အဘလည်း နှိုးမပေးရဲဘူး။ သူတို့က သူတို့အိပ်နေချိန်မှာ သွားနှိုးရင် သိပ်စိတ်ဆိုးကြတာ။ အဲဒါကြောင့် လူလေးတို့ပြီးမှ ပြန်လာခဲ့ပါလား။ ဒါမှ မဟုတ် သူတို့နိုးတဲ့အထိ စောင့်ရင်လည်း စောင့်လေ"

သူရလည်း ဘယ်လိုလုပ်ရမှန်း မသိတာနှင့် ပန်းကလေးကို လှမ်းမေး လိုက်သည်။

"ပန်း ဘယ်လိုလုပ်မလဲ"

"တခြားလည်း သွားစရာမှမရှိတာ။ စောင့်နေလိုက်ကြတာပေါ့"

ပန်းကလေးစကားကြောင့် သူတို့စောင့်နေရန်ပင် ဆုံးဖြတ်လိုက် ကြသည်။ သူတို့၏ အတည်ပြုချက်ကို ကြားတော့ ခြံစောင့်အဘိုးကြီးလည်း လှည့်ထွက်သွား၏။ ထိုအခါ ပန်းကလေးက ကားပေါ်မှ ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဘ... အဘ ... ခဏနေပါဦး"

ပန်းကလေးက လှမ်းခေါ်တော့ ခြံစောင့်ကြီးက လှည့်ကြည့်၏။

"ဘာဖြစ်လို့လဲ ကလေးမရဲ့"

"ဟိုလေ ... အဘကို သမီးသိချင်တာလေး နည်းနည်းလောက် မေးချင်လို့ပါ"

ခြံစောင့်ကြီးက ခြံပြင်သို့ ပြန်ထွက်လာသည်။ ပန်းကလေးကိုလည်း စူးစမ်းသလိုကြည့်သည်။

"ကလေးမက ဘာမေးချင်လို့လဲ"

"ရန်နိုင်အကြောင်းပါ အဘ။ ရန်နိုင်က ဒီအိမ်က လူတွေရဲ့ သားအရင်း ဟုတ်မဟုတ် သိချင်လို့ပါ"

"ကလေးမက ဘာကြောင့် သိချင်ရတာလဲ"

"အကြောင်းရှိလို့ပါ အဘရယ်။ ကျေးဇူးပြုပြီးတော့ ဘာဘာသိသမျှ သမီးကိုပြောပြပါနော်"

"အင်း ... သိချင်တယ်ဆိုတော့လည်း ပြောပြရတာပေါ့ကွယ်။ ရန်နိုင်က ... ဇာနည်အောင်ရဲ့ သားအရင်း မဟုတ်ဘူးကွဲ့"

ပန်းကလေးမျက်နှာမှ အရောင်တို့ ပြောင်းလဲသွားသည်။

"ဒါ ဒါဆို ရန်နိုင်က မွေးစားသားပေါ့နော်။ သူ့ကို ဘယ်ကနေ ခေါ်လာတယ်ဆိုတာ အဘသိရင် သမီးကိုပြောပြစမ်းပါ"

"အင်းပါကွယ်... ပြောပြပါ့မယ်။ ရန်နိုင့်ကို ဇာနည်အောင်က ရန်ကုန်ကနေ ခေါ်လာတာကွဲ့။ လွန်ခဲ့တဲ့ ... အဲ ... "

ခြံစောင့်ကြီးက စဉ်းစားနေသေးသည်။ ပြီးမှ ဆက်ပြော၏။

"လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ဝန်းကျင်လောက်တုန်းကပေါ့။ ဇာနည်အောင် စိတ်ဖောက်ပြီး အိမ်ကထွက်သွားတာ တစ်လလောက်ကြာတယ်။ အဲဒီတုန်းက အဘနဲ့တခြား အလုပ်သမားတွေ လူခွဲပြီး လိုက်ရှာကြတာ။ အဘက ဇာနည်အောင်ကို ရန်ကုန်မှာသွားတွေ့တယ်။ ဇာနည်အောင်ကို တွေ့တော့ မောင်ရန်နိုင်လေးကိုပါ တွေ့ရတာပဲ။ ကလေးက ဘယ်မှာနေမှန်းလည်း မသိဘူးလေ။ အဲ့ဒါနဲ့ ဇာနည်အောင်က သူ့ဒီကိုပြန်လာတော့ မောင်ရန်နိုင်လေးကိုပါ ခေါ်လာခဲ့တာ"



"အဲ့ဒီ ရန်နိုင်ဆိုတဲ့ နာမည်ကရော သူ့နာမည်အရင်းလားဟင်"

"မဟုတ်ဘူး။ ကလေးကို နာမည်မေးတော့ မေးမရတာနဲ့ အဘတို့တွေ ပေးထားတာ"

"ဒါနဲ့ အဘတို့ ရန်နိုင့်ကို တွေ့တုန်းက သူ့လည်ပင်းမှာ ဒင်္ဂါးပြားအဝိုင်းပုံ ဆွဲသီးလေးနဲ့ ရွှေဆွဲကြိုးလေး တစ်ကုံးပါ ပါတယ် မဟုတ်လားဟင်"

"ဟုတ်တယ်။ ပါတယ် ... ပါတယ်။ အဲ့ဒါတွေကို သမီးက ဘယ်လိုကြောင့် သိနေရတာလဲ"

ပန်းကလေးက ပြန်မဖြေနိုင်။ သူမ မျက်နှာက အံ့ဩဟန်တွေနှင့် ငိုင်နေသည်။ ခြံစောင့်ကြီးကတော့ ဆက်ပြော၏။

"အဲဒီဆွဲကြိုးလေးကို အဘကဇာနည်အောင်ရဲ့ အလစ်မှာ ဖြုတ်ယူပြီးတော့ ... "

"အခုအချိန်အထိ သိမ်းထားတာလားဟင်"

သူရက သိချင်စိတ်ဇောဖြင့် ဖြတ်မေးလိုက်သည်။ ဒါကို ခြံစောင့်ကြီးက လက်ကာပြ၏။

"မဟုတ်ဘူး။ ရောင်းစားပစ်လိုက်တာ"

"အမ်"

ချီးကျူးမည်ဟု ဟန်ပြင်ထားသော သူရစိတ်ကူးတွေ ပျက်စီးသွားရ၏။ ထိုအခိုက်မှာပင် ပန်းကလေး အသံက ထွက်လာသည်။

"ဒီအတိုင်းဆိုရင် တို့ထင်ခဲ့တာ မှန်သွားပြီ"

"ဘာလဲ ပန်းရဲ့။ ဘာမှန်တာလဲ"

"ရန်နိုင်ဆိုတာ ... တို့ ... တို့ရဲ့ အစ်ကိုရန်လင်းမောင်ပဲ"

"ဟင်"

အံ့ဩမှုများကို သူရ ခံစားလိုက်ရပါသည်။ အဖြစ်အပျက်က ရုပ်ရှင်ဆန်လှ၏။

"ဟုတ်လို့လား ပန်းရယ်။ ဖြစ်နိုင်ပါ့မလား။ ဘာဆိုင်လို့လဲ"

ပန်းကလေးနှင့် ရန်နိုင် မောင်နှမဆိုတာ ရုပ်ရည်ရော၊ အခြေအနေရော ဆက်စပ်ကြည့်၍ မရ။ သူရခေါင်းစားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ သေချာပါတယ်။ ရန်နိုင်ရဲ့ ရင်ဘတ်က အမာရွတ်ကို မြင်ကတည်းက ကို့သင်ခဲ့တာ။ ဒါပေမယ့် အမာရွတ်တွေက များလွန်းနေတော့ သိပ်အယုံအကြည် မရှိခဲ့ဘူး။ အခုတော့ သိပ် သေချာသွားပါပြီ။ ဒက်ဒီ ဆုံးတဲ့နေ့မှာပဲ ကိုကြီးလည်းပျောက်သွားခဲ့တာ။ အခုမှပဲ ပြန်တွေ့တော့တယ်။ တွေ့မှဲတွေ့တော့လည်း အံ့သြစရာကြီး"

"ဒါဆို ရန်နိုင်နဲ့ ပန်းက မောင်နှမအရင်းတွေပေါ့။ ဟုတ်လား"

"မောင်နှမ အရင်းတော့ မဟုတ်ဘူး။ ဝမ်းကွဲတော်တာပေါ့။ ကိုကြီး ရန်လင်းမောင်ရဲ့ မိဘတွေက သူငယ်ငယ်လေးကတည်းက ဆုံးသွားကြလို့ ဒက်ဒီနဲ့မာမိက ခေါ်မွေးစားထားတာ။ မွေးစားသားဆိုပေမယ့် ကိုကြီးနဲ့တို့က သိပ်ချစ်ကြတာ။ အခု ပြန်တွေ့ရတော့လည်း ကိုကြီးအဖြစ်က ဆိုးလိုက်တာနော်"

"ရန်နိုင်က ငယ်ငယ်လေးကတည်းက ကြပ်မပြည့်တာလား"

"ဘယ်က ဟုတ်ရမှာလဲ။ ကိုကြီးက ငယ်ငယ်က အကောင်းပါ။ အခုမှ ဘယ်လိုဖြစ်သွားရတာလဲ မသိဘူး"

ပန်းကလေး ခပ်ညည်းညည်းလေးပြောသည်။ သူရလည်း စိတ်ဝင်စားလွန်းသောကြောင့် ခြံစောင့်ကြီးကိုသာ မေးမြန်းလိုက်၏။

"အဘ ... ရန်နိုင်က ဘာကြောင့် အခုလိုဖြစ်သွားရတာလဲဟင်"

"မောင်ရန်နိုင့် အဖြစ်က သနားစရာပါကွာ။ အဘ သူ့ကိုစတွေ့ကတည်းက သူ့ပုံစံက ကြောင်တောင်တောင်လေး ဖြစ်နေတာကွဲ့။ သူ ဒီအိမ်ရောက်တော့ ဇာနည်အောင်က စိတ်ဖောက်လာရင် အရမ်း နှိပ်စက်တာ။ သူ့ခမျာ အဲဒီဒဏ်တွေကို မချိမဆန့်ကို ခံရတာပဲ။ တစ်နေ့မှာ မောင်ရန်နိုင် ဖျားတယ်။ အဲဒီကလေး ဖျားတာမှ အကြီးအကျယ်ကို ဖျားတာ။ အဲဒီ ဖျားတာကနေလည်း ပြန်ကောင်းလာရော သူလည်း မှုမမှန်တော့ဘူး။ အဘ အထင်တော့ ငှက်ဖျားပိုး ဦးနှောက်ထဲဝင်သွားတာဖြစ်လောက်တယ်။ ပြီးတော့ နေ့စဉ်ရက်ဆက် ညှဉ်းပန်းနှိပ်စက်ခံရတာတွေ များလာပြီး ကြောင်တောင်တောင် လူတွေကြားမှာ အနေများလာတော့ သူလည်းစိတ်ဓာတ်တွေ ပျက်ပြားပြီး ကြောင်သွားတာ ဖြစ်မှာပေါ့ကွယ်"

"အို ... ကိုကြီးရယ်"



ပန်းကလေးသည် အသံလေးတွေ တုန်ယင်နေ၏။ အစ်ကို ဖြစ်သူအတွက် သူမ ဘော်တော်ခံစားနေရရှာလိမ့်မည်ဟု တွေးမိကာ သူရ သနားသွားမိပါသည်။ သူက ချစ်သူကိုအစဉ်သာ ပျော်ရွှင်စေချင်တာ မဟုတ်လား။

ခြံစောင့်ကြီးကို ကြည့်၍လည်း သူ့ရင်ပဟေဠိတစ်ခု ပေါ်ပေါက်လာသည်။

"အဘကရော စိတ်မပျက်ဘဲ ဒီအိမ်မှာဘာလို့ နေနေရတာလဲ"

"နေဆို အကြောင်းရှိတယ် လူလေးရဲ့"

"ဘာအကြောင်းလဲ"

"ဇာနည်အောင်ရဲ့ မိန်းမက အဘရဲ့သမီးဖြစ်နေလို့ပေါ့ကွယ်"

"ဟင်"

သူရ အံ့သြရပြန်သည်။

"ဒါဆို အဘက အိမ်ပေါ်မှာ ဘာလို့မနေတာလဲ"

"ဇာနည်အောင်က အဘကို အရူးကြီးဆိုပြီးတော့ အိမ်ထဲဝင်တာနဲ့ ဓားနဲ့လိုက်ခုတ်နေလို့ ခြံထဲမှာပဲတဲလေး ထိုးပြီးတော့ နေ့နေ ရတာပါကွယ်"

"အို ... ကျွတ် ... ကျွတ်... အဘအဖြစ်ကလည်း တော်တော်သနားစရာကောင်းတာပဲ"

သမီးလည်း ပေးထားရသလို ခြံစောင့်လည်း လုပ်ပေးနေရသော လူကြီးကိုကြည့်၍ သူရအရမ်း သနားသွားမိသည်။ ထို့နောက် ပန်းကလေးနှင့် သူရသည် ရန်နိုင့်အကြောင်းကို ဆွေးနွေးကြသည်။ ရန်နိုင်သည် သူ့နောက်ကြောင်းတွေကိုလည်း မမှတ်မိသောကြောင့် AMNESIA ခေါ် အတိတ်မေ့ရောဂါပါ စွဲကပ်နေတာ ဖြစ်နိုင်ကြောင်း ယူဆကြသည်။ ထို့ပြင် ရန်နိုင့်ကို ဆေးရုံသို့ခေါ်သွားပြီး ဆေးကုသပေးရန်လည်း ဆုံးဖြတ်လိုက်ကြသည်။ ထို့အတွက် ပန်းကလေးက သူရကိုပါ ရန်ကုန်လိုက်ခဲ့ရန်ခေါ်၏။ ထိုအချိန်မှာပင် ...

"ဝရော ... ဝရော ... တီ ... တီ"

ပါးစပ်ဆိုင်ကယ်သံကြား၍ လှည့်ကြည့်လိုက်တော့ သူတို့နောက်မှာ လေထုကိုကွတတဖြင့် ခွစီးလာသော ရန်နိုင်။ သူတို့ကဖြင့် အိမ်ထဲကြည့်ကာ လည်တဆန့်ဆန့်နှင့် မျှော်နေလိုက်ရတာ။ ရန်နိုင်က ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ခြံအပြင်ဘက်မှ ဖြစ်နေ၏။

"ရန်နိုင်"

"ကိုကြီး"

"ဟာ သူငယ်ချင်းတို့ပါလား"

သူငယ်ချင်း ရှားပါးသော ရန်နိုင်က သူငယ်ချင်းဆိုသော ဝေါဟာရကို နှစ်ခြိုက်စွာ ခံတွင်းတွေ့နေသည်။

"ရန်နိုင် မင်းဘယ်တွေ လျှောက်သွားနေတာလဲ။ ငါတို့က အိမ်ထဲမှာ အိပ်နေတယ် ထင်နေတာ"

"မဟုတ်ဘူး သူငယ်ချင်းရ။ ငါညက ငါ့ကောင်မလေးနဲ့အတူ သွားအိပ်တာကွ"

"ဟယ် ... ဟုတ်လား"

ရန်နိုင့်စကားကို ပန်းကလေး အရမ်းစိတ်ဝင်စားသွားသည်။

"ဟုတ်တယ်။ ငါ့ကောင်မလေးကလည်း ခွေးမကျနေတာပဲ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။ ငါနဲ့အတူတူ ဖက်အိပ်နေရင်း ငါက သူ့ကို နမ်းလိုက်တော့ ငါ့ကိုပြန်ကိုက်တယ်လေ။ အဲဒါကြောင့် ငါလည်း ဒေါသထွက်ထွက်နဲ့ ခဲနဲ့ထုပစ်ခဲ့တာ။ အခု တကိန်ကိန်နဲ့ အမြီးလေးနှံ့ပြီး အော်ကျန်ခဲ့တယ်"

"ဟာ ... ရောဂါပဲ"

ဒီအတိုင်းဆို ရန်နိုင် ညကခွေးတစ်ကောင်နှင့် သွားအိပ်တာ သေချာသလောက် ဖြစ်နေပြီ။ ဟာသကြိုက်သော ပန်းကလေးမှာ ဒီ စကားတွေကို မရယ်နိုင်။ ရန်နိုင်၏ လက်နှစ်ဖက်ကိုသာ တယုတယ ဆုပ်ကိုင်လိုက်သည်။

"ကိုကြီး"

ပန်းကလေး၏ အပြုအမူကြောင့် ရန်နိုင်အူကြောင်ကြောင် ဖြစ်သွားသည်။

"နင် ... နင်ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

"ကိုကြီးလို့ ခေါ်လိုက်တာလေ။ တို့နှစ်ယောက်က မောင်နှမတော်တယ် ရန်နိုင်ရဲ့။ တို့က ငယ်ငယ်ထဲက ကွဲသွားကြတဲ့ မောင်နှမတွေဟ။



ကိုကြီး ... ပန်းကိုမမှတ်မိဘူးလားဟင်"

"ဟင့်အင်း ... ဘာတွေလဲ။ ဘာတွေလာပြောနေတာလဲဟာ။ ငါ ဘာမှမသိဘူး"

"အေးပေါ့လေ။ ဒီအခြေအနေနဲ့တော့ ဘယ်မှတ်မိပါတော့မလဲ"

ပန်းကလေးမျက်ဝန်းမှာ မျက်ရည်စလေးတွေပင် နေရာယူလာကြသည်။ ကျန်လူများကတော့ သူတို့မောင်နှမကို ကရုဏာသက်စွာဖြင့် ငေးကြည့်နေ၏။ ရန်နိုင်က သူ့လက်ကို ဆုပ်ကိုင်ထားသော ပန်းကလေးလက်ကို ဖယ်၍ သူရဆီသို့ လျှောက်လာသည်။

"သူငယ်ချင်း"

"ဟေ"

"မင်းတို့ ဒီကိုဘာလာလုပ်တာလဲ"

"လျှောက်လည်ကြမလို့ မင်းကိုလာခေါ်တာကွ"

"ဟာ ... ဟုတ်လား။ ဒါဆိုလိုက်မယ် လိုက်မယ်"

လျှောက်လည်မည်ဆိုတာနှင့် ရန်နိုင် ခုန်ပေါ်ခုန်ဆွဖြစ်သွားသည်။ သူတစ်ခါမှ မမြင်ဖူးသော မိယုကိုလည်း ရန်နိုင်က သေချာစူးစိုက်ကြည့်၏။ ပြီးတော့မှ သူရကိုမေးသည်။

"သူငယ်ချင်း ... ဒီရုပ်ဆိုးမလေးက ဘယ်သူလဲကွ"

"အမယ်... သူက တစ်ပြန်ကြီး"

ရန်နိုင့်စကားကြောင့် မိယုအောင့်သက်သက် ဖြစ်သွား၏။ သူရကလည်း ဝင်နောက်လိုက်သည်။

"အဲဒါ မင်းနဲ့ပေးစားမလို့ ရှာထားတဲ့ ကောင်မလေးလေ"

"ဟာကွာ ... စိတ်ပျက်စရာကြီး။ ငါလိုလူမျိုးက ဒီလောက်ရုပ်ဆိုးတာကြီးကို မယူနိုင်ပါဘူးကွာ"

"ဟွန်း ... သူကပဲပြောရတယ်ရှိသေးတယ်"

ရန်နိုင်နှင့် မိယုကိုကြည့်ပြီး သူရတို့မှာ ရယ်နေရသည်။ ထို့နောက် ရှားပါးစာရင်းဝင် ခြံစောင့်ကြီးနှင့်အတူ ရပ်ကွက်လူကြီး လမ်းလူကြီးတွေအား သွားရောက်တွေ့ဆုံကာ အခြေအနေအရပ်ရပ်ကို ပြောပြပြီး ရန်နိုင့်ကိုခေါ်လာခဲ့သည်။ လူကြီးတွေက ပန်းကလေးကိုလည်း မင်းသမီးပန်းမကိုင်ရှိုး သိကြ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် အစစအရာရာ အဆင်ပြေနေ၏။

သူရကလည်း သူ့အိမ်သို့သွားကာ ရန်နိုင်ကိုဆေးကုပေးရန် လိုက်သွားမည့်ကိစ္စနှင့် အကျိုးအကြောင်း အနည်းအပါးပြောပြီး အဝတ်အစားတွေယူ၍ ထွက်လာခဲ့သည်။ သူတို့အားလုံး ပြည်မှာပင် မလည်ကြတော့ဘဲ ရန်ကုန်သို့သာ တန်းသွားလိုက်ကြတော့၏။

တစ်ညလုံးမအိပ်ရတာချင်း အတူတူ နုနုဖတ်ဖတ် ချစ်သူလေးကို သူရသနားနေမိသည်။ သူနှင့်ခွဲနေရသည့် အချိန်တွေမှာ ဝမ်းနည်းလွယ်သော ပန်းကလေးသည်လည်း တော်တော်ကြီး ခံစားနေရပေလိမ့်မည်။ သို့သော် သူမခမျှာ ဝေဒနာတွေကို ခံစားနေရသည့်ကြားမှပင် ပရိတ်သတ်အတွက် ဟန်အမူအယာ အမျိုးမျိုးသရုပ်ဆောင်ပြနေရ၏။ ရင်ထဲမှာ ရယ်ချင်နေပေမယ့် ငိုဆိုငိုပြရသည်။ ရင်ထဲမှာ ငိုချင်နေပေမယ့် ရယ်ဆိုရယ်ပြရသည်။

တကယ်တမ်းတော့လည်း အနုပညာသမားတွေဆိုတာက မိမိ ခံစားချက်ကို မျိုသိပ်လျက် ပြည်သူအများကို ဖျော်ဖြေပေးနေရသူတွေသာ မဟုတ်ပါလား ...။

ooo



## အခန်း (၂၈)

ချစ်သူ၏ ခေါ်ဆောင်မှုကို မငြင်းနိုင်စွာဖြင့် သူရလည်း ရန်နိုင်နှင့်အတူ ပန်းကလေးတို့ အိမ်သို့ပါသွားခဲ့သည်။ ပန်းကလေးတို့အိမ်သို့ ရောက်သောအခါ ခန့်ငြားထည်ဝါလှသော အိမ်ကြီးက သူရနှင့် ရန်နိုင်ကို ခဏတာတော့ ငေးမောသွားစေ၏။

ပန်းကလေးက သူမမိခင်အား ရန်နိုင့်အကြောင်းတွေကို စုံလင်စွာပြောပြသည်။ သူရကိုတော့ သူမ၏ ကျောင်းနေဖက်သူငယ်ချင်း၊ ရန်နိုင်၏ အချစ်ဆုံး သူငယ်ချင်းအနေနှင့် မိတ်ဆက်ပေး၏။ ပန်းကလေးက ရန်နိုင့်အကြောင်းတွေကိုသိတော့ မျက်ရည်စတွေနှင့် ရန်နိုင့်အား ထွေးပွေ့လျက် ဝမ်းသာအားရ ဖြစ်နေသည်။

"အို ... သားကြီးရယ်။ မာမီ့သားကြီးအဖြစ်က ဆိုးလှချည့်လားကွယ်"

ရန်နိုင်ကတော့ အူတူတူနှင့်။ ပြီးတော့မှ သူရကို သူ့စိတ်ထဲထင်တာတွေ လာပြောပြသည်။

"ဟို မိန်းမကြီးက ငါ့ကိုသားကြီး သားကြီးနဲ့ ခေါ်နေတယ်ကွ။ ကြောင့် ငါ့အဖေဖြနည်အောင်ကို လိုချင်နေတာထင်တယ်။ သနားပါတယ်ကွာ"

"အဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်ပြောတာ နားထောင်ရင်း သူရမှာရယ်ရခက် ငိုရခက် ဖြစ်နေသည်။ ပန်းကလေးကတော့ သူမမိခင်နှင့် ရန်နိုင်၏ရေချိုးရေးအတွက် ပြောဆိုနေ၏။ ခဏကြာတော့ ပန်းကလေးမိခင်က သူတို့ကို ထမင်းစားဖို့ပြောသည်။ ပန်းကလေးက အလိုက်သိစွာ ခရီးပန်းလာသောကြောင့် ရေအရင်ချိုးရန်ပြောသဖြင့် ရေချိုးချင်နေသော သူရက ရေသွားချိုးလိုက်သည်။

ရန်နိုင့်ကို ရေချိုးခိုင်းသောအခါ ...

"မသန့်တဲ့ လူတွေသာ ရေချိုးတာ။ သန့်တဲ့လူတွေက ရေချိုးစရာမလိုဘူး"

ဆိုပြီး ရေမချိုးဘဲ ထိုင်နေ၏။

သူရက ရေချိုးပြီးသွားတော့ ရန်နိုင်နှင့်အတူနေဖို့ ပေးထားသည့် အခန်းထဲဝင်ပြီး အဝတ်အစားလဲသည်။ ဒါကို ရန်နိုင်က စေ့စေ့စပ်စပ်လိုက်ကြည့်နေ၏။

"သူငယ်ချင်း"

"ဘာလဲ ရန်နိုင်ရဲ့"

"မင်းက အင်္ကျီကို ဘာလို့နှစ်ထပ်ကြီး ဝတ်တာလဲကွ"

အောက်ခံတီရှပ် အပေါ်မှာ စပို့ရှပ်အင်္ကျီကို ထပ်ဝတ်ထားသော သူရကိုကြည့်ပြီး ရန်နိုင်ကမေးသည်။ ဒီတော့ သူရကပခုံးတွန့်၍ ခေါင်းကိုငုံ့ပြီး ဟန်ပါပါနှင့်ဖြေသည်။

"ဒါ စတိုင်လေကွာ ... စတိုင်။ အခုခေတ်မှာ ဒီလိုတွေပဲ ဝတ်နေကြတာကွ"

"ဪ ... အေး အေး"

ရန်နိုင်က ခေါင်းတဆတ်ဆတ် ညိတ်လျက်ကျန်ရစ်ခဲ့သည်။ သူရကတော့ ပန်းကလေးကို တွေ့လိုတွေ့ငြား ဧည့်ခန်းထဲသို့ ထွက်လာခဲ့၏။ ဧည့်ခန်းထဲရောက်သောအခါ ပန်းကလေးကိုတော့ မတွေ့ရ။ သူမ မိခင်ကိုသာ တွေ့ရသည်။

"မောင်သူရ ... လာလေကွယ်"

"ဟုတ်ကဲ့"

"မင်းသူငယ်ချင်းရော"



"အခန်းထဲမှာ ကျန်ခဲ့တယ်ခင်ဗျ"

သူရလည်း ပန်းကလေးမိခင်နှင့် ထိုင်စကားပြောနေလိုက်သည်။ စကားပြောတယ်ဆိုပေမယ့် ရန်နိုင့်အကြောင်း မေးသမျှတွေကို ပြောပြနေရတာဖြစ်သည်။ ခဏကြာတော့ ပန်းကလေးရောက်လာ၏။ ပန်းကလေး၌ နွမ်းနယ်မှုတို့ ကင်းစင်ကာ ရေထိပန်းနုယ် လန်းဆန်းနေ၏။ အဝတ်အစားတွေပါ လဲလှယ်ထားသောကြောင့် သူမလည်း ရေချိုးပြီးသွားပုံရသည်။

"ဟော့ ... ရေချိုးပြီးသွားပြီလား"

"အေး ... ပြီးသွားပြီ"

"ဒါဆို ထမင်းစားကြမယ်လေ။ ကိုကြီးရော"

"အခန်းထဲမှာ။ ငါသွားခေါ်လိုက်မယ်"

သူတို့နှစ်ဦးမှာ ညှိစရာမလိုဘဲ ပါးနပ်စွာဖြင့် ခေါ်ဝေါ်ဆက်ဆံပုံတွေကို ပြောင်းလဲပစ်လိုက်ကြသည်။ သူရက ရန်နိုင့်ကို သွားခေါ်ရန် ထိုင်ရာမှ ထလိုက်စဉ်မှာပင် အခန်းထဲမှ ရန်နိုင်က ဖိုသီဖတ်သီဖြင့် ထွက်လာ၏။

"ဟယ်"

"ဟာ"

"ဟင်"

ရန်နိုင့်ပုံစံကိုကြည့်ပြီး သူတို့အားလုံး အံ့အားသင့်သွားကြသည်။ ရန်နိုင်က ရှပ်အင်္ကျီအပေါ်မှာ စွပ်ကျယ်ချိုင်းပြတ်ကို ထပ်ဝတ်ထားပြီး ဘောင်းဘီအရှည်ပေါ်မှာလည်း ကွာတားဘောင်းဘီ အပွကြီးကို ထပ်ဝတ်ထားကာ ကိုးရိုးကားရားကြီး ထွက်လာသောကြောင့်ဖြစ်သည်။ ထို အဝတ်တွေကလည်း သူရ၏အဝတ်အိတ်ထဲမှ သူရအဝတ်တွေဖြစ်သည်။

"ဘယ်လိုတွေများ ဝတ်ထားတာလဲ သားကြီးရယ်"

ပန်းကလေးမိခင်က ရန်နိုင့်ကိုကြည့်ပြီး ရင်တမမနှင့်မေးသည်။ ထိုအခါ ရန်နိုင်က (စောစောကသူရ လုပ်သလိုပုံစံမျိုးဖြင့်) ပခုံးတွန့်၍ ခေါင်းကိုငုံ့ပြီး ဟန်ပါပါနှင့် ပြန်ဖြေသည်။

"ဒါ စတိုင်လေဗျာ ... စတိုင် အခုခေတ်မှာ ဒီလိုတွေပဲ ဝတ်နေကြတာဗျ"

"ဟယ်"

www.burmeseclassic.com

www.burmeseclassic.com



ရန့်နိုင့်အဖြေကြောင့် ပန်းကလေးနှင့် သူမမိခင်မှာ ရယ်ကြလေသည်။ သူရကတော့ သူ့စနက်မှန်း သိသောကြောင့်ပို၍ အူလှိုက်သည်းလှိုက်ရယ်နေသည်။ ထို့နောက် သူတို့တစ်တွေ ထမင်းစားကြ၏။ ထမင်းစားပြီးသောခါ တစ်ညလုံး မအိပ်ရသေးသောကြောင့် ခရီးပန်းလာသည်ဟု အကြောင်းပြပြီး အိပ်လိုက်ကြသည်။

သူရကတော့ ရန့်နိုင်နှင့်အတူ တစ်ခန်းထဲမှာ အိပ်ရ၏။ အတူတူအိပ်နေရင်း တစ်ကြောတစ်ကြောဆိုလျှင် ရန့်နိုင်က စိတ်ထပြီး သူရကို ဆိုင်းကယ်အမှတ်နှင့် တက်ခွလေ့ရှိသောကြောင့် သူရခမျာ ကြက်သီးတဖြန်းဖြန်း ထနေရရှာလေသည်။

○

နောက်တစ်ရက်၌ ရန့်နိုင့်ကို စိတ်ရောဂါကု ဆရာဝန်တွေနှင့် သွားရောက်ပြသကြသည်။ ရန့်နိုင့်ကိုတော့ တစ်မျိုးပြော၍ ခေါ်သွားရတာဖြစ်သည်။ ဒီနေရာမှာတော့ ရန့်နိုင့်အထာကို သိနေသော သူရက ရန့်နိုင့်ကို ကောင်းကောင်းကြီး ကိုင်တွယ်နိုင်၏။ ပန်းကလေးတို့ သားအမိနှစ်ယောက်တည်း ဆိုလျှင်တော့ လွယ်မှာမဟုတ်။

ဆရာဝန်နှင့် တွေ့သောအခါ ဆရာဝန်က ရန့်နိုင့်ကို သေချာစစ်ဆေးကြည့်ရှုသည်။

"မောင်ရင့်နာမည် ဘယ်လိုခေါ်လဲ"

"ရန့်နိုင်ပါ။ ရန့်အပေါင်းကိုနိုင်တဲ့ လူချောရန့်နိုင်ပါ"

"သြော် ... အေး အေး။ မောင်ရင်က လူချောပဲကွ"

"ဟုတ်ကဲ့။ သမီးရှင်တွေက ကျွန်တော့်ကို ဒီလိုပဲပြောလေ့ရှိပါတယ်"

"အမ်"

ရန့်နိုင့်အပြောကြောင့် ဆရာဝန်ပင် သမီးပေးရတော့မလို ဖြစ်သွားသည်။

"ဒါနဲ့ မောင်ရင့်ကိုမေးရဦးမယ်"

"ရပါတယ် ... မေးပါ။ မသိတာရှိရင် မေးနိုင်ပါတယ်"



"အယ်"

ဆရာဝန်မှာ ခံနေရသည်။ သို့သော် ဆရာဝန်ပီသစွာ ပြုံးပြုံးကြီးသာ လုပ်နေရပါသည်။

"မောင်ရင့်ရဲ့ ဘယ်ဘက်လက်ကို ဖြတ်လိုက်ရင် မောင်ရင် အသက်ရှင်နိုင်ပါဦးမလား"

"ရှင်နိုင်ပါတယ်"

"ညာဘက်လက်ကို ဖြတ်လိုက်ရင်ရော အသက်ရှင်နိုင်သေးလား"

"ရှင်နိုင်ပါသေးတယ်"

"ဒါဆို နှစ်ဖက်စလုံးကို ဖြတ်ပစ်လိုက်ရင်ကောကွာ"

"မရှင်နိုင်တော့ပါဘူး"

"ဘာဖြစ်လို့လဲ မောင်ရင်ရဲ့"

"ကျွန်တော့်မှာ ထမင်းစားဖို့ လက်မရှိတော့လို့ပါ"

"ဟာ"

ဆရာဝန်က ရန့်နိုင့်ကို ဆိုက်ကိုမေးခွန်းတွေနှင့် စစ်ဆေးနေတာဖြစ်သည်။

"မောင်ရင့်ကို နောက်တစ်ခု မေးရဦးမယ်"

"မေးပါ။ မသိတာရှိရင် မေးလို့ပြောထားပြီးပြီပဲ။ ရှက်စရာ မဟုတ်ပါဘူး။ မေးသာမေး"

"အဲ ... ဟို ... ဟိုလေ ... ညာဘက်ဆိုရင် ကောင်းကင်မှာ ကြက်ဥကြော်နဲ့တူတဲ့ ဝင်းဝင်းဝါဝါကြီးကို မောင်ရင်မြင်ဖူးလား"

"ဟာ ... ခင်ဗျား တော်တော်ဖျင်းတာပဲ။ အဲ့ဒါ ကြက်ဥကြော် မဟုတ်ဘူးဗျ။ လလို့ခေါ်တယ်"

"သြော် ... အေး အေး။ အဲ့ဒီလကို မောင်ရင် သွားယူနိုင်ပါ့ မလား"

"ဟာဗျာ ... အပိုအလုပ်ရှုပ်လို့ ဘာကိစ္စ သွားယူရမှာလဲ"

ရန့်နိုင်၏ အဖြေကို ဆရာဝန်သဘောကျသွားသည်။ ဒီလူမှာ အခြေအနေ မဆိုးသေးဘူးဟုလည်း စိတ်[illegible]မှ မှတ်ချက်ချနေပါ၏။

"အဲ့ဒီလကို မောင်ရင်က ဘာလို့သွားမယူချင်ရတာလဲ"

"သွားယူစရာလားဗျ။ တံချူနဲ့ချူချရင် ရနေတာပဲဥစ္စာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်"

ဆရာဝန်ခမျာ အခုမှ သူ့အထင် တက်တက်စင်အောင် လွဲသွားမှန်း သိလိုက်ရသည်။ တစ်မျိုးကြဲကာ ...

"ဦးက ဘယ်သူလဲဆိုတာ မောင်ရင်သိလား"

"ဟင့်အင်း ... မသိဘူး"

"မောင်ရင်သိအောင် ပြောပြရရင်တော့ ဦးက ဆရာဝန်တစ်ယောက်ပါ"

"ဪ ဟုတ်လား။ မထင်ရဘူးနော်"

"အယ်"

ဆရာဝန် မအီမလည်ကြီး ဖြစ်သွားသည်။ ပြီးမှ ...

"အင်း ... အဲ့ဒါကြောင့်မို့လို့ မောင်ရင့်ရင်ထဲမှာ ခံစားနေရတာတွေကို ဦးကိုပြောပြပါ။ မောင်ရင်ဖြစ်ချင်တာတွေကို ဦး ကူညီနိုင်ပါတယ်"

"တကယ်လားဟင်"

"တကယ်ပေါ့"

"ဒါဆို ကျွန်တော့်ကို မိန်းမတစ်ယောက်လောက် ရှာပေးစမ်းပါဗျာ"

"အဲ ... ရှာပေးမယ် ရှာပေးမယ်။ ပြီးတော့ရော ဘာဖြစ်ချင်သေးလဲ"

"ခင်ဗျားက ဆရာဝန်ဆိုတော့ ဆေးကုတတ်မှာပေါ့နော်"

"အာ ... ကုတတ်တာပေါ့"

"ဒါဆို ကျွန်တော့်ကောင်မလေးရဲ့ ရောဂါကို ကုပေးစမ်းပါဗျာ"

"မောင်ရင့် ကောင်မလေးက ဘာရောဂါဖြစ်နေလို့လဲ"

ဆရာဝန်က တက်တက်ကြွကြွပင် မေးလိုက်သည်။ ရန်နိုင်ကလည်း အားတက်သရောနှင့် ပြော၏။

"ကျွန်တော့် ကောင်မလေးက သူ့ကိုယ်သူ ခြင်လို့ထင်နေတာဗျ။ ပါးစပ်က တဝီဝီအော်ပြီးတော့ လူတွေကို လိုက်ကိုက်လေ့ရှိတယ်"

"ဟာ စိတ်ဝင်စားစရာပဲ။ သူက ဘယ်မှာနေတာလဲ။ အခု လိုက်ကြည့်ပေးရမှာလား"



ထူးဆန်းသော ရောဂါကြောင့် ဆရာဝန်အရမ်း စိတ်ဝင်စားပြီး မှာမှာသလဲ ဖြစ်သွား၏။ ထိုအခါ ရန်နိုင်က စိတ်မကောင်းဟန် မျက်နှာငယ်လေးဖြင့် ပြန်ပြောသည်။

"အခုတော့ သူမရှိရှာတော့ပါဘူးဗျာ"

"ဟင် ... ဘယ်ရောက်သွားလို့လဲ"

"သေသွားရှာပြီ"

"အို ... ဘယ်လိုကြောင့် သေသွားရတာလဲ"

"ကျွန်တော် သတ်ပစ်လိုက်တာ"

"ဟာ"

ဆရာဝန် မျက်လုံးပြူးသွားသည်။ လူနာကို စိတ်ရင်း စိတ္တဇလူသတ်သမားနှင့် လာတွေ့နေပြီဟု ယူဆကာ ထိတ်လန့်သွား၏။ အခန်းထဲမှာလည်း နှစ်ယောက်တည်းသာ ရှိသောကြောင့် စိတ်ဖောက်ပြီး သူ့ကိုထသတ်မှာ ကြောက်လာသည်။ အပြောအဆိုကိုလည်း ဆင်ခြင်မှုပဲဟုတွေးကာ လေသံပျော့လေးနှင့် ဆက်မေးလိုက်သည်။

"ဘာ ဘာဖြစ်လို့ သတ်ပစ်လိုက်တာလဲဟင်"

"သူက ကျွန်တော့်လက်မောင်းကို လာကိုက်လို့လေ။ အဲ့ဒါကြောင့် ကျွန်တော်စိတ်ဆိုးပြီး လက်ဝါးနဲ့ရိုက်ပစ်လိုက်တာ။ ဖင်က သွေးအပေါင့် လိုက်ထွက်ပြီး သေသွားရှာတယ်ဗျာ"

"ဪ ဒီလိုကိုး"

ဆရာဝန်ခမျာ အခုမှ သက်ပြင်းချနိုင်ရှာသည်။ ခြင်ကို သူ့ ရည်းစားဟု ထင်နေသောလူနာကို စိတ္တဇလူသတ်သမားဟု ယူဆကာ ကြောက်လန့်နေမိသည့် ကိုယ့်အဖြစ်ကိုလည်း ရှက်သွား၏။

ထိုဆရာဝန်၏ အမည်မှာ 'ပဋ္ဌမံဒီရိုင်း'ဟု သိရပါသည်။

၀

ဆရာဝန်တွေကတော့ ရန်နိုင့်ရောဂါကို ကုသ၍ရနိုင်ကြောင်း ပြောသည်။ ယန်းကလေးတို့ သားအမိကလည်း ငွေဘယ်လောက်ကုန်ကုန် ကင်းကင်းရှင်းရှင်း ပျောက်အောင်ကုမည်ဟုဆို၏။ နောက်တော့ ယန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တို့က စက်ဘီးပွဲမှအမျိုးတွေနှင့် ဆက်သွယ်ပြီး ရန်နိုင့်ကို စက်ဘီးပွဲသို့ သွား ရောက်ကူသရန် စီစဉ်ကြသည်။ တတ်နိုင်သူတွေများ ကျတော့လည်း ဟုတ်နေတာပေါ့။ လမ်းဘေးက ကလေကချေ အရှုံးတွေကျတော့လည်း မည်သူကမှ ဂရုမစိုက်ကြ။ ဒါလည်း မထူးဆန်းသော သဘာဝတစ်ခုပါပဲ လေ။

ထိုရက်ပိုင်းတွေမှာ ရန်နိုင်၏ဒဏ်တွေကို အခံရဆုံးက သူ့ရ ဖြစ်သည်။ သို့သော် သူ့ရက နည်းနည်းလေးမှ မညည်းညူချေ။ သူသည် မေတ္တာကိုအရင်းခံကာ မျှော်လင့်ချက်မပါဘဲ လူသားဆန်စွာ ကူညီပေးနေတာ ဖြစ်သည်။ ပန်းကလေး၏ မိခင် ဒေါ်ဖြူဖြူငွေ့ကလည်း နွေးထွေးဖော်ရွေသဖြင့် ထိုအိမ်မှာနေရတာ သူ့အတွက် အဆင်ပြေပါသည်။ ချစ်သူနှင့် လွတ်လွတ်လပ်လပ် ဆက်ဆံခွင့်မရတာ တစ်ခုသာ ဆိုးချက်ဖြစ်၏။

တစ်နေ့ ... ပန်းကလေးတို့အိမ်သို့ မျိုးမင်းကျော်ရောက်လာသည်။ သူ့ရကိုမြင်တော့ မျိုးမင်းကျော်က စူးစမ်းသလိုကြည့်၏။ သူ့ရလည်း မသိမသာဖြင့် မျိုးမင်းကျော်ရှေ့မှ ရှောင်ထွက်သွားသည်။ မျိုးမင်းကျော်ကတော့ ပန်းကလေးတို့ သားအမိနှင့် ဧည့်ခန်းမှာထိုင်ကျန်ခဲ့ပါသည်။

"ဟိုကောင်က ဘယ်လိုလုပ် ဒီအိမ်ပေါ် ရောက်နေတာလဲ"

တစ်ခါဆုံဖူးသော သူ့ရကိုမှတ်မိနေသည့် မျိုးမင်းကျော်က မေးတော့ ပန်းကလေးက သွက်သွက်လက်လက်ပင် ရှင်းပြလိုက်သည်။

"သူက ကိုကြီးနဲ့လည်း သိတယ်လေ။ ကိုကြီးကို လိုက်ပို့ရင်းနဲ့ပါလာတာ"

"ဟုတ်တယ်ကွဲ့။ အဲဒီ မောင်သူ့ရပါလာလို့ တော်သေးတာပေါ့။ ဒီမှာဆို သားကြီးကို သူပဲထိန်းနေရတာ။ သူသာ ပါမလာရင် လွယ်မှာတောင် မဟုတ်ဘူး"

ဒေါ်ဖြူဖြူငွေ့ကပါ ဝင်ရှင်းပြနေသဖြင့် ထိုအကြောင်းကို မျိုးမင်းကျော် ဘာမှဆက်မပြောတော့။ သို့သော် တခြားအကြောင်းကိုတော့ ဆက်ပြောသည်။

"ပန်း"

"ရှင်"

"ကိုယ်တို့နှစ်ယောက် လက်ထပ်ကြရအောင်"



"အေးဆေးပေါ့ ကိုမျိုးမင်းကျော်ရယ်။ မလောစမ်းပါနဲ့။ ရှင်က မကြာခင် သေတော့မှာကျနေတာပဲ"

"အဲ ... သေတော့ မသေသေးပါဘူး။ ဒါပေမယ့် ခုအချိန်မှာ ပန်းကို ပိုင်ဆိုင်ချင်တဲ့ လူတွေက ပိုစိုးပိုင်းလည်နေတာ မဟုတ်လား။ ကိုယ် အဆုံးရှုံး မခံနိုင်လို့ပါကွာ"

"ပန်းက တစ်နေ့ကျရင် ရှင့်ကိုပဲ လက်ထပ်ပါ့မယ်လို့ ပြောထားပြီပဲဥစ္စာ"

"အဲဒီစကားနဲ့ ပန်းကိုယ့်ကို အချိန်ဆွဲထားတာ နှစ်တွေ ဘယ်လောက်ကြာပြီလဲကွာ"

ခံရတာတွေ ကြာလာတော့ မျိုးမင်းကျော်နည်း နပ်နေပြီ။ သို့သော် သူမတို့ချစ်သူနှစ်ဦး၏ ချစ်သက်တမ်းလေးကို တတ်နိုင်သလောက် ဆွဲဆန့်ထားချင်သော ပန်းကလေးကတော့ ငြင်းမြဲငြင်းလျက်ပင်။

"အို ... ဒါကတော့ ပန်းမှအိမ်ထောင် မပြုချင်သေးတာ။ ရှင်က အသက်ကြီးနေပေမယ့် ပန်းက ငယ်ငယ်လေးပဲ ရှိသေးတယ်ရှင့်"

ထိုစကားက မျိုးမင်းကျော်၏ အရှိက်ကိုထိသွားပုံရသည်။ မျိုးမင်းကျော် မျက်နှာကြီးရှုံ့တွတွပင် ဖြစ်သွားသည်။

"ပန်းရယ် ... အဲဒီ အသက်ကိစ္စကြီးကို ထည့်မပြောကြေးကွယ်။ ကိုယ်တို့ မြန်မာစကားပုံမှာ ယောက်ျားပဥ္စင်း၊ မိန်းမပုခက်တွင်း ဆိုတာတောင် ရှိသေးတာပဲမဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် ရှင်ပဥ္စင်းဝတ်တာကတော့ တော်တော်နောက်ကျပုံ ရတယ်နော်"

"အင်"

မျိုးမင်းကျော် မျက်နှာကြီး ညိုပုပ်သွားသည်။ ဒေါ်ဖြူဖြူငွေ့ပင် ကြည့်ပြီးသနားသွား၏။

"သမီးရယ် ... မောင်မျိုးမင်းကျော်ကို အားနာစရာ။ ဘာတွေလျှောက်ပြောနေတာလဲ"

"ရပါတယ် အန်တီရယ်။ သူစိတ်ချမ်းသာရင် ပြောပါစေဗျာ"

မျိုးမင်းကျော်က ပန်းကလေး၏ အနှံ့အတာကိုတော့ တော်တော်ခံ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပန်းကလေးကိုလည်း တော်တော်ချစ်ပုံရသည်။ သို့ရာတွင် ပန်းကလေးဘက်ကတော့ သူ့အပေါ်မှာ မေတ္တာတွေ ခေါင်းပါးနေတာ သိသာလွန်းလှသည်။

"ကိုမျိုးမင်းကျော် အနေနဲ့ ပန်းကမင်းသမီး တစ်ယောက်ဆိုတာကိုလည်း ထည့်တွက်ဦးလေ။ အဲ့ဒါကြောင့် ပန်းအိမ်ထောင်မပြု ချင်သေးတာလည်းပါတယ်"

"အခုခေတ် ပရိတ်သတ်က အဲ့ဒီလောက် အမြင်မကျဉ်းတော့ ပါဘူးပန်းရယ်။ ထားပါလေ ... ပန်းအိမ်ထောင် မပြုချင်သေးဘူး ဆိုရင်လည်း လက်ထပ်ဖို့ကိစ္စကို ကိုယ်အတင်း မတိုက်တွန်းတော့ပါဘူး။ ဒါပေမယ့် ပန်းနဲ့ကိုယ့်ကြားမှာ တရားဝင်ဖြစ်သွားအောင် လူကြီးစုံရာနဲ့တော့ စေ့စပ်ထားချင်တယ်"

"ဒါတွေ မလိုပါဘူးရှင်။ ပန်းက ရှင့်ကိုပဲ လက်ထပ်မှာပါ။ ပန်းကပေးပြီးသား ကတိကိုမဖျက်တတ်ပါဘူး"

"ပန်းကို ကိုယ်ယုံပါတယ်။ ဒါပေမယ့် ကိုယ့်ဘက်က နိုင်နိုင်မာမာဖြစ်ထားချင်လို့ပါ ပန်းရယ်။ ဒါလောက်လေးတော့ ပန်းဘက်က လိုက်လျောပေးသင့်ပါတယ်"

မျိုးမင်းကျော်က ဇွတ်ကြီးတောင်းဆိုနေသလို ပန်းကလေး ကလည်း အတင်းငြင်းနေ၏။ ကြာလာတော့ ပန်းကလေး၏ မိခင် ဒေါ်ဖြူဖြူရွှေးကပင် ဝင်၍ညှိနှိုင်းပေးလိုက်သည်။

"ကဲ ... ဒါဆိုလည်း ဒီလိုလုပ်လိုက် မောင်မျိုးမင်းကျော်"

"ဘယ်လိုလဲဟင်"

"အန်တီတို့က သားကြီးကို ဆေးကုဖို့ စင်္ကာပူ သွားဦးမှာလေ။ အဲ့ဒါကြောင့်မို့လို့ ပြန်လာတဲ့အခါကျမှပဲ ဒီကိစ္စကို စီစဉ်ကြတာပေါ့ကွယ်။ မကောင်းဘူးလား"

"ဒါဆိုလည်း ပြီးတာပဲလေ။ အန်တီတို့ဘက်က ကတိမဖျက် ဖို့တာအရေးကြီးတာပါ"

"ဒါတော့ စိတ်ချပါကွယ်"

ထိုနေ့က မျိုးမင်းကျော်တစ်ယောက် အင်တင်တင်ဖြင့်ပင် ပြန်



သွားရ၏။ ပန်းကလေးမှာတော့ မျိုးမင်းကျော် စကားတွေကြောင့် အပူတွေ အိုင်ကျန်ခဲ့သည်။

ဒီလိုနှင့် ...

နောက်ဆယ်ရက်ကြာသောအခါ ရန်နိုင်အပါအဝင် ပန်းကလေးတို့သားအမိသုံးယောက် စင်္ကာပူသို့ ထွက်သွားကြ၏။ ထို့ကြောင့် သူရလည်း ပြည်သို့ ပြန်လာခဲ့လေသည်။

စိတ်တွေကတော့ ရက်ဆက်ငွေ့နေသည်။

○○○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

အချိန်တို့က ပုံမှန်ရွေ့လျားနေကြလေရာ ရက်မှလသို့ပင် တိုင်ခဲ့ချေပြီ။ ဒီကြားထဲမှာ ပြည်မြို့ဖြိ မိုးတွေရွာခဲ့ကြသည်။ လတွေသာခဲ့ကြသည်။ နေရောင်တွေ ဝါခဲ့ကြသည်။ ဧရာဝတီမှာ ရေအတက်အကျ ရှိသလို နဝဒေးတံတားကြီးပေါ်မှာလည်း မရေတွက်နိုင်သော ကားကြီး ကားငယ် အသွယ်သွယ်တို့ ဖြတ်သန်းသွားလာခဲ့ကြသည်။ ပန်းဟောင်းတွေ ကြွေကာ ပန်းသစ်တွေ ဝေခဲ့ကြသလို လမ်းဟောင်းတွေ ဖွက်ထနေသောကြောင့် လမ်းသွားလမ်းသာတွေ ဒုက္ခရောက်နေကြတာလည်း ရှိပါသည်။

သူ့ခံစားမှုနှင့် သူဖြစ်တည်နေကြသော လူသားများစွာထဲမှ သူရဆိုသော ကောင်လေးတစ်ယောက်၏ ရင်တွင်းမှာတော့ အလွမ်းရနံ့တွေသာ အစဉ်သဖြင့် သင်းပျံ့နေ၏။ ဒီကြားထဲမှာ သူရသည် လူတချို့၏ စပ်စုမှုများကို အချိန်အတော်ကြာ ခံလိုက်ရသေးသည်။ သူရ ပြည်ကို ပြန်ရောက်တော့ မင်းသမီးပန်းကိုင်နှင့် ရန်ကုန်ကို လိုက်သွားသည့် ကိစ္စ၊ ဇါက်ကြောင်ရန်နိုင်ကို မင်းသမီးပန်းမကိုင်ရှိက သူမ၏ အစ်ကိုဆိုပြီး အသိသက်သေတွေနှင့် ခေါ်သွားသည့်ကိစ္စတွေက ရပ်ကွက်ထဲမှာ အလွန်သတင်းကြီးနေပြီး မြို့ထဲမှာပါ ခပ်သဲ့သဲ့ပြန့်နေကြသည်။

သူရ၏ သူငယ်ချင်းများ အဖွဲ့ကောင်းမှုကြောင့် သူရနှင့် မင်းသမီး



ပန်းမကိုင်ရှိက ချစ်သူတွေဆိုသော နောက်ဆက်တွဲ သတင်းကတော့ ပိုးပိုးကျော်နေပါသည်။ ထိုသတင်းကို ယုံသူတွေက ယုံကြသလို မယုံသူတွေကလည်း မယုံကြ။ ကောလဟာလဟု ထင်ကြသူတွေလည်း ရှိသည်။ သူရသူငယ်ချင်းတွေကတော့ အခြေအနေကို ကွက်ဆပြီး ယုံကြည်မှုအပြည့်အဝဖြင့် ပန်းမကိုင်ရှိ၏ ဓာတ်ပုံတွေ သူရဆီမှာ အများကြီးရှိတာကိုပင် လျှောက်ပြောကြ၏။ သူရကိုလည်း သူတို့အရင်က အထင်မှားခဲ့တာတွေအတွက် တောင်းပန်ကြသည်။ သူရက သူတို့ ထင်တာတွေ မဟုတ်ကြောင်းပြောပြီး ထိုသတင်းကို မဖြန့်ဖို့ပြောပေမယ့်လည်း ဘယ်လိုမှပြောမရကြ။

နောက်တော့ သူရအနေကြပ်တာသာ အဖတ်တင်လာသည်။ သူရသည် သူနှင့်ပန်းကလေး၏ သတင်းအခုလို ပြန့်နှံ့သွားတာကို ဝမ်းမသာနိုင်။ သူနှင့်ပန်းကလေးက ဝေးရမှာ သေချာနေပြီ။ အခုလိုမျိုး သတင်းတွေကြီးပြီးမှ ဝေးသွားရလျှင် သူ့အနေနှင့် ရှက်ရွံ့နာကျင်ကာ ပို၍ပင် ခံစားရပေဦးမည်။ ပန်းကလေးနှင့် ဟိုလူ လက်ထပ်သွားတာနှင့် ဖြစ်ပေါ်လာမည့် သရော်သံတွေ၊ လှောင်ပြောင်သော အကြည့်ဒဏ်တွေ ကို ခံစားမှုပါဒီသမားဖြစ်သည့် သူ ခံနိုင်ရည်မရှိမှာ သေချာသည်။ ဒီ အခြေအနေဆိုးကြီးမှ လွတ်မြောက်ရန်မှာ ပန်းကလေးနှင့် သူတစ်ယောက်ယောက် သေသွားမှသာ ဖြစ်နိုင်လိမ့်မည်ဟုပင် ဆိုးဆိုးရွားရွား တွေးမိလိုက်သေး၏။

ဒီကြားထဲ၌ ပန်းကလေးနှင့်သူ့ အဆက်အသွယ်တော့ မပြတ်ပါ။ ပန်းကလေးက သူမတို့စက်ရုံမှာ ရှိသည့် အမျိုးအိမ်မှာနေပြီး လည်ရင်းပတ်ရင်းနှင့် ရန်နိုင့်ကို ဆေးကုသနေကြောင်း၊ လျှောက်လည်ပတ်သည့် အချိန်တွေမှာဆို သူ့ကိုသိပ်သတိရကြောင်း၊ ရန်နိုင်၏ကျန်းမာရေး အခြေအနေများကြီးကောင်းလာကြောင်း၊ မျက်နှာမှ အမာရွတ်တွေကိုပါ ပလတ်စတစ်ဆာဂျရီဖြင့် ပြုပြင်ပစ်ကြောင်း၊ ရန်နိုင့်ရောဂါ လုံးလုံးလျားလျား ပျောက်ကင်းမှ ပြန်လာမည့်အကြောင်းတွေကို လှမ်း၍ Message ပို့လေ့ရှိသည်။ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာလည်း လူမှုရေး ကိစ္စတစ်ခုကြောင့် ပန်းကလေး ကားရိုက်တွေ ခေတ္တနားထားကြောင်း သတင်းတွေပါလာ၏။

လွမ်းတယ် ... ပန်းရယ် ...။

တကယ်တမ်းတွေးကြည့်တော့လည်း သူနှင့်ပန်းကလေး အဖြစ်က

www.burmeseclassic.com

www.burmeseclassic.com



ကြိုးမိန့်ကျပြီးသား တရားခံကဲ့သို့ သေရမည်မှန်း သိပါလျက် မသေရမီ စပ်ကြားနေခွင့်ရသည့် ကန့်သတ်ချက်ရှိသော အချိန်အပိုင်း အခြားလေးတွေမှာ ပျော်ရွှင်အောင် ဖျစ်ညှစ်ကြိုးစားပြီး နေထိုင်ရသည်နှင့် တူလှပေသည်။ ပန်းတိုင် မရှိမှန်း သေချာနေပါလျက် ချစ်သူကိုငဲ့ကွက်ပြီး ထိုလမ်းကို သူကိုယ်တိုင် လည်းမစွန့်လွှတ်နိုင်ဘဲ ဆက်လျှောက်နေမိ၏။

ဘယ်လိုပဲ ပျော်ရွှင်အောင် နေပါစေ ... ခွဲခွာရမည့် အကြောင်းကို သတိရမိတိုင်းတော့ ရင်တစ်ခြမ်းက နာကျင်ရစမြဲပေါ့ ...။

တစ်နေ့မှာတော့ ...

"ပန်းတို့ မြန်မာပြည် ပြန်ရောက်နေပြီ။ အဲ့ဒါ သူလာခဲ့နော်။ ကိုကြီး ကလည်း သူ့ကိုအရမ်းတွေ့ချင်နေတယ်။ အခုဆိုရင် ကိုကြီးက လူကောင်း ပကတိ ဖြစ်သွားပြီသိလား"

ပန်းကလေးက ဖုန်းဆက်၍ ပြောသောအခါ ရန်နိုင့်အတွက် သူ ဝမ်းသာသွားမိသည်။ ရန်ကုန်ကို သူ မလာတော့ဘူးဟု ငြင်းပေမယ့် ပန်း ကလေးက အတင်းခေါ်သည်။ ကားဝန်းထဲမှ သူမတို့လာ စောင့်ကြိုနေမည်ဟု ပြောပြီး ဖုန်းကိုချပစ်လိုက်၏။

ဖွတ်တရွတ်နိုင်သော ချစ်သူကို အပြစ်မမြင်မိဘဲ ကိုယ့်ကိုယ်ကို မကျေနပ်စိတ်တွေဖြင့်သာ ပင့်သက်မောတွေ အခါခါချရင်း ရန်ကုန်သို့ သူထွက်လာခဲ့ရပြန်သည်။ ကြိုတင်မသိနိုင်သည့် ကြိုးကိုင်မရသော မနက်ဖြန် တွေမှာ ဘာတွေများ ဖြစ်လိမ့်ဦးမလဲ ...။

သိမ်ငယ်မောလျခြင်းတွေကတော့ သူ့ရင်မှာ အသားကျနေခဲ့တာ ကြာလှပါပြီလေ။

၀

ခွဲခြမ်းစိတ်ဖြာရခက်သော ခံစားချက်ဒွိဟတို့ဖြင့် သူရရန်ကုန်သို့ ရောက်လာသောအခါ ... ပြောသည့်အတိုင်းပင် ပန်းကလေးတို့ မောင်နှမက အောင်မင်္ဂလာ အဝေးပြေးကားဝန်းထဲအထိ လာစောင့်ကြိုနေကြသည်။ မိယုလည်း ဒရိုင်ဘာအဖြစ်နှင့် ပါလာ၏။ ပန်းကလေးကတော့ မှန်တင်ထား သော ကားထဲမှမထွက်။ သူရကို မြင်တော့ ရန်လင်းမောင် (ခေါ်) ရန်နိုင်က ကားထဲမှထွက်ပြီး ဝမ်းသာအားရ ပြေးဖက်သည်။



"သူငယ်ချင်း"

"ဟာ ... ရန်နိုင်။ ကြည့်စမ်း။ အခုလိုကျတော့လည်း ငါ့သူငယ်ချင်း က တကယ့်လူချော လူခန့်ကြီးပဲကွာ"

ပလတ်စတစ် ဆာဂျရီဖြင့် မျက်နှာကအမာရွတ်တွေကို ဖယ်ရှား ပြုပြင်ထားသောကြောင့် တစ်ချိန်က ရန်နိုင်၏ အကျည်းတန်သော ရုပ်သွင် ပျောက်ကွယ်ပြီး ချောမောသန့်ပြန့်နေ၏။

"သူရရယ် ... မင်းဟာ ငါ့ဘဝမှာ နှစ်ယောက်မရှိနိုင်တဲ့ ငါ့ရဲ့ အကောင်းဆုံး သူငယ်ချင်းပါကွာ။ ညီမလေးပြောပြလို့ မင်းအကြောင်းတွေ အားလုံးကိုလည်း ငါသိပြီးပါပြီ။ မင်းဟာ တကယ့်ကို စိတ်သဘောထား ဖြည့်ဝတဲ့လူပါကွာ။ ငါ့အပေါ်မှာ မင်းကျေးဇူးတွေက အများကြီးပါ"

"ဒါတွေ ပြောနေစရာ မလိုပါဘူး သူငယ်ချင်းရာ။ မင်း အခုလို ကောင်းကောင်းမွန်မွန် ပြန်ဖြစ်လာတာကိုပဲ ငါ အရမ်းဝမ်းသာနေပါပြီကွာ"

ရန်နိုင်သည် လုံးလုံးလျားလျား လူကောင်းပကတိ ဖြစ်နေပါပြီ။ သူသည် ယခုအချိန်မှာ ဂေါက်ကြောင် ရန်နိုင်မဟုတ်တော့ချေ။ လူမှန် နေရာမှန်နှင့် ရန်လင်းမောင်ဘဝ ပြန်ရောက်သွားပြီဖြစ်သည်။ သူ ကာကွယ် ယုယခဲ့ရသည့် အပယ်ခံကျောက်ရိုင်းတစ်ပွင့်က အရည်အသွေးတွေ တောက် ပြောင်ပြည့်ဝလာတာကို ကြည့်ပြီးသူရရင်ထဲမှာ ကြည်နူးခြင်း ပီတိတွေ တလှိုက်လှိုက်ဖြစ်နေ၏။

"ကဲ ... သူငယ်ချင်းနှစ်ယောက် အပြင်မှာချည်းပဲ အလွမ်းသယ် မနေကြနဲ့လေ။ ကားထဲလည်း ဝင်ကြပါဦး"

ပန်းကလေးက ကားမှန်ကို တစ်ဝက်လောက်ချပြီး လှမ်းခေါ်မှ သူရတို့လည်း ပန်းကလေးဆီ အာရုံရောက်ကြတော့သည်။

"ဟာ ... ဟုတ်သားပဲ။ မေ့နေတာဟ။ ငါ့ညီမအလှည့် ကျန်သေး တာပဲ။ ငါ့ညီမကလည်း မင်းကိုလွမ်းနေတာ ယောက်ဖရေ။ သွား သွား ... အလွမ်းပြေလေး ပေးလိုက်ပါဦးကွာ"

"ဟယ် ... ကြည့်စမ်း။ ဒီအစ်ကိုကတော့လေ ... "

ရန်လင်းမောင်ကစတော့ ပန်းကလေးမျက်နှာမှာ ရှက်သွေးတို့ ပြေး လွှားသွားကြ၏။ ထို့နောက် သူတို့တတွေအားလုံး ကားလျှောက်စီးရင်း စကား

www.burmeseclassic.com

www.burmeseclassic.com



တွေ တဝကြီးပြောကြလေသည်။ ပြီးမှ ပန်းကလေးတို့အိမ်သို့ သွားကြ၏။

သူရသည် အခြားလူတွေ ပျော်ရွှင်စေဖို့အတွက် သူ့ဆန္ဒတွေကို ခုတုံးလုပ်ပေးနေတာဖြစ်သည်။ သို့သော် ချစ်သူမျက်နှာကို အနီးကပ် မြင်နေရသဖြင့် သူနေသာသည်။ နေသာသည် ဆိုသော်ငြားလည်း တိုမနေသာမှုတွင် စိုးထိတ်မှုက တစ်ဝက်သာသာ ပါဝင်လျက်ရှိ၏။

ပန်းကလေးတို့ အိမ်ရောက်သောအခါ ပန်းကလေး၏ မိခင် ဒေါ်ဖြူဖြူငွေးကလည်း သူရကိုပျူပျူငှာငှာပင် ဆီးကြိုသည်။ ပြီးတော့ ဧည့်ခန်းမှာ အအေးသောက်ရင်း ထိုင်စကားပြောဖြစ်ကြသည်။

"မောင်သူရရေ ... မင်းသူငယ်ချင်း ကျန်းမာရေးကတော့ မင်း မြင်တဲ့အတိုင်းပဲ။ တကယ့်ကို ကောင်းသွားပြီ။ သားကြီး ကျန်းမာရေးမကောင်းတဲ့အချိန်တွေမှာ ကူညီဖေးမပြီး ဂရုတစိုက်စောင့်ရှောက်ခဲ့တဲ့အတွက် မောင်သူရကို အန်တီအရမ်း ကျေးဇူးတင်ပါတယ်ကွယ်"

"ရပါတယ် အန်တီရယ်။ ကိစ္စမရှိပါဘူး။ လူသားအချင်းချင်း ဖေးမကူညီရမှာ လူ့တာဝန်တစ်ခုပဲဥစ္စာ"

"အေးပါကွယ်။ သားနဲ့သမီး ပြောပြလို့ မောင်သူရရဲ့ စိတ်ဓာတ်ကို အန်တီသိပြီးပါပြီ။ အသက်ငယ်ငယ်နဲ့ မွန်မြတ်တဲ့ စိတ်ဓာတ်ရှိတဲ့ မောင်သူရကို အန်တီလေးစား ချီးကျူးပါတယ်ကွယ်"

ဒေါ်ဖြူဖြူငွေးနှင့် သူရစကားပြောနေတာကို ကျန်လူတွေက ဘေးမှ နားထောင်နေကြသည်။ သူရကို သူတို့မိခင်က ချီးကျူးနေသောကြောင့် ရန်လင်းမောင်နှင့် ပန်းကလေး၏ မျက်နှာကလည်း ကြည်ရွှင်နေ၏။ ခဏကြာတော့ သူတို့ပြောတာတွေကို ငြိမ်နားထောင်နေသော မိယုက ...

"မမလေး"

"ပြောလေ မိယု။ ဘာပြောစရာရှိလို့လဲ"

"ကျွန်မ ခွင့်တစ်ပတ်လောက် လိုချင်လို့"

"ဘာဖြစ်လို့လဲ မိယုရဲ့"

"ကျွန်မ အဖေ နေမကောင်းဖြစ်နေလို့ပါ"

"ဘာလဲ ကိုဝင်းဇော် နေမကောင်းဖြစ်နေတာလား"

"ဟုတ်ကဲ့"



ဒေါ်ဖြူဖြူငွေးကမေးတော့ မိယုကခေါင်းညိတ်၍ အဖြေပေးသည်။

"ဒါဆိုလည်း ဒီအိမ်မှာခေါ်ထားလိုက်လေကွယ်။ အိမ်က အကျယ်ကြီးပဲဥစ္စာ။ နင့် မမလေးကလည်း နင့်ရှိမှဖြစ်မှာလေ။ ကိုဝင်းဇော်ကိုလည်း အစောကြီးကတည်းက ဒီအိမ်မှာလိုက်နေလို့ ပြောသားပဲ။ သူက အားနာစရာ မဟုတ်တာ အားနာနေတာ။ သွား ... ကားယူ သွားပြီး အခုသွားခေါ်လိုက်"

"ဟုတ် ဟုတ်ကဲ့"

မျက်နှာငယ်လေးနှင့် ခေါင်းလေးငုံ့လျက် ထွက်သွားသော မိယုကို ကြည့်၍ သူရသနားသွားမိပြန်သည်။ ဒီအတိုင်းဆိုလျှင် မိယုက မိန်းကလေးဖြစ်ပေမယ့် ဘဝကိုရုန်းကန်ရင်း မိဘကို လုပ်ကျွေးနေသူလေး ဖြစ်ပေလိမ့်မည်။ သူကတော့ ယောကျ်ားလေး ဖြစ်ပါလျက်နှင့် ယခုအချိန်ထိ မိဘလုပ်စာကို ထိုင်စားနေတုန်း။ သူ့ကိုယ်သူ အားမရတော့။

ပြောင်းလဲလာသော ဝန်းကျင်ကိုလိုက်၍ သူရစိတ်ထဲ၌လည်း တစ်နေ့တစ်ခြား သူ့ကိုယ်သူ မကျေနပ်မှုတွေ များပြားလာသည်။

ထို့ကြောင့် ...

လူသားတို့၏ ရှင်သန်နေထိုင်မှု၌ သတိမှတ်ချက်တွေထက် လေးနက်သောအရာမှာ ကိုယ်ပိုင်အသိတရားသာ ဖြစ်ပါသည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

အသံတွေက စီစီညံနေသည်။ လူတွေကလည်း ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။ မီးတွေ မှန်တွေကလည်း တလက်လက်နှင့်။ ပန်း ကလေး ကြော်ငြာတစ်ခု ရိုက်နေတာဖြစ်သည်။

ကြော်ငြာကတော့ အလှကုန်ပစ္စည်းတစ်ခု၏ ကြော်ငြာ။ သူရနှင့် ရန်လင်းမောင်လည်း ရိုက်ကွင်းကိုလိုက်လာပြီး ဘေးမှထိုင် ကြည့်နေကြသည်။ ရိုက်ကွင်းကို ကြည့်နေရင်း သူရစိတ်ထဲ၌ ကုန်ပစ္စည်းအား ရောင်းကောင်းရန် ကြော်ငြာနေတာနှင့် ကြော်ငြာနေတာထက် ပန်းကလေးအား ရောင်းကောင်းရန် ကြော်ငြာနေတာနှင့် ပိုတူနေသည်ဟု ခံစားနေရ၏။

ကြော်ငြာရိုက်ပြီးသွားသောအခါ သူတို့တွေ အိမ်ကိုပြန်လာခဲ့ကြ သည်။ မိယုက ကားမောင်းပြီး သူတို့သုံးယောက်ကတော့ နောက်ခန်းကပေါ့။

"ကြော်ငြာတွေကို ဘာလို့ရိုက်နေကြတာလဲဟေ"

အိမ်ပြန်လာရာလမ်း၌ ရန်လင်းမောင်က သူ မရှင်းလင်းသော အချက်ကို မေးသည်။ ထိုအခါ ပန်းကလေးက ရှင်းပြ၏။

"ကြော်ငြာဆိုတာ ကုန်ပစ္စည်းတွေကို ရောင်းအားမြှင့်တင်ခြင်း တစ်မျိုးပေါ့ကိုကြီးရယ်"

"အဲ့ဒီလို ကြော်ငြာလိုက်လို့ကော ကုန်ပစ္စည်းတွေက တကယ်ပဲ



ရောင်းအားမြင့်သွားကြလို့လား"

"မြင့်တာပေါ့ ကိုကြီးရဲ့။ ကြော်ငြာဆိုတာက သိပ်အရေးပါတာ"

"ကဲ ... ဒါဆို အဲ့ဒီလို အရေးပါတာကို ဘယ်လိုသက်သေပြမလဲ"

"အဲ ... ဒါကတော့ ... ဟို ... ဟိုလေ"

ရန်လင်းမောင်က ကပ်သီးကပ်သပ်တွေ မေးနေသဖြင့် ပန်းကလေး ဘယ်လိုဖြေရမှန်းမသိ ဖြစ်သွား၏။ ပန်းကလေးကိုကြည့်ကာ ရယ်ရင်းနှင့် သူရက ချစ်သူဘက်မှ ဝင်ပါလိုက်သည်။

"အဲ့ဒီကိစ္စကို ငါပြောပြမယ်"

"အင်း ... ပြောစမ်းပါဦး"

"မပြောခင် မင်းကိုငါ အရင်ဆုံးမေးမယ်။ ကြက်ဥနဲ့ဘဲဥမှာ ဘယ်ဥ က အရောင်းသွက်လဲ"

"အဲ ..."

ရန်လင်းမောင် ခဏတာတော့ စဉ်းစားလိုက်ရသေးသည်။ ပြီးမှ ...

"ကြက်ဥက အရောင်းသွက်တာပေါ့ကွ"

"အေး ... အဲ့ဒီအချက်ကို ကြည့်ရင်ကြော်ငြာဆိုတာ ဘယ်လောက် အရေးကြီးသလဲဆိုတာ မင်းသိဖို့ကောင်းနေပြီ"

"အမ် ... ဘာဆိုင်လို့လဲ"

"ဆိုင်ပြီလားကွ။ ဒီမှာကြည့် ... ငါပြောပြမယ်။ ကြက်မတွေဟာ ဥ၊ ဥတိုင်း ဥတိုင်း အသံပေးတယ်။ ဘဲမတွေကတော့ အဲ့ဒီလိုမဟုတ်ဘူး။ တိတ်တိတ်ကလေးပဲဥတယ်။ အဲ့ဒါကြောင့် ကြက်ဥက ဘဲဥထက် အရောင်း သွက်တယ်။ ကြော်ငြာဆိုတာလည်း အဲ့ဒီလိုပဲကွ။ မှတ်ထား"

"အင်"

"ခစ် ခစ် ခစ် ခစ် ... ကောင်းတယ်။ ကပ်သီးကပ်ဖဲ့ မေးချင်တဲ့ကိုကြီး ... သူ့ထက် ကပ်သီးကပ်ဖဲ့နိုင်တဲ့ လူနဲ့တွေ့တော့ ငြိမ်သွားတာပဲဟေ့"

မအိမလည် မျက်နှာကြီးနှင့် ရန်လင်းမောင်ကိုကြည့်၍ ပန်းကလေး က တခစ်ခစ်ရယ်နေ၏။ မိယုပင် ကားမောင်းနေရင်းမှ ရယ်သည်။ သူရ ကတော့ ချစ်သူရယ်သံကိုသာ နှစ်လိုစွာ သောတဆင်နေပါ၏။ ရန်လင်းမောင် နှင့် မိယုသည် သူရနှင့် ပန်းကလေးချစ်သူတွေဆိုတာ သိပေမယ့် ပေါ်ပြူ

www.burmeseclassic.com



မြူမြွေးနှင့် မျိုးမင်းကျော်တို့ မသိစေရန် လျှို့ဝှက်ထားပေးကြသည်။ ထိုအတွက် သူတို့နှစ်ဦးကို သူရအရမ်း ကျေးဇူးတင်နေမိသည်။

သို့သော် သူ့ရင်ထဲမှာ မပေါ့ပါး။ ဒီလျှို့ဝှက်ချက်ကြီး ဘယ်တော့ ပေါက်ကြားသွားလိမ့်မလဲဆိုတာကိုသာ စိုးတထိတ်ထိတ် ခံစားနေရသည်။ လောကဓံ၏ခဲယဉ်းသော ကိစ္စရပ်တွေထဲ၌ လျှို့ဝှက်ချက်တစ်ခု ထာဝစဉ် တည်မြဲဖို့ဆိုသည်မှာလည်း အလွန်မလွယ်ကူသော အကြောင်းအရာတစ်ခုပင် ဖြစ်သည်မဟုတ်ပါလား။

သူတို့တွေ အိမ်ကိုပြန်ရောက်တော့ ဒေါ်မြူမြူမြွေးက သတင်းထူး တစ်ခုနှင့် စောင့်ကြိုလို့နေပါသည်။

"သမီး"

"ရှင် ... မာမီ ဘာပြောစရာရှိလို့လဲ"

"သမီးကို မာမီအရေးကြီးတာ ပြောစရာရှိလို့။ နေ့လည်က မောင်မျိုးမင်းကျော် လာသွားတယ်။ သူက နောက်တစ်ပတ် တနင်္လာနေ့ကျရင် စေ့စပ်ပွဲလုပ်ဖို့ စီစဉ်ထားတယ်တဲ့"

"ဟာ ... သမီးလည်း ဘာမှမသိပါလား မာမီ"

"အေး ...မာမီလည်း သူပြောမှသိရတာ။ ဒါပေမယ့် သူက အားလုံး စီစဉ်ပြီးနေပြီလို့ ပြောတာကြောင့် မာမီလည်း လက်ခံလိုက်ရတယ်"

"အတင်းအကြပ်ကြီးပါလား မာမီရယ်"

"ဟုတ်တယ် သမီး။ မာမီတို့ဘက်က အချိန်ဆွဲတာတွေ များနေတော့ ဖွတ်စီစဉ်တာနေမှာပေါ့။ မာမ့်သမီးလေးကို မာမီကိုယ်ချင်းစာပါတယ်ကွယ်။ ဒါပေမယ့် မထူးတော့ပါဘူး သမီးရယ်။ နောင်လည်း သူ့ကိုပဲ လက်ထပ်ရမယ့်အတူတူ ငြင်းမနေပါနဲ့တော့ကွယ်။ အခုဟာကလည်း လက်ထပ်ရသေးတာမှ မဟုတ်တာ။ စေ့စပ်ရုံသာ စေ့စပ်ရမှာပဲ။ လက်ခံလိုက်ပါ သမီးရယ်"

ရပ်၍နားထောင်နေသော သူရကို ပန်းကလေးက ဝမ်းနည်းရိပ်တို့ဖြင့် မော့ကြည့်သည်။ သူရ မခံစားနိုင်တော့သဖြင့် ထိုနေရာမှ ထွက်လာခဲ့၏။ ချစ်သူ အားမကိုးလောက်သော သူ့ကိုယ်သူသာ နာကျင်စွာ အပြစ်တင်နေမိပါတော့သည်။ လူသုံးများသည့် အချစ်က သူနှင့်ကျမှ ဘယ်အငြိုးကြောင့် ကြေကွဲစရာတွေကိုသာ ပေးစွမ်းနေရတာလဲ ... ။



အဖြစ်က ဆိုးလိုက်တာနော် ... ။ ဒါပေမယ့် ကိုယ်လိုလူစားက ဘာများ တတ်နိုင်မှာမို့လို့လဲ ...။ ဒါကြောင့် စိမ်ရာကို အံကြိတ်နာခံဖို့သာ ရှိတော့တာပေါ့ ... ။

ကိုယ်စိတ်တွေ နွမ်းနေတယ် ... ပန်းရယ် ... ။

၁

ညက အလင်းရောင် အကျိုးအပဲ့တွေနှင့် ဝေဝါးနေသည်။ လေပြည်က ငြိမ့်ငြိမ့်လေး တိုက်ခတ်နေကာ ကြယ်စင်တို့က လင်းတစ်လှည့် မှိတ်တစ်လှည့်ဖြင့် မှိန်ကုပ်ကုပ် သက်နေကြပါသည်။

"သူ"

"ပန်း"

ကိုးညင်းသော အသံလေးတွေက လေထုထဲမှာ တုန်ခါပျံ့လွင့်သွားကြ၏။ ဒေါ်မြူမြူမြွေး အိပ်ယာဝင်သွားပြီဖြစ်သောကြောင့် အိပ်မပျော်နိုင်သေးသော သူရနှင့်ပန်းကလေးသည် ခြံထဲဆင်း၍ စကားပြောနေကြခြင်းဖြစ်သည်။

"တို့ ဟိုလူနဲ့ စေ့စပ်ရတော့မယ်"

"ဟူး ..."

သူရ သက်ပြင်းမောတွေကို မှုတ်ထုတ်လိုက်၏။ သက်ပြင်း အချများပါက သေရမည်ဆိုလျှင် ဒီနေ့တစ်နေ့တည်းနှင့် သူသေနေလောက်ပြီဖြစ်သည်။

"သူရယ် ... တို့လည်းမလွဲသာ မရှောင်သာလို့သာ လက်ခံလိုက်ရတာ။ သိပ်စိတ်ညစ်တာပဲ။ ကိုကြီးကလည်း တို့ကိုချစ်သူရှိလိုက်သားနဲ့ ကိုမျိုးမင်းကျော်ကို ဘာကြောင့် လက်ထပ်ရမှာလဲ ဘာလဲနဲ့ ... ကိုမျိုးမင်းကျော် နဲ့ ပန်းတို့မိသားစု ဘယ်လိုပတ်သက်သလဲဆိုတာတွေ မေးနေတယ်။ ကိုကြီးက တို့ကိုသူနဲ့ပဲ သဘောတူတာ"

"ဖြစ်မှ မဖြစ်နိုင်တာပဲ ပန်းရယ်"

ဒီတစ်ခါ ကိစ္စက အထင်မှားတာမဟုတ်။ တကယ့် အဖြစ်အပျက်ဖြစ်သည်။ ဒီအခြေအနေမှ လွတ်မြောက်ဖို့ လမ်းစကလည်းမရှိ။ ဒဏ်ရာတွေသာ

www.burmeseclassic.com

www.burmeseclassic.com



ပို၍ပိကျလာတော့၏။

"သူရယ် ..."

ပန်းကလေး အသံတွေ တုန်ယင်လာသည်။ အလင်းရောင် မှိန်ဖျော့ဖျော့ဖြင့် ပန်းကလေး မျက်နှာပြင်ပေါ်မှ မျက်ရည်စတွေကို မြင်လိုက်ရတော့ သူ့ရင်ထဲမှာ ဝေဒနာတွေ ဖျိုးဖျိုးဖျစ်ဖျစ် တောက်လောင်လာသည်။ ဒီချစ်ခြင်း၏ အစပထမကတည်းက အဖြည့်ခံသမား သက်သက်သာဖြစ်သော သူ့အနေနှင့် ကြေကွဲနေတော့ရော ဘာမှ ထူးခြားလာမှာမဟုတ်။ ဒါကြောင့် သူ့လမ်းစဉ်အတိုင်း ချစ်သူကိုသာ ငုံကွက်လိုက်လေသည်။

"ဒဲ့ဒီ အကြောင်းတွေကို ပန်းမတွေးနဲ့တော့နော်။ ပန်း ဝမ်းနည်းနေလို့လည်း ဒီကိစ္စကြီးက ပြီးသွားမှာမှ မဟုတ်တာ။ ရင်ဆိုင်ရမဲ့ အတူတူ ဖိတ်ညစ်ခံမနေပါနဲ့ကွာ။ ပန်း ပင်ပန်းတာပဲ အဖတ်တင်မှာပေါ့"

"ခေါင်းထဲကမှ ထုတ်လို့မရတာပဲ သူရယ်။ တို့ စိတ်တွေ သိပ်ညစ်နေတယ်"

"အဲ့ဒါဆိုရင် ပန်းစိတ်ညစ်တာတွေ ပျောက်သွားအောင် ပန်းကြိုက်တဲ့ ဟာသလေးတွေ အများကြီး ကိုယ်ပြောပြမယ်လေ။ စိတ်မညစ်နဲ့တော့နော်"

သူ့ခံစားမှုတွေကို ကွယ်ဝှက်ပြီး သူမအတွက် ဖြည့်ဆည်းပေးနေသော ချစ်သူကိုကြည့်ပြီး ပန်းကလေး ပို၍ဝမ်းနည်းသွားကာ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာသည်။

"မပြောပါနဲ့တော့ သူရယ်။ သူ့ရဲ့နှလုံးသွေးစက်တွေနဲ့ လဲလှယ်ထားရတဲ့ ဟာသတွေကို တို့မကြားရက်တော့ပါဘူး။ သူ့ကို တို့တစ်ခုလောက်တောင်းဆိုပါရစေ"

"ဘာလဲဟင် ... ပန်း ... ပြောလေ"

"တို့ စေ့စပ်တဲ့နေ့ကျရင် သူနေပေးပါနော်။ သူ့ကို မြင်နေရရင် ဝေဒနာတွေကို တို့ဖြေသာပါသေးတယ်။ သူနေပေးမယ် မဟုတ်လားဟင်"

"အင်းပါလေ။ ကိုယ်နေပေးပါ့မယ်"

ချစ်သူ၏ ဆန္ဒကိုနောက်ဆုံးအကြိမ် ဖြည့်ဆည်းပေးသည့် အနေနှင့် သူရလိုက်လျှောလိုက်ခြင်းဖြစ်သည်။ ပန်းကလေးတို့ စေ့စပ်ပွဲပြီးတာနှင့် သူပြန်မည်။ ရန်နိုင်အတွက်ကလည်း ဖိတ်ချရပြီ။ နောက်နောင်ဘယ်လိုအကြောင်းမျိုးနှင့်မှ ပန်းကလေးကို သူမဆက်သွယ်တော့။ သူ့မဘက်မှ စဆက်သွယ်လာပါကလည်း လက်မခံရန် သန္နိဋ္ဌာန်ချလိုက်၏။

စေ့စပ်ပြီးသူ မိန်းကလေးတစ်ယောက်သည် လက်မထပ်ရသေးသော်ငြားလည်း ပိုင်ရှင်ရှိသွားလေပြီ။ သိက္ခာတရားကို တန်ဖိုးထားသောယောကျာ်းတစ်ယောက်အနေနှင့် စေ့စပ်ပြီးသား မိန်းကလေးတစ်ဦးအားဆက်လက်မပတ်သက်သင့်တော့ပါ။ ဝေဒနာတွေက ရင်ထဲမှာ မီးလိုမွှေနေ၏။ ပေးဆပ်ခြင်းသက်သက်ဖြင့်သာ ရှင်သန်ခွင့်ရသော သူ့နှလုံးသားက နှစ်ခါပြန်သေဆုံးရတာဖြစ်လေသည်။

ဒီဘဝမှာတော့ ဆေးကြပြီပေါ့ ... ရွှေမင်းသမီးရယ် ... ။

ооо



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

ဒီနေ့ ...

ပန်းကလေးတို့ ရေစပ်ပွဲ။

တစ်နည်းဆိုရသော် ...

သူရနှင့် ပန်းကလေး၏ နောက်ဆုံးနှုတ်ဆက်ပွဲ။

ကြေကွဲမှုတွေ အပြည့်အသိပ်နှင့် သူရ ရင်ခွင်တစ်ခုလုံး လောင်မြိုက်မွန်းကြပ်နေ၏။

ရေစပ်ပွဲက အိမ်မှာပဲ အကျဉ်းချုံးလုပ်တာမို့ သူရသည် ပြုံးပျော်ဟန်လုပ်ပြီး ဝေယျာဝစ္စတွေကို ကူညီလုပ်ကိုင်ပေးနေလိုက်သည်။ ဧည့်သည်တွေလည်း အများကြီးဖိတ်မထား။ ရင်းနှီးသူလောက်သာ ဖိတ်ထားကြသည်။ ကိုးနာရီလောက်ကျတော့ ယောကျ်ားလေးဘက်မှ ဧည့်သည်တွေရောက်လာ၏။ ထိုအခါ ပန်းကလေးသည်လည်း အပြင်ထွက်ထိုင်သည်။

သူရသည် ချစ်သူကို ကြည့်ချင်သောကြောင့် အိမ်ဖော်မလေးနှင့်အတူ စားသောက်ဖွယ်ရာတွေကို ကူချပေးနေလိုက်သည်။ ရန်လင်းမောင်ကတော့ ဘယ်ရောက်နေသည် မသိ။ ပျောက်နေ၏။ ပန်းကလေးက မုန့်ပွဲလာချသော သူရကို ဆွေးရိပ်သန်းနေသည့် မျက်ဝန်းအစုံဖြင့် လှမ်းကြည့်၏။ သူရကလည်း ရင်နာနေသည့်ကြားမှ နှစ်သိမ့်အားပေးသလို ကရုဏာအကြည့်ဖြင့် ပြန်ကြည့်ပြီး အနူးညံ့ဆုံး ပြုံးပြလိုက်၏။ ဒါ သူတို့နှစ်ဦး၏ နားလည်မှုပင်ဖြစ်သည်။



နှလုံးသားမှ မေတ္တာတရားချင်း သွယ်ဆက်လျက် သိပ်ချစ်ကြသော ချစ်သူနှစ်ဦးမို့ မျက်လုံးချင်းဆုံရုံ တခဏမျှနှင့် တစ်ဦးရင်တွင်းက ခံစားချက်ကို တစ်ဦးကသိနေ၏။ နှစ်ဦးစလုံးက သရုပ်ဆောင်ကောင်းသူတွေပီပီ အခြားလူတွေ မရိပ်မိအောင် ကိုယ်စီအပြုံးတုတွေ ဆင်မြန်းရင်း နာကျင်မှုကို လျှို့ဝှက်ကာ တမြေ့မြေ့ ကြေကွဲနေကြလေသည်။

သွေးထွက်မှ ဒဏ်ရာဖြစ်တာ မဟုတ်ပါဘူး။ သွေးမဲ့တဲ့ ဒဏ်ရာတွေကလည်း သူတို့နှစ်ဦးရဲ့ ရင်ထဲမှာကိုယ်စီကိုယ်ငှနှင့် ရယ်ပါလေ။

လူစုံသောအခါ ယောကျ်ားလေးဘက်မှစ၍ ရေစပ်ကြောင်းလမ်းခြင်း စကားကိုပြောသည်။

"ကဲ ... နှစ်ဦးနှစ်ဖက်စလုံးက ရင်းနှီးပြီးသားတွေဆိုတော့ ထွေထွေထူးထူး ဘာမှပြောနေစရာ မလိုတော့ပါဘူးဗျာ။ အကြောင်းကိစ္စကတော့ အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း ဟောဒီက မောင်မျိုးမင်းကျော်နဲ့ တူမကြီး ပန်းမကိုင်ရှင့်တို့ကို လူကြီးမိဘစုံရာနဲ့ ရေစပ်ကြောင်းလမ်းတဲ့ ပွဲပါပဲ"

ထိုစကားသံတွေကို ကြားရတာ သူရရင်ထဲမှာ နင့်နေအောင် ခံစားရသည်။ သူ့ဆန္ဒအရဆိုလျှင် ဒီနေရာမှ အဝေးဆုံးသို့ ထွက်ပြေးသွားချင်မိပါ၏။ သို့ရာတွင် ချစ်သူ၏တောင်းဆိုမှုကြောင့် ဝေ့ဝဲလာသော မျက်ရည်စတွေကို မျက်တောင်ဖုတ်ခတ်ပုတ်ခတ်လုပ်၍ မကျအောင် ကြိုးစားပမ်းစား ထိန်းသိမ်းရင်း ချစ်သူမြင်သာသည့် နေရာမှာ အံကြိတ်ကာ ရပ်ပြနေရသည်။ သူသည် ချစ်သူအတွက်ဆိုပါက အကျိုးခံစားခွင့် ဘာမှမရပေမယ့် နောက်ဆုံးထွက်သက်အထိ အနစ်နာခံပြီး ရဲရဲဝံ့ဝံ့ ပေးဆပ်သွားမည့် အချစ်သူရဲကောင်းစစ်စစ်ဖြစ်သည်။

သို့သော် သူမှာဆုတံဆိပ် တစ်ခုမှမရှိပါ။

"မေးစရာ မလိုပေမယ့် ဝတ္တရားအရ မေးရဦးမယ်။ ဒီရေစပ်ပွဲကို ကန့်ကွက်ချင်တဲ့လူများ ရှိပါသလားခင်ဗျာ"

"မရှိပါဘူး"

မည်သူမှ မကန့်ကွက်ကြ။ သူရ ရင်ထဲမှာတော့ ကန့်ကွက်ချင်နေမိသည်။ သို့သော် ကန့်ကွက်နိုင်လောက်သည့် အခွင့်အရေးမျိုးက သူ့မှာမရှိ။

"ဒါဆိုရင် မင်္ဂလာနေ့ရက်ကို ရွေးထားလိုက်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



နေ့စပ်ထားရုံတင်ဆိုသော ကိစ္စက ခုတော့မင်္ဂလာနေ့ရက် ရွေးဖို့အထိ ဖြစ်လာပြီ။ မျိုးမင်းကျော်က ကြိုတင်အကွက်ချပြီး ချည်ပြီးတုတ်ပြီး စီစဉ်ထားတာဖြစ်သည်။ ထိုအချိန်မှာပင် ...

"ကန့်ကွက်ပါတယ်။ အဲ့ဒီ မင်္ဂလာပွဲကို ကျွန်တော်ကန့်ကွက်ပါတယ်"

"ဟာ"

"ဟယ်"

ကျယ်လောင်စွာ ဟိန်းထွက်လာသော အသံကြောင့် အခန်းထဲရှိ လူအားလုံး အံ့ဩသွားကြသည်။ အသံလာရာဆီ ကြည့်လိုက်တော့ ...

"ဟင် ... သားကြီး"

"ရန်နိုင်"

"ကိုကြီး"

"ရန်လင်းမောင်"

ရန်လင်းမောင်က အိမ်ထဲသို့ ခပ်တန်တန်မျက်နှာနှင့် ဝင်ရောက်လာလေသည်။ ရန်လင်းမောင်ကိုကြည့်ပြီး အားလုံးငေးကြောင်နေကြ၏။ ဒေါ်ဖြူဖြူမြွေးကတော့ မျက်နှာတွေပျက်နေပြီ။

"သားကြီး စိတ်ဖောက်ပြန်သွားတာလား မသိဘူး။ မောင်သူရ မင်းသူငယ်ချင်းကို ထိန်းပေးပါဦးကွယ်"

သူရလည်း နိုးရိမ်ပူပန်စွာဖြင့် ရန်လင်းမောင်အနား တိုးသွားတော့ ရန်လင်းမောင်က လက်ကာပြသည်။

"မလိုဘူး သူငယ်ချင်း။ ငါ အကောင်းကြီးရှိသေးတယ်"

ရန်လင်းမောင်က သူရကိုပြောပြီး အိမ်ပြင်ဘက်သို့ မျက်နှာပြန်လှည့်သွားသည်။

"တာဝန်ရှိ လူကြီးမင်းများခင်ဗျာ။ အိမ်ထဲကိုကြွကြပါ"

"ဟာ ... ရဲတွေပါလား"

ယူနီဖောင်းအပြည့် ဝတ်ဆင်ထားသော ရဲတပ်ဖွဲ့ဝင်များ အိမ်ထဲသို့ ဝင်လာကြပြန်သည်။ ဒေါ်ဖြူဖြူမြွေးမှာတော့ ခြေမကိုင်မိ လက်မကိုင်မိတွေ ဖြစ်ကုန်၏။

"သားကြီး ... မင်းဘာတွေ လျှောက်လုပ်နေတာလဲကွယ်"



"ကျွန်တော် အမှန်တရားကို ဖော်ထုတ်ဖို့ စီစဉ်လာတာပါ မာမီ။ တာဝန်ရှိသူများခင်ဗျာ ... ဟိုလူယုတ်မာကို ဖမ်းကြပါတော့"

ရန်လင်းမောင်က ဒေါ်ဖြူဖြူမြွေးဘက်သို့ လှည့်နေရာမှ မေးငေါ့ပြလိုက်ရာ ရဲတွေက သူရ၏လက်နှစ်ဖက်ကို ဖမ်းချုပ်လိုက်ကြသည်။

"အို"

"ဟာ"

"ကျွန် ကျွန်တော် ဘာ ဘာလုပ်လို့လဲဗျာ"

ပန်းကလေး မျက်နှာပျက်သွားသလို သူရအသံတွေလည်း တုန်သွား၏။ ဒီတော့မှ ရန်လင်းမောင် ပြာသွားသည်။

"ဟာ ... မှားနေပြီခင်ဗျာ မှားနေပြီ။ အဲ့ဒါက ကျွန်တော့်ယောက်ဖပါဗျာ။ ဆရာတို့ ဖမ်းရမှာက ဟိုလူယုတ်မာမျိုးမင်းကျော်ကိုပါ"

"ဟယ်"

"ဟာ"

"ဟင်"

ရန်လင်းမောင်က မျိုးမင်းကျော်ကို လက်ညှိုးထိုး၍ ပြောလိုက်ရာ အာမေဋိတ်သံတွေက စောစောကထက်ပင် ပိုများသွားကြ၏။ ရဲတွေ ကလည်း ချုပ်ကိုင်ထားသော သူရကိုလွှတ်၍ မျိုးမင်းကျော်ဆီသို့ သွက်သွက်လက်လက်ပင် ပြေးသွားလိုက်ကြသည်။ ပြီးတော့ ဒီတစ်ခါ ထပ်မှားနေမှာစိုးသောကြောင့် ရန်လင်းမောင်ကို ပြန်မေးရသေးသည်။

"ဒီလူ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ။ အဲ့ဒီ လူယုတ်မာပါပဲ။ သူ့ကိုဖမ်းကြပါ"

အခြေအနေတွေကြောင့် မျိုးမင်းကျော် အကြီးအကျယ်တုန်လှုပ်ချောက်ချားနေလေပြီ။

"ဘာ ဘာကိစ္စ ငါ့ကိုဖမ်းရမှာလဲ။ အန်တီ ... အန်တီ့သားငေါက်ကြောင် စိတ်ဖောက်ပြန်သွားတာ ဖြစ်ရမယ်။ ကြည့်ပြောပါဦး"

"ဟိတ်လူ ဘာမှကျုပ်စိတ်မဖောက်ပြန်ဘူး။ ဦးနှောက်မှန်ရင်နဲ့ စိတ်ဖောက်ပြန်ပြီး ကျေးဇူးရှင်ကို သတ်ခဲ့တာက ခင်ဗျားကြီး"

"မင်းဘာတွေပြောနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလိမ်ဖို့ မကြိုးစားပါနဲ့တော့။ ခင်ဗျားကြီး ဒက်ဒီကို သတ်ခဲ့တာကို ကျုပ်ကိုယ်တိုင် ယောဒီမျက်စိနဲ့ မြင်ခဲ့ရတာပါ။ ကျုပ်တို့ စကော့ပူက ပြန်လာတုန်းက လေယာဉ်ကွင်းမှာ လာကြိုကတည်းက ခင်ဗျားကို ကျုပ် မှတ်မိတယ်။ ဒါပေမယ့် ဥပဒေဘောင်အတွင်းက အပြစ်ပေးချင်လို့ အချက်အလက် စုံလင်အောင် ခင်ဗျားနဲ့ကျုပ်တို့ မိသားစုရဲ့ ဆက်နွယ်မှုကို အတိအကျ သိချင်သေးလို့ ထပ်စုံစမ်းနေတာ"

ရန်လင်းမောင်က မျိုးမင်းကျော်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောနေတာကို တခြားလူတွေက တအံ့တသြ နားထောင်နေကြသည်။

"ခင်ဗျားက ကောက်ကျစ်ယုတ်မာတဲ့ နေရာမှာတော့ တော်တော် ဉာဏ်ကောင်းတဲ့ လူကြီးပဲ။ ဒက်ဒီကိုသတ်ပြီး ပစ္စည်းတွေနဲ့ စာချုပ်စာတမ်းတွေကိုယူတယ်။ ပြီးတော့ စာချုပ်အတုတွေနဲ့ မဟုတ်မဟတ် အကြွေးစာရင်းတွေကို လာပြတယ်။ မာမီက အကူအညီတောင်းတော့ ကုမ္ပဏီကို မောင်ပိုင်စီးချင်တဲ့စိတ်နဲ့ သူတော်ကောင်းနာမည်ခံခဲ့တယ်။ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တယ်ဆိုတာ ခင်ဗျားလိုလူစားပဲ။ ဒါတင်မကသေးဘဲနဲ့ နွားအိုမြက်နုကြိုက်ဆိုသလို ညီမလေးကိုပါ သိမ်းပိုက်ဖို့ ကြိုးစားတယ်"

"ဟိတ်ကောင် ... မင်းမှာဘာသက်သေ အထောက်အထားရှိလို့ ငါ့ကို လာပြီး စွပ်စွဲနေရတာလဲ။ မင်းကို ငါ အသရေဖျက်မှုနဲ့ တရားစွဲပစ်လိုက်လို့ ရတယ်နော်"

မျိုးမင်းကျော်က ရန်လင်းမောင်ကို ပြန်၍ခြိမ်းခြောက်နေသည်။ ဒါကို ရန်လင်းမောင်က ကြောက်ရွံ့ဟန်တစ်ချက်မှမပြဘဲ တဟားဟားပင် ရယ်လိုက်သေး၏။

"ဟား ဟား ... သက်သေတဲ့။ အသရေဖျက်မှုတဲ့ ... ဟား ဟား သိပ်ရယ်ရတယ်ဗျာ။ ခင်ဗျားဘူးခံနေလို့လည်းအပိုပဲ။ ဖော်တဲ့လူက ဖော်လိုက်ပြီဗျ။ ဟိုမှာ ဘယ်သူလဲဆိုတာ ကြည့်စမ်းပါဦး"

"ဟင် ... ကိုဝင်းဖော်"

"အဖေ"

ဟိုတလောကမှ နေမကောင်းသောကြောင့် ဒီအိမ်သို့ပြောင်းရွှေ့နေထိုင်သော မိယု၏ဖခင်က ရဲသားတစ်ယောက်နှင့်အတူ အခန်းထဲသို့ဝင်လာ၏။



"ဟုတ်တယ် မျိုးမင်းကျော်၊ ငါ အားလုံးဝန်ခံလိုက်ပြီ။ ဟိုတစ်ချိန်တုန်းက လောဘဇောတက်ပြီး ငါမှားခဲ့တယ်။ ဒါပေမယ့် အခုအချိန်မှာ အဲဒါကိုအမှားမှန်း ငါသိသွားပြီ။ မှားမှန်းသိပါရက်နဲ့ ငါ ဆက်မမိုက်ချင်တော့ဘူး။ မသမာတဲ့နည်းနဲ့ရတဲ့ ငွေကြေးဥစ္စာဟာ မတည်မြဲဘူးဆိုတာကိုလည်း ငါယုံသွားပြီ။ ငါ့ အပြစ်တွေကိုလည်း မသေခင်မှာ ငါကျေသွားချင်တယ်။ ငါ့အပေါ်မှာရော ငါ့သမီးလေးအပေါ်မှာပါ အစစအရာရာကောင်းတဲ့ ဒီမိသားစုရဲ့ ဝဋ်ဒုက္ခကြီးကို မကြည့်ရက်တော့လို့ မောင်ရန်လင်းမောင် လာပြောတော့ ငါအားလုံး ဝန်ခံလိုက်တာ"

မျိုးမင်းကျော် ခေါင်းငိုက်စိုက်ကျသွားလေပြီ။

အခန်းထဲ၌ ခဏတာတော့ တိတ်ဆိတ်သွား၏။ ပြီးမှ လက်ထိပ်ခတ်သံ ထွက်ပေါ်လာသည်။ ထို့နောက် ငိုရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာပြန်သည်။ ထို့နောက်မှာတော့ တိုးစီတိုးစီဖြင့် တစ်ယောက်တစ်ပေါက် အသံများကြောင့် တဖြည်းဖြည်း ပြန်လည်ကျယ်လောင်လာတော့၏။

မှန်းဆရန်ခက်ခဲသော ကံကြမ္မာ၏ အပြောင်းအလဲများသည် တစ်ခါတစ်ရံ၌ လွန်စွာ ပဥ္စလက်ဆန်လွန်းလှပါသည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

ကြမ္မာလှည့်ကွက်



## အခန်း (၂၄)

ထိုနေ့နံနက်ခင်းအစက ယန်းကလေးတို့ မိသားစုအားလုံး ပျော်ရွှင်နေကြပါသည်။ အိမ်လည်သွားမှာမို့ အလှပဆုံးဖြစ်အောင် ပြင်ဆင်ထားသော ဒေါ်ဖြူဖြူငွေးကလည်း ဦးနိုင်ဝင်းကို လုပ်စရာရှိတာတွေ အမြန်လုပ်ဖို့ တိုက်တွန်းနေ၏။

"အစ်ကို မပြီးသေးဘူးလား"

"ပြီးပါတော့မယ်ကွာ။ ခဏလေး နေပါဦး။ ကိုယ် ဒီနေ့ ကုမ္ပဏီကို မလာဖြစ်တဲ့အကြောင်း ဖုန်းဆက်လိုက်ဦးမယ်"

ဦးနိုင်ဝင်းက ဖုန်းကိုယူ၍ ကုမ္ပဏီသို့ လှမ်းဆက်လေသည်။

"ဟဲလို မျိုးမင်းကျော်လား"

"... ..."

"အေး။ ငါပါ။ မင်းဆရာနိုင်ဝင်းလေ။ ဒီနေ့ ငါကုမ္ပဏီကို မလာတော့ဘူး။ ဟိုနေ့က မင်းကိုပြောထားတဲ့အတိုင်း ဒီနေ့ကလေးတွေလည်း ကျောင်းပိတ်တာကြောင့် မင်္ဂလာဒုံက ငါ့သူငယ်ချင်း ဂျပုမြင့်တင်ဆီကို သွားလည်မလို့"

"... ..."

"ဟုတ်တယ်။ တစ်နေ့ကုန်မှာ။ ညစာစားပြီးမှ ပြန်လာမှာ။ တစ်နပ်

www.burmeseclassic.com



တစ်လေ အကုန်သက်သာလည်း မနည်းဘူးလေကွာ။ ဟဲ ဟဲ တစ်နေ့တစ်လေ စိတ်လွတ်ကိုယ်လွတ်နေချင်လို့ပါကွာ။ လုပ်စရာရှိတာတွေကို မင်းပဲကြည့်လုပ်ထားလိုက်နော်။ ဖုန်းအဝင်အထွက်တွေကိုလည်း သေချာမှတ်ထားဦး။ ငါ စိတ်ချမယ်နော်။ အေး အဲ့ဒါဆို ဒါပဲ"

ပြောပြီးကာနှင့် ဦးနိုင်ဝင်းသည် ဖုန်းကိုပိတ်ပစ်လိုက်၏။

"ဖြူရေ ... မျိုးမင်းကျော်က လူငယ်ပေမယ့် တော်တယ်ကွ။ အစစ အရာရာ သူ့ပဲအားကိုးနေရတာ။ အရမ်းအဖျော်အမြင်ရှိတဲ့ ကောင်လေး။ အကြံအစည်လည်း ကောင်းတယ်ကွ"

ဦးနိုင်ဝင်းက မျိုးမင်းကျော်ကို တဖွဖွချီးကျူးနေ၏။ ထို့နောက် တံခါးတွေကို သေချာပိတ်ပြီး မိသားစုလေးယောက်သား ကားဖြင့်ထွက်လာခဲ့ကြသည်။ ခြံဝရောက်တော့ ဦးနိုင်ဝင်းက ခြံတံခါးလာဖွင့်ပေးသော ခြံစောင့်ဖြစ်သူ ဦးဝင်းဖေကိုမှာသည်။

"ကိုဝင်းဖေရေ ... အိမ်ကိုသေချာဂရုစိုက်ပါဗျာ"

"စိတ်ချပါဗျာ။ ကျွန်တော်ရှိရင် အပြင်လူ မဝင်စေရပါဘူး"

"ယုံပါတယ်ဗျာ။ ယုံပါတယ်"

ထိုကဲ့သို့ အိမ်ကိုစိတ်ချလက်ချထားခဲ့ပြီး ဦးနိုင်ဝင်းတို့ မိသားစု မင်္ဂလာဒုံသို့ ထွက်လာခဲ့ကြသည်။ မင်္ဂလာဒုံမှ သူငယ်ချင်းအိမ်ရှေ့ရောက်သောအခါ ကားဟွန်းတီးပေမယ့် သူတို့ကို မည်သူမှထွက်မကြိုကြ။ သို့သော် ဝင်နေထွက်နေကျအိမ်မို့ ဖွင့်ထားသောတံခါးမှပင် သူတို့တွေ ဝင်သွားလိုက်ကြပါသည်။ ထိုအခါ ဧည့်ခန်းထဲမှ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသော ဦးမြင့်တင်ကိုတွေ့လိုက်ရလေ၏။

"မြင့်တင် ... ဟိတ်ကောင်ကြီး"

"အီး ... အီး"

"မင်း ဘာဖြစ်နေတာလဲ"

"အဲ ... အဲ"

သူတို့မိသားစုကို မြင်ပါလျက်နှင့် မကြိုဆိုမနှုတ်ဆက်ဘဲ နှုတ်ခမ်းရွဲ့ကာ ပက်လက်ကုလားထိုင်ပေါ်မှာ ပုံစံမပျက်ထိုင်နေသော သူငယ်ချင်း မြင့်တင်၏ အပြုအမူကြောင့် ဦးနိုင်ဝင်းဒေါသထွက်သွားသည်။



"မင်းက ဒါ ဘာအချိုးချိုးတာလဲကွ"

"အ ... အ"

"မင်းက ငါတို့လာလည်တာကို မကြိုက်တဲ့သဘောလား"

"အား ... အား"

"တောက် ... မင်းကငါ့ကို လှောင်နေတာပေါ့လေ။ မင်းအိမ်ကို မလာစေချင်ရင် မလာဘူး ဟိတ်ကောင်။ ဒါပေမယ့် ကိုယ့်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးကိုတောင်မှ ဒီလိုဆက်ဆံတဲ့ မင်းကိုတော့ ဒီလိုလေး လုပ်ခဲ့ချင်သေးတယ်ကွာ"

"ခွပ်"

"အ ..."

ဦးနိုင်ဝင်း စိတ်မထိန်းနိုင်တော့ဘဲ ဦးမြင့်တင်၏ မျက်နှာကို ပြေးထိုးလိုက်သည်။ လက်သီးချက်ကြောင့် ဦးမြင့်တင် ပါးစပ်ပြဲကာ လျှာလေးပြွတ်လွတ်ထွက်လာ၏။ ဒါကိုမြင်တော့ ဦးနိုင်ဝင်း ဒေါသပိုထွက်သွားသည်။

"မင်း ... မင်းက အထိုးခံရတာတောင်မှ ငါ့ကိုပြောင်ပြတယ်ပေါ့ လေ။ ဒီလောက်တောင်ဟာ ကဲကွာ"

"ခွပ်"

"အ အု ဝူး ဝူး ဝါး အား"

တဝူးဝူး တဝါးဝါးနှင့် ဦးမြင့်တင်ခမျာ မျက်ရည်တွေ စီးကျရင်း ဦးနိုင်ဝင်း ထိုးကြိတ်သမျှကို ခံနေရရှာသည်။ ဒေါ်ဖြူဖြူဋ္ဌေးကလည်း ဦးနိုင်ဝင်းကို ဝင်ဆွဲနေသည်။ ထိုအချိန်မှာပင် တွံ့ဂြင်းလက်ဝင်နေသော ဦးမြင့်တင်၏မိန်းမ ဒေါ်မီကိုရှုးဇင် ပြာပြာသလဲ ထွက်လာ၏။

"ကိုနိုင်ဝင်း ... ရှင် ဘာလို့ဒီလိုလုပ်ရတာလဲ"

"ဒီကောင်က ငါတို့ဝင်လာတာကို မြင်လိုက်သားနဲ့ မကြိုတဲ့အပြင် နှုတ်ခမ်းကြီးရွဲ့ပြနေလို့ လုပ်တာ"

"ဟာ ... မှားကုန်ပြီ။ သူက ရှင်တို့ကိုတမင် နှုတ်ခမ်းရွဲ့ပြနေတာ မဟုတ်ဘူးရှင့်။ အခု ရှင့်သူငယ်ချင်းက ယောက်ျားကြီးတန်မဲ့ လင်ဇဲ့ ဖြစ်နေတာ"

"ဟေ ... ဟုတ်လား"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ဘူ ညက အရက်သောက်ပြီးတော့ အဲယားကွန်းကို တစ်ညလုံးဖွင့်ပြီးအိပ်တာ။ မနက်ကျတော့ အခုလိုဖြစ်သွားတာပါပဲရှင်"

"ဟာ ... ကျွတ် ... ကျွတ် ငါမှားသွားတယ် သူငယ်ချင်းရာ။ ငါ့ကို ခွင့်လွှတ်ပါကွာ"

ဦးနိုင်ဝင်းက ဘူလှုပ်ရုပ်သူ နှောင်တရပြီး လျှာလေးပြွတ်လွှတ်နှင့် ဦးမြင့်တင်ကို တောင်းပန်နေ၏။ ပြီးတော့ သူ့ကြောင့်ထွက်လာသည့် လျှာလေးကိုလည်း သူကိုယ်တိုင်အတွင်းသို့ ပြန်သွင်းပေးလိုက်သည်။

"လင်ငန်းဆိုရင် စပါးကြီးသည်းခြေက အသေနိုင်တာဗျ။ ဒီမှာ စပါးကြီးသည်းခြေရှိလား"

"စပါးကြီးသည်းခြေက ဒီလောက်ရှားတာ။ ဘယ်လိုလုပ်ရှိပါ့မလဲ"

"ကျုပ်တို့အိမ်မှာတော့ရှိတယ်။ ဒါဆို ကျုပ်သွားပြန်ယူလိုက်မယ်"

ဦးနိုင်ဝင်းသည် သူ့ဇနီးကို စပါးကြီးသည်းခြေ ပြန်ယူမည့်အကြောင်း ပြောဆိုပြီး အိမ်ထဲမှထွက်လာခဲ့သည်။ ထိုအခါ သူ့နောက်သို့ ရန်လင်းမောင်က ပြေးလိုက်လာသည်။

"ဒက်ဒီ သားပါလိုက်ခဲ့မယ်"

"အေး ... လိုက်ချင်ရင်လည်း လိုက်ခဲ့ကွာ"

ဒီလိုနှင့်ပင် ရန်လင်းမောင်ပါ ဦးနိုင်ဝင်းနှင့်အတူ ပြန်လိုက်လာခဲ့သည်။ ဦးနိုင်ဝင်းသည် ကားကိုခပ်သွက်သွက်မောင်း၏။ အိမ်ပြန်ရောက်သောအခါ ခြံတံခါးကို ဖွင့်ပေးမည့်သူကမရှိ။

"ကိုဝင်းဇော် ဘယ်များလျှောက်သွားနေတာလဲ မသိဘူး။ သား ကားပေါ်ကပဲ စောင့်နေနော်။ ဒက်ဒီဆေးယူပြီးတာနဲ့ ချက်ချင်းပြန်လာမှာ"

"ဟုတ်ကဲ့ ဒက်ဒီ"

ခြံတံခါးကလည်း စေ့ရုံသာစေ့ထားသဖြင့် ကားကိုခြံအပြင်မှာပဲ ရပ်ခဲ့ပြီး ဦးနိုင်ဝင်းခြံထဲဝင်လာခဲ့သည်။ အလုပ်သမားတန်းလျားကို သွားကြည့်တော့လည်း ဦးဝင်းဇော်ကမရှိ။ ခေါင်းရှုပ်ရှုပ်နှင့် စပါးကြီးသည်းခြေယူရန်သာ အိမ်ဘက်သို့လှည့်လာခဲ့သည်။

အိမ်တံခါးဝကိုရောက်တော့ တံခါးကအနည်းငယ် ဟနေသောကြောင့် ဦးနိုင်ဝင်းအံ့သြသွားသည်။ အံ့သြမည်ဆိုလည်း အံ့သြစရာ။ အိမ်သော့တွေ



အကုန်လုံးက သူ့ဆီမှာသာ ရှိတာပဟုတ်လား။ ဦးနိုင်ဝင်း အိမ်ထဲသို့ တိတ်တဆိတ် ဝင်သွားလိုက်ရာ အိမ်အောက်ထပ်မှာတော့ ဘာမှမတွေ့။ ထို့ကြောင့် လှေကားမှ အိမ်ပေါ်သို့ ညင်သာစွာ တက်ကြည့်လိုက်တော့ ဦးနိုင်ဝင်း ထိတ်လန့်တုန်လှုပ်သွားရလေသည်။

"ဟင် ... မင်း မင်းတို့ဒါဘာလုပ်တာလဲ"

ဦးနိုင်ဝင်း အသံကြောင့် မီးခံသေတ္တာကိုဖွင့်၍ အတွင်းမှပစ္စည်းများကို ထုတ်ယူနေသော ဦးဝင်းဇော်နှင့် မျိုးမင်းကျော် လန့်ဖြန့်သွားကြသည်။

"အန်ကယ်"

"ကိုနိုင်ဝင်း"

"တောက် ... မြွေပွေးခါးပိုက် ပိုက်မိတယ်ဆိုတာဒါမျိုးပေါ့။ ခိုက်ရိုင်းလိုက်တာကွာ"

အမျှော်အမြင်ရှိပြီး အကြံအစည်ကောင်းသည်ဟု ဦးနိုင်ဝင်း ချီးကျူးသည့်မျိုးမင်းကျော်နှင့် အပြင်လူမဝင်စေရပါဘူးဟုဆိုသော ဦးဝင်းဇော်သည် ပြောသည့်အတိုင်းပင် အပြင်လူတွေကို မဝင်စေဘဲ သူတို့ကိုယ်တိုင် အမျှော်အမြင်ရှိစွာဖြင့် အကြံကြီးကြံစည်နေကြလေ၏။

"ကျွန် ကျွန်တော် မှားသွားပါတယ် ကိုနိုင်ဝင်းရယ်။ ကျွန်တော်လည်း ငွေအရမ်းလိုနေတာနဲ့ သူ့ခွယ်ရာကို ပါခဲ့မိတာပါ"

"မျိုးမင်းကျော် ငါ့မှာတော့ မင်းကိုယုံကြည်စိတ်ချပြီး ချီးကျူးလိုက်ရတာ။ အခုတော့ မင်းလုပ်ပုံက ကောင်းသေးရဲ့လားကွာ"

"ကျွန်တော် ... တောင်းပန်ပါတယ် အန်ကယ်။ ကျွန်တော့်ကိုခွင့်လွှတ်ပါ။ ကျွန်တော် မှားသွားပါတယ်ဗျာ။ ကျွန် ကျွန်တော်လေ ..."

မျိုးမင်းကျော်သည် စကားပြောရင်း ဦးနိုင်ဝင်းအနီးသို့ တရွေ့ရွေ့တိုးကပ်သွား၏။ အနားရောက်သောအခါတွင် ...

"ကဲဟာ"

"ဟာ ... အား ..."

အံ့သြမှုကြောင့် လှေကားထိပ်၌ သတိလက်လွတ်ရပ်နေမိသော ဦးနိုင်ဝင်းအား တွန်းချလိုက်လေရာ ... ဦးနိုင်ဝင်းသည် လှေကားအောက်သို့ ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် ... မျိုးမင်းကျော် မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"ခင်ဗျား စကားမှရှည်စမ်းပါနဲ့ဗျာ"

မျိုးမင်းကျော်သည် လေကားပေါ်မှဆင်းပြီး ဘေးဘီဝဲယာကိုကြည့်လိုက်သေးသည်။ တခြားဘယ်သူ့ကိုမှ မတွေ့မှ အပေါ်ထပ်အင်္ကျီကိုချွတ်၍ သွေးတွေနှင့် ဆန့်ငင်ဆန့်ငင်ဖြစ်နေသော ဦးနိုင်ဝင်း၏မျက်နှာကို အင်္ကျီဖြင့် ရက်ရက်စက်စက် ဖိအုပ်ပစ်လိုက်၏။

"ကဲ သေစမ်း မသာကြီး။ နောက်မို့ဆိုရင် ပစ္စည်းပဲဆုံးရှုံးမယ့်ဥစ္စာ။ ခင်ဗျားကြီးကိုက သေချင်လို့ ပြန်လာတာ။ ကဲဟာ ... သေစမ်း သေစမ်း"

ခဏကြာတော့ သွေးအလိမ်းလိမ်းနှင့် ဦးနိုင်ဝင်းသည် အသက်ရှူလမ်းကြောင်း ပြတ်တောက်ပြီး ငြိမ်သက်သေဆုံးသွားလေတော့၏။ ဒါကိုကြည့်ပြီး ဦးဝင်းဇော် မျက်စိမျက်နှာတွေ ပျက်နေသည်။

"ဟိတ်ကောင် မျိုးမင်းကျော်။ မင်းပြောတုန်းက ပစ္စည်းအနည်းအပါးယူရုံတင်ဆိုလို့ မင်းအကြံကို ငါလက်ခံခဲ့တာ။ အခုတော့ မင်းက လူသတ်မှုကိုပါ ကျူးလွန်နေပြီ"

"အခုမှတော့ ဘာမှပြောမနေနဲ့။ ဒီကိစ္စမှာ ခင်ဗျားလည်း အလိုတူအလိုပါပဲ။ ကျုပ်လည်းအခြေအနေအရ အခုလိုလုပ်လိုက်ရတာ။ ဒီကိစ္စကို ကျုပ်တို့ ပိပိရိရိရှိမှဖြစ်မယ်။ ခြေရာလက်ရာတွေအားလုံးကို ဖျောက်ဖျက်ပြီးရင် ကျုပ်ပြန်မယ်။ ကျုပ်ပြန်ပြီး နာရီဝက်လောက်ကြာမှ ခင်ဗျားက ဘေးအိမ်တွေကို သွားအကြောင်းကြား။ လူတွေမေးရင် အိမ်ထဲကအော်သံကြားလို့ သွားကြည့်တော့ လှေကားခြေရင်းမှာ လဲသေနေတာကိုတွေ့တဲ့အကြောင်းပြော။ ဒီလူကြီးက သွေးတိုးရှိပြီး မကြာခဏ မူးတတ်တာကြောင့် ခင်ဗျားကို ဘယ်သူကမှ သံသယရှိကြမှာမဟုတ်ဘူး။ အမှန်အတိုင်းတော့ သွားမပြောနဲ့နော်။ သွားပြောရင် ခင်ဗျားပါ ထောင်ကျမှာ။ ခင်ဗျားအတွက် ဝေစုကိုတော့ နောက်မှ ကျုပ်လာပေးမယ်။ အိမ်တံခါးသော့ကိုလည်း ကျုပ်တို့လုပ်ထားတဲ့ သော့အတုနေရာမှာ သူ့ဆီမှာပါလာတဲ့ သော့အစစ်နဲ့ပြောင်းထားလိုက်"

မျိုးမင်းကျော်က ဦးဝင်းဇော်အား အသေအချာမှာကြားနေ၏။

ထိုအခြင်းအရာများကို ကားပေါ်မှဆင်းလာပြီး အိမ်ထဲဝင်ရန်ပြင်နေ



သော ရန်လင်းမောင်လေးက ချောင်းကြည့်ရင်း ကြားသိမြင်တွေ့သွားလေသည်။

"ဟာ ... သွေးတွေ့ ဒက်ဒီမှာ ... သွေးတွေ ဟိုလူကြီးက ဒက်ဒီကိုသတ်ပစ်တာ။ ဟာ ... ကြောက်စရာကြီး။ ကြောက်တယ် ... ငါကြောက်တယ်။ တော်ကြာ ငါ့ကိုလာသတ်ရင် ဒုက္ခ။ ငါကြောက်တယ်။ အမယ်လေး ... သွေး ... သွေးတွေအများကြီး။ ငါ ... ငါကြောက်တယ်"

သွေးသံရဲရဲနှင့် ရက်စက်သော မြင်ကွင်းက နုနယ်သော ကလေးငယ်တစ်ဦး၏ ပျော့ပျောင်းသောစိတ်နှလုံးအား အငွေ့အမင်း ထိတ်လန့်ချောက်ချားသွေးပျက်ပြားသွားစေ၏။

အိမ်ထဲမှ ကြောက်လန့်တကြား ပြေးထွက်လာခဲ့သော ရန်လင်းမောင်သည် အစိုးမရသောစိတ်ဖြင့် လမ်းပေါင်းများစွာကို ဦးတည်ရာမဲ့ပြေးလွှားနေလေတော့သည်။ ထိုစဉ် သူ၏ရှေ့ပြေးလမ်းပေါ်၌ ခြေလက်အင်္ဂါအစုံအလင်ရှိပါလျက် ဖင်ရွှေ့ဖင်ရွှေ့ဖြင့် သွားနေသော လူတစ်ဦးက လက်နှစ်ဖက်ကိုကားစွဲသူ့ကိုတားလိုက်သည်။ ရန်လင်းမောင်ကလည်း ကြောက်ကြောက်လန့်လန့်နှင့် ရပ်၏။

"ဟိတ်ကောင်လေး"

"ဗျာ"

"ဒီလမ်းထဲကို ကားဝင်လို့ရလားကွ"

"ရ ရပါတယ်"

"အေး ... အေး ကျေးဇူးပဲကွာ။ ဝူး ဝူး ဝူး"

မြေကြီးပေါ်၌ ပုံပုံကြီးထိုင်ရင်း ခြေတွေလက်တွေက ကားမောင်းသလို လုပ်နေသော ထိုလူမှာ ဦးဇာနည်အောင်ဖြစ်သည်။

"ဟိတ်ကောင်လေး ... မင်းက ဘယ်သွားမှာလဲကွ"

"ဟို ... ဟို"

"အိုကေ ဒီလောက်ဆိုသိပြီ။ ဆက်မပြောနဲ့တော့။ မင်းသွားမှာက ငါသွားမှာနဲ့ လမ်းကြုံတယ်။ အဲ့ဒါကြောင့် ငါ့ကားနဲ့လိုက်ခဲ့။ လာ ကား ပေါ်တက်"

"ဗျာ ... ဘယ် ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒီကောင်လေး ငဖျင်းလေးပဲ။ ကားမစီးဖူးဘူးထင်တယ်။ ကားပေါ်ကောင် မတက်တတ်ဘူး။ လာ ... လာ ... ငါတင်ပေးမယ်"

ဦးဖာနည်အောင်က ပြောပြောဆိုဆိုပင် ရန်လင်းမောင်ကိုပွေ့ ချီ၍ သူ့လည်ဂုတ်ပေါ်တင်လိုက်၏။ ထို့နောက် ပါးစပ်မှ တဂူးဂူး အော်လျက် ထိုနေရာမှ ဖင်ရွှေ့ဖင်ရွှေ့ဖြင့် ထွက်ခွာသွားလေသည်။

နောင်အခါတွင် အတုမြင် အတတ်သင်ဆိုသည့် စကားအတိုင်းပင် ဆိုင်ကယ်စီးသူ ပေါများသော ပြည်မြို့ကိုပါသွားသည့် ရန်လင်းမောင်သည်လည်း ထိုနည်းတူစွာ ဆိုင်ကယ်တွေ ထည်လဲစီးနိုင်လာခဲ့ပါသည်။

○○○

ရွှေမင်းသမီးရဲ့ ပျော်တော်ဆက်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

နေရောင်ခြည်နုနုက ဝါဖန့်ညွတ်ပျောင်းလျက်ရှိ၏။ ပန်းရနံ့တွေ ပါဝင်နေသည့် ညင်သာဖြည်းလေးသော လေတိုက်နှုန်းကြောင့် သစ်ရွက် သစ်ခက်ကလေးတွေမှာ လှုပ်လီလှုပ်လဲ့ ဖြစ်နေကြရလေသည်။ သူရနှင့် ပန်းကလေးကတော့ အိမ်ရှေ့ပန်းခြံထဲရှိ စိမ်းလန်းသော မြက်ခင်းပြင်ထက်တွင် အဆီအငေါ်တည့်စွာဖြင့် ထိုင်နေကြပါသည်။

"အခုဆိုရင် ပန်းဘဝရဲ့ စိတ်အနှောင့်အယှက် ဖြစ်စရာတွေ ပြီးဆုံး သွားပြီပေါ့နော်"

"ဒါပေါ့ ... အခုဆိုရင် သူနဲ့လည်း မခွဲရတော့ဘူး။ မာမီ့ကိုလည်း တို့အမှန်အတိုင်း ဖွင့်ပြောလိုက်ပြီ။ မာမီကလည်း သူနဲ့ဆို သဘောမတူစရာ အကြောင်းမရှိပါဘူးတဲ့"

"ဟာ ... ဟုတ်လား။ ကိုယ်ဝမ်းသာလိုက်တာ ပန်းရယ်"

ဒီတစ်သက်မှာ ပေးဆပ်ခြင်းဖြင့်သာ အညွန့်တုံးရပြီဟု ထင်ထားသော သူရသည် ပန်းကလေးထံမှ ကြားလိုက်ရသော စကားတို့ကြောင့် ပျော်ရွှင်မှုတွေကို ကြွကြွရွရွ ခံစားလိုက်ရပါသည်။

"စေတနာဆိုတာ တူသောအကျိုးကို ပေးတယ်ဆိုသလိုပဲ။ သူက လူတွေအပေါ်မှာ စေတနာကောင်းကောင်းထားတော့ အဲဒီစေတနာရဲ့အကျိုးကို ပြန်ခံစားရတာပေါ့"



"ဒါဆိုရင် အွန်လိုင်းပေါ်မှာတွေ့ပြီး လူချင်းမမြင်ဖူးဘဲ ချစ်သူတွေ ဖြစ်ခဲ့ကြတဲ့ ကောင်လေးနဲ့ကောင်မလေးရဲ့ အဖြစ်က ယုံတမ်းပုံပြင်လေး တစ်ပုဒ်လို ဖြစ်သွားမှာ မဟုတ်တော့ဘူးပေါ့နော်"

"ဒါပေါ့ သူရဲ့"

"ကိုယ်ပျော်လိုက်တာပန်းရယ်"

အပျော်ရှိန်တွေ တရိပ်ရိပ်မြင့်တက်လာသော သူရသည် ပန်းကလေး၏ ကိုယ်လုံးအိအိလေးကို ဆွဲယူပွေ့ဖက်လိုက်လေသည်။ ဒါကို ပန်းကလေး ကလည်း မငြင်းပယ်ပါ။ အလိုက်သင့်သာ နွဲ့လျက်ပါလာ၏။

သို့ရာတွင် ...

"ကဒ် ... ဟော့ ... ဟော့ ... အဲ့ဒီအခန်းကို ဆင်ဆာဖြတ်တယ်ဟော့။ အစ်ကိုဖြစ်တဲ့ ငါ ဒီမှာကြည့်နေတာလေဟာ"

"အယ်"

"ဟယ်တော့"

အသံကြားသဖြင့် သူရနှင့်ပန်းကလေးသည် လူချင်းခွာပြီး ပတ်ဝန်းကျင် ကို မျက်စိကစားကြည့်လိုက်ကြရာ အိမ်အပေါ်ထပ်ဝရန်တာ၌ မှန်ပြောင်းကြီး ဖြင့် သူတို့နှစ်ဦးကို စိုက်ကြည့်နေသော ရန်လင်းမောင် (ခေါ်) ရန်နိုင်အား တွေ့မြင်လိုက်ရပါ၏။ ထိုအခါ တိုင်ပင်မထားပါဘဲနှင့် သူတို့တစ်တွေ ရယ်မော ဖြစ်သွားကြလေသည်။

ထိုရယ်သံတွေကတော့ဖြင့် နာကျင်ဖိစီးမှုများ ကင်းဝေးကာ လွတ်လပ် ပေါ့ပါးခြင်း၏ မက်မောဖွယ်အရသာကို အပြည့်အဝ ဆောင်ကျဉ်းပေးစွမ်း နိုင်ကြပါပြီလေ။

ooo

www.burmeseclassic.com

www.burmeseclassic.com



(နိဂုံး)

ဤသို့ဖြင့် ရွှေမင်းသမီးနှင့် ပျော်တော်ဆက်ကလေး၏ ယုံတမ်းမဟုတ်သော ပုံပြင်ဆန်ဆန် အဖြစ်အပျက်ကလေးသည် လှပစွာပင် နိဂုံးချုပ်ခဲ့ပါသည်။

လင်းညို့သွေး

## လင်းညို့သွေး၏ ထုတ်ဝေပြီးစာအုပ်များ


၁။ အသည်းခွဲဖက်ရှင်

၂။ တိမ်တိုက်တို့ရဲ့ အသွင်ကွဲရာသီ

၃။ ကိုယ်တိုင်ရိုက်ချိုးတဲ့ ပဥ္စမံနံ့ရှိုး

၄။ ဒဏ်ရာစက်လက် ဒိုင်ယာရီ


## ယခု


၁။ ရွှေမင်းသမီးရဲ့ ပျော်တော်ဆက်


## ဆက်လက်၍


၆။ မာယာကစားပွဲ

၇။ ဂျစ်ပစီသင်ခန်းစာ

၈။ ကောင်းကင်ကို ကန့်လန့်ဖြတ်တဲ့ သက်တန့်

၉။ စောရနက္ခတ်

၁၀။ ရည်းစားရဲ့ ရည်းစား


www.burmeseclassic.com